Hsu Pyae Sone Htun
Publication

# မိချမ်းဝေ

# မစာဂဝတီပါ ဘုရား

၊ သီလရှင် ဝတ္ထုတိုများ ၊



ပုံနှိပ်မှတ်တမ်း

- **ထုတ်ဝေသူ**
ဆုပြည့်စုံထွန်းစာပေ၊ မခင်မာရွှေ (၀၀၂၅၆)၊
အမှတ်-၅၀၈/၅၁၂ (၂-ခ) ပထမထပ်၊
ကုန်သည်လမ်း(ဆိပ်ကမ်းသာလမ်းထောင့်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
၀၁ ၈၃၈၃၆၆၄၊ ၈၃၈၆၈၃၃

- **ထုတ်ဝေသည့်အကြိမ်**
ပထမအကြိမ်၊ မတ်လ၊ ၂၀၂၂ ခုနှစ်

- **အုပ်ရေ**
၅၀၀

- **မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်**
ဖြိုးဝေလျှံပုံနှိပ်တိုက်၊ ဒေါ်ယဉ်ယဉ်မွန် (၀၀၂၃၈)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

- **မျက်နှာဖုံးပန်းချီ**
ဈာန်ရဲထွဋ်

- **တန်ဖိုး**
၃၀၀၀ ကျပ်

# မစာဂဝတီပါ ဘုရား

သီလရှင်ဝတ္ထုတိုများ

**မိချမ်းဝေ**



## မာတိကာ


| | | |
|---|---|---|
| ♦ | စာရေးသူ၏ အမှာ | ၅ |
| ၁။ | မစာဂဝတီပါ ဘုရား | ၉ |
| ၂။ | တငွေ့ငွေ့ အူနေတဲ့ နှင်းမြူ | ၂၉ |
| ၃။ | လရိပ်ရျှိုးဆဲ ကြယ်ရောင်ကဲသော် | ၄၁ |
| ၄။ | ချိုမြသစ်သီးတို့သည်လည်း ပိုးကိုက်ခြင်းနှင့် မကင်းနိုင် | ၅၉ |
| ၅။ | မပျော့ရှင်ခြင်း သစ်သီး | ၇၁ |
| ၆။ | စွန်းထင်းစေအပ်သော | ၉၁ |
| ၇။ | ရိပ်ကြီးပျော် | ၁၀၇ |
| ၈။ | အသစ်တစ်ဖန် မွေးဖွားခဲ့ပြီ | ၁၁၉ |
| ၉။ | ဝတ်ကြောင်ကို လွတ်အောင် ရုန်းချင်ရဲ့ | ၁၃၇ |
| ၁၀။ | ကန္တာရနှင်းဆီတွေ ရဲရဲပွင့် | ၁၅၁ |

## စာရေးသူ၏ အမှာ

''မြောင်းတူးရေသွယ်သမားတို့သည် ရေကို ဆောင်ယူကုန်၏။
လေးသမားတို့သည် မြားကို ဖြောင့်ကုန်၏။
လက်သမားတို့သည် သစ်ကို အလိုရှိသလို ရွေကုန်၏။
လူသူတော်ကောင်းတို့သည် မိမိကိုယ်ကို ယဉ်ကျေးအောင် ဆုံးမကုန်၏'

(ဓမ္မပဒ)

မိမိကိုယ်ကို ယဉ်ကျေးအောင် ဆုံးမရာတွင် ရသစာပေဆိုသော ပေါင်းကူး တံတား မလွဲမသွေ လိုအပ်ပါသည်။

❑

မိချမ်းဝေ ဆိုလျှင် ပင်လယ်တံငါဝတ္ထုရေးသူအဖြစ်သာ လူသိများခဲ့သည်။ ကျွန်မ စာစရေးစဉ် ကလျာမဂ္ဂဇင်း၌ စာမူများ ဆက်တိုက်ပါလာချိန် ဆရာမကြီး (ဒေါ်)ကလျာ(ဝိဇ္ဇာ + သိပ္ပံ)က သတိပေးဖူးသည်။

''မိချမ်းဝေရေ … ပင်လယ်ဝတ္ထုချည်း မရေးပါနှင့်၊ ကိုယ်က စာရေးကောင်းသူပဲ။ အခြားလူမှုဘဝရှုခင်းတွေလည်း မျှရေးပါ။ မိချမ်းဝေ ဆိုရင် ပင်လယ်ပဲလို့ လူတွေ မှတ်ယူမှာ စိုးလို့ပါ''

ဟုတ်တော့ ဟုတ်ပါသည်။ စာပေလောကမှာ ပင်လယ်ဝတ္ထုရေးသူ အမျိုးသမီး စာရေးဆရာတစ်ယောက်တည်း ရှိသဖြင့် ကျွန်မကလောင် အမည်နှင့် ပင်လယ်ဝတ္ထု တွဲသိနေတာ မဆန်းပါ။

နောင်အခါတွင် ဆရာမကြီး(ဒေါ်)ကလျာ(ဝိဇ္ဇာ+သိပ္ပံ) အကြံပေး သကဲ့သို့ ကျွန်မ ကျင်လည်ခဲ့ရာ ပညာရေးလောကအတွေ့အကြုံ၊ ကလေး သူငယ်ဆိုင်ရာ အတွေ့အကြုံ၊ မိဘမေတ္တာဘွဲ့၊ ညီအစ်ကိုမောင်နှမချစ်ခြင်း စသည့် လူမှုဘဝရှုခင်းတွေကို အခြေခံသောဝတ္ထုတိုတွေ အများအပြား ရေးဖြစ်ခဲ့သည်။

ထိုဝတ္ထုများထဲတွင် ကျွန်မ ခဏတာခိုလှုံကျင်လည်ခဲ့ဖူးသော သီလရှင်လောကမှ စာသင်တိုက်အတွေ့အကြုံလေးများလည်း ကြိုးကြား ရေးဖြစ်သည်။ အချို့သည် အခြားသောဝတ္ထုတိုပေါင်းချုပ်စာအုပ်များတွင် ပါဝင်ပြီးဖြစ်ရာ ကျန်ရစ်သော သီလရှင်ဝတ္ထုများကို ယခု စုစည်းထုတ်ဝေ လိုက်ခြင်း ဖြစ်သည်။

မြန်မာပြည်တွင် သီလရှင်သာသနာထွန်းကားလျက် ရှိသည့် အနက် မော်လမြိုင်မြို့သည် သီလရှင်ဆရာလေးများ၏ သာသနာပြု လုပ်ငန်းအပေါ် အလွန်အားပေးသော မြို့ဖြစ်သည်။ အစိုးရစာမေးပွဲအပြင် အသင်းအပင်းစာမေးပွဲများလည်း ထွန်းကားစည်ပင်ရာမြို့ ဖြစ်သည်။

စာသင်တိုက်မှ ဆရာကြီး၊ ဆရာလေးများ မြို့ဖိတ်တောဖိတ် ဆန်ခံကြွလျှင် အလွန်ကြည်ညိုဖွယ်ကောင်းသည်။ မြို့သူမြို့သားများသည် သူတို့၏သဒ္ဓါတရားများကို ဆရာလေးတို့၏လက်မှ ဆန်ကာခုံးငယ်လေး ထဲသို့ မပြတ်သွန်ကျလာတတ်သည်။

နီပေါလ်နိုင်ငံမှ ပညာသင်ရောက်ရှိလာသော တစ်မြို့လုံးက မနီပေါလ်ဟု ချစ်စနိုးခေါ်ဆိုသည့် ဆရာလေး မသုမင်္ဂလာဝတီ စာပေပရိယတ် လာရောက်ဆည်းပူး နေထိုင်ခဲ့ခြင်းကလည်း မြို့ကို ဂုဏ်တက်စေသော အကြောင်းတစ်ရပ် ဖြစ်ခဲ့သည်။ ဆရာလေး မသုမင်္ဂလာဝတီပြီးနောက် အခြား နီပေါလ်ဆရာလေး သုံးပါးခန့်လည်း လာရောက်ပညာသင်ကြသေး၏။

စာသင်တိုက်သို့ ရောက်ရှိလာသော ဆရာလေးများသည် ကျင်လည်ရာ ဘဝအသီးသီးမှ ရောက်ရှိလာရသည်ဖြစ်ရာ နောက်ခံပန်းချီကားတစ်ချပ်စီကိုပိုင်ဆိုင်ထားသူများဖြစ်သည်။ သဒ္ဓါကြောင့်ရောက်လာသူ၊ ဘယာကြောင့် ရောက်လာသူ၊ ဘာကြောင့် ရောက်လာလာ စာသင်တိုက်ကြီးက လက်ကမ်းကြိုဆိုခဲ့သည်။

ကျွန်မ ရေးခြယ်ပြသော စာသင်တိုက်အတွေ့အကြုံများသည် သီလရှင်လောကကြီးတစ်ခုလုံးကို ကိုယ်စားမပြုပါ။ စာသင်တိုက်သို့ ရောက်ရှိလာသော လူမမယ်ကလေးငယ်တို့၏ အတွေ့အကြုံ၊ ခံစားချက်၊ အိုးစားခေါင်းဆောင်များနှင့်အစုအဖွဲ့ဝင်များရဲ့ချစ်ခြင်းသဒ္ဓါ၊ဆင့်ကမ်းမျှဝေ စောင့်ရှောက်မှုများ၊ ဘဝအဖုံဖုံမှ ဒုက္ခအစုံစုံဖြင့် ရောက်လာသူများကို ကြိုဆိုလိုက်သော နွေးထွေးမှု၊ တဒင်္ဂဖြစ်စေ၊ ထာဝရဖြစ်စေ၊ ခိုနားသည့် အခိုက် အေးရိပ်သာယာဖြစ်စေသော သီလရှင်စာသင်တိုက်ကြီးများ မြန်မာပြည်တစ်နံတစ်လျားမှာ အများအပြားရှိနေပေသည်။

ဤစာအုပ်လေးသည် စာသင်တိုက်များကို ဦးစီးသော ဆရာကြီး၊ ဆရာလေးများနှင့် စာသင်သားတို့၏ ဘဝတစ်စိတ်တစ်ဒေသကို ကိုယ်စားပြုလျက် စာဖတ်သူတို့ အာရုံညွတ်ကိုင်းဖွယ် တွန်းအားတစ်ခုဖြစ်ပေါ်လျှင် ဤဝတ္ထုများကို ရေးရကျိုးနပ်သည်ဟု ယူဆပါသည်။

■

*စာဖတ်သူများ၏ မေတ္တာကို ခံယူလျက်...*

**ဝိချမ်းဝေ**

## မစာဂဝတီပါ ဘုရား

ဆရာလေး မစာဂဝတီသည် သူ့လက်သေးသေးကလေးနှင့် အပေါ်လွှမ်းကိုယ်ရုံကို သပ်သပ်ရပ်ရပ်ဖြစ်အောင် ခေါက်နေလေသည်။ ပြီးတော့ ခေါင်းစွပ်ကာ လက်လျှိုသွင်းရသော ကိုက်ဟုခေါ်သည့် ဝတ်ရုံ၊ အတွင်းခံ ရှင်မီးနှင့် အပေါ်ဝတ် အင်္ကျီလက်ရှည်။ နောက်ဆုံးမှ ခါးဝတ်ဟု ခေါ်သော ထဘီကို ခေါက်လိုက်ပြီး မနက်အရုဏ်တက်မှာ လိုက်ရမည့် ဆွမ်းစားအစီအစဉ်ကို မျက်စိထဲမှာ မြင်ယောင်မိလေသည်။ ဆရာကြီး ဘုရားက ရှေ့ဆုံးက၊ ပြီးလျှင် စာချဆရာများ၊ ပြီးမှ အကြီးတန်း၊ အလတ်တန်း၊ အငယ်တန်း ဒီလို အစဉ်အလိုက် ဝါစဉ်အလိုက် ကြွကြရမည်။ မစာဂဝတီက အခုမှ အသက် ၉ နှစ်၊ စာကလည်း ယံမင်္ဂလာက မတက်သေးတော့ နောက်ဆုံးမှာ နေရမှာ သေချာသည်။ သို့သော် မသုဇာတာ ပြောစကားအရဆိုရင်တော့ ဒီအတိုင်းဖြစ်ချင်မှ ဖြစ်မည်။

''အခါတိုင်းဆို တပည့်တော်က ဆရာကြီးဘုရားနားက ထီးကိုင်ပြီး လိုက်နေကျ။ အခု ဆွမ်းကျွေးပွဲတိုက်နေလို့ တိုက်အုပ်ဒေါ်ကြီးဘုရားနဲ့ လိုက်သွားရမှာ။ ဆရာကြီးဘုရားနား လူမရှိမှာစိုးလို့ မစာဂဝတီ ထည့် လိုက်ပါဆိုလို့ဘုရား။ ဆရာကြီးဘုရားနဲ့မလှမ်းမကမ်းမှာနေ၊ လိုတာယူပေး၊ ခိုင်းရင် သွက်သွက်လက်လက် လုပ်ပေါ့ ဘုရား'' သူ့ထက် အသက် လေးနှစ်ခန့်သာ ကြီးသော်လည်း စာသင်တိုက်မှာ အနေကြာပြီဖြစ်သဖြင့် တိုက်ရည်လည်နေသော မသုဇာတာ၏ အမှာအကြားကို မစာဂဝတီသည် တင်ပါ့ဘုရား ထပ်နေရတော့၏။ သူတို့ကလေးအုပ်စုမှာ မသုဇာတာက အချုပ်။ ဆရာကြီးဘုရား အခန်းဝင်ကာ တံမြက်စည်းလှည်းဆိုလှည်း၊ ထွေးခံ သွန်ဆိုသွန်၊ ကြမ်းတိုက်ဆိုတိုက် မသုဇာတာ ညွှန်ကြားပေးသလောက် နာခံရသည့်အဖြစ်။ မနာခံလို့မဖြစ်။ မသုဇာတာက တိုက်အုပ်ဒေါ်ကြီး ဘုရား၏ လူ။

သူက ဒေါ်ကြီးဘုရား၏ဇာတိ ဘီလူးကျွန်းကဖြစ်သလို ဆွေနီး မျိုးစပ်လည်း တော်ဟန်တူ၏။ ဒေါ်ကြီးဘုရား၏ ဝေယျာဝစ္စ အဝတ်ဟောင်း လျှော်တာ၊ မီးပူတိုက်တာ၊ ကွမ်းအစ်ထဲ ကွမ်း၊ ကွမ်းသီးဖြည့်တာ၊ နောက်ဆုံး ဒေါ်ကြီးဘုရား အကြောတက်လျှင် တံတောင်နင့်ကြိတ်တာ မသုဇာတာ ဖြစ်နေတတ်သည်။ ပြီးလျှင် တိုက်ထဲမှာရှိသော စာသင်သားတွေ၏ အနေ အထား ထူးခြားမှု သတင်းပလင်းလည်း မသုဇာတာဆီမှ ရနိုင်သည်။

ဆရာကြီးဘုရား ဆွမ်းကျွေးကြွလျှင် အနီးမှ မသုဇာတာ လိုက်ပါ နေကျ။ ယခု ဆွမ်းကျွေးပွဲ တိုက်ဆိုင်နေသည်မို့ မသုဇာတာ ဒေါ်ကြီးဘုရား နှင့် လိုက်သွားပြီး မစာဂဝတီကို သူ့အစား လိုက်ပါစေခြင်းပင်။

ဆရာကြီးဘုရားဟူသည်က စာသင်တိုက်ကြီးတစ်ခုလုံး၏ အကြီး အမှူး။ အားလုံးက ကြောက်ရွံ့ချစ်ခင် လေးစားကြရသည်မို့ ယခုလို ဆရာကြီးဘုရားနှင့် ဆွမ်းကျွေးပွဲလိုက်ရမှာ မစာဂဝတီအဖို့ နည်းနည်းတော့

စိုးရိမ်နေသည်။ ဘာကို စိုးရိမ်နေမှန်းတော့ မသိ။ တစ်ခုခုလွဲသွားမှာ စိုးသည်။ မနက်အရုဏ်အတွက် အဝတ်အစားကို အခုကတည်းက ပြင်ဆင်နေမိသည်။

အဝတ်အစားဆိုလို့ အားလုံးပေါင်းမှ တိုက်နေတိုက်စား နှစ်စုံနှင့် ထ,သွား ထ,လာတစ်စုံ ပေါင်း သုံးစုံပဲ ရှိသည်။ အိုးစားခေါင်းဆောင် အစ်မ မဝိလာသီကတော့ သီတင်းကျွတ်အမီ အသစ်တစ်စုံ ချုပ်ပေးမည်ဟု ပြောထားဖူးသည်။ နေပါဦး သီတင်းကျွတ်ဖို့ဘယ်လောက်လိုသေးပါလိမ့်။ အခုမှ ဝါဝင်ပြီးတာဆိုတော့။

မစာဂဝတီသည် ရေလည်ဆောင်ဘက် ထွက်လာကာ ကြော်ငြာ သင်ပုန်းတွင် ကပ်ထားသော ဆွမ်းကျွေးလိုက်ပါရမည့် ဆရာလေးများ အမည်စာရင်းကို စူးစူးစိုက်စိုက် ကြည့်နေလေသည်။ စူးစိုက်ကြည့်နေပါသော်လည်း မစာဂဝတီ စာမဖတ်တတ်သေးပါချေ။ ရွာမှာ ကျောင်းမနေခဲ့ရတာရော၊ သီလရှင်ဘဝရောက်မှ က,ကြီး ခ,ခွေး သင်ရတာရော သင်ပုန်းကြီး မကုန်သေးပါချေ။ ညနေ စာဝါသိမ်း ခေါင်းလောင်းတီးတော့ မသုဇာတာက ခေါ်ပြသည့်အတွက် သင်ပုန်းပေါ်မှာ ကပ်ထားသော သူ့အမည်စာရင်းကို သိရခြင်းဖြစ်သည်။ နောက်ဆုံး အောက်ဆုံးကြောင်းက စာတန်းကလေးက မစာဂဝတီ နာမည်တဲ့။

''မစာဂ ဒီမှာ ဘာလုပ်နေတာလဲ၊ မီးဖိုဆောင် မဝင်သေးဘူးလား ဘုရား''

ရုတ်တရက် အိုးစားခေါင်းဆောင် အစ်မ မဝိလာသီ အသံကြောင့် မစာဂဝတီ လန့်သွားလေသည်။

''တင်ပါ့ဘုရား၊ အခုဝင်တော့မှာ ဘုရား'' ဆိုပြီး မီးဖိုဆောင်ဘက် ခပ်သွက်သွက်လျှောက်လာလေသည်။ ဒီနေ့ချိုးရေလှူည့်တာဝန် (ဆရာကြီးဘုရားနှင့် ဒေါ်ကြီးဘုရား)တို့အတွက် ချိုးရေခပ်သည့် တာဝန်ကျသဖြင့်

ရေချိုးနောက်ကျနေသော အစ်မ မဝိလာသီတောင် ရေလည်ဆောင်ဖြတ်ပြီး သူ့အခန်းထဲ ဝင်သွားပြီဆိုတော့ အချိန်မနည်းတော့။

မီးဖိုဆောင်ထဲမှာတော့ နံနက်စောစော ထချက်ရန် ဆန်ပြာသူပြာ၊ စပါးလုံးရွေးသူရွေး၊ ချဉ်ပေါင်ရွက်ခြွေသူခြွေ၊ ကန်စွန်းရွက်ဆိတ်သူ ဆိတ်၊ ကြက်သွန် သင်သူသင် မစာဂဝတီတို့အရွယ် ဆရာလေးတွေ အလုပ်ရှုပ်နေလေသည်။ ဒီအချိန် ညနေပိုင်း ဘယ်သူမှ မီးဖိုထဲမဝင်ရတာ တိုက်စည်းကမ်းပါ။ ကလေးတွေက လွဲရင်ပေါ့။

မစာဂဝတီသည် ဆန်ကောထဲမှာ ချဉ်ပေါင်ရွက်ကို ခပ်သွက်သွက် ခြွေထည့်နေသည်။ ထိုအချိန်တွင် မစာဂဝတီ အိုးစားမှ မဉာဏသိင်္ဂီသည် မနက်ချက်ရန် ဖွဲမီးဖိုကို ပြင်ဆင်နေသည်။ အိုးစားအဖွဲ့မှာက မဝိလာသီ၊ မဉာဏသိင်္ဂီနှင့် မစာဂဝတီတို့ စုစုပေါင်း သုံးပါး။ မစာဂဝတီက အငယ်ဆုံးပီပီ ဟင်းရွက်ခြွေ တာဝန်လောက်နှင့် ပြီးသော်လည်း မဉာဏသိင်္ဂီက မနက်သုံးရန် သုံးရေဖြည့်နှင့် ဖွဲမီးဖိုထောင်း တာဝန်ပါ ယူရသည်။

''နောက်ဆိုရင် ဆရာလေးကို ဖွဲမီးဖိုထောင်းတာ သင်ပေးမယ်နော်။ ဘာမှမခက်ဘူးဘုရား။ မီးဖိုရဲ့အလယ်ကို ပုလင်းထည့်၊ ဖွဲနည်းနည်းထည့် ရေဖျန်းပြီးရင် လက်ကိုင်တုတ်လေးနဲ့ ဖွဲတွေ သိပ်သွားအောင် ဖိပြီးထောင်း၊ ဒီလိုတစ်ပတ်လုံးထောင်းပြီး ဖွဲအသစ်ထပ်ထည့်၊ ရေဖျန်း၊ လက်ကိုင်တုတ်နဲ့ဖိ။ အဲဒီလိုနဲ့ ဖွဲက သိပ်သိပ်ကလေး ဖြစ်သွားတဲ့အခါ အလယ်က ပုလင်းကို အသာလေးချွတ်လိုက်ရင် ပြီးပြီဘုရား။ လက်ကိုင်တုတ်နဲ့ဖိဖို့ လက်မှာတော့ အားလိုတယ်။ ဒါကြောင့် နောင်နှစ်ခါ မစာဂဝတီ လက်ကလေးတွေ အားရှိလာမှ ...''

မဉာဏသိင်္ဂီပြောလည်း ပြောစရာပင်။ မစာဂဝတီ လက်လေးတွေက အားမရှိ ပိန်ချည့်ချည့်ရယ်။ ရွာမှာ ကောင်းကောင်းမနေ၊ ကောင်းကောင်းမစားခဲ့ရသည့်ဒဏ်တွေက မစာဂဝတီကို ဒုက္ခပေးနေဆဲ။ ရွာ

အကြောင်း တွေးလျှင် မစာဂဝတီ အလိုလို မပျော်မရွှင် ဖြစ်လာတတ်သည်။ မပျော်တာက အမေ မရှိကတည်းကပါ။ အမေက ဘာဖြစ်လို့များ မစာဂဝတီကို စောစောစီးစီး ထားခဲ့ပါလိမ့်။ ဟိုတုန်းကတော့ မစာဂဝတီက ရွာမှာဆိုလျှင် စာဥပေါ့။ အမေမှည့်ခဲ့သည့် စမ်းစမ်း ဆိုသည့် နာမည် ဘယ်သူမျှ မခေါ်ဘဲ စာဥနာမည် တွင်နေခဲ့တာ။ စာဥ သီချင်းကလည်း လူတိုင်း ပါးစပ်မှာ ဆိုနေလေတော့ သူလည်း စာဥ လွယ်လွယ်ဖြစ်ခဲ့ရသည်။

အမေ မောင်လေးကို မွေးရင်း မီးတွင်းထဲမှာ အမေရော မောင်လေးပါ ဆုံးလေတော့ စာဥမှာ မငိုတတ်ငိုတတ်အရွယ်။ အမေဆုံးပြီး သိပ်မကြာ အဖေ မမိသန်းနှင့် ကောက်ယူတော့ စာဥ ကံဆိုးဖို့ ဖြစ်လာသည်။ အဖေနှင့် မညားခင် မမိသန်းတစ်ယောက် စာဥကို တစာတည်း စာနေပေမဲ့ အဖေနှင့်လည်း ညားပြီးရော အချိုးပြောင်းသွားပါရော။ ကျောင်းနေသည့် အရွယ် စာဥကိုပင် ကျောင်းမထား၊ သူမွေးသည့် ကလေးကို ခါးကိုင်းအောင် ထိန်းရသည့်အဖြစ်။ ကလေးက ကလေးကို ပြန်ထိန်းရသည့်အဖြစ်။ မမိသန်း ရွာရိုးကိုးပေါက် လျှောက်နေသည့်အဖြစ်ကို အဖေ သိချင်မှသိမည်။ အဖေကိုယ်တိုင် သူများလယ်မှာ သူရင်းငှားဆိုတော့ စားရေးဝတ်ရေးက မချောင်လည်လှ။ ဒီကြားထဲက မမိသန်းတစ်ယောက် ရွာထိပ်က ဆံပင် အလှပြင်ဆိုင်မှာ ဆံပင်ကောက်ချင်ရသည်နှင့်၊ ဖြောင့်ချင်ရသည်နှင့်။ စာဥ မှာတော့ အရွယ်နှင့်မမျှသော အလုပ်တာဝန်တွေနှင့်။ စားရတော့ မဝရေစာ။ တစ်နေ့ မနိုင်မနင်း ထမင်းအိုးငှဲ့သော စာဥ ထမင်းရည်ပူလောင်နေတုန်း ထမင်းတွေ ဆုံးပြီဆိုပြီး ကျောပြင်ကို မမိသန်း တဗုန်းဗုန်း ထုနေဆဲ အိမ်ရှေ့သို့ ဘွားသုန် ရောက်လာတော့သည်။

''ဟဲ့ ... ဟဲ့ ... ကလေးကို ဘာလို့ ညှဉ်းဆဲနေရတာလဲ။ ကျော်လွင် ဘယ်သွားလဲ ကျော်လွင်''

ဘွားသုန်ကိုတော့ မမိသန်း နည်းနည်းရှိန်သည်။ ဘွားသုန်က စာဥအမေဘက်က ကြီးတော်။ နောက်ပြီး မြို့မှာနေသည့် သီလရှင်ကြီး။ ရွာကို ဆွမ်းခြောက်ခံချိန် ဆောင်းဦးပေါက်ဆို ရောက်လာလေ့ရှိသည်။ ဘွားသုန်က ဆွေမျိုးထဲမှာ ပြောနိုင်ဆိုနိုင်ရှိသည်။ ကျော်လွင်ဆိုသည်မှာ စာဥအဖေကို မေးနေခြင်းပင်။

''နင်တို့ ဒီကလေးကို ဒီလိုညှဉ်းဆဲနေမယ်ဆိုရင် ငါ ခေါ်သွားမယ်။ လူဖြစ်အောင် ငါမွေးမယ်။ ငါ့မှာ ငါ့တူမ မျက်နှာ ရှိသေးတယ်။ နင်တို့ စဉ်းစားကြ''

မမိသန်းအချိုးကို မကြိုက်သော ဆွေမျိုးတွေ ဝိုင်းတိုက်တွန်းသည်နှင့် စာဥ အဖေလည်း ဆင်ခြေမပေးနိုင်ဘဲ ဘွားသုန်နောက် ထည့်လိုက်ရတော့၏။ ဘွားသုန်ကား စိတ်မြန်မြန်ပင် စာဥကို ခေါ်လာကာ မြို့ရောက်သည်နှင့် စာသင်တိုက် အပ်လိုက်တော့၏။ စာသင်တိုက်ရောက်စက ဘာမျှနားမလည်၊ မျက်လုံးလေး ကလယ် ကလယ်နှင့်။ သို့ပေမဲ့ ဒီလို တစ်နေရာတည်းမှာ သီလရှင်လေးတွေ အများကြီးတွေ့လိုက်တော့ စာဥ စိတ်ထဲ ပျော်သလိုလိုပင်။ အားလုံးမျက်နှာပေါ်က နူးညံ့ဖော်ရွေသော အပြုံးတွေက မမိသန်း မျက်နှာနှင့် အကွာကြီး ကွာနေသည် မဟုတ်ပါလား။

ပထမဦးဆုံး စာဥ သဘောကျသည်မှာ ထမင်းဝဝစားရခြင်းပင်။ ဘွားသုန်နှင့် စာဥကို စာသင်တိုက်ကြီးရှေ့က သစ်သားဇရပ်လေးမှာ စားသောက်ဖွယ်ရာများ ပြင်ကျွေးသည်။ ဤသစ်သားဇရပ်ကလေးမှ အကြီးဘုရားနှင့် ဘွားသုန်က အရွယ်တူ ဝါတူ မိတ်ဆွေများ ဖြစ်သည်။ သစ်သားဇရပ်ကလေးမှာ ညအိပ်ပြီး နောက်တစ်နေ့နံနက် စာဥ ဆံချရတော့၏။

ခေါင်းကို ဆပ်ပြာရည် ဆွတ်ပြီး သင်တုန်းဓားတင်တော့ စာဥ ငိုချင်သလိုလို ဖြစ်လာသေးသည်။ ရွာကို လွမ်းတာလား၊ အမေ့ကို သတိရ

တာလား ဘာမှန်းမသိ မျက်လုံးထဲ စပ်တပ်တပ် ဖြစ်လာသည်။ ရေမိုးချိုး သန့်စင်ပြီး သီလရှင် အဝတ်လဲ၊ ဆရာကြီးဘုရားရှေ့မှာ ကိုးပါးသီလ ခံယူပြီး ဆရာကြီးဘုရား ဩဝါဒများ ဆက်လက်ကြားနာရသေး၏။ စာဥ အားလုံး နားမလည်ပါ။ နားလည်သည်က –

"ဆရာလေး နာမည် မစာဂဝတီတဲ့။ စာဂဆိုတာ အကျင့်စာရိတ္တကို ဆိုလိုတာ၊ ဝတီဆိုတာက အမျိုးသမီးပေါ့။ အကျင့်စာရိတ္တ ကောင်းမွန်သူ ဘုရားသမီးတော်လေးလို့ အဓိပ္ပာယ်ရတယ်။ မစာဂဝတီလို့ခေါ်ရင် ဘုရား လို့ ထူးရတယ်။ ကဲ ... ထူးကြည့်ပါဦး။

"မစာဂဝတီ"

"ဘုရား"

"မစာဂဝတီ"

"ဘုရား"

"မစာဂဝတီ"

"ဘုရား"

ဒီလိုနှင့် သာသနာ့ဘောင်သို့ မစာဂဝတီ ရောက်လာရသည်။ ရောက်စက ကျင့်သားမရသေးသည့်အတွက် စာသင်တိုက်မှာ နေသားမကျ နိုင်။ နံနက်စောစော ၄ နာရီထ,ရသောကိစ္စသည် မစာဂဝတီအတွက် ကြီးစွာသောပင်ပန်းမှုပင်။ ဒီအရွယ် အိပ်ရာထဲ ဝဝအိပ်ချင်သည့် အရွယ်။ အိုးစားခေါင်းဆောင် အစ်မ မဝိလာသီကတော့ မစာဂဝတီကို ညှာရှာသည်။ သို့ပေမင့် စည်းကမ်းက စည်းကမ်းဖြစ်သည်။ အရုဏ်ဆွမ်းအတွက် မဝိလာသီတို့ မီးဖိုမှာ ချက်ပြုတ်နေချိန် မစာဂဝတီတို့မှာ ဘုရားဝတ်တက် ကြရသည်။ အိပ်ရေးမဝသော မစာဂဝတီ ဘုရားဝတ်တက်ရင်း ပြန်ငိုက် နေကျ။

''နောက်က ကလေးတွေ ဘာလို့ အသံတိုးနေလဲ။ ကျယ်ကျယ် ဆိုကြပါ။ အိပ်ငိုက်မနေကြနဲ့။ သဒ္ဒါတရား ကောင်းကောင်းနဲ့ အလုပ် လုပ်ကြ''

ဒီလို ဒေါ်ကြီးဘုရား အသံကျယ်ကျယ်ကြီး ပေါ်လာလျှင် ဘုရား ရှိခိုးကို မီရာက အမြန်လိုက်ဆိုကြရသည်။ ဘုရားဝတ်တက်ပြီးလျှင်တော့ အပြင်မှာ မိုးလင်းလုပြီ။ ဆွမ်းဗန်းတွေလည်း အဆင်သင့် ဖြစ်ပြီ။

စာသင်တိုက်ရှေ့မှ ဘုန်းကြီးကျောင်းသို့ ဆွမ်းဗန်းပို့ရန် ဒေါ်ကြီး ဘုရားရှေ့မှာ အစစ်ဆေးခံရ၏။

''မဇောတညာဏီ ကိုယ်ရုံကို ပြင်ရုံဦး။ သွားသတိ၊ လာသတိ ခြေလှမ်းတိုင်းမှာ ဣန္ဒြေရှိပါစေ''

ဆွမ်းက ဇလုံကြီးနှင့် တစ်ဇလုံ၊ ဆွမ်းဟင်းက သုံးဗန်း။ အားလုံး ဆရာလေး လေးပါး နံနက်တိုင်း အလှည့်ကျ ဘုန်းကြီးကျောင်းသို့ ဆွမ်းပို့ သွားရ၏။ ဟိုရောက်လျှင်တော့ ကျောင်းသားကြီးတွေက ဆွမ်းခွက်တွေ လဲလှယ်ပေးရာ စောင့်ယူရ၏။ ကျောင်းသားကြီးတွေနှင့် မျက်လုံးမဆိုင်ရ၊ စကားမပြောရ။

ရောက်စက မစာဂဝတီ ဆွမ်းဗန်းမနိုင်သော်လည်း ယခုဆို ကောင်းကောင်းနိုင်နေပြီ။ နောက်နှစ်လောက်ဆိုလျှင် သူ့ခန္ဓာကိုယ်လည်း ထွားကျိုင်းလာမည်။ သူ့လက်ကလေးတွေလည်း အားရှိလာမည်။ သူ စာသင်တိုက်အလုပ်တွေ ပိုလုပ်နိုင်တော့မည်။

''ဒေါင် ... ဒေါင် ... ဒေါင်''

ဟော ရေလည်ခန်းမဆီမှ ခေါင်းလောင်းကို သံပြားပိုင်းဖြင့် တီးခတ်လိုက်သည့်အသံ။ ထိုအသံ၏ အဓိပ္ပာယ်မှာ အားလုံး လုပ်လက်စ အလုပ်ကို သိမ်း၍ ညဦးယံ ဘုရားဝတ်တက်ရန် သွားကြဟု နှိုးဆော်သော အသံဖြစ်သည်။ မကြာခင် ဘုရားခန်းဆောင်ဆီသို့ ဆရာလေးများအားလုံး ညီညာဖြဖြ သွားရောက် ဝတ်ရွတ်စဉ်ကို ရွတ်ဖတ်ကြတော့မည်။

နံနက်ပိုင်း အိပ်ရေးမဝသည့်အတွက် အရက်ဝတ်တက်ချိန် ငိုက်မျဉ်းတတ်သော်လည်း ညဦးယံဘုရားဝတ်တက်လျှင်တော့ မစာဂဝတီသည် လွန်စွာ တက်ကြွကာ အသံကျယ်နေလေ့ ရှိသည်။ သူက စာဝါမှာ ယံမင်္ဂလံက မတက်သော်လည်း နေ့စဉ် ကြားနေကျ ဝတ်ရွတ်စဉ်ကိုတော့ နောဇကေ နော နောကျေနေပြီဖြစ်သည်။

❑

ဆရာကြီးဘုရားနှင့် ဆွမ်းကျွေးလိုက်ပါပြီးကတည်းက မစာဂဝတီသည် စာသင်တိုက်မှာ ပို၍ပျော်ရွှင်လာသည်။ ဆရာကြီးဘုရားအပေါ်လည်း လေးစား ကြောက်ရွံ့ ရိုကျိုးခြင်း သဒ္ဒါပိုလာသည်။ ဝေယျာဝစ္စလုပ်လျှင်ပင် စေတနာပါပါ လုပ်တတ်သည်။

ဆွမ်းဒါယကာအိမ်ရောက်တော့ ဆရာကြီးဘုရားနှင့် ဆရာလေးများကို လူတွေ တလေးတစား နေရာပေးဆက်ဆံပုံကို မြင်တွေ့ရသောအခါ လက်ရှိအနေအထားအပေါ် အလေးထားရမှန်း သိလာသည်။ အလိုက်သိသော၊ ခြေပေါ့လက်ပေါ့ရှိသော မစာဂဝတီကို ဆရာကြီးဘုရားက အနီးမှာ ခေါ်ထားတတ်လာသည်။ ဒေါ်ကြီးဘုရားက မသုဇာတာကို လက်စွဲထားသလိုမျိုး မစာဂဝတီလည်း ဆရာကြီးဘုရားလက်စွဲ ဖြစ်လာသည်။

ဆရာကြီးဘုရား နေ့ဆွမ်းစားပြီး အချိုပွဲကျလျှင်ပင် မစာဂဝတီကို ခေါ်ကျွေးတတ်လာသည်။ မစာဂဝတီ လိမ္မာသဖြင့် အိုးစားခေါင်းဆောင် မဝိလာသီ မျက်နှာပွင့်နေတော့သည်။ သီတင်းကျွတ်ခါနီးသဖြင့် ရာသီဥတုကလည်း ပွင့်လင်းလာလေရာ မစာဂဝတီတို့ ဆရာလေး အငယ်လေးတွေ သွက်လက်လှုပ်ရှားနေသည်။

သီတင်းကျွတ်လျှင် ဝတ်စုံအသစ်ချုပ်ပေးမည်ဆိုသော ကတိကြောင့် ပျော်ရွှင်တက်ကြွနေသလို သီတင်းကျွတ်လျှင် မဟာမုနိဘုရားနှင့် ကျိုက်သလွံစေတီတော်ကြီး ဖူးရမည်ဆိုသော သတင်းစကားကြောင့်လည်း ပျော်ရွှင်နေသည်။

"မဟာမုနိဘုရားကိုဖူးဖို့ သွားတော့မယ်ဆို အားလုံးဆရာလေးတွေ တန်းစီပြီး ခြေလှမ်းညီညီနဲ့ လှမ်းကြရတာ။ နောက်ပြီး အဲဒီမှာ စိတ်ဝင်စားစရာကောင်းတဲ့ ကိစ္စလည်းရှိသေးတာ ဘုရာ့"

အရေးထဲမသုဇာတာက သူ့ဝသီအတိုင်းစကားဝှက်နေပြန်သည်။ ဘာစိတ်ဝင်စားစရာလဲဆိုတာ မေးလို့မပြော။ နီးတော့ သိမှာပေါ့တဲ့။ ပြီးတော့ သူ့က ရှုံ့ တိုးတိုးတဲ့။ ဒါလေ မစာဂဝတီ သိချင်လေ၊ သီတင်းရယ်။ မြန်မြန်ကျွတ်ပါတော့။

ဘယ်လောက်ပင် စိတ်စောစော သီတင်းက သူကျွတ်သည့်အချိန်ရောက်မှ ကျွတ်တာပင်။ အဖိတ်နေ့ကတည်းက အလုပ်တွေ ရှုပ်လှ၏။ အိုးစားခေါင်းဆောင် အစ်မ မဝိလာသီက မဉာဏသီဂီအတွက်ရော၊ မစာဂဝတီအတွက်ပါ ဝတ်စုံတစ်စုံစီ အသစ်ချုပ်ပေး၏။ စာသင်တိုက်အနောက်ဘက် သစ်ပင်ရိပ်မှာ မီးဖိုကာ မြေအိုးထဲ ရေထည့်၊ ရေထဲ ဆိုးဆေးထည့် ပွက်ပွက်ဆူအောင် စောင့်ရင်း အစ်မ မဝိလာသီ၏ လှုပ်ရှားမှုတွေကို ငေးကြည့်ရတာ အရသာရှိလှ၏။

"အင်္ကျီရယ်၊ ဂိုက်ရယ်၊ ကိုယ်ရုံရယ်အတွက် ပန်းနုသွေးမှာ အဝါနည်းနည်း ဖောက်ပြီး ထည့်ရတယ်ဘုရာ့။ ဆေးစပ်ပြီး စိတ်ကြိုက်အရောင်ရပြီဆိုမှ အဝတ်ကို ထည့်ရတယ်။ မီးဖိုပေါ် အကြာကြီး မထားရဘူးဘုရာ့။ အရောင်နတော့ ခဏပါပဲ။ ဒါတွေပြီးမှ ခါးဝတ်အတွက် ဆေးကို အနီနဲ့အဝါ စပ်ပြီး ထပ်ထည့်ရမယ်။ သူ့ကိုတော့ ပွက်ပွက်ဆူတဲ့အခါ ခါးဝတ်ကိုထည့်ပြီး ကြာကြာကလေးထားမှ ဆေးပိုစွဲတာ ဘုရာ့။ နောက်ဆိုရင် ကိုယ့်ကိစ္စကိုယ် လုပ်တတ်အောင် သင်ထားကြဘုရာ့။ တပည့်တော်က စာဝါများတော့ အားတာမဟုတ်ဘူး။ နောက် ဒါတွေ မဉာဏ လုပ်ရမှာနော်"

အစ်မ မဝိလာသီက ပြောလည်းပြော၊ သင်လည်း သင်။ မျက်စိရှေ့မှာတင် အရောင်အသွေးကျကျ ဝတ်ရုံတွေ ထွက်လာတော့ ဝတ်ရုံသစ်အတွက် မစာဂဝတီ ဝမ်းမြောက်နေသည်မှာ ဖော်မပြနိုင်။ သီတင်းကျွတ်လပြည့်နေ့ရောက်တော့ စာဝါ ပိတ်သည်။ ဘုရားဖူးချင်သည့် ဆရာလေးတွေလည်း အားလုံး ဘုရားဖူးသွားနိုင်သည်။ အရက်ဆွမ်းစားပြီးသည်နှင့် မသုဇာတာမှာအလုပ်များတော့သည်။ သူ့အလုပ်ကသွက်သွက်လက်လက် လျှို့လျှို့ဝှက်ဝှက်။

ခြံထောင့်မှ ငှက်ပျောဖတ်များ ခုတ်လာ၍ အဝတ်နှင့် သန့်စင်နေသည်။ မစာဂဝတီကိုလည်း လုပ်အားလာပေးဆိုသည့်သဘော ခေါ်သည်။ ငှက်ပျောဖတ်များ သန့်စင်ပြီးတော့ တစ်နေရာမှာ ပုံနေဆဲ၊ အလို သူ့အိုးစားမှ မညာဏလည်း ငှက်ပျောဖတ်တွေ သယ်လာပါလား။ ဒါဆိုလျှင် ဤလျှို့ဝှက်ကိစ္စကြီးတွင် အစ်မ မညာဏလည်း ပါသည်ပေါ့။

ပြီးတော့ သူတို့နှစ်ယောက် ငှက်ပျောဖတ်မှာ ထမင်းပုံကာ ချည်ပေါင်ကြော်၊ ငါးပိကြော်၊ အသီးအရွက်ကြော်များဖြင့် ထမင်းထုပ် ထုပ်ကြတော့၏။ ထမင်းထုပ်မှာ ပလတ်စတစ်အိတ်နှင့် ထည့်ထားသော ပိုက်ဆံအကြွေလေးများ ပါသေး၏။ ဘာတွေပါလိမ့်။ ဟိုအိုးစားမှ နည်းနည်း၊ ဒီအိုးစားမှနည်းနည်း ယူလာသော ထမင်းဟင်းတွေနှင့် ထမင်းထုပ်လိုက်ကြသည်မှာ ခဏကလေးနှင့် ထမင်းထုပ် သုံး,လေးဆယ် ဖြစ်လာသည်။ ထိုထမင်းထုပ်များကို ဆန်ခံရာတွင် ဆန်ထည့်သည့် ဂျုံအိတ်များနှင့် ခွဲထည့်သည်။ တစ်အိတ်မှာ သုံးထုပ်၊ လေးထုပ်။

မကြာခင် ဘုရားဖူးသွားမည့်သူများ ဆရာကြီးဘုရားထံ ဩဝါဒခံယူကြသည်။ စာသင်တိုက်ပြင်ပသို့ ဆန်ခံချိန်(တောဖိတ်၊ မြို့ဖိတ်)မှအပ လွှတ်ခဲ့သည်ဖြစ်ရာ ပြောဆိုနေထိုင် ဣန္ဒြေရစေဖို့၊ သီလရှင်ကျင့်ဝတ်နှင့် ညီစေဖို့ ပြောဆိုဆုံးမသည်။ မညာဏသိင်္ဂီရော မစာဂဝတီပါ ကိုယ်ရုံအသစ်

များဖြင့် လန်းဆန်းတောက်ပနေသည်။ ဤစာသင်တိုက်၏မူတစ်ခုမှာ အဝတ်အစား မညှိုးနွမ်းရေးပင်။ အဝတ်အစား ညှိုးနွမ်းပါက လူအကြည်ညို တန်စေပြီး စာသင်တိုက်ဂုဏ်ကို ထိခိုက်သည်ဟု ယူဆ၏။

အစ်မ မဝိလာသီတို့လို လူကြီးတွေမပါ၊ မဉာဏသိဂီတို့အရွယ်တွေ အုပ်ချုပ်သော သီလရှင်ငယ်ကလေးတွေချည်း ကျိုက်သလွံစေတီကြီးဘက် ခြေလျင်ထွက်ခဲ့ကြသည်။ မစာဂဝတီအဖို့တော့ အရာရာသည် ထူးဆန်း နေ၏။ သူ စိတ်လှုပ်ရှားလျှင် ပြုတတ်သည့် ခလေ့အတိုင်း မနေ့ကမှ ပြန်ရိတ်ထားသော ဦးပြည်းကို မကြာခဏပွတ်နေမိသည်။ ကြွရှကော့ရော့ နေသော ကိုယ်ရုံအသစ်သည် မစာဂဝတီကို ခံစားမှုအသစ်တွေ ပေးနေ သည်။

ပြင်ပလေကို ဝဝရှူ၊ ပြင်ပမြင်ကွင်းတွေမှာ မိန်းမောနေရသည်နှင့် သူ့ခမျာ အနောက်မှာ မကြာခဏ ကျန်ခဲ့သည်။ မကြာခင် ကျိုက်သလွံ စေတီကြီးကို အဝေးမှ လှမ်းမြင်လိုက်ရတော့ စိတ်တွေ ကြည်လင် လန်းဆန်းပြီး လေထဲ လမ်းလျှောက်ရသလိုလို ဘာလိုလို။

''ဆရာလေး မစာဂဝတီ သိပ်ငေးမနေနဲ့ဘုရား၊ အချိန်ပိုရင် တောင်ရိုးတန်းက ဦးခန္တီဘက်အထိ သွားမှာတဲ့ ဘုရား''

မသုဇာတာ နှိုးဆော်သဖြင့် မစာဂဝတီသည် လူစုမကွဲစေရန် ခပ်သွက်သွက် လျှောက်လေသည်။ ဘုရားဖူးလျှင် ဘာတွေ ဆုတောင်းရင် ကောင်းမလဲ အပြေးအလွှား စဉ်းစားရသေး၏။ ''နောက်ဘဝမှာ အမေနဲ့ ပြန်တွေ့ပါစေ ဆုတောင်းရင် ကောင်းမလား။ အဖေနဲ့တော့ ပြန်မတွေ့ချင်။ မမိသန်းနဲ့ဆို ဝေးပါလေရော။ အင်း ဒီလိုလည်း စိတ်ထားလို့ မဖြစ်သေး။ ဒေါ်ကြီးဘုရား ဆုံးမသလို အားလုံးကို မေတ္တာနဲ့ ဆက်ဆံရမယ်။ မေတ္တာ စိတ်ထားရမယ်။ ဒါဆိုရင် စာတွေ အများကြီးတတ်ပြီး အငယ်တန်း၊ အကြီး တန်းတွေအောင် စာချပုဂ္ဂိုလ်ဖြစ်၊ ရေလည်ခန်းနံရံမှာ ချိတ်ထားသော စာချ

သီလရှင်ဆရာကြီးတွေရဲ့ ဓာတ်ပုံတွေလို သူတစ်ပါးအားကျ အလေးတယူ ဆက်ဆံခံရသော ပုဂ္ဂိုလ်ဖြစ်ဖို့ ဆုတောင်းရင်ကောင်းမလား'။

ရောက်စကနှင့်မတူ မစာဂဝတီ အသိဉာဏ် အတော်ပွင့်လာပြီ ဖြစ်သည်။ တံငါးနားနီးတံငါ၊ မုဆိုးနားနီး မုဆိုး၊ သာသနာ့အရိပ်ခိုမှတော့ စိတ်နှလုံး တည်ငြိမ် သိမ်မွေ့ပြီပေါ့။ စာသင်တိုက်မှာ တဖြည်းဖြည်း နေသားကျလာသည်မှာလည်း မစာဂဝတီအဖို့ စိတ်အေးငြိမ်းစေရေး ဆေးတစ်မျိုးပင်။ ပေဟာ တောင်ကုန်းအမော့ပြေပြေ ကလေးတက်ရာမှ တစ်နေရာရောက်တော့ရှေ့မှဦးဆောင်သူဆရာလေးရပ်လိုက်တော့သည်။ မစာဂဝတီ လှမ်းကြည့်တော့ နံရံမြင့်မြင့်ကြီးတွေ မြင်ရ၏။

''ဆရာလေး ကြည့်ထား၊ အဲဒါ အကျဉ်းထောင်ဆိုတာပေါ့။ အထဲမှာ အကျဉ်းသားတွေ ရှိတယ်''

မသုဇာတာ တိုးတိုးကပ်ပြောလိုက်သော်လည်း မစာဂဝတီ လန့် သွားလေသည်။ ထောင် ထောင်ဆိုတာ မကောင်းတာလုပ်ထားသည့် လူတွေ ဖမ်းဆီးထားရာနေရာဟု မစာဂ သိနေသည်။ သီလရှင်ဆရာလေး တွေ ရပ်နေသော လမ်းသည် ကုန်းမြင့်ပြေပြေ ဖြစ်နေသည့်အတွက် အုတ် နံရံအတွင်းဘက် အချို့အဝက် မြင်ကွင်းကို အပေါ်စီးမှ မြင်နေရသည်။

ဝင်းထဲမှာ အပေါ်ဖြူ အောက်ဖြူ ဝတ်စုံတွေနှင့် လူတစ်စု ဆရာ လေးတွေကို လက်ပြနှုတ်ဆက်နေသည်။ ဦးဆောင်သူ ဆရာလေးသည် ပါလာသော ထမင်းထုပ်များကို ထိုလူစုထံရောက်ရန် တစ်ထုပ်ပြီးတစ်ထုပ် ပစ်ပေးနေသည်။ ပေးသူနှင့် ယူသူ လှုပ်ရှားမှုမြန်လှသည်။ တစ်ခဏအတွင်း ထမင်းထုပ် သုံးဆယ်ခန့်အထဲသို့ ရောက်သွားသည်။

အုတ်နံရံ အတွင်းဘက်က အကျဉ်းသားတွေကလည်း ဆရာလေး တို့ကို အသံတိတ် လက်ပြ။ ဆရာလေးတို့ကလည်း အကျဉ်းသားတွေကို အသံတိတ် မေတ္တာပို့ပြီး ခရီးဆက်ခဲ့ကြသည်။ ဘုရားမဖူးခင် ဘုရားကြိုက်

သော ကောင်းမှုဒါန အလှူကလေးအတွက် ဆရာလေးတို့အားလုံး ပီတိ ဝေနေကြသည်။

''ဒီလိုလုပ်တာ နှစ်စဉ် နှစ်တိုင်းပဲ။ လူကြီးတွေမသိတဲ့ အပြစ်တော့ ရှိတာ ပေါ့ဘုရား။ အထဲက လူတွေကလည်း သီတင်းကျွတ်လပြည့်နေ့ဆို ဆရာလေးတွေ ဒီလမ်းက လာနေကျ၊ ထမင်းထုပ်လှူနေကျဆိုတော့ စောင့်နေတာပေါ့ ဘုရား''

မသုဇာတာ ရှင်းပြတော့ ပိုပြီးသဘောပေါက်လာရသည်။ ထမင်းထုပ်ထဲမှာ ပိုက်ဆံလေးတွေလည်း ထည့်လှူတာဆိုတော့ နောက်ဆိုရင် တောဖိတ်၊ မြို့ဖိတ်မှ အလှူရတဲ့ ကျပ်တန်အသစ်ကလေးတွေ နောက်တစ်နှစ် သီတင်းကျွတ်အတွက် သိမ်းထားမှပဲ မစာဂဝတီ တွေးနေမိသည်။ ဤအလှူထဲ မစာဂဝတီလည်း ပါဝင်ချင်သည်လေ။ လူကြီးတွေ မသိအောင် တိုးတိုးတိတ်တိတ် လှူပ်ရှားရသည်မှာလည်း စိတ်လှုပ်ရှားဖွယ်ရာပင်။

''အကျဉ်းသားတွေကို လှူရတာ သာမန်လူတွေကို လှူရတာနဲ့ တော့ မတူဘူးပေါ့။ သူတို့က အထဲမှာ ကောင်းကောင်းမနေရ၊ မစားရရှာဘူး။ သူတို့ပြစ်ဒဏ်ခံရတာ သူတို့ရဲ့ကံအကြောင်းတရားပဲ။ ဆရာလေးတို့က တစ်ပိုင်တစ်နိုင် ဖြည့်ဆည်းပေးတာ။ အားလုံးအတွက်ဆိုလည်း မဖြစ်နိုင်ဘူး။ နိုင်သလောက်ကလေး ပါဝင်ဖြည့်ဆည်းတဲ့သဘောပါပဲ'' ဆိုပြီး မသုဇာတာက လူကြီးတစ်ယောက်လို ဆက်ပြောနေသေးသည်။

ထိုနေ့က ဘုရားဖူးပြီး တောင်ရိုးတန်းဘက်တက်ကာ ဦးခန္တီဘုရားကြီး ဖူးရင်း အဝေးမြင်ကွင်းတွေမြင်တော့ မစာဂဝတီတစ်ယောက် တအံ့တဩ ဖြစ်နေပြန်သည်။ သူက တောင်ရိုးတန်းဆိုတာ ယခုမှ ကြားဖူးသည်ကိုး။ နေအတန်ငယ် ရင့်လာပြီဖြစ်၍ ဆရာလေးများအားလုံး ပင်နီခေါင်းတင်ကို ခေါင်းပေါ်တင်လျက် အပူဒဏ် ကာကွယ်ထားကြသည်။

''အဲဒီရေပြင်ကျယ်ကြီးက သံလွင်မြစ်ကြီး။ ဟိုးဝေးဝေး ကျွန်းမည်းမည်းကြီးက ဘီလူးကျွန်း။ အဲဒီဘီလူးကျွန်း ကွမ်ရိုက်ရွာမှာ တပည့်တော်အမေ ရှိတယ်။ အမေက စိတ်သိပ်မကောင်းဘူးဘုရား၊ ဒါကြောင့် တပည့်တော်ဆီ မလာနိုင်တာ။ တစ်နှစ်တစ်ခါ စာဝါပိတ်လို့ ပြန်ရင်တော့ တွေ့ရတာပေါ့။ မစာဂရော ဒီနှစ် စာဝါပိတ်ရင် ရွာပြန်မှာလား ဘုရား့''

စခန်းသာဆိုသောနေရာမှ အုတ်ခုံကလေးမှာ အမောပြေထိုင်ရင်း မသုဇာတာက သူ့အကြောင်း ပြောပြနေသည်။ မစာဂရော ဒီနှစ် စာဝါပိတ်ရင် ရွာပြန်မှာလားတဲ့။ ဟင့်အင်း မစာဂဝတီမှာ ပြန်စရာ အိမ်မှမရှိတာ။ ဘယ်ကိုပြန်ရမှာလဲ။ ဘယ်လိုပြန်ရမှာလဲ။ ဘွားသုန်ကတော့ စာဝါပိတ်လို့ စာသင်တိုက် မနေချင်ရင် တောင်ဝိုင်းက သူ့ဇရပ်မှာ ခဏလာနေဟု ပြောဖူးသည်။

နွေကာလ စာဝါပိတ်သည့်ကိစ္စကို တစ်ခါမျှ မစဉ်းစားကြည့်ဖူးသဖြင့် မစာဂဝတီ အဖြေမပေးနိုင်ပါ။ အစ်မ မဝိလာသီ၏သဘောထားက ရှိသေးသည်။ အစ်မက စာဝါပိတ်လျှင် သူလည်းအားပြီမို့ အတန်းကျောင်းက လူတွေလို အေဘီစီဒီ သင်ပေးမည် ပြောထားသည်။ စာဝါပိတ်ချိန် အားလုံး ဌာနီပြန်ကုန်လျှင် ဆရာကြီးဘုရားထွေးခံ မည်သူသွန်မည်နည်း၊ ဆွမ်းကျွေးပင့်လျှင် ဆရာကြီးဘုရား ထီး၊ ဖိနပ် မည်သူကိုင်မည်နည်း၊ ဧည့်သည် စောင်သည်လာလျှင် မစာဂဝတီဟု ခေါ်လိုက်ပါက ဘုရားထူးကာ မည်သူ ကွမ်း၊ ဆေး၊ လက်ဖက်နှင့် ဧည့်ခံမည်နည်း။ ဆရာကြီးဘုရား၏ အနီးကပ် ဝေယျာဝစ္စကုသိုလ်များကို မျက်ကွယ်ပြု၍ မစာဂဝတီ မည်သည့်နေရာမျှ မသွားချင်ပါ။

ထိုနေ့က ဘုရားဖူးသွားသော ဆရာလေးများအားလုံး ပေါ့ပါးသွက်လက်သော ခြေလှမ်းများဖြင့် စာသင်တိုက်သို့ ပြန်ခဲ့ကြသည်။ အပြင်လောကနှင့် ဆယ်ခါရံတစ်ခါ ထိတွေ့ခွင့်ရလိုက်သဖြင့်လည်း စိတ်ဓာတ်

တွေ ရှင်လန်းတက်ကြွနေကြသည်။ စာသင်တိုက်ဝင်းထဲသို့အရောက် အဆောင်ကြီးသို့ တက်ရန် ခြေဆေးနေစဉ် ဘုရားဖူး ခရီးစဉ်လိုက်ပါခြင်း မရှိသော ဆရာလေးတစ်ပါး၏ အသံကိုကြားလိုက်ရသည်။

''ဆရာကြီးဘုရားက မစာဂဝတီ ပြန်ရောက်ရင် ရေလည်ခန်းကို ကြွခဲ့ပါတဲ့ ဘုရား။ ဧည့်သည်ရောက်နေတယ်တဲ့ ဘုရား''

ဧည့်သည် ... မစာဂဝတီအဖို့ နည်းနည်း ထူးဆန်းသွားသည်။ ဘွားသုန်များလား။ မစာဂဝတီထံ ဘွားသုန် လာလေ့ရှိသည်။ လာလျှင် ရှေ့က အကြီးဘုရား ဇရပ်တွင် နေနေကျ။ ယခု ဆရာကြီးဘုရားကိုယ်တိုင် ခေါ်တာဆိုတော့ ဘယ်က ဧည့်သည်ပါလိမ့်။

ရေလည်ခန်းသည် စာချခန်းဖြစ်သလို ဧည့်သည်လာလျှင် ဆရာကြီးဘုရား ဧည့်သည်လက်ခံ တွေ့ဆုံရာနေရာလည်း ဖြစ်သည်။ မစာဂဝတီ ရေလည်ခန်းဆီ တက်သွားတော့ ဆရာကြီးဘုရား လူတစ်ယောက်နှင့်စကားပြောနေသည်။ လူကလည်းယောကျ်ားကြီးတစ်ယောက်၊ အနီးရောက်တော့မှ ဟင် ... အဖေ ... အဖေပါလား။

မစာဂဝတီသည် မတွေ့တာကြာပြီဖြစ်သော အဖေကို တွေ့ရ ဝမ်းသာရမည့်အစား နှုတ်ခမ်းကို တင်းတင်းစေ့ကာ အဖေ့ဘက်မလှည့်ဘဲ ဆရာကြီးဘုရားထံ အရင်ဝတ်ဖြည့်လေသည်။

''မစာဂဝတီ ဘုရားဖူးတာ အဆင်ပြေရဲ့လား''

''တင်ပါ့ဘုရား၊ ပြေပါတယ် ဘုရား''

''ဒီမှာ မစာဂဝတီအဖေ ရောက်နေတယ်။ အဖေကို နှုတ်ဆက် လိုက်ပါဦး''

နှုတ်ခမ်းတင်းတင်းစေ့ကာ ကြီးရင့်ခြင်း ဣန္ဒြေကို ဆောင်နေသော မစာဂဝတီသည် အဖေကို နှုတ်ဆက်ရန် နှုတ်ဆွံ့နေလေသည်။ အဖေက လည်း သူ မမြင်ရသည့်ကာလတွေမှာ ဒီလို ဖွံ့ထွားရင့်ကျက်စွာ ကြီးပြင်း

လာမည်ဟု မထင်ခဲ့။ သူ့သမီး စာဥကို မစာဂဝတီအဖြစ် ယခုမှ မြင်ဖူးခြင်းပင်။ အဖေသည် အံ့အား တသင့် မိန်းမောနေလေသည်။

မစာဂဝတီ အသံတိတ်နေသဖြင့် ဆရာကြီးဘုရားမှ မိန့်သံထွက်လာသည်။

''ဒကာကြီးက မစာဂဝတီကို လူဝတ်လဲပြီး ပြန်ခေါ်သွားချင်လို့တဲ့။ မစာဂဝတီ သဘောကရော ဘယ်လိုလဲ၊ ဆရာကြီးကို လျှောက်ပါဦး''

''မလိုက်၊ မလိုက်လိုပါ ဘုရား၊ တပည့်တော် လူဝတ်လည်း မလဲလိုပါ။ သီလရှင်ဝတ်နဲ့ပဲ ပျော်ပါတယ် ဘုရား''

ထိုအခါ အဖေက –

''မလိုက်လို့ ဘယ်ဖြစ်မလဲ ဆရာလေးရဲ့။ အခုဆို အိမ်မှာ မောင်လေးလည်း အတော်ကြီးလာပြီ၊ ဆရာလေး အိမ်ပြန်နေမှ ဖြစ်မှာပေါ့''

''အိမ်ပြန်မနေချင်ပါဘူး။ အိမ်ရောက်ရင် ထမင်းဝဝ စားရမှာ မဟုတ်ဘူး၊ ကောင်းကောင်းလည်း နေရမှာ မဟုတ်ဘူး။ ဒီမှာ စာလည်း သင်ရတယ်၊ ဘုရားအလုပ်လည်း လုပ်ရတယ်။ ဒကာကြီး ဆရာလေးကို မောင်လေးအကြောင်းပြပြီး မခေါ်ပါနဲ့။ မမိသန်းက ဆရာလေးကို လူဝတ်လဲခိုင်းပြီး ရန်ကုန်ကို အိမ်ဖော်လုပ်ဖို့ ပို့မယ်ဆိုတာ ဘွားသုန် ပြောပြထားလို့ သိပြီးပါပြီ။ ဒကာကြီးက အဖေဖြစ်ပြီး ကိုယ့်သမီးကို ခိုင်းစားဦးမလို့လား။ ဆရာလေး လူဝတ်မလဲဘူး၊ ဒကာကြီးနဲ့လည်း မလိုက်ဘူး''

အဖေ့မျက်နှာ တော်တော်တင်းသွားလေသည်။ သူ့သမီးစာဥ အတော်တတ်နေပါလား။ မြို့မှာ ကြားဖူး နားဝ၊ နားကြီး၊ မျက်စိကြီး ဖြစ်နေပါလား။

''ကဲ ... ဒကာကြီး ကြားတဲ့အတိုင်းပါပဲ။ ကာယကံရှင်က ပြန်မလိုက်ဘူးဆိုတော့ ကိစ္စက ပြတ်နေပြီ။ ဒကာကြီး ပြန်လို့ရပါပြီ''

''မိဘက ကိုယ့်သားသမီးကို ပြန်ခေါ်လို့ မရဘူးဆိုတာ ဘယ်ဟုတ်ဦးမလဲ ဆရာကြီးရဲ့၊ အခုတစ်ခါ ခေါ်လို့ မရရင် နောက်တစ်ခါ ခေါ်လို့ ရရမှာပေါ့။ ဒီအတိုင်း ခေါ်လို့မရရင် သက်ဆိုင်ရာလူကြီးတွေ၊ အာဏာပိုင်အဖွဲ့အစည်းက လူတွေနဲ့ လာခေါ်မယ်''

''ဩော် ... မိုက်လိုက်တဲ့ ဒကာနယ်၊ ကလေးလောက်တောင် မတွေးတတ်ဘဲကိုး။ မစာဂဝတီဟာ ဒကာကြီးသမီး မဟုတ်တော့ဘူး။ ဘုရားသမီးတော် ဖြစ်သွားပြီ။ သူကိုယ်တိုင်က သာသနာ့ဘောင်မှာ ပျော်နေပြီ။ ဘာသာရေးနဲ့ပတ်သက်တဲ့ စာပေပရိယတ်တွေကို သင်ကြားနေပြီ၊ တစ်နေ့ကျရင် သာသနာ့ဇာနည် သီလရှင် အကျော်အမော်တစ်ယောက် ဖြစ်မလာဘူးလို့ ပြောနိုင်မလား။ ဒကာကြီးပြောတဲ့ သက်ဆိုင်ရာ အာဏာပိုင်ဆိုတဲ့လူတွေခေါ်လာပါ။ လူတွေမှာဥပဒေရှိသလို ဆရာလေးတို့ သာသနာမှာလည်း သာသနာနဲ့ဆိုင်တဲ့ ဥပဒေရှိပါတယ်။ ဒကာကြီးတို့ လူတွေ ပြောနေကျစကားနဲ့ပြောရရင် ဥပဒေရဲ့အထက်မှာ ဘာရှိသလဲ သိလား၊ ဥပဒေရဲ့အထက်မှာ ဘုရားရှိပါတယ်''

အဖေက တင်းလို့မရတာနှင့် လျှော့လိုက်သည့် မျက်နှာထားနှင့် ပြန်သွားပေမဲ့ သိပ်ကျေနပ်ဟန်တော့ မတူပါ။ ပြဿနာက နောက်ထပ် ဘာဖြစ်လာဦးမည် မသိ။ ဆရာကြီးဘုရားလည်း ရေလည်ခန်းမှ အိပ်ခန်းဆီ ပြန်ကြွသွားပြီ။

မစာဂဝတီ အခန်းထဲဝင်လာတော့ အိုးစားခေါင်းဆောင် အစ်မ မဝိလာသီက စောင့်ကြိုနေသည်။ စောစောက ကျောခိုင်းပြီး ဆင်းသွားသည့် အဖေ့နောက်ကျောကို ကြည့်ပြီး မလာပါနဲ့တော့ အဖေရယ်။ နောက် သမီး ဘယ်တော့မှ အဖေနဲ့ မတွေ့ချင်တော့ပါဘူး။ သမီးကို ဒီမှာပဲ တစ်သက်လုံး နေခွင့်ပြုလိုက်ပါတော့ဟု အသံမထွက်ပြောရင်း တင်းခဲ့သမျှ အစ်မ မဝိလာသီ ရင်ခွင်ထဲ ပြိုဆင်းသွားလေသည်။ အစ်မ မဝိလာသီသည် သူ၏ နွေးထွေးညှံ့သက်သော လက်အစုံဖြင့် ထွေးဖက်ရင်း ...

''မငိုပါနဲ့ မစာဂဝတီလေးရယ်၊ သားသမီးဆိုတာ မိဘကို ရွေးချယ်ခွင့် မရှိပါဘူး။ သားသမီးလောက် စဉ်းစားတွေးခေါ်ဉာဏ်မရှိတဲ့ မိဘတွေလည်း ရှိနေဦးမှာပဲ။ အဖေ့အပေါ် စိတ်မကွက်နဲ့နော်။ ပြုသူအသစ် ဖြစ်သူ အပေါင်းတဲ့။ သံသရာက ဝဋ်ကြွေးပါခဲ့ရင် ဒီဘဝနဲ့ အကျေဆပ်လိုက်ပါ။ အဖေကို ပြစ်မှားတဲ့ အတွေးနဲ့ သံသရာအထိ မကောင်းမှုတွေ မသယ်ဆောင်မိပါစေနဲ့''

မစာဂဝတီသည် ငိုနေရင်းနှင့် တစ်စုံတစ်ရာကို သတိရစွာ မျက်ရည်ကို အမြန်သုတ်လျက် ဘုရားဖူးသွားသည့် ဝတ်စုံကို ဝတ်စုံပေါင်းနှင့် အမြန်လဲလှယ်လိုက်လေသည်။ ဝတ်စုံသစ်ကလေးကို သပ်သပ်ရပ်ရပ် ခေါက်လိုက်ပြီး သီလရှင်ဆရာလေး အကြီးတွေလုပ်သလို ကြီးစွာသော ကရုဏာဖြင့် ထိုင်လိုက်ပြီးလျှင် –

''ဒီကနေ့ ဘုရားအဆူဆူ ဖူးခဲ့ရတဲ့ ကုသိုလ်ကောင်းမှုတွေကို အစ်မဘုရားကို အမျှဝေပါတယ် ဘုရား။ အမျှ အမျှ အမျှ ယူတော်မူပါ'

မဝိလာသီက လိမ္မာရေးခြားမှု တိုးတက်လာသော ညီမလေးကို ကြည့်ကာ သာဓုအကြိမ်ကြိမ်ခေါ်နေလေသည်။ ပြီးလျှင် စာဝါတက်ရန် ရေလည်ခန်းဆီသို့ ထွက်ခွာသွားလေသည်။

မစာဂဝတီကတော့ ဒီအချိန်တွင် ပြုနေကျ ဝေယျာဝစ္စကုသိုလ်ကို ယူဖို့အတွက် ဆရာကြီးဘုရား အိပ်ခန်းဆောင်ဆီ လှမ်းလာတော့သည်။ မြောက်ဘက်သို့ တစောင်းပေးလျောင်းနေသော ဆရာကြီးဘုရား၏ ခြေသလုံးသို့ နှိပ်နယ်မှုကို စတင်ရန် သူ့လက်ကလေး တင်လိုက်စဉ်တွင် ဆရာကြီးဘုရားဆီမှ ...

''ဘယ်သူလဲ မသုဇာတာလား''

''မသုဇာတာ မဟုတ်ပါ။ မစာဂဝတီပါ ဘုရား''

''ဩော် ... မစာဂဝတီလား သာဓု သာဓု သာဓု''

စောစောက အဖြစ်အပျက်ကြောင့် ဆရာကြီးဘုရားထံ နှိပ်နယ်ဖို့ ရောက်လာမည် မထင်ထားသော မစာဂဝတီ၏ ဖွဲ့စိတ်သန်သည့် သဒ္ဓါတရားအတွက် ဆရာကြီးဘုရား ကျေနပ်သွားတော့သည်။

မစာဂဝတီ ရင်တွင်းမှာတော့ မစာဂဝတီပါ ဘုရား၊ ဆရာကြီးဘုရားရဲ့ အနီးကပ် ဝေယျာဝစ္စကုသိုလ်ကို တစ်သက်လုံးယူမယ့် မစာဂဝတီပါ ဘုရားဟု အသံမထွက်ဘဲ အကြိမ်ကြိမ် လျှောက်တင်နေမိတော့သည်။

❑

ရွှေအမြုတေမဂ္ဂဇင်း
အမှတ် ၃၁၁၊ အောက်တိုဘာလ၊ ၂၀၁၅ ခုနှစ်။

## တငွေ့ငွေ့အူနေတဲ့ နှင်းမြူ

ဒီနေ့ဆိုင်သိမ်းပြီးတဲ့အထိ ဒေါ်တင်မေ စိတ်လက်မကြည်လင်ဘူး။ မျက်စိထဲမှာ သီလရှင်ဆရာလေး မဝိလာသီ မျက်နှာကလေးပဲ မြင်နေမိတယ်။ ဦးခေါင်းလုံးလုံး မျက်နှာဖောင်းဖောင်းကလေးနဲ့ ချစ်ခင်နှစ်လိုဖွယ် မျက်နှာပိုင်ရှင် ကလေး။ စကားပြောရင် သွက်သွက်လက်လက် ချက်ချက်ချာချာ။ အသက်ကတော့ ဘာရှိဦးမှာလဲ အလွန်ဆုံးရှိလှ ဆယ့်နှစ်နှစ်ပေါ့။

ဝတ်ဖန်များ လျှော်ဖန်များတဲ့အတွက် လက်ဖျားအနားတွေ စုပ်ဖွာနေတဲ့ အရောင်လျော့ရဲရဲကိုယ်ရုံ၊ နီညိုလည်းမဟုတ်၊ ညိုဝါလည်းမဟုတ်၊ ဖြူတူတူ ခါးဝတ်တို့ဟာ ဆရာလေး မဝိလာသီရဲ့အဆင်တန်ဆာတွေပါပဲ။

မဝိလာသီနဲ့ အတူတွဲတဲ့ ဆရာလေးတစ်ပါးကတော့ မကောသရီတဲ့။ မဝိလာသီထက်တောင် ငယ်ပုံပေါက်ပါသေးတယ်။ ကလေးသာသာအရွယ်ကလေးပေါ့။ မကောသရီက နာမည်နဲ့ လွဲမှားစွာ ခေါင်းမှာ ဒက်ချေးတွေနဲ့၊ အားနေရင် သူ့လက်ကလေး သူ ကုပ်ပြီး မျက်လုံးကလေး ကလယ်ကလယ်နဲ့ နေရှာသူ။

မဝိလာသီခေါင်းဆောင်သလောက်အနောက်ကတစ်သဝေမတိမ်း လိုက်လုပ်လေ့ရှိသူ။ သူ့အဝတ်အဆင်ကလည်း မဝိလာသီနဲ့ ထူးမခြားနား ပါပဲ။

တကယ်ဆို ဒီဆရာလေးနှစ်ပါးနဲ့ ဒေါ်တင်မေ ရေစက်ဆုံရတာ ဒီအိမ်ဆိုင်လေးကြောင့်ပါပဲ။ ပြောရရင် ဒေါ်တင်မေတို့က ဒီအရပ်က မဟုတ် ဘူး။ သူ့ခင်ပွန်း ဦးဘခိုင်ကသာ အထက်မြင်းမူသားဖြစ်တယ်။ ဒေါ်တင်မေ ဆိုရင် ဟိုး … မွန်ပြည်နယ် မော်လမြိုင်ဇာတိ၊ ဖြစ်ချင်တော့ မန္တလေးမှာ လာအခြေချရတယ်။ ဒါကလည်း တစ်ဦးတည်းသော သမီး ခိုင်ခိုင်မွန် ကြောင့်ပါ။

ဒေါ်တင်မေက စောစောစီးစီး ဆေးပင်စင်နဲ့ အလုပ်ကနားတယ်။ ဦးဘခိုင်ကတော့ သက်ပြည့်နဲ့ ပင်စင်ယူတယ်။ ဒီအချိန်မှာ မန္တလေးမှာ တာဝန်ကျနေတဲ့ သူ့သမီး အိမ်ထောင်ကျတယ်။ ဒီခြံဝင်းကလေးနဲ့ တိုက် ကလေးဟာ သူတို့သမီးနဲ့ သမက်ရဲ့ လက်ထက်ပွားတွေပေ့ါ။ အခု နှစ်ယောက်စလုံး နိုင်ငံခြားထွက် အလုပ်လုပ်ကြတော့ အိမ်လည်းစောင့်ရင်း ဒီမှာနေဖြစ်သွားကြတာ။ နေလက်စနဲ့ ခြံဝင်းရှေ့ အဆောက်အအုံလေး ထုတ်ပြီး အိမ်ဆိုင်လိုလို စတိုးဆိုင်လိုလို ဆိုင်ကလေး ချဖြစ်ပါရော။ ဆိုင်ကလေးရှိတော့ ဒေါ်တင်မေ အပျင်းပြေတာပေ့ါ။

ဆိုင်ကလေးထဲမှာ မာမားခေါက်ဆွဲ၊ ယမ်ယမ်ခေါက်ဆွဲ၊ ကော်ဖီမစ် မျိုးစုံ၊ အိုဗာတင်း၊ ဟောလစ်၊ မိုင်လို၊ ကွေကာ၊ ဘီစကစ်မျိုးစုံ၊ ဝေဖာမုန့်မျိုးစုံ၊ သွားတိုက်ဆေး၊ သွားတိုက်တံ၊ ဆပ်ပြာမွှေး၊ အိမ်သုံးဆပ်ပြာအဆီ၊ ကလေး ကြိုက် အချဉ်ထုပ်၊ ဇီးပေါင်း၊ မက်မန်းယို အစုံရှိပါတယ်။ ပေါင်မုန့်တို့လို ကိတ်မုန့်တို့လို မုန့်တွေလည်း စားပွဲနဲ့ သပ်သပ်တင်ထားပါသေးတယ်။ ဒါတွေက ကုန်ဆုံးရက် သတ်မှတ်ထားတာမို့ မုန့်တိုက်တွေက ကားနဲ့ လာတင်၊ အဟောင်းပေး အသစ်ယူစနစ်ဆိုတော့ သိပ်ပြီး ကရိကထ မရှိလှ ပါဘူး။

လင်ကိုယ်မယား နှစ်ယောက်တည်းမို့ နံနက် ချက်ပြုတ်ပြီးချိန်ဆို ဒေါ်တင်မေ အားနေပြီ။ ထိုင်ကိုယ်တော် သုံးပါး ဆွမ်းလောင်းရင်း အချိန်ကုန်စေတာပါ။ ဆိုင်ကလေးရှိပေလို့ နို့မို့ဆို အထီးကျန်ဆန်လိုက်မယ့်ဖြစ်ခြင်း။ ဦးဘခိုင်နဲ့က အခုနောက်ပိုင်း မေးတစ်ခွန်းပြောတစ်ခွန်း ဆက်ဆံရေးက သိပ်အဆင်ချောတာ မဟုတ်ဘူး။ ယောကျ်ားတွေ အသက်ကြီးလာရင် ပေါင်းလို့သင်းလို့ မကောင်းတော့ဘူးလို့ ဒေါ်တင်မေ တွေးနေမိတယ်။

ဦးဘခိုင်စိတ်တွေ ဘယ်တုန်းက ဘုဆတ်ဆတ် နိုင်သွားလေသလဲ။ ငယ်စဉ်အခါ နပျိုလန်းဆန်းစဉ်က ဒီလိုအတွေးအခေါ်မျိုးတွေ မရှိပါဘူး။ ဘယ်အရာတွေကဦးဘခိုင်ကိုပြောင်းလဲသွားစေသလဲ။ ငယ်တုန်းရွယ်တုန်းကတော့ မိုးလင်းလာရင် သူလည်း သူ့အလုပ်ဆီ ထွက်သွား၊ ဒေါ်တင်မေလည်း ကျောင်းတက်၊ ဦးဘခိုင် နယ်တွေမှာ တာဝန်ကျတော့ ဒေါ်တင်မေတို့သားအမိနှစ်ယောက် မော်လမြိုင်အိမ်မှာ ကျန်နေ၊ နားအေးပါးအေးနိုင်လွန်းလို့၊ ခရီးက ပြန်လာရင် သားအမိသားအဖတစ်တွေ အပြင်မှာ ထမင်းထွက်စားတာမျိုး၊ တောင်ရိုးတန်းဘက် လမ်းလျှောက်ထွက်တာမျိုး၊ ကမ်းနားလမ်းမှာ လမ်းလျှောက်ရင်း မြစ်ပြင်လေ သွားရှုတာမျိုး၊ တစ်ခါတလေ နတ်မှော်ဘီလူးကျွန်းဘက် ကူးပြီး မွန်ရွာတွေဆီ အလည်အပတ်သွားတာမျိုး၊ ဘဝဆိုတာ နေပျော်ရာလို့ သတ်မှတ်ရတဲ့ ကာလတွေပေါ့။

အခု အသက်အရွယ်ရလာတော့ နေထိုင်ရာဒေသ ပြောင်းလဲသွားသလို ဘဝနေနည်းလိုက်ဖ်စတိုင် ပြောင်းလဲသွားတာကလည်း လူရဲ့ခံစားမှုအတွေးအခေါ်တွေကိုပါ ပြောင်းလဲသွားစေသလား။ အထူးသဖြင့် ဦးဘခိုင်ပေါ့။ ပင်စင်ယူပြီး စိတ်ရောလူပါ အားသွားတဲ့အခါ ဘာလုပ်မလဲ။ အချိန်ကို ဘယ်လိုအသုံးချမလဲဆိုတာတွေ ပါလာပြီ။ ဦးဘခိုင်က ပင်စင်နာကျနေသူတစ်ဦးနဲ့တော့ မတူဘူး။ သူတို့အဖို့ ငွေရေးကြေးရေးလည်း သမီးပို့တာနဲ့ နှစ်ယောက်ပင်စင်နဲ့ မပူရဘူး။ စောစောကပြောသလို အချိန်ကို အသုံးချဖို့ပါပဲ။

ဦးဘခိုင်က ညဆို စောစောအိပ်ရာ ဝင်တယ်။ သူ့ရောဂါကြောင့် အိပ်မပျော်ဖြစ်ရာက အိပ်ဆေးအကူအညီနဲ့ အိပ်ရတာမို့ စောစောစီးစီး ညကိုးနာရီလောက် အိပ်ရာဝင်ဖြစ်တာလည်း ပါတယ်။ ဒေါ်တင်မေက ညဆိုရင် တစ်နေကုန် ရောင်းပြီးသားငွေ ရေတွက်၊ စာရင်းတွက်၊ ဆိုင်အတွက် ဘာတွေပြန်ဖြည့်ရမလဲ တွက်ချက်။ ဒီလိုနဲ့ အနည်းလေး ၁၁ နာရီလောက်မှ အိပ်ရာထဲရောက်တော့တယ်။ အိပ်ရာထဲ ရောက်တော့လည်း ဟိုလူးဒီလိမ့်နဲ့ တော်ရုံနဲ့ အိပ်ပျော်တာ မဟုတ်ဘူး။

နောက်ပြီး ဒေါ်တင်မေက ဆီးမကောင်းဘူး။ ညဆိုရင် သုံးခါလေးခါ ထပြီးမှ မိုးလင်းတယ်။ နံနက်ငါးနာရီဆိုတာ ဒေါ်တင်မေ အိပ်ရာထဲမှိန်းလို့ကောင်းချိန်ပေါ့။ ဒီအချိန်ဆို ဦးဘခိုင်အခန်းက အသံထွက်လာပါပြီ။ ဂျစ် ... ဂျစ် ... ရှဲ ... ရှဲ ... ဂီး ... ဂီး ဆိုတဲ့ ရေဒီယို လိုင်းမမိတဲ့အသံတွေ။ တော်ကြာတော့ ရေဒီယိုက လိုင်းမိသွားပါရော။ သူ့မှာ နားရောဂါလည်း မရှိဘဲနဲ့ ရေဒီယိုကို ဖွင့်ပါလိမ့်မယ် ခုနစ်အိမ်ကြား ရှစ်အိမ်ကြား။ ဒီအသံက မနက်တိုင်း ဒေါ်တင်မေကို ကြိမ်နဲ့ ရိုက်ပြီး နှိုးနေသလို မထချင်လည်းထ၊ ထချင်လည်းထ။ ကိုယ့်သဘောနဲ့ ကိုယ်မနိုးရတော့ မနက်တိုင်း ဒေါ်တင်မေ စိတ်ကမကြည်မလင် နိုးရတယ်။ ဒါတွေ အစောကြီးထ, မဖွင့်ပါနဲ့ပြောလည်း ခဏပါပဲ။

တကယ်ဆို သူများပင်စင်စား အဘိုးကြီးတွေလို မနက်စောစော လမ်းလျှောက်ပါတော့လား။ သူများတွေမှာ ကျုံးတစ်ပတ်တို့၊ ဘယ်နပြတို့ လျှောက်နေကြတာ။ သူ့မှာ ဒါကိုပဲ အသည်းအသန်။ ရေဒီယိုဆိုလို့ ပြောရဦးမယ်။ လူတစ်ကိုယ် ရေဒီယိုဘယ်နလုံးလိုသနည်းလို့ ဒေါ်တင်မေ မေးလိုက်ချင်တယ်။ ဦးဘခိုင်မှာတော့ ရေဒီယို သုံးလုံးကြီးများတောင်။ တရုတ်လုပ် ယူမလား။ ထိုင်ဝမ်လုပ် ယူမလား။ အကောင်းစား ဒီဂျစ်တယ်ဆိုတာ ယူမလား။ အသံမကြည်ကြည်အောင် ကြိုးနဲ့သွယ် ဆောင်းဘောက်စ်

နဲ့ ဖွင့်တာမျိုးလည်း မရှား။ ဦးဘခိုင် ရေဒီယိုခရေဇီ ဖြစ်နေတာမြင်တော့ ဒေါ်တင်မေတို့ငယ်ငယ်က မော်လမြိုင်အိမ်မှာ အဖေရဲ့ ကြွံခိုင်ရေး ရေဒီယိုကလေးကို သတိရမိတယ်။

ဒါတောင် ဒီကြွံခိုင်ရေးရေဒီယိုလေးကို အစိုးရဈေးနဲ့ ရလိုက်လို့။ သီချင်းတွေ ဘာတွေများ ဖွင့်ခဲ့ပါဘိချင်း။ အဖေရော အမေပါ ကာလပေါ်သီချင်းသံကို နားညည်းသတဲ့။ သတင်းနားထောင်ပြီး သီချင်းသံကြားဟာနဲ့ ဂျောက်ခနဲပဲ။ တစ်ခါတလေ ညကိုးနာရီလောက်မှာ လာတတ်တဲ့ သီချင်းကြီးသရုပ်ဖော် နားထောင်ချင်လွန်းလို့ စာမြန်မြန်ကျက်။ အိမ်စာမြန်မြန်လုပ်။ လူကြီးကျေနပ်အောင် နေပြရတာ အမော။ ဒီလိုအိမ်၊ ဒီလိုမိဘတွေနဲ့ နေလာရတော့ ဒေါ်တင်မေလည်း ရေဒီယိုသံကို မသာမယာ ဖြစ်လာတယ်။ နားငြီးလာတယ်ဆိုပါတော့။

အလုပ်ခွင်ထဲမှာနေတုန်းက အိမ်ပြန်လာရင် မောနေတာနဲ့ ရေဒီယို မဖွင့်ဖြစ်ဘူး။ ဦးဘခိုင် ပင်စင်ယူပြီးတော့ အား–အားရှိ ရေဒီယို ကလိနေတော့တာလေ။ သူ ကြားချင်တဲ့သတင်းတွေကလည်း လေလှိုင်းထဲက အချိန်ပိုင်းနဲ့ လွှင့်ပေးနေတာကိုး။

ဒေါ်တင်မေ ရေဒီယို နားမထောင်တဲ့ကိစ္စဟာ အိမ်မှာ ပြဿနာကြီးတစ်ခုပါ။ မြန်မာ့သတင်း၊ အရေးပေါ်သတင်း၊ လတ်တလော ဘာတွေဟော့နေသလဲ။ မြို့တွေရေမြုပ်နေသလား။ မြစ်တွေ ရေကြီးနေသလား။ ဘယ်မှာတောင်ပြိုနေသလဲ။ ဘယ်မှာစစ်ပွဲတွေဖြစ်နေသလဲ။ ယနေ့လက်ရှိနိုင်ငံရေး ဆွေးနွေးချက်တွေ၊ သုံးသပ်ချက်တွေ၊ သတင်းနားမထောင်ရင် အိမ်ထဲနေပြီး မျက်စိပိတ်နားပိတ်ဖြစ်နေမယ်။ ဦးဘခိုင် ဒီလို မြည်တွန်လေ့ရှိတယ်။

အမှန်က ရေဒီယိုသုံးလုံးနဲ့ တစ်ချိန်လုံး ဂျစ်နေ ရှုံနေတဲ့ ဦးဘခိုင်ရဲ့ အမူအကျင့်ကို ဒေါ်တင်မေ စိတ်ကုန်သွားတာပါ။ နေ့လယ်နေ့ခင်းတော့

ဦးဘခိုင်က စာဖတ်ချင်ဖတ်၊ မဖတ်ရင် တရေးတမောအိပ်ပဲ။ ချက်ပြုတ်ပြီးတာနဲ့ ဒေါ်တင်မေဆိုင်ဖွင့်၊ ဆိုင်မှာပဌာန်းကလေးရွတ်၊ ပုတီးကလေးစိတ်၊ ဈေးရောင်းရင်း ကိုယ့်အာရုံကလေးနဲ့ကိုယ် နေတတ်အောင်နေတယ်။

အဲဒီမှာ ဆရာလေးတွေနဲ့ ဆုံဖို့ ဖြစ်လာတာလေ။ ဈေးဆိုင်ဆိုတော့ အကြွေလိုတာလည်း ပါတယ်။ ဆရာလေးတွေဆီမှာ အကြွေအမ်းရင်း မျက်မှန်းတန်းမိရာက ခင်ခင်မင်မင် ဖြစ်သွားတယ်ဆိုပါတော့။ မြို့ဖိတ်တိုင်း ဆန်ခံရင်း ရောက်လာတတ်တဲ့ ဆရာလေးတွေဟာ ဒေါ်တင်မေ့ဆိုင်မှာ ခဏဝင်နားတယ်။ ရေကုသိုလ်ရေးထားတဲ့ရေသန့်ဘူးကရေကိုသောက်ပြီး အမောဖြေတယ်။ ဒေါ်တင်မေက ဘီစကစ်မုန့်လို ဝေဖာလိုမုန့်မျိုး တစ်ပါး တစ်ထုပ်ကျစီ လှူတာအပြင် တစ်ရာတန်အသစ်ကလေးတွေ စုထားပြီး တစ်ပါးတစ်ရာစီ လှူသေးတယ်။

သွက်လက်ချက်ချာပြီး နှုတ်စလျှာစရှိတဲ့ ဆရာလေး မဝိလာသီက ဒေါ်တင်မေကို ကြီးကြီးဒကာမကြီးတဲ့။ ဒီလိုခေါ်တာကိုပဲ ဒေါ်တင်မေမှာ သဘောကျနေတော့တာ။ အမှန်က ဆရာလေး မဝိလာသီအရွယ်က သူ့သမီး ငယ်ငယ်ရွယ်ရွယ်နဲ့ အိမ်ထောင်ကျရင် သူ့မြေးအရွယ်ပါ။ သူ့မြေးလေးတွေ ဒီလိုနေပူစပ်ခါးသွားနေရရင်ဆိုတဲ့ စာနာစိတ်ကလည်း ဆရာလေးတွေနဲ့ စကားစမြည်ပြောဖြစ်အောင် တွန်းအားပေးခဲ့တာ ထင်ပါရဲ့။

''ဆရာလေးတို့က ဘယ်ကကြွလာတာလဲ ဘုရား''

''စစ်ကိုင်းလေ… စစ်ကိုင်းတောင်(…)ချောင်က လာတာပါ''

''ဘယ်နဝါရပြီလဲ ဘုရား''

''တပည့်တော် … အဲလေ … ဆရာလေးက သုံးဝါ၊ ဒီဆရာလေး မကေက တစ်ဝါ''

''ဆရာလေးဘွဲ့က မဝိလာသီတဲ့။ မကေဘွဲ့က မကေသာရီပါ''

''ဆရာလေးမဝတ်ခင်က ဘယ်မှာနေကြတာလဲ ဘုရား''

''အဝေးကြီး ... ဟိုး ကံကုန်းရွာက ... ဆရာလေးမှာ မိဘတွေ မရှိတော့ဘူး။ မကေမှာက အဖေရှိသေးတယ်။ ရွာမှာ ဆွေမျိုးအိမ်ကပ်နေရတာပါ''

''စစ်ကိုင်းချောင် ဘယ်လိုရောက်တာလဲ ပြောပါဦး''

''ဒါက ... ရွာကို ဆွမ်းဆန်စိမ်းခံရင်း ရောက်လာတဲ့ ဆရာလေး ဒေါ်ကင်နဲ့ လိုက်လာတာပါ။ ဒေါ်ကင်ဆိုရင် ကြီးကြီး ဒကာမကြီး မသိဘဲ နေဦးမယ်။ ဒေါ်ကင်ဆိုတာ ဒေါ်ကဥ္စနကို ပြောတာပါ။ ဒီလိုပဲ ဒေါ်ကင်က ဟိုရွာကတစ်ယောက်၊ ဒီရွာကနှစ်ယောက် ရလာတတ်တယ်။ ရွာမှာ ထမင်းစားရခက်တော့ ဒေါ်ကင်ခေါ်တဲ့နောက် ပါလာကြတာပေါ့''

''မြို့မှာနေရတော့ ကောင်းတာပေါ့ ဘုရား။ စာတွေပေတွေလည်း တတ်ဦးမှာပေါ့။ အခု ဘာတွေ တတ်နေပြီလဲ''

''ဆရာလေးက အတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်းရနေပြီ မကေက အခုမှ ကကြီး ခကွေး''

မဝိလာသီက သူ့ဟာသူပြောပြီး ရယ်တော့ မကေလေးကလည်း လိုက်ရယ်တယ်။ သွားကျိုးကလေးတွေတောင် ပေါ်လို့။ ဒေါ်တင်မေက ဘာရယ်မဟုတ် အပျင်းပြေစကားစမြည် ပြောတာပါ။ ဆယ်မိနစ် ဆယ့်ငါးမိနစ် နားပြီးရင် သူတို့လည်း မောင်းထောင်ချိုင့် ကိုင်သူကိုင်၊ ဆန်ထုတ်ခေါင်းပေါ် ရွက်သူရွက်နဲ့ ထွက်သွားကြပါရော။ ဒီလိုနဲ့ အပတ်တိုင်း ဆရာလေးတွေ ဒေါ်တင်မေဆိုင် ဝင်လာနေကျ ဖောက်သည်ကိုဖြစ်လို့။

❑

ဒီလိုဆရာလေးတွေနဲ့ ဒေါ်တင်မေ ခင်မင်နေတာ ဦးဘခိုင် မသိဘူး။ ဦးဘခိုင်က ဆိုင်ကို ဆင်းလာလေ့ မရှိဘူး။ အရာရှိဘဝက ပင်စင်ယူတော့ ဈေးသည်မလုပ်ချင်တာလည်း ပါတယ်။ ဈေးရောင်းရ စိတ်မရှည်တာလည်း ပါတယ် အေးအေးထား အေးအေးမနေ။ အပူမရှိ အပူရှာသူရယ်လို့ ဒေါ်တင်မေအပေါ် အမြင်စောင်းနေတာလည်း ပါတယ်။

ဒေါ်တင်မေသဘောက ဆိုင်ရောင်းတယ်ဆိုတာ အချိန်ကို အသုံးချတာပါပဲ။ ဆိုင်ထဲစိတ်ရောက်နေတော့ အချိန်ကုန်မှန်းမသိ ကုန်တာပေါ့။ အမြတ်အစွန်းရတော့လည်း ဖောဖောသီသီ လှူရတန်းရတာပေါ့။ သမီးဆီ နေရာတကာ လက်ဖြန့်တောင်းနေလို့ ဘယ်ဖြစ်ပါ့မလဲ။ လုပ်နိုင်တုန်း လုပ်ထားမှ၊ ရှာနိုင်တုန်း ရှာထားမှဆိုတာ ဒေါ်တင်မေ သဘောထားပါ။

ညဘက် နားနားနေနေဖြစ်တော့လည်း ဒီအကြောင်းတွေ ဦးဘခိုင်ကို မပြောဖြစ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဦးဘခိုင် သီလရှင်မကြည်ညိုတာ သိနေလို့ပါ။ ဦးဘခိုင်က ဘာမဆို အပျက်ဘက်ကတွေး အပျက်ဘက်က မြင်လေ့ရှိတယ်။ သူ့ပါးစပ်က ထွက်လိုက်ရင် စကားတွေက ကိုးရိုးကားရားတွေချည်းပါ။ တစ်ခါက ရယ်ရွှန်းပတ်ရွှန်းပြောလိုက်ပုံက ...

''တို့ဒေသဘက်မှာ တစ်ခါတုန်းက ဓားပြဗိုလ်ကြီးတစ်ယောက်ရှိတယ်။ ဒီလူက ဓားပြတိုက်တော်သလို လူကလည်း တကယ့်လူရွတ်။ တစ်ခါသားမှာတော့ တိုက်စရာမရှိ သီလရှင်ကို ဓားပြတိုက်ပါရော။ သီလရှင်ဆိုမှတော့ ဘာရမှာတုံး။ ဆန်လေးတစ်ဆုပ် တစ်ဖွဲပေါ့။ အဲဒါ ရွတ်တွတ်တွတ် သူ့ညာဉ်အတိုင်း သီလရှင်ကို သီချင်းဆိုခိုင်းပြီး ကခိုင်းသတဲ့။ သီလရှင်ဆိုမှ ဘယ်လိုဆို ဘယ်လိုကမှာတုံး။ သီချင်းလည်း မရပါဘူး။ ကလည်း မကတတ်ပါဘူး ဆိုတာ မရဘူး။ သူခိုင်းတာ မလုပ်ရင် မသွားရဘူးဆိုတော့ နောက်ဆုံး သီလရှင်ခမျာ 'အနိစ္စပါပဲတော် ... ဒုက္ခပါပဲတော် ... အနတ္တပါပဲတော် ...' ဆိုပြီး ရတာကို သီချင်းလုပ်ဆို ခြေမြှောက် လက်မြှောက် ကလိုက်ရသတဲ့ ... ဟား ... ဟား ...''

သူ့စကားသူ ရယ်မောလို့ မဆုံးဖြစ်နေတဲ့ ဦးဘခိုင်ကို ဒေါ်တင်မေ အမြင်ကပ်သွားတယ်။ သူမို့ ကြံကြံဖန်ဖန်ပြောတတ်[illegible]လေ။ ဘာဖြစ်လို့များ မို့ချိုးမျှစ်ချိုး ပြောချင်ရတာလဲ။ သာသနာကို ဦးဆောင်ခဲ့တဲ့ သီလရှင် မယ်ကင်းတို့လို သာသနာ့အာဇာနည်တွေရှိခဲ့တာ မသိလေရော့သလား။

ဒေါ်တင်မေ သီလရှင်မယ်ကင်းအကြောင်းစရင် ဦးဘခိုင်က ဗန်းမော် ဆရာတော်စာချိုးတွေ ရွတ်ပြနေမှာစိုးလို့ စကားမဆက်ဖြစ်တော့ဘူး။

ဒေါ်တင်မေက ဦးဘခိုင်နဲ့ ဆန့်ကျင်စွာ သီလရှင်တွေကို ကြည်ညို တာ သူ့ဇာတိ မော်လမြိုင်မြို့ကြီးနဲ့များ သက်ဆိုင်နေမလား။ မော်လမြိုင်မှာ တောဖိတ်၊ မြို့ဖိတ်ဆိုရင် စာသင်တိုက်က စာသင်သားသီလရှင်တွေ ဆွမ်းဆန်ခံကြွရင် တစ်သီတစ်တန်းကြီး ကြည်ညိုမဆုံး ရှိလှတယ်။ အိမ်တိုင်းကလည်း တစ်ဇွန်း တစ်ဆုပ် ထွဏ်လောင်းကြတယ်။ ဆန်ဗန်း ရွက်ပြီး ဆန်ခံတာ သူတို့ မော်လမြိုင်–သထုံဘက်မှာပဲ ရှိမယ်ထင်တယ်။ စာသင်တိုက်က စာသင်သား သီလရှင်တွေကလည်း အစိုးရစာမေးပွဲသာ မက မြို့က ပြုလုပ်တဲ့ အသင်းအဖွဲ့စာမေးပွဲတွေကိုပါ ဘုန်းတော်ကြီးတွေနဲ့ အပြိုင် ဝင်ရောက်ဖြေဆိုကြတာဟာလည်း သာသနာစည်ပင်ခြင်းတစ်ရပ် မဟုတ်လား။ ဒီလို သာသနာ့အာဇာနည်တွေကို ကြည်ညိုဖို့ ဦးမလေး ခဲ့တာ ဒေါ်တင်မေရဲ့ စိတ်ဓာတ်အရင်းပါပဲ။

ဒါတွေချပြနေလို့လည်း လက်ခံချင်မှ လက်ခံမယ်။ ဒါကြောင့် စကားအငြင်းမလှဘဲ ဆိတ်ဆိတ်နေလိုက်တာ အကောင်းဆုံးပေါ့။ မှတ် မှတ်ရရဒီအပတ်ဆရာလေးတွေဆိုင်ကိုရောက်တော့အတော်နေညိုနေပြီ။ ကြည့်ရတာ နစ်ပါးစလုံး အတော်ကလေး နွမ်းဟိုက်နေတဲ့ပုံ။ ရေကုသိုလ် ဆီက ရေတစ်ယောက်တစ်ခွက် သောက်ပြီး ထိုင်နေကြတာမှ ခြေပစ် လက်ပစ်။

''ဆရာလေးတို့နောက်ကျလှပါလား။ စစ်ကိုင်းတောင်ပြန်ကြရမှာ မဟုတ်လား။ နေပဲ ညိုလှပြီ''

''ပြန်လို့ မဖြစ်သေးပါဘူး''

ခါတိုင်း နှုတ်သွက်လျှာသွက်တဲ့ မဝိလာသီ စကားပြောပုံက လေးတိလေးကန်နဲ့ ... မျက်နှာကလည်း မသာမယာနဲ့ တစ်ခုခုပါပဲ။

ဒေါ်တင်မေ ခါတိုင်းလို တစ်ပါးမုန့်တစ်ထုပ် ငွေတစ်ရာစီ လှူလည်း သူတို့ ပုံစံက မလန်းမဆန်း ဖြစ်နေ ဆဲပဲ။

''ကြီးကြီး ဒကာမကြီး ဆန်ဝယ်ပါလားဟင်'

''ဆန် ... ဟုတ်လား။ တပည့်တော်တို့အိမ်က ဒကာကြီးက ဆန်ကောင်းမှ စားတာဘုရ့ ... သီလရှင်ဆန်နဲ့ မဖြစ်ဘူး''

''ဒုက္ခပါပဲ ...''

''ပြောပါဦး။ ဘာတွေ ဒုက္ခဖြစ်နေလဲ'

''ဆွမ်းခံတစ်ပတ်ထွက်ရင် ဒေါ်ကင်က ပိုက်ဆံသုံးထောင် အပ်ရ တယ်။ အခု ပိုက်ဆံမပြည့်သေးဘူး''

မဝိလာသီရဲ့စကားကို ရုတ်တရက်တော့ ဒေါ်တင်မေ နားမလည် ဘူး။ ဒေါ်ကင်ဆိုတာ တစ်ခါက သူပြောပြထားလို့ သူတို့ရဲ့ခေါင်းဆောင် ဒေါ်ကဥ္စနကို ပြောမှန်းတော့ သိပါရဲ့။

''ပိုက်ဆံသုံးထောင် ဘာကိစ္စ ဒေါ်ကင်ကို အပ်ရတာလဲ ဘုရ့''

မဝိလာသီက နဖူးပေါ်က ချွေးတွေကို သူ့ကိုယ်ရုံပိုင်းနဲ့ သုတ် လိုက်ပြီး အရွယ်နဲ့မလိုက် သက်ပြင်းတစ်ချက် ချလိုက်တယ်။

''ဒီလို ကြီးကြီး ဒကာမကြီးရဲ့။ တောဖိတ် မြို့ဖိတ် ဆန်ခံထွက် တော့မယ်ဆို ချောင်ကနေ မနက်စောစော ထမင်းကျွေးပြီး ဆရာလေးတို့ကို လွှတ်လိုက်တယ်။ နေ့ဆွမ်းတော့ မစားရဘူး။ လောင်းလှူတဲ့အထဲက ကောက်ညှင်းထုပ်တို့၊ မုန့်ဖက်ထုပ်တို့ ပါလာရင် စားနိုင်တယ်။ ပိုက်ဆံတော့ သုံးလို့မရဘူး။ တစ်ပတ်ကို သုံးထောင် ပြန်အပ်ရတယ်။ အခု ပိုက်ဆံက ဘယ်လိုမှ သုံးထောင် မပြည့်ဘူး။ ပြည့်အောင်ခံရဦးမှာ။ အချိန်လည်း မရှိတော့ဘူး။ ဒါကြောင့် ကြီးကြီးဒကာမကြီးကို ဆန်ဝယ်ပါလို့ ပြောတာ''

ဒီလိုဆိုမှ ဒေါ်တင်မေ သဘောပေါက်တော့တယ်။ ဒါ ဘယ်လို သဘောလဲ။ ဒါဆိုရင် ...

''အဲဒီ ဒေါ်ကင်က သူရော တောဖိတ် မြို့ဖိတ် ဆွမ်းဆန်ခံ မထွက်ဘူးလား''

''မထွက်ဘူး။ ချောင်မှာပဲ နေတယ်။ ဒေါ်ကင်ကလည်း မထွက်ဘူး။ ဒေါ်သုလည်း မထွက်ဘူး''

ဘုရား ... ဘုရား ... ဒေါ်တင်မေ ကိုယ့်နားထောင် ကိုယ်မယုံဘူး။ ဘာကြောင့် ဒီလိုလုပ်ရတာလဲ။ ဒီဘက်နှစ်တွေအတွင်း စားသောက်ဆိုင်တွေမှာ၊ လက် ဖက်ရည်ဆိုင်တွေမှာ လူမမယ်အရွယ် သီလရှင်လေးတွေ မြင်မကောင်းအောင် ဝင်ထွက်နေတဲ့ မြင်ကွင်းကို မျက်စိထဲ မြင်ယောင်လာတယ်။ ဒါဟာ ဖြစ်သင့်ရဲ့လား။

အဲဒီနေ့က ဒေါ်တင်မေ အတွေးလွန်နေတာနဲ့ မဝိလာသီတို့နှစ်ပါး ဘယ်အချိန်ထွက်သွားမှန်းတောင် မသိလိုက်ဘူး။ ခများများမှာ ငွေသုံးထောင် ပြည့်အောင် ရှာရဦးမှာကိုး။ ငွေက ဘယ်လောက်လိုနေလို့ ဒေါ်တင်မေဆီ ဆန် ထိုးရောင်းနေတာပါလိမ့်။ သေသေချာချာ မေးမြန်းပြီး ကူညီလိုက်ရ ကောင်းသား။ အခုနေ နေညိုနေတာတောင် ဘယ်တွေမှာလိုက်ပြီး အလှူခံ ဦးမှာလဲ။

ဒီတစ်ခါ ကူညီလိုက်ပြီဆိုပါစို့ ... နောက်တစ်ခါ ... နောက်တစ်ခါ ... အစရှိတော့ အနောင်နောင် ... ဒီလိုအရာမျိုး အားပေးသင့်ရဲ့လား။ ကူညီသင့်ရဲ့လား။ အားပေးကူညီရကော ရောက်ပါ့မလား။ တောသူ တောင်သားတွေရဲ့ကလေးတွေ ... သာသနာ့ဘောင်ကို သဒ္ဓါကြောင့် ရောက်လာတာမဟုတ်တဲ့အတွက် အနာဂတ်သာသနာအရေး အဆိုးနဲ့ အကောင်း ဘယ်ဘက်ကို ယိမ်းမလဲ။ စားသောက်ဆိုင်တွေမှာ စားသုံးသူ တွေကို အနှောင့်အယှက်ဖြစ်စေတာတော့ အမှန်ပဲ။

ဒေါ်တင်မေ အတွေးတွေ ပေရှည်နေလိုက်တာ ဆိုင်သိမ်းဖို့တောင် မေ့နေတယ်။ ဆိုင်တကယ်သိမ်းတော့ မှောင်နေပြီ။ ကြီးကြီး ဒကာမကြီး

ဆန်ဝယ်ပါလားဟင် ... ဆိုတဲ့ မဝိလာသီ အသံကလေး နားထဲက မထွက်ဘူး။ လမ်းမပေါ်မှာ မှောင်ရီပျိုးနေပြီ။ စစ်ကိုင်းကို ... စစ်ကိုင်းကို အော်နေတဲ့ ကားတွေတောင် ရှိတော့ရဲ့လား။ ကလေးနှစ်ယောက် ငွေမပြည့်ပြည့်အောင် ရှာရင်း မိုးချုပ်သွားရင်၊ ကားမရတော့ရင် ... ။ မန္တလေးမှာ ယောင်လည်လည်နဲ့ မိုးချုပ်သွားရင် ...

ဆိုင်သိမ်းပြီး အိမ်ပေါ်တက်လာတဲ့ ဒေါ်တင်မေပုံစံက ခြေမသယ်ချင်၊ လက်မသယ်ချင် ဖြစ်နေတယ်။ ဦးဘခိုင်ကတော့ သူ့စတိုင်အတိုင်း ရေဒီယိုရှေ့ချပြီး ပက်လက်ကုလားထိုင်နဲ့ ဇိမ်ကျနေလေရဲ့။ ဒီတစ်ခါတော့ သူ့ရေဒီယိုက သဘောကောင်းစွာ အသံတွေ ပီသကြည်မြနေပါရောလား။

''× × × ပျက်စီးဆုံးရှုံးသွားတဲ့ ဒီရေတောတွေနေရာမှာ လူတွေက ဒီရေတောတွေအစားထိုး ပြန်လည်စိုက်ပျိုးကြရမယ်။ ဒါမှသာ လှိုင်းဒဏ်၊ လေပြင်းမုန်တိုင်းဒဏ်ကို ကြံ့ကြံ့ခံနိုင်မှာဖြစ်ပြီး ငါးပုစွန်တွေရဲ့ ခိုနားပေါက်ဖွား မျိုးပွားရာနေရာလည်း ပြန်လည်စည်ပင်လာမှာ ဖြစ်ပါတယ် × × ×''

ရေဒီယိုက အသံကို နားထောင်ရင်း ''အင်း ... ဆုံးရှုံးသွားတဲ့ ဒီရေတောတွေကို ပြန်စိုက်ရမှာဖြစ်သလို၊ ပျက်စီးယိုယွင်းနေတဲ့ လူသားအရင်းအမြစ်တွေကို လူတွေကသာ ပြန်လည်ပြုပြင်ရမယ်ဆိုတာကိုရော စဉ်းစားမိကြရဲ့လား'' လို့ ... ဒေါ်တင်မေတစ်ယောက်တည်း ရင်နာနာနဲ့ အတွေးဆင့်ပွားနေပါတော့တယ်။

❑

မှဒိတာမဂ္ဂဇင်း
မြန်မာ့အာမခံ နှစ် ၆၀ ပြည့် အထိမ်းအမှတ်၊ ၂၀၁၂ ခုနှစ်။

## လရိပ်ချိုးဆဲ ကြယ်ရောင်ကဲသော်

ဆရာလေး မကေသာရီသည် နာမည်နှင့်မလိုက်၊ ဆံပင်ပေါက်များ ကျဲပါးရုံမက ဒက်များပင် နိပ်စက်သဖြင့် မကုတ်ရ မနေနိုင်သော ဦးခေါင်းကို အရသာခံကာ မကြာခဏ ကုတ်နေမိလေသည်။ ဆေးကား ရေနံချေးစော် နံလှလေရော မကေသာရီ ဆေးထည့်မခံလိုပေ။ ထိုသည်ကို ဘွားပိန် မကြိုက်ပါပေ။

ဘွားပိန်ဟူသည် ဤစာသင်တိုက်၌ ဦးစီးခေါင်းဆောင် ဆရာကြီး ပြီးလျှင် တိုက်အုပ်ဆရာလေးကို ခေါ်ခြင်းဖြစ်သည်။ အားလုံးက ဘွားပိန် ဟုပင် ခေါ်လေ့ရှိသဖြင့် ဘွဲ့အမည်ရင်းကိုပင် မေ့တော့တော့ ဖြစ်နေပြီ။ ဘွားပိန်က နာမည်နဲ့လိုက်အောင် ပိန်လှ၏။ မျက်လုံးစူးစူး နှာတံသွယ်သွယ် နှုတ်ခမ်းပါးပါးနှင့် ဘွားပိန်သည် ငယ်စဉ်က အတော်ပင် ကြည့်ကောင်း အောင် ချောမောခဲ့မည်ပင်။ ယခု ဘွားပိန်မှာ လေတိုက်လျှင် လဲတော့မည့် ဟန် ပိန်လှပ်လှပ်နှင့် စာသင်ဆောင်နှင့် တိုက်ဇရပ်ကြား လှစ်ခနဲ လှစ်ခနဲ မြင်ရတတ်သည်။

မကေသာရီကား ဆရာကြီးဘုရားကို ကြောက်သလောက် ဘွားပိန်ကိုမကြောက်ပါပေ။ မကေသာရီသာမဟုတ် ဘွားပိန်ကိုမကေသာရီတို့အရွယ် ဆရာလေးများ မည်သူမျှမကြောက်ကြပါ။ မျက်နှာထား အစဉ်ပြုံးနေလေ့ရှိပြီးစကားတိုးတိတ်ညင်သာသော ဘွားပိန်သည်မကေသာရီတို့ မျက်စိထဲ ကြောက်စရာ မကောင်းပါ။

ဆရာကြီးဘုရားကတော့ ဘွားပိန်နှင့် ဆန့်ကျင်ဘက်။ ခန္ဓာကိုယ်ဝဝ၊ ထောင်ထောင်မောင်းမောင်း၊ အသံကျယ်ကျယ်၊ မျက်လုံးအရောင်ဝင်းဝင်း၊ ဆရာကြီးဘုရားမို့ မကေသာရီတို့ကို အေဘီစီဒီဝင်သင်လျှင် ဖင်တုန်အောင် ကြောက်ကြရသည်။

ဟိုစာလုံး အက်ဖ် ဆိုသည့် စာလုံးကို မကေသာရီ တော်တော်မုန်းသည်။ မကေသာရီမုန်းသလို မကဥ္စနလည်း မုန်းသည်တဲ့။ မဝိဇ္ဇာက တော့ သူ့သဘောထား ကို ထုတ်ဖော်မပြော၊ ဘာမဆို မြုံစိစိနှင့် မဝိဇ္ဇာကို မကေသာရီ သိပ်ကြည့်လို့ မရပါပေ။

''ဒီအသံ မဟုတ်သေးဘူး၊ ဆရာလေးတို့ အက်ဖ်လို့ အသံထွက်ပြီးရင် အပေါ်သွားနဲ့ အောက်နှုတ်ခမ်း ကိုက်လိုက်ပါ။ ဒါမှ အသံမှန်ကို ရမယ်။ အားလုံး ပြန်ဆိုကြည့်လိုက်ပါဦး ... အက်ဖ် ...''

ဆရာကြီးဘုရား တက်ကြွနေသလောက် မကေသာရီတို့ကလေးတွေ ထိုစာလုံးကို တော်တော်စိတ်ပျက်သည်။ မကဥ္စနကတော့ ထိုစာလုံးကို မုန်းတယ်၊ မုန်းတယ်ပြောပြီး ကြိုးစားလိုက်ဆိုသည်မှာ အပေါ်သွားနှင့် ဖိထားသော အောက်နှုတ်ခမ်းကြားမှာ သွားရေတွေ ထွက်ကျလာသည် အထိပင်။

တစ်ခါတလေများ အေဘီစီဒီကို သင်ချင်စိတ် မရှိအောင် မကေသာရီ စိတ်ညစ်လာတတ်သည်။ အက်ဖ်ပြီးတော့ မပြီးသေး။ အမ်နှင့် အနင်ကျရင် သတိထားရသေး၏။ ဆရာကြီးဘုရားကြိမ်သံက ပြန်းခနဲ အရင်ကျလာကာ ...

''အမ်ဆိုရင် ပါးစပ်ပိတ်၊ အနင်ဆိုရင် ပါးစပ်ဖွင့် ... မရမချင်း ပြန်ဆို ...''

အမိန့်သံကြီး ထွက်လာလျှင် မဧကေသာရီ နဖူးမှာ ချွေးစို့လာတတ်သည်။ ဒါနဲ့စာလျှင် ယံမက်လံကပင် တော်သေး၏ဟု စိတ်ထဲ မကြာခဏ တွေးမိ၏။

သို့သော်လည်းပဲ ထိုအေဘီစီဒီကို မသင်မနေရ သင်ကြရသည်။ နောင်နှစ်ဆိုအတန်းကျောင်းစာများပင်တွဲသင်ပြီးအခြားဘာသာတွေလည်း သင်ကြရဦးမည်ဆိုတော့ မဧကေသာရီ နည်းနည်းစိတ်ညစ်သည်။ သူက ဉာဏ်မကောင်း၊ အတန်းကျောင်းပင် မနေခဲ့ရ၊ စာသင်တိုက်ကို ရောက်သည်မှာ တစ်နှစ်ပင်မပြည့်သေး၊ ပရိသတ်ကြီး ၁၁ သုတ်လည်း မကုန်နိုင်။ ဘွားပိန်က ...

''မဧကေသာရီ စာကြိုးစားနော်။ သီလရှင်ဆရာလေး ဆိုတာ စာတတ်ပုဂ္ဂိုလ်ဖြစ်မှ လူတကာက လေးစားကြည်ညိုမယ်။ ငယ်စဉ်က ပညာသင်ထားမှ ကြီးလာတော့ ပညာရဲ့အကျိုးကို ခံစားရမယ်။ ဆရာကြီး ဘုရားကြည့်ပါလား။ ဉာဏ်ရည်ထက်တယ်၊ ကြိုးစားတယ်။ စာတတ်ပုဂ္ဂိုလ် ဖြစ်တော့ စာသင်တိုက်ကြီးကို အုပ်ချုပ်ရတဲ့ ဦးဆောင်သူ ဖြစ်တာပေါ့။ စာကြိုးစားအံ့နော် ... အိပ်ငိုက်မနေနဲ့ ...''

ဘွားပိန် ဘယ်လိုပြောပြော မဧကေသာရီ သိပ်နားမလည်၊ ကလေး ပီပီ စာအံရင်း မကြာခဏ ငိုက်မြည်းနေတတ်သည်။

တစ်နေ့မှာတော့ စာအံရင်း ငိုက်မြည်းနေသည့် မဧကေသာရီ မျက်စိကျယ်စေသော အဖြစ်အပျက်ကလေး ဖြစ်ပျက်လာခဲ့သည်။

စကြံလမ်း အုတ်ခုံပေါ်မှာ စာအုပ်ကိုင်ရင်း ငိုက်မြည်းနေသော မဧကေသာရီသည် ခေါ်သံကြောင့် လန့်နိုးသွားရသည်။

''ဆရာလေး ... ဆရာလေး ... ဒီတိုက်က ဆရာကြီး ဒေါ်ကုသလ စာရီ ရှိသလားဘုရာ ... ပြီးတော့ ဘွားပိန်'

မကေသာရီ မျက်လုံးပွတ်ကြည့်တော့ အမျိုးသမီးငြှိသည်တစ်ယောက် လက်ထဲမှာလည်း ခရီးဆောင်အိတ်နှင့် ...

"ဘွားပိန်တော့ အရပ်ထဲ ခဏသွားပါတယ်။ ဆရာကြီးဘုရားက စာသင်ဆောင်ကြီးအပေါ်ထပ်မှာ"

မကေသာရီသည် ဧည့်သည်ရှေ့မှ ခပ်သွက်သွက်လမ်းညွှန်ကာ စာသင်ဆောင် အပေါ်ဆုံးထပ်သို့ ဦးဆောင်၍ ခေါ်လာလေသည်။ ဆရာကြီးဘုရားနှင့် ဧည့်သည်အမျိုးသမီးတွေ့ဆုံခန်းသည် မကေသာရီကို အံ့အားသင့်စေ၏။

ဆရာကြီးဘုရားသည် အလွန်အံ့ဩဝမ်းမြောက်သော လေသံဖြင့် ...

"ရန်ကုန်ကစာရေးဆရာမရောက်လာပါလား။ ဝမ်းသာလိုက်တာ၊ ဒီမှာပဲ တည်းနော်၊ ဟော့ ... မကေသရီရေ ဖျာခင်းပါကွယ့် ရေနွေးဇန်းလည်းချ၊ ကြောင်အိမ်ထဲက ယိုတွေရှိလည်း ချပါကွယ် ... ဧည့်သည်ကျွေးရအောင်"

မကေသာရီသည် ရေနွေးဇန်းကို ချက်ချင်း ပြင်ဆင်သည်။ ကြောင်အိမ် ထဲမှ နာနတ်ယို၊ ဒူးရင်းယိုများ ပန်းကန်ပြားကလေးနှင့် ထည့်၊ ဇွန်းသေးသေးလေး တပ်၊ လက်သုတ်ပဝါကျန်တော့မလို ... အင်း ဘာများလိုဦးမလဲ။

ရေနွေးဇန်း စားဖွယ်ရာတို့ ယူဆောင်လာတော့ ဆရာကြီးဘုရားနှင့် ဧည့်သည်အမျိုးသမီး စကားလက်ဆုံကျနေပြီ။

"ဒီနေ့ နံနက်စာ ဘာဟင်းစားချင်လဲပြော ..."

ဆရာကြီးဘုရား၏ ရွှင်လန်းတက်ကြွသော မေးသံ –

"ပိန္နဲသီးနဲ့ငါးခြောက်ရိုးသီလရှင်ဟင်းပေါ့ဘုရား၊ တပည့်တော်တို့ မော်လမြိုင်မှာနေတုန်းက စားခဲ့ရသလို"

မကေသာရီသည် ညွှဲ့သည်အမျိုးသမီးစားချင်သော ပိန္နဲသီးနဲ့ ငါးခြောက်ရိုးဟင်းကို နည်းနည်းရယ်ချင်သွားသည်။ ရန်ကုန်ကလာပြီး သထုံမှာ ပိန္နဲသီးနဲ့ ငါးခြောက်ရိုးဟင်း စားချင်ရတယ်လို့။

''မကေသာရီရေ ... ဆရာလေး မဝဏ္ဏ ခေါ်လိုက်ပါဘုရာ့''

ဆရာလေး မဝဏ္ဏက အသက်နှစ်ဆယ်အရွယ် ဆရာကြီးဘုရား၏ လက်စွဲ၊ ဆရာကြီးဘုရား လိုအင်ကို အစဉ်ဖြည့်လေ့ရှိသူ။

''ပိန္နဲသီးစိမ်း အလောတော်တစ်လုံးလောက် ထိုးချကွယ် ... ညွှဲ့သည်ကို နံနက်စာ ကျွေးရအောင်၊ ငါးခြောက်ရိုးတွေရော ရှိသေးရဲ့ မဟုတ်လား။ ဘွားပိန် အပြင်က ပြန်လာရင်လည်း ပြောဦး၊ ဒီမှာ ညွှဲ့သည် ရောက်နေတယ်လို့''

ညွှဲ့သည်သည် သူတို့နှစ်ပါးအတွက် အလွန်အရေးပါအရာ ရောက်ဟန်တူသည်။ ညွှဲ့သည်ထမင်းစားတော့ ဆရာကြီးဘုရားနှင့် တစ်ဝိုင်းတည်း၊ ဟင်းတွေဂရုတစိုက်ထည့်ပေးနေသည်မှာလည်း ညွှဲ့သည် စားလို့ပင် မနိုင်။

ညနေစောင်း ဘွားပိန် ပြန်ရောက်လာတော့ အောက်ဘက်တိုက် ဇရပ်မှာ ညွှဲ့သည်နှင့် ဆုံတွေ့ခန်းသည် မကေသာရီကို ပို၍ အံ့အားသင့် စေပြန်သည်။ ဘွားပိန်သည် ညွှဲ့သည်ကို ပွေ့ဖက်ထားသည်မှာ အကြာကြီး။ ကိုယ့်ဆွေမျိုးမဟုတ်သူကို ဒီလိုရင်းနှီးတာ မကေသာရီအတွက် ဆန်းနေ သည်။ ဘွားပိန်အမျိုးမှန်သမျှ မကေသာရီ အကုန်သိသည်။ ဘွားပိန်တို့က ကရင်လူမျိုးမို့ လာလိုက်လျှင် ကရင်လိုပင် စကားပြောကြ၏။

''ဒီမှာနေဦးမှာ မဟုတ်လား၊ အေးအေးဆေးဆေးပေါ့၊ စာလေး ဘာလေး ရေး၊ အနားယူပြီးမှပြန်၊ အပေါ်စာသင်ဆောင် တက်ဆင်းရတာ ပင်ပန်းရင် ဒီမှာပဲ နေ''

ဥည့်သည်တိုက်ဇရပ်မှာ တည်းမည်ဆိုတော့ ဘာကြောင့်မှန်းမသိ မကေသာရီ ဝမ်းသာသွားသည်။ ဧည့်သည်အတွက် ရေချိုးဆပ်ပြာယူပေးရတာနှင့် မျက်နှာသုပ်ပဝါ ထုတ်ပေးရတာနှင့်၊ ဧည့်သည်နားဖို့ သင်ဖျူးဖျာအသစ်ကို အဝတ်ရေဆွတ် သန့်ရှင်းရေးလုပ်ရတာနှင့်၊ ဘွားပိန် ဗီရိုထဲက ဇာပန်းထိုးထားသော ခေါင်းအုံးစွပ်ဖြင့် ခေါင်းအုံး ပြင်ပေးရတာနှင့် အလုပ်ရှုပ်နေတော့သည်။

ဧည့်သည်သည်လည်း မကေသာရီကို သတိထားမိသွားလေသည်။

"ဆရာလေး ဘွဲ့အမည်က ဘယ်သူပါလဲ ဘုရား"

"မကေသာရီ ... တဲ့"

"ဟင် ... မကေသာရီ ဆိုပြီး ဆံပင်လည်း မကောင်းဘူး။ ဆရာလေးခေါင်းမှာ ဒက်တွေနဲ့"

မကေသာရီသည် မလုံမလဲ ရယ်ကျဲကျဲဟန်ဖြင့် ဧည့်သည်ကို ကြည့်ရင်း သူ့ခေါင်းက ဒက်တွေကို အမှတ်ရကာ ယခုမှ ကုတ်ဖို့ သတိရသွားလေသည်။

ဩော် ... သူ ဒီနေ့ တစ်နေ့လုံး ဒက်ကုတ်ဖို့ပင် သတိမရလောက်အောင် ဧည့်သည်အပေါ် စိတ်ဝင်စားနေပါလား။

❑

ဧည့်သည်ကား ဘွားပိန်နှင့် စကားတွေပြောကြသည်မှာ ရေပက်မဝင်အောင်ပင်၊ ရှေးဖြစ်ဟောင်းတွေမို့ မကေသာရီ သိပ်တော့နားမလည်။

"အရင်က ဒီတိုက်ဇရပ်နေရာမှာ ခြေတံရှည်ဇရပ်ကလေးနော်၊ တပည့်တော် အိမ်နဲ့ စိတ်ညစ်တိုင်း ဒီဇရပ်ကလေးဆီ ပြေးလာတာ သတိရသေးတယ်။ အဲဒီတုန်းက ဘွားပိန်ချက်ကျွေးတဲ့ ငါးရံ့မီးဖုတ်နဲ့ ကင်ပွန်းချဉ်ရွက်ဟင်းချိုကို သိပ်ကြိုက်တာပဲ။ ဟင်းချိုအိုးတည်တင်ထား၊

ဘုရားတောင်တက်ရင်း ပတပ်စာတွေ ခူးလာ၊ ပိန္နဲစေ့ကလေးတွေပါ မညက်တညက်ထောင်းထည့်ပြီး ငါးပိရည်နဲ့ တညင်းသီးဆားစိမ်နဲ့ ...''

''ဟင် ... တညင်းသီးဆားစိမ် ကြိုက်တုန်းလား။ ရန်ကုန်ပြန်ရင် ထည့်ပေးလိုက်မယ်။ ဒီမှာတော့ စာသင်သားတွေများတော့ တညင်းသီး ပေါ်ချိန်ဆို ရာဝင်အိုးနဲ့ကို စိမ်ထားရတာ''

ရန်ကုန်ကလာသူ ဧည့်သည်အမျိုးသမီး တညင်းသီးဆားစိမ် ကြိုက်သည်ကို မကောသာရီ အံ့သြနေပြန်သည်။ ဩော် ... သူတို့စားတာနှင့် ကိုယ်စားတာ အတူတူပဲကိုးဟု တွေးနေမိသည်။

ဆရာလေး မကာ္ဆနကတော့ စာသင်ဆောင်ကြီးက ပြန်လာကာ သတင်းတွေ သယ်ဆောင်လာသည်။

''မဝဏ္ဏက ပြောတာ ဘုရား၊ ဧည့်သည်က ဆရာကြီးဘုရားတို့၊ ဘွားပိန်တို့နဲ့ ဟိုးမော်လမြိုင်စာသင်တိုက်မှာ ဆရာတူတပည့် ဖြစ်ခဲ့ဖူး တာတဲ့။ နောက်တော့ လူထွက်ပြီး ကျောင်းပြန်နေ၊ ကျောင်းဆရာမလည်း လုပ်သေးတာတဲ့။ အခုမှ စာရေးဆရာမဆိုလား အဲဒါ လုပ်တာတဲ့ ဘုရား။

မကာ္ဆနက ခိုင်လုံသော သတင်းကို ပြောနိုင်ဟန်ဖြင့် ဂုဏ်ယူဝံ့ကြွား နေသည်။ ဘာရမလဲ မကောသာရီလည်း ဧည့်သည် ရေချိုးဖို့ ဆပ်ပြာ ထုတ်ပေး၊ သင်ဖျူးခင်းပေး၊ ခေါင်းအုံး ပြင်ပေးသည့်အကြောင်းတွေ ပိုပိုသာ သာလေး ပြောလိုက်သည်၊ မှတ်ကရော။

နောက်တစ်နေ့နံနက် အရုဏ်ဆွမ်းစားပြီး ဘုရားတောင်တက် မည်ဆိုတော့ ဧည့်သည်ရွေးချယ်သူသည် မကောသာရီ ဖြစ်နေသည်။ ဧည့်သည်ကို လမ်းပြရမည် ဆိုတော့ မကောသာရီ ခြေထောက် မြေမထိတော့ ပါပေ။ မသွားခင် ဘွားပိန်က ဧည့်သည်ကို မှာနေသည်။

''တောင်ပေါ်ရောက်ရင် အေးတယ်။ အနွေးထည်ဝတ်သွားနော် ဘုရားဖူးပြီးရင် အဖေတို့ အမေကို့ကို မေတ္တာပို့ အမျှဝေနော်။ နောက်ဘဝ

ကျရင် အမေနဲ့ အဆင်ပြေပါစေ၊ အမေချစ်သမီး ဖြစ်ရပါစေ ဆုတောင်းပေါ့။ အဟောင်းကို ပြုပြင်လို့မရပေမဲ့ မဖြစ်သေးတဲ့ကံကိုတော့ ပြုပြင်လို့ရတယ်။ ကဲ ... နေမပူခင်သွားကြ''

မကေသာရီဦးဆောင်ပြီး ဘုရားတောင်တက်ခဲ့ကြသည်။ စာသင်တိုက်သည် မြသပိတ်တောင်ကို ကျောမှီပြီး ဆောက်ထားလေရာ မြသပိတ်ဘုရား ဖူးချင်လျှင်၊ ဘုရားငါးဆူဖူးချင်လျှင် ဤသို့ပင် စာသင်တိုက်အနောက်မှ တက်ကြရသည်။ ဧည့်သည် ဒီနေ့ မြသပိတ်ဘုရား အရင်ဖူးမလား၊ ဘုရားငါးဆူ အရင်သွားမလား။ ဒီလမ်းတွေ အခေါက်ခေါက် လာရလွန်းသဖြင့် မကေသရီ အလွတ်ရနေသည်။

သို့သော် ... ဧည့်သည်သည် မစပယ်ဘုရားမှာ ခြေလှမ်းရပ်လိုက်လေသည်။ သည်ဘုရားက မစပယ်ဥစ္စာစောင့်ရှိသည်ဆိုပြီး မစပယ်ဘုရားဟု လွယ်လွယ်ခေါ်နေသော ဘုရားဖြစ်သည်။

''ဆရာလေးရေ ဒီမှာပဲ နားကြစို့ ဘုရားမီးပူဇော်ရအောင်''

''ဟင် ... မြသပိတ် အရောက်တက်မှာ မဟုတ်ဘူးလား''

''မြသပိတ်အထိ မတက်နိုင်ပါဘူး ဆရာလေးရယ် ... ဒီဘုရားကိုတော့ တပည့်တော် အဖေရှိစဉ်က အဖေနဲ့ မကြာခဏ လာနေကျမို့ ဒီရောက်တုန်း အမှတ်တရ လာဖူးချင်တာပါ။ ဟိုတုန်းကတော့ အဖေမရှိလည်း ဘွားပိန်နဲ့ လာနေကျလေ။ အခု စာသင်တိုက်ဖြစ်ပြီးမှ တပည့်တော် မရောက်တော့တာ။ ရန်ကုန်မှာ အလုပ်တွေက အများကြီး ကိုယ့်ရပ်ကိုယ့်ရွာတောင် တစ်နှစ်တစ်ခေါက် မရောက်ဖြစ်တဲ့ဘဝ''

မကေသရီသည် ဧည့်သည်ကို အထူးအဆန်းလို ငေးကြည့်နေမိသည်။ ဧည့်သည် ဘုရားရှိခိုးနေတာမှ အကြာကြီး၊ ဘွားပိန်မှာလိုက်သလို အဖေအမေတို့ကို မေတ္တာပို့နေသည် ထင်ရဲ့။ အဖေအမေဆိုလို့ မကေသာရီသည် မမြင်ဖူးသော အဖေနှင့် နောက်အိမ်ထောင်နှင့် ပင်ပန်းကြီးစွာ

ရှန်းကန်နေရသော အမေကို သတိရသွားလေသည်။ အမေအားကိုးလိုက်သော နောက်လူသည် အားမကိုးရသည့်အပြင် မူးယစ်သောက်စားကာ အမေ့ကို ရိုက်နှက်ကန်ကျောက်သေး၏။ မကေသာရီအပေါ်လည်း ဘယ်တော့မှ အကောင်းမမြင်။ အလကား ဆန်ကုန်မြေလေးမလေးဟုဆိုကာ ဆဲဆိုနှိပ်စက်၏။ တစ်နေ့ ရွာမှာ ဘုရားပွဲဖြစ်ရာ လူရှုပ်တာကို အခွင့်ကောင်းယူပြီး အိမ်ကထွက်လာလိုက်သည်မှာ ဘယ်ရောက်လို့ ရောက်မှန်းပင်မသိ။ သူ တစ်ခါမှ မရောက်ဖူးသော သထုံမြို့မဈေးကြီးထဲ ရောက်သွားရင်း တဝဲလည်လည်ဖြစ်နေစဉ်စာသင်တိုက်အတွက် ကုန်ခြောက်လာဝယ်သော ဘွားပိန်နှင့် တည့်တည့်တိုးခဲ့ရသည်။ သည်တုန်းက သူ့မှာ ထမင်းပင် မစားရသေး၊ ဆာလောင်မှုက ဘွားပိန်ခေါ်ရာနောက် လိုက်ပါစေသည်လား မပြောတတ်ပေ။

စာသင်တိုက်ရောက်တော့ ဆရာကြီးဘုရားက အသေအချာ စစ်မေးပြီး ရွာအထိလိုက်သွားသည်။ မြို့ထဲမှ ပိုက်ဆံရှိသော ရပ်မိရပ်ဖ ဒကာများကိုလည်းခေါ်သွားကာအမေနှင့်သေသေချာချာစကားပြောသည်။ နောင်ကုလားရွာသည် သထုံနှင့် သိပ်မဝေးလှ။ အမေကို အလွယ်တကူ ရှာတွေ့သွားတော့သည်။ ဆရာကြီးဘုရားက ဥပမိရပ်ကောင်းကောင်း အသံဩဇာရှိရှိနှင့် ကလေးကို မကျွေးမွေးနိုင်လျှင် သာသနာ့ဘောင်ထဲ သွတ်သွင်းမည်ဆိုတော့ အမေက ခေါင်းညိတ်ရှာသည်။ ဟိုလူကြီးကတော့ မရှိရင်ကျွေးစရာပါးစပ်တစ်ပေါက်လျော့သည့်သဘောဖြင့်ဘာမှဝင်မပြော၊ သည်လိုနှင့် ခင်မူဘဝမှ မကေသာရီ ဖြစ်လာရတော့သည်။

''ဟော ... ဆရာလေး ပျင်းနေပြီလား တပည့်တော် ဘုရားဝတ်ပြုတာ ကြာနေတာနဲ့''

''မပျင်းပါဘူး ဒကာမကြီး''

''ဒီနားလာထိုင်ပါဦး စကားပြောရအောင်၊ အခုစာတွေ အတော်တတ်နေပြီလား၊ ဘာစာဝါတွေ တက်နေလဲ''

မကေသာရီသည် သူ့စိတ်လှုပ်ရှားလျှင် ပြုနေကျအတိုင်း ခေါင်းကို တစ်ချက် နှစ်ချက် ပွတ်လိုက်ကာ ပရိသတ်ကြီး ၁၁ သုတ်အကြောင်း ပြောလေသည်။ အောဘီစီဒီအကြောင်း အက်ဖ်ဟု အသံထွက်ရာတွင် အခက်အခဲရှိကြောင်းတွေကိုတော့ ထည့်မပြောဖြစ်ပါ။

''ဆရာလေး ဘယ်ရွာကလဲ၊ ပြောပါဦး။ တပည့်တော်က သထုံဇာတိဆိုတော့ ဆရာလေးတို့ရွာကို သိချင်သိမှာ''

''ဆရာလေးက နောင်ကုလားရွာက မီးရထားဖြတ်သွားရင် စိုက်ခင်းတွေ မြင်နေရတဲ့ရွာပေါ့။ ဆရာလေးနေတဲ့ ခြံထဲမှာ မောင်းတက်နဲ့ ခပ်ရတဲ့ ရေတွင်းရှိတယ်။ မောင်းတက်ဆိုတာ စက်သီးနဲ့မဟုတ်ဘဲ ဝါးလုံးနဲ့ ထိုးချပြီး ခပ်ရတာကို ပြောတာ၊ အမေက အဲဒီမောင်းတက်နဲ့ ရေကို ခပ်ခပ်ပြီး စိုက်ခင်းတွေ ရေလောင်းရတာ သနားပါတယ်။ အမေ့ နောက်ယူတဲ့လူနဲ့ ရတာက မောင်လေးနှစ်ယောက်၊ ဟင်းရွက်တွေလည်း အမေကိုယ်တိုင်ပဲ ရောင်းရတာဆိုတော့ ...''

မကေသာရီက သူစိမ်းနဲ့ စကားမပြောဖူးတော့ စကားတွေက တောင်ရောက် မြောက်ရောက် အစီအစဉ်မကျ ပြောတတ်သလို ပြောနေတာကို ဧည့်သည်က ပြုံးပြီးနားထောင်နေသည်။ ဧည့်သည်က ပြုံးလိုက်လျှင် တော်တော်လှသည်။ ဧည့်သည်တပ်သည့် မျက်မှန်ကလေးကလည်း လှမှလှ၊ ဧည့်သည်ဝတ်သည့် အဝတ်အစားဆိုလည်း ကောင်းမှကောင်း၊ ဘွားပိန်အမျိုးတွေ ဝတ်တာနဲ့တောင် မတူသည့် အဝတ်အစားတွေ ...။

''ဆရာလေးက မြို့မှာ ကျောင်းမနေချင်ဘူးလားဟင် ...''

''ဟင် ... ဒကာမကြီး ဘာပြောတာလဲ''

''ဩော် ... ဆရာလေး လူဝတ်လဲပြီး အတန်းကျောင်း မနေချင်ဘူးလားလို့ မေးတာပါ''

ညွှန့်သည်က မထင်သော မေးခွန်းကို မေးနေသည့်အတွက် မကေသာရီ မဖြေတတ်ပါချေ။ ဘာပြန်ပြောရမှန်းပင် မသိ။

"ဆရာလေး ဆန္ဒရှိရင် တပည့်တော် မြို့ကိုခေါ်သွားပြီး ကျောင်းထားပေးမလို့ ဘုရား၊ စဉ်းစားထားနော်"

စဉ်းစားထားတဲ့ ...။ မကေသာရီ မစဉ်းစားတတ်ပါ။ ဘာကို ဘယ်လိုစဉ်းစားရမှန်းပင် မသိ။ ဘုရားတောင်မှ ဆင်းလာပြီး ညွှန့်သည်က ဆရာကြီးဘုရား အဆောင်ထဲ ဝင်သွားသည်။ မကေသာရီအကြောင်း ဆရာကြီးဘုရားကို မေးတော့ မည်ထင်ပါရဲ့။

❑

ယခုရက်တွေအတွင်း အလုပ်လုပ်ရာမှာ မကေသာရီ စိတ်မပါလှပါပေ။ ခါတိုင်းလုပ်နေကျ ပန်းခုံသီခြင်းအလုပ်ကိုပင် အကွက်ဆိုက်ဆိုက် မလုပ်နိုင်။ သစ်သားပြားပေါ်တွင် အပေါက်ဖောက်လျက် ထိုပေါက်ထဲ စကြာပန်း၊ ဆိပ်ဖလူးပန်း၊ ဇီဇဝါပန်းများ သင့်သလို စီရရီထည့်ရသည့် အလုပ်သည် မကေသာရီ ကျွမ်းကျင်လိမ္မာမှု ဖြစ်သည်။ ညဘက် ဝက်တက် ချိန်ကျလျှင် မကေသာရီ၏ ပန်းခုံအလှကို ဆရာကြီးဘုရား ချီးမွမ်းနေကျ။ ယခု ထိုပန်းခုံသီသည့်အလုပ်ကိုပင် ဖြောင့်အောင် မလုပ်နိုင်။

ညွှန့်သည်ဒကာမကြီးကမကေသာရီကိုစဉ်းစားပါတဲ့။စဉ်းစားလေ ခေါင်းမူးလေ ညွှန့်သည်ကတော့ မကေသာရီ ဒုက္ခကို သိမည်မထင်။ သည် ရက်တွေအတွင်း စာရေးနေသည်။ ဘွားပိန်စာချသည့် ခုံကလေးပေါ်မှာ စာရေးနေသည်က ငေးကြည့်ချင်စရာကောင်းလှ၏။ ညွှန့်သည်ပြောသည့် စကားထဲတွင် လူဝတ်လဲဆိုသော စကားပါသည်။ လူဝတ်လဲလိုက်လျှင် လူမိန်းမတွေ ဝတ်သည့်အဝတ် ပြန်ဝတ်ရမည်။ ရွာမှာတုန်းကတော့ အမေဆင်ပေးသည့် ရှင်မီးအင်္ကျီလေး နစ်ထည်ကိုပင် ထပ်ပြန်တလဲလဲ ဝတ်ခဲ့ရသည်။ မြို့ရောက်လျှင် မြို့က ကောင်မလေးတွေ ဝတ်သလို ဝတ်ရ

မည်ပေါ့။ ပြီးတော့ ကျောင်းထားပေးမည်ဆိုတော့ အရပ်ထဲက ရွယ်တူ ကောင်မလေးတွေလို အဖြူအစိမ်းနှင့် ကျောင်းတက်ရမည်ပေါ့။

မကာ္ဗနကတော့ သူနှင့် မဆိုင်ဘဲ ဘာမှန်းမသိ အူမြူးနေသည်။

''မကေသာရီတော့ ရန်ကုန်မြို့ကြီးရောက်ရင် ဂျယ်ရီတွေအများ ကြီး စားရတော့မယ်နော့၊ အင်္ကျီအကောင်းစားတွေလည်း ဝတ်ရမှာ၊ ပြီးတော့ ဘုရားတွေလည်း ဖူး၊ ကားကြီးတွေစီး ပျော်စရာကြီးနေမှာ၊ မကေသာရီလိုက်မယ်ဆို ဆရာကြီးဘုရားက မကေသာရီအမေဆီမှာ ခွင့်တောင်းပေးမှာတဲ့ ဘုရား၊ တပည့်တော်တို့ကို မမေ့သွားနဲ့နော်''

မကာ္ဗနက စာသင်တိုက်ရောက်တာ ကြာပြီမို့ သတင်းတွေ ဟိုတစ်စ သည်တစ်စ ရလာဟန်တူသည်။ အသက်လည်း သူ့ထက် နှစ်နှစ်ခန့်ကြီးရာ လူရည်လည် စကားတတ်သူ ဖြစ်သည်။

ဘွားပိန်ကတော့ မကေသာရီသည် ဧည့်သည်နှင့် ပိုမိုရင်းနှီးအောင် အနားမှာ နေစေလျက် ဧည့်သည်ရေချိုးရာ၊ ထမင်းစားရာကိစ္စများမှာ ပါဝင် လုပ်ဆောင်စေသည်။

''အခု နယ်စပ်တွေမှာနေတဲ့ တိုင်းရင်းသားလေးတွေကို သက် ဆိုင်ရာ ဆရာတော်တွေကနေတစ်ဆင့် မွေးစားကြတဲ့ အစီအစဉ်တွေ ခေတ်စားနေတာ ဘုရား။ ပအိုဝ့်လေးတွေ၊ ပလောင်လေးတွေ မိသားစုတွေ ဆီ ရောက်လာကြ၊ ထမင်းကျွေး၊ ပညာသင်ပေး၊ အိမ်လည်းနွေး၊ အဖော် လည်း ရပေါ့ ဘုရား။ အိမ်မှာ သမီးကလည်း အိမ်ထောင်ထွက်သွား၊ ဒကာကြီးကလည်း မကျန်းမာ၊ အိမ်မှာ ဒီလိုကလေးလေး တစ်ယောက်ရှိရင် လက်တိုလက်တောင်း အကူအညီရ၊ သူတို့လည်း ကောင်းကောင်းနေရ၊ ပညာသင်ရ၊ ကြီးလာတော့ သူတို့လမ်း သူတို့လျှောက်ကြပေါ့။ ဒီလိုပုံစံနဲ့ တပည့်တော် ဆရာလေး မကေသာရီကို လိုချင်တာပါ။ သူ့မိဘက ခွင့်ပြု မယ်ဆိုရင်လေ''

ဒါက မကေသာရီနှင့် ပတ်သက်သော စကားတွေ ညည့်သည်က ဘွားပိန်ကို ပြောနေခြင်းပါ။ တစ်ရက်ထက်တစ်ရက် မကေသာရီ ရန်ကုန်လိုက်ရဖို့ သေချာနေပါပြီ။ ဘာမဆို မြဲစိစိနေတတ်သော မဝိဇ္ဇာပင်လျှင် အောဘီစီဒီ သင်ချိန်ကျရင် မကေကို သတိရနေတော့မှာပဲဟု ပြောတတ်လာသည်။ သည်လိုနှင့်တစ်နေ့ ... ထိုတစ်နေ့သည် မလွဲမသွေ ဆိုက်ရောက်လာတော့သည်။

ထိုနေ့က အရုဏ်ဆွမ်းစားပြီး စာသင်သားတွေ အားလုံး စာဝါတက်နေချိန် တိုက်ကြီးတစ်တိုက်လုံး စာအံသံတွေ သောသောညံနေချိန် ဆရာကြီးဘုရားသည် စာသင်ဆောင်ကြီးဆီမှ ဘွားပိန်ရှိရာ တိုက်ဇရပ်သို့ ကြွခဲ့လေသည်။ ဆရာကြီးဘုရားက တော်ရုံကိစ္စမရှိဘဲ ဘွားပိန်ဇရပ်သို့ ကြွလေ့မရှိပါ။ ဆရာကြီးဘုရားကြွလာတာမြင်တော့ မကေသရီ သင်ဖြူးဖျာ ပြေးခင်း၊ ထွေးခံပြေးချ လုပ်ရတော့သည်။ စာရေးနေသော ညည့်သည် ဒကာမကြီးက ဆရာကြီးဘုရားကို ဦးတိုက်နေချိန် ဘွားပိန်လည်း ဘုရားခန်းထဲမှ ထွက်လာလေသည်။

''မကေသာရီ ဒီမှာ လာထိုင်ပါဦး''

''တင်ပါ့ဘုရား''

မကေသာရီ ဝတ်ဖြည့်တော့ ဘွားပိန်လည်း အနားမှာ လာထိုင်သည်။ ရှင်းရှင်းပြောရလျှင် မကေသာရီ ဆရာကြီးဘုရားကို ကြောက်ပါသည်။ ကိုယ့်ကို စာသင်၍ ကြောက်တာမဟုတ်၊ ဆရာကြီးဘုရား၏ အသံနှင့် ဟန်ပန်လှုပ်ရှားမှုတွေက မကေသာရီကို စိတ်မလွတ်လပ်အောင် တစ်ခုခု လုပ်ထားသလို စိုးရိမ်ထိတ်လန့်နေတတ်သည်။ ယခု ဆရာကြီးဘုရား ဘာပြောမည်မသိ။

''မကေသာရီကို ဒီက ဒကာမကြီးက ရန်ကုန်ခေါ်သွားပြီး မွေးစားမလို့၊ ဟိုမှာ ကျောင်းလည်း ထားပေးမယ်၊ ကောင်းကောင်းဝတ်၊ ကောင်း

ကောင်းစား၊ ကောင်းကောင်းနေရမယ်။ မကေသာရီ လိုက်မယ်ဆို ဒီနေ့ ဆရာကြီး နောင်ကုလားရွာက အမေ့ဆီသွားပြီး ခွင့်တောင်းမလို့၊ အဲဒါ မကေသာရီ ရန်ကုန်ကို လိုက်ချင်လား၊ မလိုက်ချင်ဘူးလား''

ဆရာကြီး ဘုရားက မေးနေပြီ။ မကဩန ရသည့်သတင်း မှန်နေပြီ ပေါ့။ မကေသာရီလိုက်မယ်ဆို ဆရာကြီးဘုရားကိုယ်တိုင် အမေ့ဆီသွား ခွင့်တောင်းမယ်ဆိုတာ။

''ပြောလေ ဆရာကြီးဘုရားကို လျှောက်တင်လိုက်လေ။ လိုက်ရင် လိုက်မယ်၊ မလိုက်ရင် မလိုက်ဘူး။ ပွင့်ပွင့်လင်းလင်း လျှောက်လိုက်ပါ''

ဘွားပိန်က တွန်းအားပေးနေလေတော့ မကေသာရီ ပါးစပ်ပိတ်ပြီး မနေသာတော့ ဧည့်သည် ဒကာမကြီးမျက်နှာကို လှမ်းမကြည့်ဘဲ–

''တပည့်တော် ... ရန်ကုန်ကို မလိုက် ... မလိုက်လိုပါဘုရား''

''ဟင် ... မလိုက်လိုဘူး ဟုတ်လား၊ ဘာဖြစ်လို့လဲ။ ဒီလောက် ကောင်းတဲ့ အစီအစဉ်၊ လူကြီးတွေ စီစဉ်တာ မလိုက်နာနိုင်တာ ဘာဖြစ် လို့လဲ''

ဆရာကြီးဘုရား အသံအနည်းငယ်ကျယ်သွားလေရာ မကေသာရီ ကတုန်ကယင် ဖြစ်သွားလေသည်။ ဘာလုပ်ရမှန်းမသိသည့်အတွက် ကိုယ်ရုံအနားစကို ဘာမှန်းမသိ လုံးချေနေလေသည်။

''ကလေးက မလိုက်ချင်ဘူးဆိုတော့လည်း ...''

ဧည့်သည် ဒကာမကြီးထံမှ အသံထွက်လာလေသည်။

''နေဦး ဘွားပိန် မေးပါဦးမယ်။ မကေသာရီ ဘာဖြစ်လို့ မလိုက် နိုင်တာလဲ၊ ဘွားပိန်ကို ပွင့်ပွင့်လင်းလင်း ပြောပါ''

မကေသာရီကား လည်ချောင်းထဲ တလိပ်လိပ်တက်လာသော ပူပန်မှုတွေကို အရှယ်နင့်မမျှ အတင်းပင် မျိုချနေလေသည်။ ဘွားပိန်က ပွင့်ပွင့်လင်းလင်း ပြောပါတဲ့၊ ဘယ်လိုပြောရပါ့မလဲ။ ဆရာကြီးဘုရားရှေ့မှာ၊ ဧည့်သည်ရှေ့မှာ ...။

''ဒုက္ခပါပဲ ... ဒီကလေးဟာ မထုံတတ်တေးနဲ့ အလကား လူကြီးတွေကို စိတ်ရှုပ်အောင်၊ ပြော ... ခပ်မြန်မြန်လေး''

ဆရာကြီးဘုရားကပါ အသံထွက်လာတော့ မကောသာရီ နေလို့မရတော့ ... ပြောမှကို ဖြစ်တော့မည်။

''တပည့်တော် မလိုက်ချင်တာ အမေ ... အမေ ...''

''အမေ ခွင့်မပြုမှာစိုးလို့လား၊ ဆရာကြီးကိုယ်တိုင် လိုက်ပြောပေးမှာ၊ မကောသာရီလိုက်ချင်လား၊ မလိုက်ချင်ဘူးလား ဒါပဲဖြေ''

''အမေက အခု နေလို့မကောင်းဘူး ဘုရား။ မြို့ဖိတ် ဆန်ခံသွားရင် မြို့မဈေးကြီးမှာ အမေ ဟင်းရွက်လာရောင်းတော့ တွေ့နေတာ။ နေမကောင်းတော့ ပိုက်ဆံလည်းအမြဲလိုနေတယ်။ တပည့်တော် ဆန်ခံရင်းရတဲ့ ပိုက်ဆံကလေးတွေ စုထားပြီး အမေ့ကို ပေးနေကျ။ တပည့်တော် မရှိရင် အမေ့ကို ပိုက်ဆံဘယ်သူပေးမလဲ ဘုရား''

မကောသာရီစကားက အားလုံးကို မှင်တက်သွားစေသည်။ မကောသာရီ ဆန်ခံရင်း အမေနှင့်တွေ့နေတာ ဆရာတွေလည်း မည်သူမျှ မသိကြ။ ဆန်ခံရာမှာ ရသည့် မုန့်ပဲသရေစာကိုတော့ တစ်ဦးချင်းစီ ပိုင်ဆိုင်ခွင့် ပေးထားသည်။ မုန့်ကို စားသုံးနိုင်သလို ငွေကို ကထိန်အတွက်၊ စာရေးတံမဲအတွက် လှူလိုက လှူနိုင်ရန်၊ နာရေးဖျားရေး ဆေးကုရန် စုဆောင်းခွင့်ပေးထားသည်။ မကောသာရီက ဒါကို မစုဆောင်းဘဲ အမေ့ကို ပေးနေသည်တဲ့။

''လိမ္မာလိုက်တဲ့ ဆရာလေးပါလား။ အမေကို သိတတ်ပုံက စာတင်လောက်ပါရဲ့။ ဒီလိုစိတ်ကူးမျိုး ဘယ်သူ့မှာရှိပါ့မလဲ။ ရဟန်းတွေတောင် မိဘကို ဆွမ်းခံကျွေးနေတာ ဆရာလေး အလှူခံရတဲ့ ပိုက်ဆံအမေ့ကိုပေးတာ ကောင်းလိုက်တဲ့ စိတ်ထားကလေး။ ဆရာကြီးရော ဘွားပိန်ရော စိတ်လျှော့လိုက်ပါတော့ ဘုရား။ တပည့်တော် မကောသာရီ

လေးကို မခေါ်တော့ပါ။ အမေကို လုပ်ကျွေးချင်စိတ်ရှိသူလေးကို သူ့နေမြဲအတိုင်း နေပါစေတော့ ဘုရား။ စာသင်တိုက်မှာပဲ ထားပြီး စာတတ်ပုဂ္ဂိုလ်ဖြစ်အောင် ဆရာကြီးဘုရားတို့ ဘွားပိန်တို့က ကြပ်မတ်သင်ကြားပေးကြပါဘုရား။ တပည့်တော် ဆရာလေး မကောသာရီအတွက် ပစ္စည်းလေးပါးဒါယကာအဖြစ် ခံယူပါ့မယ်''

ဧည့်သည် ဒကာမကြီးအပြောကို ဆရာကြီးဘုရားနှင့် ဘွားပိန်တို့နား ထောင်နေကြသည်။ စကားပိုင်းသည် မထင်မှတ်သော အနေအထားကိုချိုးကွေ့သွားခဲ့ပြီ။ မကောသာရီသည် ဘာကြောင့်မှန်းမသိ မျက်လုံးထဲမှမျက်ရည်တွေ ကျဆင်းလာသည်။ သူ့အနေနှင့် အမေ့ကို ပိုက်ဆံပေးနေသည့်ကိစ္စအတွက် မလုံမလဲဖြစ်နေသည်။ အမေ့ဒုက္ခကို မကြည့်နိုင်၍သာလုပ်ရသည်။ ဤကိစ္စသည် တိုက်စည်းကမ်းနှင့် ညီညွတ်ချင်မှ ညီညွတ်မည်။ ဆရာကြီးဘုရား စိတ်ဆိုးပြီး တိုက်မှနင်လျှင်တော့ သူ့မှာ အမေ့ဆီလည်းပြန်၍မဖြစ်။ ပြေးစရာလည်း မြေမရှိဖြစ်မည်။

''ဆရာလေး မကောသာရီ ကြားတယ်နော် ဧည့်သည်ဒကာမကြီးဆရာလေးကို ထောက်ပံ့မယ်တဲ့။ ဒီနေ့ကစပြီး စာကြိုးစားအံ့ရမယ်နော်။ ဟိုနားဒီနား တိုင်မှီပြီး အိပ်ငိုက်တာမျိုး မလုပ်ရဘူး ဘုရား။ အမေ့ကိုပိုက်ဆံပေးတာတော့ ဆရာလေးပိုင်ငွေ ဆရာလေးလှူတာ အပြစ်မဖြစ်ပါ။ ရန်ကုန်မလိုက်ချင်ဘူးဆိုလည်း ဒီမှာပဲ စာသင်သားအဖြစ် ပျော်ပျော်ကြီးနေပေတော့''

ပြောပြောဆိုဆို ဆရာကြီးဘုရား အထက်စာသင်ဆောင်သို့ပြန်ကြွသွားတော့သည်။ ဘွားပိန်ကတော့ ဧည့်သည်ပြန်လျှင် လက်ဆောင်ပေးလိုက်နိုင်အောင် တည်းသီးဆားစိမ်၊ ပိန္နဲသီးမှည့်၊ မရမ်းပြား စသောပစ္စည်းများ ထုပ်ပိုးပြင်ဆင်ရန် မီးဖိုထဲဝင်သွားလေသည်။ မကောသာရီသည် ညနေဝတ်တက်အမီ ပန်းခုံသီဖို့ ပန်းရူးထွက်ရန် ကျောက်ကာဗန်းကိုလှမ်းယူလိုက်လေသည်။

တောတန်းလေးအစပ်မှာတော့ ဆိပ်ဖလူးပန်းတွေ လတ်လတ်ဆတ်ဆတ် ကြွေထားသည်။ လုကောက်မည့်သူမရှိဘဲ မကေသာရီတစ်ယောက်တည်း လောဘတကြီး ကောက်ယူနေမိသည်။ ဆိပ်ဖလူးပန်းပြီးရင် ပုဏ္ဏရိပ်ပန်း၊ ပြီးလျှင် စကြာပန်း၊ ဒီတစ်ည ပန်းလှနေစေရမည်။ ညစဉ်ညတိုင်း ပန်းခုံလည်းလှအောင် သီမည်။ ပရိသတ်ကြီး ၁၁ သုတ်လည်း မြန်မြန်ကုန်အောင်အံမည်။ ဆရာကြီးဘုရား ဝင်သင်ပေးသော အောဘိစိဒ္ဒိကိုလည်း တတ်အောင်သင်မည်။ စကြံလမ်းကူ့ တိုင်ကို မှီပြီးလည်း အိပ်မငိုက်တော့ပါ။

''အလို ... ဘုရားကြီး ဗုဒ္ဓေါ ဟိုမှာ ညေ့သံညည်ပြန်ဖို့ ပြင်ဆင်နေပြီ။ မကေသာရီ လိုက်သွားမှာမဟုတ်လား ဘုရား၊ ဘာဖြစ်လို့ ဒီမှာ ပန်းလာခူးနေရတာလဲ ဘုရာ့'

မကာ္ဗနဇ၏အမေးကို ဖြေစရာမရှိသည့်အလား ခေါင်းကိုပင် ခါယမ်းလျက် သူ ဆိုချင်ရာ နှုတ်တက်ရွရွ ရွတ်ဆိုလိုက်လေသည်။ ညဘက် ဘုရားဝတ်တက် ရွတ်ဆိုရလေ့ရှိသော ဗုဒ္ဓဖြစ်စဉ်လင်္ကာလေးက မကေသာရီ၏စိတ်အစဉ်ကို ထိန်းချုပ်ပေးနေသည့်အလား။ မကာ္ဗနမှာမူ ရုတ်ခြည်းပင်လျှင် အတွေးတစ်မျိုး ပေါက်လျက် နောက်ပြန်လှည့်ကာ တိုက်ဇရပ်ဘက်ခြေလှမ်းသွက်နေတော့၏။

တောတန်းလေးအစပ်မှာ မကေသာရီတစ်ယောက် တစ်စုံတစ်ရာ အမှောင့်ပယောဂ ဝင်လေပြီလား အတွေးဖြင့် ဘွားပိန်ထံ သတင်းပို့ရန် အမြန်လျှောက်နေသော်လည်း မကေသာရီ အသံအေးအေးလေးက အပြေးပင် ကပ်ပါလာလေသည်။

''သုံးလူ့ရှင်ပင်၊ ကျွန်ုထိပ်တင်၊ သောင်းခွင်စကြဝဠာ၊ နတ်ပြဟ္မာတို့၊ ညီညာရုံးစု၊ တောင်းပန်မှုကြောင်၊ ရတုနဂို၊ ရွှန်းရွှန်းစိုသည်၊ ဝါဆိုလပြည့်ကြက်မင်းနေ့ဝယ်။ ချမ်းမြေ့ကြည်ဖြူ၊ သန္ဓေယူသည်၊ နတ်လူငြိမ်းဖို့ကိန်းပါကို''

''သန္တေယျခါ ဆယ်လကြာသော်၊ မဟာသက္ကရာဇ် ခြောက်ဆယ့်ရှစ်ကြွံ၊ ကဆုန်လပြည့်၊ သောကြာနေ့ဝယ်၊ ချမ်းမြေ့စုံစီ၊ လုမ္ဗိနီ၌၊ မဟီလိုက်ဆူ၊ ဖွားတော် မူသည် နတ်လူအောင်မြို့ လမ်းပါကို''

''ဖွားမြင်မြောက်သော် ဆယ့်ခြောက်နှစ်ရှယ်၊ ပျိုနုနယ်၌ ...''

❑

ကလျာမဂ္ဂဇင်း

၃၀ နှစ်ပြည့် အမှတ်တရ၊ ဇန်နဝါရီလ၊ ၂၀၁၆ ခုနှစ်။

## ချိုမြသစ်သီးတို့သည်လည်း ပိုးကိုက်ခြင်းနှင့် မကင်းနိုင်

ထိုနေ့က မည်သည့်စေဆော်မှုကြောင့်ပင် မသိ၊ မြို့သစ်ရှိ ပုပ္ပါးရုံ စာသင်တိုက်အတွင်းသို့ ခြေဦးလှည့်မိလေသည်။ ကျွန်မက သီလရှင် လူထွက်ပီပီ အချိန်ဘယ်လောက်ကြာကြာ အတိတ်ဟောင်းကို မမေ့သေး။ ဘဝဟောင်းကို မမေ့သေး။ ထိုနေရာ ထိုဘဝဆီ ပြန်မည်လားမေးလျှင်တော့ အဖြေမရှိသလို ဆိတ်ဆိတ်နေဘိ၏။

ထိုမမေ့သည့်အရာများထဲတွင် သက်ရှိဇာတ်ကောင်များ အများ အပြား ပါဝင်သည်။ ထိုအများအပြားထဲတွင်မှ အစ်မကေဟုခေါ်သော ဒေါ်ကေသာရီသည် ရှေ့ဆုံးက ပါဝင်၏။

ကျွန်မငယ်စဉ် သီလရှင်ဘဝဖြင့်နေဖြစ်သော မော်လမြိုင် ခေမာ ရာမ သီလရှင်စာသင်တိုက်ကြီးတွင် အစ်မကေနှင့် တွေ့ဆုံခင်မင်ခဲ့ရသည်။ အစ်မကေက ထောင်ထောင်မောင်းမောင်း၊ မျက်နှာပြည့်ပြည့်၊ ဉာဏ်ရည် ဉာဏ်သွေးကောင်းမွန်သော မျက်ဝန်းတောက်တောက်များကို ပိုင်ဆိုင် သည်၊ လှုပ်ရှားမှု သွက်လက်သော အသံသြဇာကောင်း၏။

ညနေစောင်း ဘုရားဝတ်တက်သည့်အခါ အစ်မကေ၏ ဘုရားပင့်သံသည် ကျန်ဆရာလေးများကို နှိုးဆော်ခြင်းသဒ္ဒါတရားတို့ သွန်းလောင်းနေသလို ထင်ရ၏။ ကြည်လင်ပြတ်သားသော အသံတုံးနောက်တွင် ကရုဏာသံသည် တွယ်ငြိကပ်ပါနေဟန် သိမ့်သိမ့်လွင်လွင် ရှိလှသည်။

ထိုအစ်မကေသည် ပရိယတ္တိသာသနာ့ဝန်ကို ထမ်းရာတွင် သဒ္ဓါတရား ထက်သန်လှ၏။ အခြေခံကျောင်းပညာ ၇ တန်းနှင့် သာသနာ့ဘောင် ရောက်လာသဖြင့်လည်း အခြားစာသင်တိုက်ရောက်မှ သင်ပုန်းကြီးသင်ရသော သူများနှင့်စာလျှင် ဗုဒ္ဓစာပေသင်ကြားရာ၌ တာသွားလှ၏။ အချိန်တိုတို နှစ်ကာလတိုတိုအတွင်း အငယ်တန်း၊ အလတ်တန်း၊ အကြီးတန်းစာမေးပွဲများကို ဖြေဆိုအောင်မြင်သူတစ်ယောက် ဖြစ်လာသည်။ ပရိယတ္တိ သဒ္ဓမ္မပါလ၊ သုသမာစာရလို မြို့ကကျင်းပသော အသင်းအပင်းစာမေးပွဲများတွင်လည်း ထီးဖြူဆောင်း ဘွဲ့ထူးဂုဏ်ထူးတွေ ရလာသည်။ အစိုးရစာချတန်းကို အောင်မြင်ပြီး စာသင်တိုက်မှာ ထင်ရှားသော သာသနာ့အာဇာနည် ဖြစ်လာသည်။ စာသင်တိုက်ကို ဦးဆောင်သူ ဆရာကြီးဘုရား၏ အားထားရာ ဖြစ်လာသည်။

မြစ်ချောင်းတွေ ပင်လယ်ထဲ စီးဆင်းသော အဟုန်မျိုးဖြင့် အစ်မကေ၏ အောင်မြင်မှုသည် အလုံးအရင်းနှင့် ပန်းတိုင်ဆီသွားနေသည်။ ထိုနှစ်က ကျွန်မ ဇာတိမြေသို့ ရောက်သွားတော့ ဇာတိမြေမှာ ထူးခြားသော ပြောင်းလဲမှုကြီးဖြစ်နေသည်။ ကြီးမားခံ့ထည်သော စာသင်တိုက်ကြီးတစ်တိုက် ပေါ်ထွန်းနေခြင်းပင်။ ထိုစာသင်တိုက်ကို ဦးစီးဦးဆောင်သူမှာ အစ်မကေ ဖြစ်နေတာ မဆန်းတော့ပါ။

နောက်ထပ် ထိုစာသင်တိုက်ခွဲ ရန်ကုန်မြို့သစ်မှာ ပေါ်လာတော့ ကျွန်မ အစ်မကေ၏ စွမ်းဆောင်မှုကို မချီးကျူးဘဲ မနေနိုင်တော့။

"စာရေးဆရာမရေ တချို့ကိစ္စတွေဟာ နယ်ကနေ လုပ်နေရင် ကြန့်ကြာတာမျိုးတွေ ရှိတယ်။ ဒါကြောင့် ရန်ကုန်မှာ ဝင်တိုးရတာပါ။ ဒီက

ဒါယကာတွေ စေတနာ သဒ္ဓါတရား ကောင်းတာလည်း ပါတာပေါ့။ ဆရာလေးတော့ အစွမ်းကုန် ရုန်းလိုက်ဦးမယ်''

သူ့ဆီသွားတော့ သူ့သဘောထားတွေကို သိလာရသည်။ အပြောအလုပ်ညီစွာ စာသင်တိုက်ကို ဖွံ့ဖြိုးစည်ပင်အောင် စွမ်းဆောင်နိုင်ပါပေ၏။ သည်နေ့ မြို့သစ်ဘက် ကိစ္စနှင့်လာရင်း မရောက်တာကြာပြီဖြစ်သော ပုပ္ဖါရုံစာသင်တိုက်ထဲ ခြေလှမ်းဝင်မိသည်။

မြင်ကွင်းက ထင်မှတ်မထားသော မြင့်ကွင်း။ အစ်မကေ ခုတင်ဘေးမှာဆရာလေးတွေဝိုင်းနေသည်။ ဘာများဖြစ်တာပါလိမ့်။ တစ်လောကနေမကောင်းဘူး ကြားထားတာ။ တကယ်ပဲ ရောဂါကြီးဖြစ်နေပြီလား။ ကျွန်မ ခုတင်ဘေးမှာ ရပ်တော့ သူ မျက်လုံးဖွင့်ကြည့်သည်။

''စာရေးဆရာမလည်း ပျောက်နေလိုက်တာ''

ကျွန်မက မိုးကြိုးကို ထန်းရွက်နှင့်ကာသလို အလုပ်တွေများကြောင်း၊ ခရီးသွားများကြောင်း အကြောင်းပြချက်ကောင်းကောင်း ပေးရ၏။ တစ်သက်လုံး ဖျတ်လတ်သွက်လက်လာသူကြီး အိပ်ရာပေါ်မှာ ငြိမ်နေသော မြင်ကွင်းက ကြည့်လို့ မကောင်းပါပေ။

ပြန်မည်နှုတ်ဆက်ပြီး အပြင်ဘက်ထွက်လာတော့ ဆရာလေးတစ်ပါး အနောက်က လိုက်လာသည်။ အစ်မကေ၏ အနီးကပ်ပြုစုသူဆရာလေး ဒေါ်စန္ဒဝတီ။

''အခု ထိုင်းမှာ သွားကုပြီး ပြန်လာတာ။ ရောဂါက ကျွမ်းနေပြီ။ အဆုတ်က မကောင်းတော့ဘူး။ ဆရာဝန်ကတော့ ရက်ပိုင်းပဲခံတော့မယ်လို့ ပြောတယ်။ ဆရာလေးတို့က ကိုယ့်ဆရာဆိုတော့ ရသလောက်ဆွဲချင်တယ်။ နောက်ဆုံးတော့ ကံကို ယိုးမယ်ဖွဲ့ရမှာပါ။ ကံပေးသလောက်ပေါ့''

ဩော်မတွေ့တာကြာ၊တွေ့မည့်တွေ့တော့နောက်ဆုံးအခြေအနေဆိုပါလား။ နောက်သုံးရက်အကြာ အစ်မကေ ဆုံးသတင်း ရောက်လာတော့သည်။ ဘဝနိဂုံး အဆုံးသတ်ကလည်း မြန်ဆန်လွယ်ကူလှပါလား။

ကျွန်မ မမျှော်လင့်ဘဲ ရောက်သွားတာ အစ်မကေကို သွားနှုတ်ဆက်သလို များ ဖြစ်သွားလေသလား။

ဇာတိမြေက ပင်မစာသင်တိုက်မှာတော့ အစ်မခေမာ ဦးစီးကျန်ရစ်သည့်အတွက် တော်ပေသေး၏ဟု စိတ်မှာ မှတ်ယူမိ၏။ တစ်ဆက်တည်းမှာပင် အစ်မခေမာ၏ လှုပ်ရှားမှုပုံရိပ်များ မျက်စိထဲ မြင်ယောင်မိ၏။ သူတို့နှစ်ဦး တစ်ချိန်က အတွဲညီစွာ ပုပ္ပါရုံစာသင်တိုက်ကြီးကို ဦးစီးတည်ထောင်ခဲ့ကြသည် မဟုတ်ပါလား။

❑

တကယ်ဆို ကျွန်မက အစ်မကေထက် အစ်မခေအပေါ် ပို၍ ခင်မင်တွယ်တာသူ ဖြစ်သည်။ ထိုကိစ္စသည် ကျွန်မဖေဖေနှင့် ဆိုင်မည်ထင်သည်။ ပုပ္ပါရုံစာသင်တိုက်ကြီး၏ မြေနေရာသည် အစ်မခေ၏အစ်ကို ကျောင်းထိုင်ဆရာတော်ပိုင်သောမြေ ဖြစ်သည် (ကျောင်းထိုင်ဆရာတော်သည် ဖေဖေ၏ ရင်းနှီးမိတ်ဆွေဖြစ်သည်။)။ ထိုနေရာသည် တောင်စောင်း၏အောက်ခြေ အပြန့်တွင်ရှိပြီး ဟိုယခင်က ဆရာတော် စံသည့် အုတ်ခံကျောင်းနှင့် ဆရာတော်နမ အစ်မခေ မော်လမြိုင်မှ နွေစာဝါပိတ်၍ ပြန်လာလျှင်နေသည့် ခြေတံရှည်သစ်သားဇရပ်ကလေးသာ ရှိသည်။

ကျွန်မ သီလရှင်ဝတ်နှင့် မမြဲ၍ လူထွက်ရသော်လည်း စိတ်က သီလရှင်စိတ် ဖြစ်သည်။ နွေကျောင်းပိတ်လျှင် အစ်မခေ ပြန်လာသံကြားပါက တောင်ခြေကျောင်းကလေးသို့ အပြေးရောက်လာမြဲ။ ဥပုသ်ယူကာ အစ်မခေနားမှာ နေလေ့ရှိသည်။

အစ်မခေက ပိန်ပိန်ပါးပါး၊ စကားပြောလျှင် တိုးတိုးညင်သာ၊ ကရင်လူမျိုးဖြစ်သဖြင့် မျက်နှာက လေးထောင့်ကျကာ အချို့ကိစ္စများ၌ မထင်မှတ်ဘဲ ခေါင်းမာတတ်သည်။ ငယ်စဉ်ကပင် ပန်းနာရင်ကြပ်ရှိသဖြင့် ကြည့်လိုက်လျှင် ဆေးနှင့် ပြတ်သည်မရှိ။ တရှောင်ရှောင်ဖြစ်နေတတ်သည်။

ကျွန်မ သူ့အနားမှာ ၁၀ တန်းစာတွေ ကျက်နေတာကို ကြည့်ပြီး အစ်မခေ ပြုံးလေ့ ရှိသည်။

''မဓမ္မနန္ဒီ သီလရှင်ပြန်ဝတ်ပါလားဟင်''

အစ်မခေက ကျွန်မ လူနာမည်ကို ဘယ်တော့မှ မခေါ်။ သူ နှုတ်ကျိုးနေသော သီလရှင်နာမည်ကိုပင် ခေါ်သည်။

ကျွန်မသည် ခေါင်းကို ခပ်လေးလေး ယမ်းခါလိုက်မိသည်။ သုံးနှစ်တာ နားခိုဖူးသော သာသနာ့ဘောင်၏ အေးခြင်းပူခြင်းကို ကျွန်မ ကောင်းစွာသိရှိထားသူ ဖြစ်သည်။ ဝတ်တုန်းကလည်း ကိုယ့်အကြောင်းနဲ့ ကိုယ်၊ ထွက်တော့လည်း ကိုယ့်အကြောင်းနဲ့ကိုယ်ပါပဲ။

ကျွန်မအိမ်၏ မိသားစုအရေးအခင်းကို သိထားသော အစ်မခေက အတင်းတော့ မတိုက်တွန်းပါ။

''ဉာဏ်ကောင်းပြီး စာသွားတဲ့သူတွေ သာသနာ့ဘောင်မှာ များများလိုအပ်တယ်။ မဓမ္မနန္ဒီထွက်သွားတော့လေ ဆရာလေး နမြောနေ တာ။ အဘိဓမ္မာသုံးဆင့်လည်း အောင်ထားပြီဆိုတော့ ရှေ့ကိုတက်လမ်း ချည်းပဲ။ ပထမငယ်ဝင်ဖြေလည်း နှစ်ချင်းအောင်မယ့်ဟာကို''

အစ်မခေက ထိုသို့ အတိတ်ကို လှန်တတ်သူဖြစ်သည်။ ကျွန်မ ကတော့ အစ်မခေ နံနက်စောစော လေးနာရီထလျှင် လိုက်ထ၏။ အရက် ဆွမ်း ဆန်ပြုတ်သောက်လျှင် လိုက်သောက်၏။ တောပန်းတွေခူးကာ ဘုရားတောင်တက်လျှင် လိုက်တက်၏။ နေ့လယ်နေ့ခင်း အစ်မခေ စာအုပ် ကိုင်လျှင် ကျွန်မလည်း ကျောင်းစာအုပ်တွေ ကိုင်တော့သည်။

သည်လိုနှင့် နေ့ရက်တွေ တဖြုတ်ဖြုတ်ကြွေသွား၏။ မိုးလေး တစ်ပေါက် နှစ်ပေါက်ကျသောအခါ ကျောင်းပေါက်ဝတွင် ဖေဖေ ဘွားခနဲ ပေါ်လာ၏။ ကျွန်မ ကျန်းမာရေးလည်း တစ်မျိုးတစ်မည် ဖြစ်လာ၏။ တောင် ခြေမှာ ငှက်ဖျားရှိသည်ကိုး။ သည်လိုနှင့် အစ်မခေလည်း မော်လမြိုင် စာသင်တိုက်ကြီးကိုပြန်၊ ကျွန်မလည်း အသိုက်ဟောင်း အိမ်ဆီသို့ ပြန်။

နောက်ပိုင်းတော့ အစ်မခေ ကျန်းမာရေးကြောင့် စာချတန်းမပြီးကြောင်း သိရသည်။ ကျွန်မလည်း အလုပ်တာဝန်နှင့် တနင်္သာရီတိုင်းကို ဆင်းကာ အဆက်ပြတ်သွားတော့သည်။ နောက်ထပ် ဆယ်စုနှစ်ကြာပြီးသောအခါမှာတော့ တောင်ခြေတောကျောင်းကလေးမှာ ပုပ္ပါရုံစာသင်တိုက်ကြီး ဖြစ်လာသည်။ အစ်မကေနှင့် အစ်မခေတွဲကာ သီလရှင်သာသနာ စည်ပင်ဖို့ ကြိုးပမ်းကြသော သတင်းက အားတက်ဖွယ်ရာပင်။

အစ်မကေက မင်းပေါက်စိုးပေါက် ဖျတ်လတ်သွက်လက်သူမို့ စာသင်တိုက်စည်ပင်ဖို့နောက်တိုက်ခွဲတစ်ခု ရန်ကုန်မှာလာအခြေတည်ရင်း အဆုတ်နာဖြင့် ဆုံးပါးခြင်း ဖြစ်သည်။ အစ်မကေဆုံးပြီဆိုတော့ သူ့တွဲဖက်အစ်မခေကို အလိုလို လွမ်းလာသည်။ သို့နှင့်ပင် ဇာတိမြေအပြန်ခရီးကို ခပ်သွက်သွက် စတင်လိုက်မိသည်။

❑

ဇာတိမြေသို့ ရောက်ပြီဆိုလျှင် မလွဲမရှောင်သာ တွေ့ရမည်သူတစ်ယောက် ရှိသည်။ ထိုသူမှာ ငယ်သူငယ်ချင်း စိုးစိုးဖြစ်သည်။ ယခုတော့ ဒေါ်စိုးစိုး ဖြစ်နေချေပြီ။ စိုးစိုးတို့က မျိုးနှင့်ရိုးနှင့် ချမ်းသာသော သူဌေးတွေဖြစ်သည်။ ချမ်းသာသလောက် သဒ္ဓါတရားကောင်း၏။ အလှူရေစက်လက်နှင့်မကွာသူများ ဖြစ်သည်။

အစ်မကေနှင့် အစ်မခေတို့ရဲ့ ပုပ္ပါရုံစာသင်တိုက်ကြီး စည်ပင်ဖို့ စိုးစိုးမိဘများ ပိုင်းဝန်းကူပံ့မှုများစွာ ပါဝင်သည်။ မြို့မှာရှိသော သာသနိကအဆောက်အအုံမှန်သမျှ စိုးစိုးတို့အလှူနှင့် ကင်းသည့်အရာမရှိ။ စိုးစိုးမိခင်ကျောင်းအမကြီး ကွယ်လွန်တော့ ထိုနေရာကို စိုးစိုးဆက်ခံသည်။

တောင်ခြေမြေနေရာမှာ စာသင်တိုက်တည်တော့မည်ဆိုတော့ အစ်မခေ၏ သစ်သားဇရပ်နေရာမှာ တိုက်ဇရပ်ပေါ်လာသည်။ ဒါယကာမှာ စိုးစိုးတို့မိသားစု ဖြစ်သည်။ သို့ဖြင့် ဆရာရင်း ဒကာရင်းများအဖြစ် စိုးစိုးသည်

ပုပ္ပါရုံနှင့် ရင်းနှီးကျွမ်းဝင်သည်။ ကျွန်မကိုမြင်တော့ စိုးစိုး ဝမ်းသာရှာသည်။

''ကိုယ့်မြို့ကို ဒီလိုလေး ပြန်လာဦးမှပေါ့ စာရေးဆရာမရယ်''

စိုးစိုး သည်လိုခနဲ့တဲ့တဲ့ ပြောလျှင် ရယ်လို့သာနေရ၏။ ကျွန်မကလည်း ကျွန်မပင်။ ဇာတိမြေနှင့် အနေစိမ်းသလို ဖြစ်နေသည်။

''အခု လာပြီ မဟုတ်လား။ ရန်ကုန်က ပုပ္ပါရုံမှာ အစ်မကေ ဆုံးသွားတော့လေ သတိရစရာတွေများပြီး မြို့ကိုပြန်လာတာပါ''

ကျွန်မစကားကြောင့် စိုးစိုးမျက်နှာတည်သွားကာ –

''ဒေါ်ကေ ဆုံးတာတော့ သိပြီး ဒေါ်ခေ ဆုံးတုန်းကတော့ မသိဘူးဟုတ်လား''

''ဟင် ... ဒေါ်ခေ၊ အစ်မခေ ဘယ်တုံးက''

''ခြောက်လလောက်တောင် ရှိပြီ။ မနွယ်ရယ် ဘယ်မှာသွားအိပ်ပျော်နေတာတုံး''

''အစ်မကေ ကိစ္စပေါ်တုန်းကလည်း ဘယ်သူမှ မပြောကြဘူး။ တကယ်ဆို ပြောရမှာပေါ့''

''ဘယ်ပြောပါ့မလဲ။ သူတို့အာရုံထဲမှာ ဒေါ်ခေမာသီဆိုတာ ရှိမှမရှိဘဲကိုး''

စိုးစိုးကို ကြည့်ရသည်မှာ တစ်စုံတစ်ရာကို မကျေမနပ်ဖြစ်နေပုံပေါ်သည်။

''ပြောရရင် မကောင်းပါဘူး။ ဒါပေမဲ့ ပြောမှကိုဖြစ်မယ်။ စာသင်တိုက် စတည်တော့ မြေနေရာဟာ ဒေါ်ခေမာသီအစ်ကို ဘုန်းတော်ကြီးရဲ့ မြေနေရာပါ။ ဒါပေမဲ့ ဒေါ်ကေသာရီရဲ့ စွမ်းဆောင်မှု ထက်မြက်မှုကြောင့် စာသင်တိုက်ကြီး ဟီးထစည်ပင်လာတာတော့ ငြင်းလို့မရပါဘူး။ ဒေါ်ကေက ဦးဆောင်မှုကောင်း၊ ဒေါ်ခေက အအုပ်အထိန်းကောင်းတယ်။ သူတို့နှစ်

ယောက်မှာ တစ်ယောက်ချင်းစီ အရည်အချင်း ကိုယ်စီရှိကြတာ မငြင်းနိုင်ပါဘူး။ နှစ်ယောက်ပြိုင်တူတွန်းလို့ ရွှေ့ခဲ့ကြတာ မဟုတ်လား''

''ဟုတ်တယ်လေ၊ ဒါကြောင့် ရန်ကုန်မှာတောင် တိုက်ခွဲသွားထောင်နိုင်တာ မဟုတ်လား။ အဲဒါ ဘာဖြစ်လို့လဲ''

''ဘာမှမဖြစ်ပါဘူး။ စိုးတော့ ဒေါ်ကေ့ကို မကြိုက်ဘူး''

''ဟင် ... ဘာဖြစ်လို့''

''ပြောရခက်တယ် မနွယ်ရယ်။ ဒေါ်ကေက သူ့ကိုယ်သူ ယုံကြည်မှု အားကြီးလွန်းတယ်။ စွမ်းလည်း စွမ်းခဲ့တာကိုးလေ။ ဘယ်လောက်စွမ်းစွမ်း ပေါ့။ ဒေါ်ခေ့ကျေးဇူးတရားကိုတော့ သိသင့်တယ်။ သာသနာကိစ္စ ဒကာမက ဝေဖန်တယ်ဆိုတာ ကောင်းတော့ မကောင်းဘူးပေါ့။ ဒေါ်ခေ့မြေမှာ ဒီလို စည်ပင်သာယာလာချိန်မှာ ဒေါ်ခေ့အပေါ် ဒီလိုမဆက်ဆံသင့်ဘူး''

ကျွန်မ တော်တော်စိတ်ညစ်သွားသည်။ အစ်မကေနှင့် အစ်မခေ မသင့်မတင့်ဖြစ်လာသော ဆက်ဆံရေးကို ကျွန်မ မသိ။ အနေဝေး အဆက်ပြတ်သွားလည်း ပါသည်။ ပြီးတော့ ဖြစ်ကို မဖြစ်သင့်တဲ့ကိစ္စ မဟုတ်လား။ နှစ်ပါးစလုံးကလည်း ရင်းနှီးကျွမ်းဝင် အတွင်းသိ အစင်းသိတွေ။ နှစ်ပါးစလုံးအပေါ် ကြည်ညိုရင်းစွဲရှိသူအဖို့ စိုးစိုးစကားကို ဘယ်လိုလက်ခံရမှန်း မသိ။

''အစ်မကေက ထက်မြက်တယ်။ စိတ်မြန်တယ်။ ဘာမဆို ဆုံးဖြတ်တာ မြန်တယ်။ ဒါကြောင့်လည်း အချိန်တိုတိုအတွင်း ရှေ့တန်း ရောက် တိုးတက်လာတာပေါ့။ အစ်မကေစွမ်းလို့ သီလရှင်အာဇာနည် ပညာတတ်ပုဂ္ဂိုလ်တွေ ပေါ်ထွက်လာတာ အများအပြားပါပဲ။ ဒီလိုလူမျိုးမှာ ချို့ယွင်းချက်တော့ ရှိမှာပေါ့စိုးစိုးရာ။ ကိုယ်တွေကပဲ ဖြည့်တွေးပေးရမှာပေါ့။ နားလည်ပေးရမှာပေါ့။ သူ့ကောင်းချက်၊ တော်ချက်တွေကို ထောက်ထားပြီး အချို့ကိစ္စတွေ မသိချင်ယောင်၊ မမြင်ချင်ယောင် ဆောင်ပေးရမှာပေါ့'

''ဟုတ်ပါတယ်။ ဒါကြောင့်လည်း မေမေတို့လက်ထက်ကတည်း က တည်ဆောက်ခဲ့တဲ့ အစဉ်အလာ မပျက်ယွင်းအောင် ပေးကမ်းထောက်ပံ့ မှုကို မရပ်ဆိုင်းဘဲ ဒီနေ့အထိ ရှေ့ဆက်ခဲ့တာပေါ့။ ဒါပေမဲ့ မနှယ်ရေ လူဆိုတာ အစွဲရှိတယ်။ စွဲလမ်းမှုလို့ပဲ ဆိုပါတော့။ အဲဒီနေ့က မြင်လိုက်ရတဲ့ မြင်ကွင်းကိုတော့ စိုးတစ်သက် မမေ့နိုင်သလို ရင်ထဲမှာလည်း ဘယ်လိုမှ ဖြေဖျောက်လို့ မရဘူး ဖြစ်နေတယ်''

''မြင်ကွင်း ဟုတ်လား စိုးစိုး၊ ဘာမြင်ကွင်းလဲ''

စိုးစိုးက ကျွန်မမေးတော့ မဖြေသေးဘဲ အဝေးကို ခပ်ငေးငေး ကြည့်နေသည်။ ဘိုးစဉ်ဘောင်ဆက် ချမ်းသာခဲ့သမျှ အလှူရေစက် လက်နှင့်မကွာခဲ့သော ကျောင်းအမကြီးစိတ်ထဲ ဘာတွေဖြစ်နေပါလိမ့်။ ဘာတွေများ မြင်တွေ့သွားလို့ပါလိမ့်။

''အဲဒီနေ့က ဇရပ်မျက်နှာစာမှာကာထားတဲ့ သံဆန်ခါတွေ အသစ် လဲပေးချင်လို့ ပုပ္ပါရုံထဲရောက်သွားတာပါ။ သံဆန်ခါတွေက မနှယ်သိတဲ့ အတိုင်း နစ်တွေ ကြာပြီလေ။ သံဆန်ခါပဲ အသစ်တပ်မလား၊ သံပန်းဆို ပိုနိုင်မလား၊ ဒေါ်ခေ့ဆန္ဒကရော ဘာတပ်ချင်တာလဲ ဆွေးနွေးတိုင်ပင်ဖို့ သွားခဲ့တာပါ။ ဟိုရောက်တော့ ဇရပ်မှာ ဒေါ်ခေက မရှိဘူး။ ဆရာလေးအငယ် လေးတွေက ဒေါ်ကေ့ဇရပ်ကြီးပေါ် သွားတယ်တဲ့။ ဒါနဲ့ ဒေါ်ကေလည်း တစ်ခါတည်းတွေ့တာပေါ့ဆိုပြီး ဇရပ်ကြီးဘက် ကူးသွားတာပါ။ ဟိုရောက် တော့ တကယ့်ပွဲကြီးပွဲကောင်းနဲ့ သွားတိုးတော့တယ်''

''ဘယ်လို ပွဲကြီးပွဲကောင်း ဟုတ်လား''

''ဘယ်လိုက ဘယ်လိုဖြစ်ကြတယ် မသိ။ ကြည့်ရတာ အချေ အတင်ဖြစ်နေတာ ကြာပြီထင်တယ်။ ဒေါ်ကေက ဒေါသတော်တော်ကြီး နေတယ်။ သူက ထောင်ထောင်မောင်းမောင်း ကိုယ်လုံးတောင့်တောင့် ဆိုတော့ ပွဲက ဘယ်လိုမှ ကြည့်လို့မကောင်းဘူး။ ဒေါ်ခေ့ဆိုတာက နဂိုက ရှုနာရှိုက်ကုန်း ပန်းနာရင်ကြပ် ဖြစ်နေတဲ့သူ။ ရိုက်မောင်းပုတ်မောင်း

လုပ်နေတာများ မနွယ်ရယ် စိုးလည်း ပွဲမလုတော့ သူတို့အမြင်မခံဘဲ ပြန်လှည့်ခဲ့တော့တယ်။ အားမတန်တော့ မာန်လျှော့ရတာပေါ့။ ဒေါ်ခေလေ နောက်ဆုံး သူ့ဆွေမျိုးတွေရှိရာ အရပ်ထဲက အိမ်တစ်အိမ်မှာ သွားရောင် နေလိုက်ရတယ်''

ကျွန်မ ကိုယ့်နားပင်ကိုယ်မယုံနိုင်။ အို ပိန်လျလျ အစ်မခေကို ကျွန်မ သနားလှပါဘိ။ ဘယ်လိုကြောင့် ပညာရှိဏ္ဍန္တွေကို မဆည်နိုင် ဒီလို လက်လွတ်စိတ်လွတ်ဖြစ်ရသည့်အဖြစ်။

''နောက်တဖြည်းဖြည်းအိမ်ကိုဆွမ်းဆန်စိမ်းကြွတဲ့ဆရာလေးကို ချော့မေးကြည့်တော့မှ အဲသလို မကြာခဏဖြစ်လေ့ရှိတာ ဒီတစ်ခါက အဆိုးဆုံးပဲတဲ့။ ဖြစ်တဲ့ကိစ္စက ကျောင်းပိုင်မြေကိစ္စကို အခြေခံပြီး ဖြစ်တာ တဲ့။ ဘာပဲဖြစ်ဖြစ် မနွယ်ရယ် ပုထုဇဉ်မို့ အများမကင်းဘူးထား။ ကိုယ် အစကနဦး လက်တွဲခဲ့သူအပေါ်မှာတော့ ဒီလို ကိုယ်ထိလက်ရောက် ကျူးလွန်တာမျိုးတော့ စိုး သဘောမကျဘူး။ အဲဒီနေ့က ဒေါသကြောင့် ကျယ်နေတဲ့ ဒေါ်ကေ့အသံ၊ ဒေါသကြောင့် အရောင်ထွက်နေတဲ့ ဒေါ်ကေ့ မျက်လုံး ဝင်းဝင်းတောက်တောက်ကြီး စိုးအာရုံထဲက မထွက်တော့ဘူး''

စိုးစိုးက ပြောစရာစကားလုံးကုန်သွားသလို ငြိမ်တိတ်သွားသည်။ ကျွန်မအတွေးတွေကတော့ အစ်မကေဆီကိုတစ်လှည့်၊ အစ်မခေဆီကို တစ်လှည့် တစ်ပြန်တစ်လှည့်ဆီ အပြေးအလွှားလိုက်သွားနေသည်။ အတန်ကြာမှ စိုးစိုးက –

''ကဲ ... ဘယ်လိုလဲ စာရေးဆရာမရေ ပုပ္ပါးရုံကို သွားဦးမလား။ သူတို့နှစ်ပါး မရှိပေမဲ့ တိုက်အုပ် ဒေါ်ဉာဏတော့ ရှိလိမ့်မယ်''

ကျွန်မ ခေါင်းကို ခပ်လေးလေး ယမ်းခါလိုက်လေသည်။ အစ်မခေ ကို လွမ်းလို့ ဇာတိမြေမှာ ပုပ္ပါးရုံဆီလာခဲ့တာ။ အစ်မခေ မရှိဘူးဆို ဘာမှ အဓိပ္ပာယ်မရှိတော့ဘူး မဟုတ်လား။

အလာတုန်းက ခြေလှမ်းသွက်သလောက် အပြန်မှာ ဖင့်နွှဲ့လေး ကန်မှုတွေနဲ့ အတွေးဘောင်ဘင်တွေ နိုပ်စက်ခြင်းနှင့်အတူ တစ်စုံတစ်ရာ ကို လွတ်ကျဆုံးရှုံးသွားသလို လွတ်ဟာမှုမျိုး နှလုံးအိမ်မှာ တရိပ်ရိပ် ဝေ့သီ လာတော့သည်။ ဘာကြောင့်လဲ။ ဘာကြောင့် ဒီလိုဖြစ်ရတာလဲ။ ဆင်ခြင်တုံ တရားက အတ္တနံ့ရုံထူထဲထဲကို ထိုးခွဲ တိုးပေါက်ခြင်း မပြုနိုင်လို့လား။

အရိယာသူတော်စင် မဖြစ်သရွေ့ ငါဆိုသော အတ္တမာနတွေ တလူလူ လွင့်နေဦးမှာလား။ ကျွန်မ ဆရာမောင်ခိုင်မာကို သတိရသွားမိ သည်။ ဆရာ မကွယ်လွန်မီရေးသွားသော **ပဋိစ္စသမုပ္ပါဒ်ရုပ်ရှင်** ကဗျာ စာအုပ်ထဲက အတ္တနှင့်ပတ်သက်သော ဆရာ သတိပေးသွားသည့် ကဗျာစာသားကလေးက အာရုံထဲ တလွင့်လွင့် တိုးဝင်လာသည်။

*'ယခင်က*
*အဖြူရောင်ပန်းများဟာ*
*အခုတော့*
*မတူအောင်*
*ဆန်းပြားနေကြပြီလေ*
*လူတန်းစား*
*စိတ်ရောင်စုံ အဖုံဖုံ*
*လူ့ဂုဏ်သိက္ခာ ထိုင်ခုံအမျိုးမျိုး*
*လူ့တန်ဖိုး သတ်မှတ်ချက်*
*အသွယ်သွယ်*
*လူ့နယ်ပယ် အဖွဲ့အစည်း*
*အသီးသီး*
*လူ့ခရီး ရေစီးကြောင်း*
*အသွင်သွင်*
*လူ့ယဉ်ကျေးမှုလက္ခဏာ*

အခန်းခန်း
လူမျှော်မှန်းတမ်းတမှု
အရပ်ရပ်
တရစပ် စီးမျောနေကြတဲ့
အနတ္တလွင်ပြင်ကြီးထဲမှာ
အတ္တအပင်တွေ
ကြီးသထက်ကြီး
အတ္တအသီးတွေ
မြိုင်သထက်မြိုင်
အတ္တအနိုင်တွေ
မြင့်သထက်မြင့်
အတ္တအပွင့်တွေ
ထုံသထက်ထုံတော့
အတ္တထိုင်ခုံတွေကို
အသုံးပြုထမ်းရ
တုံးခုလှမ်းကြတဲ့
အဖြစ်ကတော့
ယနေ့ ပစ္စက္ခအထိပေါ့
သတိမလျော့နဲ့ ရှင်မရယ်' တဲ့။

□

ကျေးရွှေတာမာမဂ္ဂဇင်း
အမှတ် ၉၊ ဇူလိုင်လ၊ ၂၀၁၈ ခုနှစ်။

## မပျော်ရွှင်ခြင်း သစ်သီး

ခါးဝတ်စအဟောင်းကို ရေဇလုံထဲနှစ်လိုက်စဉ်မှာပင် အောင်မြင် မြည်ဟိန်းသော အသံကြီး ထွက်ပေါ်လာတော့သည်။

''ကေသီတို့၊ ဒေဝီတို့၊ မာလာတို့၊ သုစန္ဒီတို့ မရိုကြမကပ်ကြနဲ့။ အလုပ်ကို အားသွန်ခွန်စိုက်လုပ်ကြ၊ စေတနာထားပြီး လုပ်ကြ''

သည်အသံကြားလျှင် ဆရာလေး မသုစန္ဒီ အကြောက်လွန်ပြီး တုန်တုန်သွားတတ်သည်။ ကြောက်မည်ဆိုလည်း ကြောက်စရာ။ ဒေါ်ကြီး ဘုရားအသံက အလွန်အောင်သလို လူပုသလောက် ခြေလှမ်းက အလွန် မြန်သည်။ ပြီးလျှင် သူ့လက်စွဲတော် ကြိမ်သံ တဖြန်းဖြန်းကလည်း မသုစန္ဒီ တို့လို ဆရာလေး အငယ်လေးတွေကို အကြောက်တရား ပိုမိုကြီးထွား စေသည်။

ဆရာလေးမသုစန္ဒီသည်ခါးဝတ်စကိုရေထဲသို့မြန်မြန်နှစ်လိုက်ပြီး ရေကို မစင့်တစင်ညှစ်ကာ စကြံလမ်းသစ်ပြားပေါ် လက်ကလေးနှင့် ဖိတွန်း

လိုက်သည်။ လူကြီးလက်တစ်ဝါးစာ သစ်ပြားများ ရိုက်ထားသော အိမ်သာနှင့် မီးဖိုကို ဆက်ထားသည့် စကြ်လမ်းသည် တော်တော်ရှည်သည်။

ညနေ စာဝါသိမ်း ခေါင်းလောင်းခေါက်သည်နှင့် မသုစန္ဒီသည် သူတာဝန်ကျရာ စကြ်လမ်းဆီသို့ အပြေးလာခဲ့သည်။ ခါးဝတ်ရေဆွတ်ကာ ထိုလက် တစ်ဝါးစာ အခင်းပြားကလေးပေါ် နာနာပွတ်ရသည်။

''မသုစန္ဒီ လက်ထဲကို အားထည့်ပြီးလုပ်နော်၊ ဒါမှ တစ်နေ့လုံး လူတွေ နင်းလျှောက်ထားတာတွေ သန့်စင်သွားမယ်။ ဒါပြီးရင် အိမ်သာကြမ်းပြင်တွေကို အုန်းခွံအကြမ်းဖတ်နဲ့ နာနာတိုက်ရဦးမယ်။ သွက်သွက်လက်လက်လုပ်၊ စေတနာထားပြီးလုပ်။ ဒီဘဝမှာ ကိုယ်က အကျိုးပေးမကောင်းတော့ နောက်ဘဝ နတ်သမီးဖြစ်အောင်''

ဒေါ်ကြီးဘုရားက မီးဖိုဝ စကြ်ထိပ်မှရပ်ကာ အော်နေသည်။ ဒီဘဝမှာ ကိုယ်က အကျိုးပေးမကောင်းတော့ ... တဲ့။ အကျိုးပေးမကောင်းဆိုသည့်စကား မသုစန္ဒီ သိပ်နားမလည်။ ကံမကောင်းတာကို ပြောတာလား။ သူ နားလည်သည်မှာ သူ့အရွယ် မတိမ်းမယိမ်းဆရာလေးတွေ အများကြီးရှိတာ သူ့မှ စကြ်လမ်းကို ဘာကြောင့် နေ့စဉ်ကြမ်းတိုက်နေရပါသလဲ။ ဘာကြောင့် နေ့စဉ်အိမ်သာ ဆေးနေရပါသလဲ။

တကယ်ဆို သူ စာသင်တိုက်ရောက်လာသည်မှာ ၂ နှစ်ခန့် ရှိပြီ။ ရောက်ကတည်းက စကြ်လမ်းက မတက်သေး၊ နေရာမရွှေ့သေး။ ဆရာလေး မကေသီတို့၊ မဒေဝီတို့တောင် မီးဖိုဆောင်ထဲ ရောက်ကုန်ပြီ။ မီးဖိုဆောင်က စကြ်လမ်းနှင့်စာလျှင် တော်သေးရဲ့မဟုတ်လား။ ဒီမှာ တစ်ပါးတည်း ငေါင်းစင်းစင်း ကြမ်းတိုက်နေရတာနှင့်စာလျှင် ဆရာလေး မကေသီတို့လို မီးဖိုဆောင်မှာ အခြားဆရာလေးတွေနှင့်အတူ ပျော်ပျော်ကြီး အလုပ်လုပ်လိုက်ချင်သည်။

အများနှင့်ဆိုလျှင် ဒေါ်ကြီးဘုရားအလစ်မှာ စကားတွတ်ထိုးနိုင်သည်။ သူ့မှာရှိသည့် သကြားလုံး၊ ကိုယ့်မှာရှိသည့် ထန်းလျက်လုံး လဲလှယ်စားနိုင်သည်။ ဟိုသတင်း သည်သတင်း ဖလှယ်နိုင်သည်။ တိုက်သို့ ရောက်လာသော နေ့ခင်းက ဆံချသည့် ဆရာလေး အသစ်စက်စက်အကြောင်း ဆိုလျှင် မသုစန္ဒီ တော်တော်သိချင်သည်။

မသုစန္ဒီက လူဝတ်ကြောင် ချောချောလှလှတွေဆို အလွန်စိတ်ဝင်စားသည်။ ထိုအစ်မ ချောချောလှလှ၊ ဆံပင်ဆိုလျှင့်တင်ပါးအထိ ရှည်သောသူက ဘာဖြစ်လို့များ ဝတ်ကြောင်ကိုပယ်၊ ဆံကိုပယ်၍ သာသနာ့ဘောင်ဝင်လေသလဲ။ မသုစန္ဒီတော်တော်သိချင်သည်။ အင်းလေ ... ပြောပြမည့်သူ မရှိတော့လည်း ရေချိုးချိန် ရေတွင်းရောက်မှပဲ မစန္ဒမာလာကို အားကိုးရတော့မှာပါပဲ။ မစန္ဒမာလာကား မသုစန္ဒီနှင့် ဆန့်ကျင်စွာ ဘယ်အရာကိုမှ မကြောက်၊ လူကြီးလူငယ်ကြား နှံ့စပ်ကျွမ်းဝင်သူ ဖြစ်သည်။ အသားဖြူဖြူ မျက်နှာပြည့်ပြည့် အသက်ထက် လူကောင်က ထွားနေရာ ရေချိုးလျှင် ခါးဝတ်ထဘီကိုရင်လျားနေရပြီဖြစ်သည်။ လူကြီးသူမတွေဘယ်သူနိုင်းနိုင်း ခြေပေ့ါလက်ပေ့ါရှိလေရာ လူချစ်လူခင်ပေါလှပြီး သူ့ထံမှာ သတင်းပလင်းစုံလှသည်။

မီးဖိုဝတွင် ဒေါ်ကြီးဘုရား ကွယ်သည်နှင့် မသုစန္ဒီ အလုပ်ကို မြန်မြန်လက်စသတ်လိုက်လေသည်။ ဒေါ်ကြီးဘုရား မရှိလျှင် ဘယ်သူက စကြံလမ်း ပြောင်၊ မပြောင် လာစစ်နေမည်နည်း။ အိမ်သာကိုရော စင်၊ မစင် လာကြည့်နေမည်နည်း။ စကြံလမ်း အခုပြောင်လည်း မကြာခင် သူများတွေနင်းလျှင် ပြန်လည် ဖွက်ထ,ဦးမည်။ အိမ်သာလည်း သူများတွေ တက်လျှင် ပြန်လည်ညစ်ပေဦးမည်။ သည်တော့ ပြောင်စင်ခြင်းသည် မပြောင်မစင်ခြင်းနှင့် ဘာမျှသိပ်မထူးဟု မသုစန္ဒီ သည်လိုတွေးသည်။

မျက်နှာသုတ်ပဝါကို ပခုံးပေါ်တင်ပြီး အောက်ရေတွင်းဘက် ထွက်လာတော့ ဆရာလေးအပျိုပေါက်အုပ်စု ရေချိုးနေကြပြီ ဖြစ်သည်။ လူကြီးတွေက အပေါ်တွင်းမှာ ချိုးလေ့ရှိပြီး အပျိုပေါက်နှင့် ကလေးတွေမှာ အောက်တွင်းမှာ ချိုးလေ့ရှိရာ အောက်တွင်းသည် စကားသံများဖြင့် အစဉ်စီညံနေလေ့ရှိသည်။

တစ်နေ့လုံး စာအံနေရသဖြင့် ညနေ ရေချိုးချိန်တွင်မှ စကားပြောရလေရာ *ဆရာလေးတွေမှာ စကားပြောဖို့ ဘာယ်တော့မှ အာမညောင်းပေ။* အသံတွေက တိုးတိုးကနေ တဖြည်းဖြည်း ကျယ်လာတတ်ရာ လမ်းတစ်ခုခြားသော အခြားခြံဝင်းအတွင်းမှ စာသင်သားကိုယ်တော်တွေအတွက် အနှောင့်အယှက်ဖြစ်တတ်သည်။ ကိုယ်တော်တို့ဆီမှ တိုင်စာရောက်လျှင် ဉပုသ်ည ဆရာကြီးဘုရား ဩဝါဒပေးပွဲတွင် အောက်တွင်း ရေချိုးသူ ဆရာလေးများ အဆူခံရတတ်သည်။ ရေချိုးရင်း စကားမပြောရအမိန့် ဘယ်လိုထုတ်ထုတ် အောက်တွင်းမှာတော့ လက်ပံပင် ဆက်ရက်ကျဆဲ။

ရေချိုးလှည့်စောင့်နေသော မစန္ဒမာလာကို သပြေပင်ရင်း၌ အခန့်သင့် တွေ့ရသည်။ မစန္ဒမာလာသည် ရင်လျားကျင့်မရှိသေးသဖြင့် မပြဲသောခါးဝတ်ကို မကြာခဏပြင်ဝတ်နေသည်။ မေးပင်မမေးရသေး၊ သတင်းဦးကို သူက အလျင်ပြောချလိုက်သည်။

''နေ့လယ်က ဆံချတဲ့ ဆရာလေးအသစ်ကလေး ဘွဲ့အမည်က မဓမ္မနန္ဒီတဲ့။ ဟိုဝဝခန့်ခန့်က သူ့အမေ ကျောင်းအုပ်ဆရာမကြီးတဲ့။ ထောင်ထောင်မောင်းမောင်းလူကြီးက သူ့အဖေ ဘာအရာရှိကြီးဆိုလား။ သူတို့က သထုံက၊ ဆရာကြီးဘုရားတို့နဲ့ ရပ်ဆွေရပ်မျိုးတွေ။ တည်းတာတောင် အကြီးဘုရားဇရပ်မှာ တည်းတာ။ မျက်နှာကြီးတွေပေါ့ ဘုရား''

မျက်နှာကြီးတွေ ...။ ထိုစကားကို မသုစန္ဒီ သိပ်နားမလည်ပါ။ ဘယ်လိုလူတွေကို မျက်နှာကြီးဟု ခေါ်လေသလဲ။ ပိုက်ဆံရှိသူတွေကို

ခေါ်တာလား။ အကြီး ဘုရားဇရပ်မှာ တည်းတာဆိုတော့ တော်ရုံတော့ ဟုတ်ဟန်မတူ။ အကြီးဘုရားသည် ဆရာကြီးဘုရား၏ အစ်မအရင်းဖြစ်ပြီး သီးခြားဇရပ်နှင့်နေကာ ပစိပစပ်များလှသော သက်ကြီးရွယ်အို ဆရာကြီး တစ်ပါး ဖြစ်သည်။ တစ်ယောက်ယောက်များ အကြီး ဘုရားဇရပ်သို့ နိုင်းလျှင် မသုစန္ဒီ ဘယ်တော့မှမသွားချင်။ အကြီးဘုရားက နားလေးရ သည့်အထဲ ခွေးတစီစီနှင့် နေသူ၊ မသုစန္ဒီတို့လို ဆရာလေး အငယ်လေး တွေကို အရေးတဝင် မရှိသူ။ ရောက်သွားလျှင်လည်း တောက်တိုမည်ရ နိုင်းလို့ မဆုံးတော့။ ရေဆွဲပေးသွားဦး၊ ယာဂုအိုး မွှေပါဦး၊ ဆန်ကောထဲက ဆန်တွေ ပြာတီးပါဦး တစ်မျိုးပြီးတစ်မျိုး နိုင်းတတ်သေးသည်။

ထိုခွတီးခွကျ ပစိပစပ်များသူ အကြီးဘုရားဇရပ်မှာတောင် တည်း တာဆိုတော့ တော်ရုံတန်ရုံလူတွေ မဟုတ်ဟု မသုစန္ဒီ သဘောပေါက် သည်။

''ဆရာလေး သု၊ အဲဒီအစ်မကလေ သူ့အမေ ကျောင်းအုပ်ဆရာမ ကြီးနဲ့ မတည့်လို့ သီလရှင်လာဝတ်တာတဲ့''

''မြတ်စွာဘုရား ... ဘယ်လို''

''ဟုတ်တယ်ဘုရ၊ မယုံမရှိနဲ့၊ မဝိဇ္ဇာကိုယ်တိုင် ပြောတာ ဘုရ''

မဝိဇ္ဇာကိုတော့ မသုစန္ဒီ သိသည်။ သူက အကြီးဘုရား၏ လက်က သုံး တောင်ဝေးအဖြစ် အတူနေသူ။ မဝိဇ္ဇာ ပြောမှတော့ မှားစရာမရှိ။

''အမေနဲ့ မနေချင်လို့ သီလရှင်လာဝတ်တာတဲ့ ဘုရား၊ အံ့ရော... အံ့ရော။ တပည့်တော်များ အမေနဲ့နေချင်လွန်းလို့၊ အမေများ ရှိလို့ကတော့ သီလရှင် လာမဝတ်သေးဘူး''

ငယ်စဉ်ကတည်းက အမေမရှိဘဲ အဘွားသီလရှင်နှင့် ကြီးပြင်းလာ ရသော မစန္ဒမာလာက သူ့ခံစားချက်တွေ ဆက်ပြောနေသည်။ အမေနဲ့

မနေချင်လို့ ... အမေနဲ့ မနေချင်လို့ ...။ မသုစန္ဒီ အတွေးတွေ ရှုပ်ထွေးလာသည်။ လောကကြီးမှာ အမေနှင့်မနေချင်သူ ရှိသေးလား။

''ကျောင်းအုပ်ဆရာမကြီးက မျက်နှာထားတင်းတင်း၊ စည်းကမ်းကြီးကြီး၊ စကားပြောရင် အသံကျယ်ကျယ်၊ ဒေါ်ကြီးဘုရား ဝတုတ်လိုပဲ ကြိမ်ကိုင်ပြီး အရိုက်ကြမ်းသတဲ့။ ဒါကြောင့် လွတ်ရာကျွတ်ရာ စာသင်တိုက်ရောက်လာတာ နေမှာပေါ့ ဘုရား''

မစန္ဒမာလာ စကားတွေ ဆက်ပြောနေသော်လည်း မသုစန္ဒီသည် အလွန် ထူးဆန်းအံ့ဩဖွယ်ရာ အမေနှင့် မနေချင်သော ဆရာလေးအသစ်ကိုပင် မျက်စိထဲ မြင်ယောင်နေတော့သည်။ ထိုနေ့ ညနေက ရေချိုးခြင်းအလုပ်ကို ဆက်လုပ်နေရသော်လည်း အတွေးတွေ ရှုပ်ထွေးနောက်ကျိစွာ သံလွင်မြစ်ကမ်း နံဘေးက မြေနကျွန်းပေါ်တွင် ကျန်ခဲ့သော အမေ့ကို အထူးပင် သတိရနေတော့သည်။

❑

''တပည့်တော်များ အမေနဲ့ နေချင်လွန်းလို့၊ အမေများ ရှိလို့ကတော့ ...''

ညနေက မစန္ဒမာလာ စကားသည် ဘုရားဝတ်တက်ချိန်၊ ဝတ်ရွတ်စဉ်များ ရွတ်ချိန်အထိ မသုစန္ဒီစိတ်ကို လွှမ်းမိုးထားသည်။ ဝတ်ရွတ်စဉ်များ အလွတ်ရနေသဖြင့် သံပြိုင်လိုက်ဆိုနေရသော်လည်း သူ့စိတ်တွေက အဝေးကို ထွက်ပြေးနေသည်။ မြေနကျွန်းပေါ်တွင် ကျန်ခဲ့သော အမေ့ဆီ ထွက်ပြေးနေသည်။

စကားပြောလျှင် မြိုင် ... မြိုင်နှင့် သူ့ကိုယ်သူ နာမည်ထည့်ပြောလေ့ရှိသော အမေသည် မော်လမြိုင်ဇာတိ ဖြစ်သည်။ 'ဘော်ငွေရောင်' ပရိဘောဂပိုင်ရှင် ဘွားရွှေဘော်၏ တစ်ဦးတည်းသော မြေးလေးလည်း ဖြစ်သည်။ ငယ်စဉ်ကပင် မိဘများကွယ်လွန်၍ အဘွားက သမီးအဖြစ်

ပြန်မွေးထားသော သူဌေးမြေးလည်း ဖြစ်သည်။ မော်လမြိုင်မှာ ကျွန်းသာယာမှ ကျောင်းလာတက်သော အဖေနှင့် နီးစပ်ကာ အဖေက အမေမဝင်းမြိုင်ကို ခိုးပြေးတော့ အဘွားသူဌေးမကြီး ဆွေ့ဆွေ့ခုန်နေတော့သည်။

ကျွန်းသာယာမှာ ကြီးတော်ကြီးနှင့်နေသော မိဘမဲ့အဖေသည် အမေ့ကို ပြည့်စုံအောင် မထားနိုင်။ အဖေက လူပုံနွဲ့နွဲ့မို့ ကျွန်းသာယာမှာ ကြီးတော်ကြီး ကိုင်းအလုပ်နှင့် မကိုက်လှပေ။ ညည်လိုနှင့် သီတာလေးမွေးပြီး ငါးနှစ်အကြာ အဘွားဆီမှာ မျက်နှာအောက်ကျို့ပြီး မော်လမြိုင်အိမ်ပြန်ဝင်ရသည်။ မဝင်လို့လည်း မဖြစ်။ အဖေက ဘာမပြော ဘာမဆိုစစ်တပ်ထဲ ဝင်သွားတော့ နဂိုက အမြင်မကြည်လင်သော ကြီးတော်ကြီးနှင့်နေလို့မဖြစ်တော့။ အဘွား ဒေါ်ရွှေဘော်ကား နဂိုက ဥစ္စာမာန်တက်တတ်သူဖြစ်လေရာ ဒုက္ခနှင့်ရောက်လာသော မြေး မဝင်းမြိုင်ကို ပြန်မသိမ်းချင်ပါပေ။ သီတာလေးကိုလည်း မချစ်၊ ဆက်တီတွေပေါ် ထိုင်လျှင် ထိုင်ပြန်ပြီ၊ တိုင်မှီလျှင် မှီပြန်ပြီ အမြဲတမ်း မျက်ထောင့်နီနှင့် ငေါက်ငမ်းနေတတ်သည်။

မဝင်းမြိုင်ကိုယ်တိုင်လည်း ကိုယ့်အဘွားအိမ်မှာ အိမ်စေသာသာနေရ၊ ပရိဘောဂလုပ်သူ အလုပ်သမားတွေကို ချွေးတလုံးလုံး ချက်ပြုတ်ကျွေးရ။ အလွန်ကျဉ်းကျပ်စွာနေရသော အနေအထားမှာ အဖေ့ဆီက ရှားရှားပါးပါး အဆက်အသွယ် ရလာသည်။ မဝင်းမြိုင်တို့သားအမိ ကျွန်းသာယာမှာ ခဏပြန်နေကြ၊ သူ အဆင်ပြေသည့်နေ့ လာခေါ်မည်ဆိုသော စကားကြောင့် ကျွန်းသာယာမှ ကြီးတော်ကြီးအိမ် တစ်ကျော့ပြန်ရောက်ရပြန်သည်။ ကြီးတော်ကြီးသည် နဂိုက မကြည်ရသည့်အထဲ သူ့အိမ်ပေါ်ပြန်တက်လာသော မဝင်းမြိုင်တို့သားအမိအပေါ် နိုပ်စက်ကလူပြုတော့၏။

အဘွား ဒေါ်ရွှေဘော်လည်း မကောင်း၊ ကြီးတော်ကြီးလည်းမကောင်း။ ထိုတစ်ကျော့ပြန် ငရဲခန်းသည် တစ်လလည်းမဟုတ်၊ နှစ်လ

လည်း မဟုတ်။ နှစ်တစ်ပတ်လည်တော့မည်၊ ခင်ပွန်းသည်ဆီက အဆက်အသွယ် ထပ်မရသေး။ အဆင်ပြေသည့်နေ့ဟူသည် ဘယ်နေ့မှန်း မသိ။ အဆိုးဆုံးမှာ မဝရေစာ စားရခြင်းပင်။ လုပ်အားဝင်ငွေမရနိုင်သော တူနှင့်စပ်မှ တူမတော်ရမည့် သူ့ကို ကြီးတော်ကြီး စေတနာမရှိစွာ အိုးသွန်ခွက်မှောက်ထားလေ့ ရှိသည်။ မနေနိုင်လျှင် ဆင်းသွားဆိုသော သဘောပင်။ မဝင်းမြိုင်ကား သွားစရာနေရာ မရှိပါပေ။ မဝင်းမြိုင် နောက်ဆုံး ထွက်ပေါက်သည် ပတ်ဝန်းကျင်တွင် တစ်ခွင်လုံးကို အုတ်အော်သောင်းတင်း ဖြစ်စေသည်။

ထိုညနေ မှောင်ရီပျိုးစ ကျွန်းတွေဆီမှ ရွာသို့ သီးနံလာပို့ပြီး ပြန်သော သီးနံတင် လှေပေါ်တွင် သားအမိနှစ်ယောက် ပါလာကြသည်။ မြေနကျွန်းကိုင်းပေါ်ရှိ တဲအိမ်ထဲရောက်မှ အမေ ချိုင်းထောက်နှင့် လူကြီးနောက်လိုက်လာမှန်း သိရတော့၏။ ချိုင်းထောက်နှင့် လူကြီးသည် သဘောမနောကောင်းသူ ဖြစ်သည်။ သီတာအပေါ်လည်း ချစ်ချစ်ခင်ခင် ရှိသည်။ မြေနကျွန်းပေါ်တွင် ကောင်းကင်က အကျယ်ကြီး၊ စိုက်ခင်းတွေက စိမ်းစိမ်းစိုစို။ ဟင်းမကောင်းသော်လည်း ကိုင်းထွက်သီးနံများနှင့် ထမင်းကို ဝဝလင်လင်စားရသည်။ သီတာလည်း ကလေးပီပီ ပျော်သည်။ ကြာကြာမပျော်လိုက်ရ။ အဖေ ကျွန်းသာယာသို့ လိုက်လာသည်နှင့် မဝင်းမြိုင်နှင့် ကလေး ဘယ်မှာရှိသည်ကို သိသွားတော့သည်။

မဝင်းမြိုင်တစ်ယောက် လင်ငယ်နောက်လိုက်သည် ဆိုသော ပြစ်ချက်ဖြင့် ပတ်ဝန်းကျင်မှာ မျက်နှာမလှသလို ချိုင်းထောက်နှင့် လူကြီးလည်း တရားစွဲခံရတော့သည်။ အဖေသည် အမေ မဝင်းမြိုင်မျက်နှာကို မကြည့်၊ ကြီးတော်ကြီး မြှောက်ပေးသလောက် လုပ်တော့၏။ သီတာကိုပင် သမီးရယ်လို့ ချစ်ချစ်ခင်ခင် မရှိ။ ချိုင်းထောက်နှင့်လူကြီး ထောင်ကျသွားတော့ သီတာတို့သားအမိ မြေနကျွန်းဆီ ပြန်လာခဲ့တော့သည်။ မဝင်းမြိုင်

သည် ထဘီတိုတိုဝတ်ကာ လယ်အလုပ်၊ ကိုင်းအလုပ်တွေ အားစိုက်လုပ်သည်။ နဂိုဖြူသောအသားသည် ညိုညစ်ညစ်ဖြစ်လာသည်။ ကိုင်းထဲမှာပင် နေရ၍ သီတာကိုလည်း ကျောင်းမထားနိုင်။ သီတာတစ်ယောက် အမေ့နောက် တကောက်ကောက်လိုက်ရင်း အချိန်တွေ ကြာမြင့်လာသည်။

တစ်ခုသော ဆောင်းဦးပေါက် မြေနုကျွန်းပေါ်သို့ ဆွမ်းခြောက်ခံကြွလာသော ဆရာလေးတို့သည် ၈ နှစ်အရွယ် ကျောင်းမနေ၊ လိမ္မာရေးခြားနားမလည်၊ လူသူဝေးရာနေရာသို့ ရောက်နေသော ပေစုတ်စုတ် ကောင်မလေးကိုတွေ့သွားတော့၏။ သည်လိုနှင့်သီတာတစ်ယောက်စာသင်တိုက်ကို ပါလာကာ မသုစန္ဒီဘဝသို့ ရောက်ရတော့၏။ မဝင်းမြိုင်က ကလေးကို စတတ်စေချင်သည်။ မြေနုကျွန်းသည် ရွာမဟုတ်၊ လယ်တောကိုင်းပြင်သာ ဖြစ်သည်။ သည်မှာ ရေရှည်နေလျှင် သူ့သမီး ဖားရိုက်၊ ငါးရှာနှင့်ပင် အချိန်ကုန်သွားတော့မည်။ သည်တော့ သမီးရှေ့ရေးအတွက် ဖွတ်နစ်ပြီး သံယောဇဉ်ဖြတ်ကာ ဆရာလေးတွေနှင့် ထည့်လိုက်ခြင်း ဖြစ်သည်။

အကယ်စင်စစ် မသုစန္ဒီ သည်သီလရှင်ဘဝနှင့် မပျော်ပါချေ။ စာသင်တိုက်မှာလည်း မနေချင်။ မြေနုကျွန်းမှာ ပေါက်လွတ်ပဲစားနေခဲ့သလောက် စာသင်တိုက် စည်းကမ်းနှင့် လာတွေ့သောအခါ တော်ရုံနှင့် နေသားမကျပါချေ။ အိုးစားခေါင်းဆောင် ဆရာလေး မသီရိသည် ထူးချွန်ထက်မြက်သူပီပီ မသုစန္ဒီဘဝကို နားလည်ကာ လူတစ်လုံး၊ သူတစ်လုံးဖြစ်အောင် မည်သို့ပြုစုပျိုးထောင်ရမည်ကို သိသည်။ ခက်ထန်နေသော မသုစန္ဒီ၏စိတ်နလုံးကို နူးညံ့ပျော့ပျောင်းအောင် တဖြည်းဖြည်း ပုံသွင်းယူသည်။

''လူ့ရယ်လို့ဖြစ်လာရင် ကောင်းမှုတစ်ခု နေ့စဉ်ပြုရတယ် ဆရာလေးရဲ့။ ဘုရားဝတ်တက်ရင် ဘုရားရှင်ကို အာရုံပြု စိတ်ညွတ်ပြီး ဆိုရတယ်။ ဆရာကြီး ဘုရားအတွက် ချီးရေတာဝန်ကျရင် ကိုယ့်ဆရာသမား

ကျေးရူးရှင်အတွက် ရေအလှူဒါနပြုတယ်ဆိုတဲ့စိတ်နဲ့ ရေခပ်၊ ရေသယ်ရတယ်။ စာဝါသိမ်းလို့ ကြမ်းတိုက်ရင်လည်း အများသူငါ သန့်သန့်ရှင်းရှင်းနင်းလျှောက်ပါစေဆိုတဲ့ စေတနာနဲ့ လုပ်ရတယ်။ ဒါမှ တူသောအကျိုးကို ရရှိမှာ ဖြစ်တယ်''

အိုးစားခေါင်းဆောင် ဆရာလေး မသီရိက စကားပြောလျှင် ညင်ညင်သာသာ တိုးတိုးတိတ်တိတ် နားဝင်အောင်ပြောလေ့ ရှိသည်။ သူကိုယ်တိုင်က စာအလွန်ကြိုးစားသည်။ မသုစန္ဒီ စာသင်တိုက်သို့ မရောက်ခင်နှစ်က ဆရာလေး မသီရိသည် သဒ္ဓမ္မပါလအသင်းအဖွဲ့ စာမေးပွဲတွင် တစ်နယ်လုံး၌ ပထမအဆင့်ဖြင့် အောင်ရာ ကတ္တီပါဖုံဖြင့်ထိုင်ပြီး ထီးဖြူအဆောင်းခံရသူအဖြစ် ထင်ရှားသည်။ မော်လမြိုင်မြို့သည် သာသနာ့အာဇာနည် သီလရှင်ဆရာလေးများကို ထိုသို့အလေးတယူဂုဏ်ပြုသောမြို့ ဖြစ်သည်။

''တပည့်တော် စာတတ်ပုဂ္ဂိုလ်ဖြစ်ရင် နံရံပေါ်က ဓာတ်ပုံထဲက ဆရာလေး မနီပေါလ်လို ကိုယ့်အရပ် ကိုယ့်ဒေသပြန်ပြီး သာသနာပြုမယ်''

ထိုစကားသည် မသီရိနှုတ်ဖျားမှ မကြာခဏ ထွက်ကျလာသောစကား ဖြစ်သည်။ ရေလည်ခန်းနံရံပေါ်မှ ဓာတ်ပုံကို မသုစန္ဒီလည်း သိသည်။ မျက်လုံးစူးစူး၊ နှာတံချွန်ချွန်၊ နှုတ်ခမ်းပါးပါး နီပေါလ်လူမျိုး သီလရှင်ဘွဲ့အမည် မသုဓမ္မဝတီကို မော်လမြိုင်တစ်မြို့လုံးက မနီပေါလ်ဟု ချစ်စနိုးခေါ်ကြသည်။

မဟာယာနကနေ ထေရဝါဒဆီ ကူးပြောင်းပြီး သီလရှင်ဘဝနှင့် ပရိယတ္တိစာပေကို သင်ကြားချင်လွန်းလို့ မြန်မာနိုင်ငံထဲ ကုန်းလမ်းကနေ စွန့်စားဝင်ရောက်လာသူ ထို မနီပေါလ်အကြောင်းကတော့ဖြင့် စာသင်တိုက်မှာ မပြယ်သောရနံ့အဖြစ် ထာဝရ သင်းပျံ့နေသည်။ ဥပုသ်ညလို

ဆရာကြီးဘုရားဟောသော တရားပွဲ၌ မနီပေါလ်အကြောင်း မပါလျှင်မပြီး။ မနီပေါလ်ကို ရဲတွေဖမ်းလိုက်ပုံ၊ သာသနာရေးကိုလွှဲပေးပုံ၊ ထိုမှတစ်ဆင့် စာရော၊ စကားပါ သင်ကြားပေးနိုင်မည့် ဂျီစာသင်တိုက်သို့ ရောက်လာပုံ၊ ထက်မြက်ညာဏ်ကောင်းပြီး သဒ္ဓါတရားရှေ့ဆောင်နေသဖြင့် စာမေးပွဲတွေ တစ်ပွဲပြီးတစ်ပွဲ အောင်ပွဲအဆင့်ဆင့် ဖြတ်ကျော်ပုံ၊ နောက်ဆုံး ဓမ္မာစရိယ စာချတန်းအောင်တော့ နီပေါလ်နိုင်ငံပြန်ကာ စာသင်တိုက်ထူထောင်ပုံ အကြောင်းတွေကတော့ မသုစန္ဒီနားထဲမှာ နားရည်ဝ,နေပြီ ဖြစ်သည်။

ပါရမီရှင် မသီရိကား ထိုနီပေါလ်ဆရာလေးကို အားကျသူဖြစ်သည်။ ဇာတိမြေ အညာဒေသ ကျေးလက်ရွာကလေးမှာ စာသင်တိုက် တစ်တိုက် တည်ထောင်လိုသောစိတ်ပြင်းပြသူ ဖြစ်သည်။ ထိုရည်ရွယ်ချက် အောင်ဖို့ သူ စာကို အစွမ်းကုန် ကြိုးစားသည်။ ဆရာကြီးဘုရား၏ လုပ်ရည် ကိုင်ရည် အုပ်ချုပ်ပုံစနစ်ကို အတုယူသည်။ ဒေါ်ကြီးဘုရား ကလေးတွေ အပေါ် ခပ်ကြမ်းကြမ်းကိုင်တွယ်မှုကိုတော့ သဘောမကျပေမဲ့ ဝေဖန် ထောက်ရှုခြင်းမပြု။ မကောင်းတာပယ်၊ ကောင်းတာ သယ်ဆောင်ချင် သည်မှာ မသီရိ၏အာသီသ ဖြစ်သည်။

''ဆရာလေး သု၊ စာကြိုးစားနော်။ သီလရှင်ဘဝဆိုတာ စာတတ် ပုဂ္ဂိုလ်ဖြစ်မှ နောင်ရေး အေးတာ၊ လူရာဝင်တာ။ စာမတတ်ရင် ကြီးလာတဲ့ အခါ ဇရပ်ကြို ဇရပ်ကြား၊ ကျောင်းကြိုကျောင်းကြားမှာ ခိုနားနေရတတ် တယ်။ တပည့်တော် အညာပြန်ပြီး စာသင်တိုက်ဖွင့်ရင် ဆရာလေး သုကိုပါ ခေါ်သွားမှာ။ လိုက်မယ် မဟုတ်လား၊ အဲဒီအတွက် စာတတ်အောင် သင်နော်''

မသီရိ ရည်ရွယ်ချက်ကြီးသလောက် မသုစန္ဒီအတွေးထဲမှာ ဘာမျှမရှိ။ အသက်ငယ်သေးတာရော၊ အသိမကြွယ်သေးတာပါ ပေါင်းပြီး မပျော်သောဘဝတွင်ပင် တော်သလိုနေ,နေရသည်။ အမေက ဘာဖြစ်လို့

များ သီလရှင်ဆရာလေးတွေနဲ့ ထည့်လိုက်ရပါလိမ့်ဟု မသုစန္ဒီ မကြာခဏ တွေးနေမိသည်။ သူက အမေနှင့်ပဲ နေချင်သည်။ ကိုင်းထဲမှာ အမေ ဆေးရွက်ကြီးခူးလျှင်ခူး၊ ဆေးရွက်ကြီးလှန်းလျှင် လှန်း၊ ဖရဲပေါ်ချိန်ဆို ဘယ်လိုပျော်မှန်းမသိ။ တဲထဲရောက်လာသည့် ဖရဲသီးတွေ ဓွန်းဖင်နှင့် လှည့်ဖောက်ကာ ချိုပေ့ဆိုသော အလုံးကိုမှ စားသည့်အရသာမျိုး ဘယ်မှာမှ မရနိုင်။ ဆောင်းဦးပေါက် ကိုင်းတောထဲ စာကလေးအုပ်ကြီး သောင်းချီ ကျလာလျှင် အမေတို့လူကြီးတွေနောက်လိုက်ကာ စာကလေးတွေ ပိုက် အုပ်ဖမ်းရတာ ပျော်ဖို့ အလွန်ကောင်းသည်။ စာကလေးတွေ ဈေးကောင်း ရသော်လည်း အမေက သူ့ကိုတော့ ရာသီစာအဖြစ် ဝဝလင်လင် ကျွေး သည်။ ကိုင်းမှာနေရတာ ကျောင်းမနေရ၊ ကိုးကျင်းကိုးကုန်း လျှောက် သွားသလိုဖြစ်နေတာက လွဲလျှင် ဘွားတော်ကြီးအိမ်၊ ကြီးတော်ကြီးအိမ် နှစ်အိမ်စလုံးမှာထက် ပျော်သည်။

ဒါနှင့်များ အမေက အဝေးကို အတင်းတွန်းလွှတ်လိုက်သည်။ မသုစန္ဒီ တစ်ခါတစ်ရံ အမေ့ကို စိတ်ဆိုးချင်သည်။ အဖေ့ကိုလည်း စိတ်ဆိုး ချင်သည်။ အမေ ပြောပြသလောက် အဖေ လာမခေါ်သည့်ကိစ္စက အရင်း ခံကာ နောက်ဆက်တွဲ အဆင်မပြေမှုတွေဖြစ်လာသည်ဆိုတော့ ...၊ အခု နေများ အဖေ ဘယ်ရောက်နေပါလိမ့်။

သူ့သမီး သီလရှင်ဝတ်သည့်ကိစ္စလည်း အဖေ သိမည်မဟုတ်။ ဒီတစ်သက် အဖေနှင့် ပြန်တွေ့ရပါတော့မလား။

"ဆိုကြနော် ... ညီညီညာညာ ရွတ်ဆိုကြ။ အနောက်က ကလေးတွေ ဘာလို့ အသံတိုးနေတာလဲ၊ ကျယ်ကျယ်ဆိုစမ်း၊ အားထည့်ပြီး ဆို၊ သဒ္ဒါတရား ကောင်းကောင်းနဲ့ဆို၊ အိပ်ငိုက်မနေကြနဲ့"

မသုစန္ဒီ စိတ်ပျံ့လွင့်နေသဖြင့် ဝတ်ရွတ်စဉ် အသံမထွက်ဘဲ ဖြစ် နေရာ ဒေါ်ကြီးဘုရားအသံကြားမှပင် နီးရာက အမြန်လိုက်ရတော့သည်။

❑

ညနေ စာဝါသိမ်း ခေါင်းလောင်းခေါက်လျှင် တာဝန်ကျရာနေရာသို့ မသွားသေးဘဲ စတိုခန်းရှေ့တွင် အုန်းခွံလုနေသော ဆရာလေးများကို ငေးနေသည့် ဆရာလေးအသစ် မဝမ္မနန္ဒီကို ထပ်ဆင့်ငေးနေသူမှာ မသုစန္ဒီ ဖြစ်သည်။ မဝမ္မနန္ဒီသည် အုန်းခွံဝင်မလုဘဲ သူတစ်ပါး ရွေးကျ လက်ကျန် အုန်းခွံကိုသာ ယူလျက် ဘုရားခန်းဆီသို့ ထွက်သွားလေသည်။

ဩော် ... နောက် ရောက်လာတဲ့လူဖြစ်ပေမဲ့ ဆရာကြီးဘုရားတို့ ဒေသမှ ရပ်ဆွေရပ်မျိုးပေမို့ ဘုရားခန်းမှာ ဒေါ်ကြီးဘုရားတူမ မဝဏ္ဏနှင့်အတူ တာဝန်ချထားခြင်းခံရသည့် ကုသိုလ်ကို ဆရာလေး မသုစန္ဒီ အားကျနေခြင်း ဖြစ်သည်။ သူ့မှာတော့ စကြံလမ်းက မတက်သေး၊ မီးဖိုဆောင်ပင် မရောက် သေး၊ ကြားမှာ ရေလည်ခန်း ကျန်သေးသည်။ ပြီးတော့မှ ဘုရားခန်း။ ဘုရားခန်းက တစ်နေ့ နှစ်ခေါက် ဘုရားဝတ်ပြုချိန်မှ လူတွေရောက်တာ ဆိုတော့ တိုက်စရာပင် သိပ်မလိုအောင် ပြောင်သောနေရာ ဖြစ်သည်။

''ကြိုးစားကြနော်၊ မဝဏ္ဏတို့ ဘုရားခန်း သွားကြည့်စမ်း၊ မှန်ကြည့် နေရသလို ပြောင်လက်နေတာ။ အဲဒီလိုဖြစ်အောင် ကြိုးစားတိုက်ကြ''

ဒေါ်ကြီးဘုရား သည်လိုပြောလျှင် မသုစန္ဒီသည် မည်သူမျှမမြင် အောင် မဲ့လေ့ရှိသည်။ စိတ်ထဲမှလည်း ''ဟောဒီက မသုစန္ဒီကို တိုက်ခိုင်း လိုက်စမ်းပါ။ ဘုရားခန်းများ တိုက်ရလို့ကတော့ ...'' ဟု ပြောနေလေ့ ရှိသည်။ ဆရာလေးအသစ်၏ ရေကန်အသင့်၊ ကြာအသင့် ကုသိုလ်ကို လည်း အားကျမဆုံးတော့။ သူ့မှာတော့ မကောင်းလိုက်သည့်ကံက မော်လမြိုင်အိမ် ဘွားတော်ကြီးလက်ထဲမှာလည်း မကောင်း၊ ကျွန်းသာယာ ရွာ ကြီးတော်ကြီးလက်ထဲမှာလည်း မဟန်။ မြေနကျွန်းမှာ စာမတတ်၊ ပေမတတ်ဘဝနှင့် ဆွမ်းခြောက်ခံ ဆရာလေးတွေနှင့် ပါလာပြီးသည့်တိုင် ကံက မကောင်းသေး။

စာသင်တိုက် ရောက်သည့်နေ့မှာပင် သီလရှင်ဘဝသို့ ကူးပြောင်းပြီး ဆရာကြီးဘုရားကိုယ်တိုင် အိုးစားနေရာချပေးတော့၏။ ဆရာလေးအငယ်မရှိသော ဒေါ်ကဥ္စနနှင့် ဒေါ်ကေသာရီတို့ အိုးစားမှာ နေရာချပေးသည်။ ဒေါ်ကင်က အေးသလောက် ဒေါ်ကေက ခပ်စွာစွာနေတတ်သူဖြစ်သည်။ ပွစိပွစိနှင့် စကားများကာ ဘာမဆို စိတ်တိုင်းမကျ ဖြစ်နေတတ်သည်။

ဆန်ပြာတာ အချိုးမကျသော မသုစန္ဒီကို စိတ်ရှည်လက်ရှည် သင်ပေးခြင်း မရှိ။ ဒါလေးတောင် မတတ်ရကောင်းလား၊ တောကလာတယ် ဆိုပြီး ... သည်လို ငြိုငြင်ချင်သူဖြစ်သည်။ မြေနကျွန်းမှာ ဆေးလှန်းချင်လှန်းရမည်၊ ဆန်တော့ တစ်ခါမှ မပြာစဖူး။ ဆေးလှန်းသည်မှာလည်း အမေ့နောက် လိုက်ရှုပ်ခြင်းမျှသာ၊ အရွယ်ကလည်း ကစားမက်သည့်အရွယ်။ ဒီရောက်တော့ မသုစန္ဒီ လူကြီးလေးလို တာဝန်တွေ ယူရသည်။ ညနေဘက် အောက်တွင်းမှ ရေချိုးတက်လာပြီးလျှင် မနက် အရဏ်ဆွမ်းအတွက် ဆန်ကို ပြာတီးကာ စပါးလုံးရွေး၍ အဆင်သင့် အိုးထဲထည့်ထားရသည်။ မနက် ဒေါ်ကင်နှင့် ဒေါ်ကေ အဆင်သင့်ချက်နိုင်အောင် ဟင်းရွက်ခြွေထားရသည်။ ဘူးသီး၊ ခရမ်းသီးဆိုလျှင် တုံးတစ်ထားရသည်။

ထိုဆန်ပြာသည့်ကိစ္စကြောင့်ပင် ရောက်ပြီး နစ်ရက်ပင်မကြာ ပြဿနာပေါ်တော့သည်။ ဆန်ပြာရန်၊ စပါးလုံးရွေးရန် ဆန်အိုးထဲ အမှတ်တမဲ့ ခပ်လိုက်စဉ် အထဲမှာ ဘယ်သူ့ကိုမှ အသိမပေးဘဲ ထည့်ထားသော ဖောက်ပြီးသား နို့ဆီဘူး မှောက်သွားတော့သည်။ ဆန်ပုံးထဲ နို့ဆီဘူးမှောက်မှတော့ နို့ဆီလည်း ကုန်ဆုံး၊ ဆန်တွေလည်း သွားပြီပေါ့။

ဒေါ်ကေ၏ မိုးကြိုးရှစ်စိတ်ကွဲ အော်သံကြီးကြောင့် ဆရာလေးတွေ အုံကြည့်နေစဉ်မှာပင် မသုစန္ဒီဆီမှ တရှုပ်ရှုပ် ငိုသံထွက်ပေါ်လာသည်။

''ကုန်ပါပြီ၊ ကုန်ပါပြီ ဘယ်လိုလုပ်လိုက်တာလဲ ဘုရား၊ ဆုံးကုန်ပါပြီ။ နည်းနည်းပါးပါး သတိကလေးနဲ့ လုပ်ဦးမှပေါ့။ ဒါတွေ အလကား ရထားတာ မဟုတ်ဘူး၊ ပိုက်ဆံပေးပြီး ဝယ်ထားရတာ။ ဒုက္ခပါပဲ၊ ဒုက္ခပါပဲ''

နို့ဆီပေလူးနေသော ဆန်များကို ကိုင်တွယ်ရေရွတ်နေသော ဒေါ်ကေကို ကြည့်ကာ မသုစန္ဒီသည် ဘွားတော်ကြီးကိုလည်းကောင်း၊ ကြီးတော်ကြီးကိုလည်းကောင်း အမှတ်ရသွားကာ ဝမ်းပန်းတနည်း ရှိုက်ငိုမိလေသည်။ သည်အသံ၊ သည်ဟန်ပန်မျိုးပါဖဲ၊ မသုစန္ဒီ ကြောက်သည့် ဟန်ပန်လေသံတွေ ...။

နောက်ဆုံး အကျယ်အကျယ် မငြိမ်းဖွယ်ကိစ္စက ဆရာကြီး ဘုရားနားသို့တိုင် ပေါက်သွားလေရာ မျက်နှာစုံညီခေါ်၍ မသုစန္ဒီကို အိုးစားပြောင်းပေးလိုက်တော့သည်။ ထိုအခါမှ စိတ်နလုံးနူးညံ့သိမ်မွေ့သော ဆရာလေး မသီရိနှင့် ရေစက်ဆုံရတော့သည်။ မသီရိက စကားပြောလျှင် ချိုသာပျော့ပျောင်းလေရာ မသုစန္ဒီအတွက် နားခိုရာနေရာ အစစ်အမှန် ဖြစ်တော့သည်။

ယခုတော့လည်း စာသင်တိုက်မှာ မသုစန္ဒီ အတော်ကလေး နေသားကျလာပါပြီ။ သူ့အရွယ် လုပ်ရမည့်အလုပ်များကို ကျွမ်းကျွမ်းကျင်ကျင် လုပ်နိုင်ပြီဖြစ်သည်။ ဆရာလေးအသစ် မဓမ္မနန္ဒီ မီးဖိုမှာ မကျွမ်းကျင်သလောက် ပါဝင်ကူညီနိုင်ပြီ ဖြစ်သည်။ ဆရာလေး မဓမ္မနန္ဒီက အိမ်မှာ တုန်းက ဝတ်ကြောင်ဘဝဖြင့် ဘာမှလုပ်ခဲ့ရဟန်မတူ။ ဆန်လည်း မပြာတတ်၊ အိုးတိုက်တော့လည်း မစင်၊ ဟင်းရွက်ခြွေလျှင်ပင် ပုံမကျ။

''ဆရာလေး အရင်က ဒါတွေ မလုပ်ဖူးဘူးလား ဘုရား''

''မလုပ်ဖူးပါဘူး၊ ဆရာလေးက အိမ်မှာတုန်းက ကျောင်းပဲ တက်နေရတာလေ။ အိမ်အလုပ်တွေ မလုပ်ရဘူး။ ဒါကြောင့် အကျင့်မဖြစ်တာ ဘုရား''

''အင်းပေါ့လေ၊ ဒါတွေက အိမ်တွေမှာ အမေကပဲ လုပ်တာ ဆိုတော့''

''မဟုတ်ဘူး ဘုရား၊ တပည့်တော်အိမ်မှာတော့ အမေ မီးဖိုချောင် မဝင်ဘူး ဘုရား၊ အဖေပဲ ဝင်တာ။ အဖေက ရုံးမသွားခင် အကုန်ချက် ပြုတ်သွားရတာဘုရား''

''ဘုရားရေ ... ဗုဒ္ဓေါ''

မသုစန္ဒီ သည်လိုရေရွတ်လျှင် မဓမ္မနန္ဒီက သဘောကျသလို ပြုံးလေ့ရှိသည်။ ဆရာလေးအသစ်ကလေးပြုံးလျှင် တော်တော်ကြည့် ကောင်းသည်။ အဖြူ အစိမ်း ကျောင်းဝတ်စုံကလေးနှင့် ကျောင်းတက်လျှင် ဘယ်လောက်ကြည့်၍ လှနေမည် မသိ။ ဘာကြောင့်များ အဖြူ အစိမ်းကို ပယ်ကာ ဖန်ရည်စွန်းသည့်အဝတ်ကို ပြောင်းဝတ်လေသနည်း။

မဓမ္မနန္ဒီသည် သူ့အကြောင်း၊ သူ့မိသားစုအကြောင်း သည့်ထက် ပြောချင်ဟန် မရှိ။ သည်အဝတ်နှင့် အထာမကျသေးသလို ကိုယ်ရုံကို မကြာခဏ ပြင်ရုံနေသည်။ နစ်ပတ်တစ်ကြိမ် ရိတ်ပယ်ရသော ဦးပြည်းကို မကြာခဏ ပွတ်နေတတ်သည်။

''အခု ဒီမှာပျော်သွားပြီလား ဘုရား''

''အင်း ... ပျော်တယ်လည်း မဟုတ်ပါဘူး၊ အဆင်ပြေပါတယ်။ အဆင်ပြေအောင် နေရမှာပေါ့။ ဆံပင်ရှည်လာလို့ ခေါင်းရိတ်ရင်တော့ နည်းနည်းပြဿနာ ရှိတယ် ဘုရား''

''ပြဿနာ ... ဘာပြဿနာလဲ''

''ခေါင်းရိတ်တဲ့အခါ ဓားထိမှာကိုတော့ တပည့်တော် ကြောက် တယ် ဘုရား။ ဓားထိထားရင် စပ်ဖျဉ်းဖျဉ်းနဲ့ နေရခက်တာဘုရား၊ ဒါကြောင့် နစ်ပတ်တစ်ကြိမ် ခေါင်းရိတ်တော့မယ်ဆို ဓားကိုင်ကျွမ်းတဲ့ ဒေါ်ဝိဇ္ဇာရဲ့သီကို စောင့်ရတာပေါ့၊ သူ အားမှ ရိတ်ရတာ''

ဒေါ်ဝိဇ္ဇာရဲ့သီကို မသုစန္ဒီ ကောင်းကောင်းသိသည်။ အကြီးဘုရား ဇရပ်မှာ နေသော မဝိဇ္ဇာသီက အငယ်၊ အခု ဒေါ်ဝိဇ္ဇာရဲ့သီက အကြီးတန်း တက်နေသူ၊ စိတ်ရင်းကောင်းပေမဲ့ မျက်နှာထားတည်တည်၊ စကားပြော ပြတ်ပြတ်၊ အရယ်အပြုံး နည်းသူ၊ မာနကြီးသူဟုပင် ထင်ရလောက်သူ။ မသုစန္ဒီတော့ တစ်ခါမျှ ဒေါ်ဝိဇ္ဇာ ခေါင်းကိုင်တာ မခံစဖူး။ ဆံပင်ရှည်လာလျှင် ကြုံရာလူနှင့် ရိတ်လိုက်တာပါပဲ။ ဓားထိလည်း မည်သို့မျှမတတ်နိုင်။ မဓမ္မနန္ဒီကတော့ သူ့ခေါင်း ဓားထိမှာ ကြောက်သူပါလား။

''ဆရာလေး မသုစန္ဒီရော ခေါင်းကို ဓားထိမှာ မကြောက်ဘူးလား ဘုရား''

''ဟင့်အင်း မကြောက်ပါဘူး ဘုရား''

မသုစန္ဒီ ကြောက်စရာတွေ များနေလို့ ခေါင်းကို သင်တုံးဓားထိမှာ ကိုတော့ မကြောက်ပါဟု ဆက်မပြောဖြစ်တော့ပေ။

❑

ဒီတစ်ပတ် မြို့ဖိတ် ဆန်ခံရက်သည် မသုစန္ဒီအတွက် ထူးခြားနေ သည်။ အစ်မ မသီရိ သူ့မိခင်မကျန်းမာ၍ အညာဒေသကိုပြန်သွားသည်နှင့် တိုက်ဆိုင်နေသည်။ မသီရိမပါဘဲ ဆန်ခံလိုက်ရမှာကိုတော့ နည်းနည်း စိတ်လှုပ်ရှားသည်။

ဆန်ခံထွက်တော့မည်ဆို တိုက်မှာ ဆရာကြီးဘုရား၊ ဒေါ်ကြီး ဘုရားနှင့် ဂိလာနဆရာလေးတွေမှလွဲလျှင် အားလုံးလိုက်ကြရသည်။ မြို့ဖိတ်သည် ကမ်းနားဈေးကြီးဘက်ဖြစ်၍ တောဖိတ်သည် ဒိုင်ဝန်ကွင်း ဘက် ဖြစ်သည်။

''ဆရာလေး မစန္ဒမာလာကို အပ်ပါတယ်နော်၊ မသုစန္ဒီက ငယ်သေးတော့ ဆန်ရောင်းတဲ့အခါ ပိုက်ဆံအပေးအယူ မှားမှာစိုးလို့ပါ။ မစန္ဒမာလာ ရောင်းတဲ့ဆိုင်မှာပဲ ရတဲ့ဈေးနဲ့ ရောင်းပေးပါ ဘုရား၊ အပြန်

လည်း စောင့်ရှောက်ပြီး ခေါ်လာပါနော်၊ မိုင်တာကွင်းအဖြတ်မှာ တစ်ခါတစ်ရံ လူပြတ်တတ်လို့ပါ''

မသီရိက စိတ်မချစွာ မစန္ဒမာလာကို အပ်နေသည်။ တိုက်မှာရှိသမျှ ဆရာလေးတွေ အထွက်မှာ ညီညီညာညာ တန်းစီထွက်ကြပေမဲ့ ခရီးဆုံးတွင် ရသည့် ဆန်တစ်ဝက်ကို ဈေးဖိုးအတွက် ပြန်ရောင်းရာမှာတော့ ဆရာလေး အငယ်တွေအတွက် အဆင်မပြေဖြစ်တတ်သည်။ နားလည်သူနှင့် တွဲလုပ်ရ သည်။ ဒါကို မသီရိက စိတ်မချစွာ မှာနေခြင်းဖြစ်သည်။

မသုစန္ဒီသည် မစန္ဒမာလာ စီစဉ်သည့်အတိုင်း ဆန်တစ်ဝက်ကို ရောင်းကာ၊ တစ်ဝက်ကို ပြန်သယ်ဖို့ လုပ်သည်။ မသုစန္ဒီအရွယ်နှင့်ဆို ဆန်ဝန်းရွက်၍ ခရီးဝေးပြန်ရမည့်ကိစ္စသည် အတန်ငယ်ပင်ပန်းမည်ဖြစ် သော်လည်း သူသူကိုယ်ကိုယ် ဆန်ထုပ်ကိုယ်စီရွက်ပြန်ရမည်မို့ မည်သူမျှ မည်သူ့ကို မကူညီနိုင်ပေ။

အပြန်ခရီးသည် အလာကဲ့သို့ တန်းစီပြန်တာ မဟုတ်သော်လည်း နေ့ဆွမ်းစားအမီ တိုက်ကို ပြန်ရောက်ဖို့ လိုသည်။ ကမ်းနားဈေးထဲ တောင် ငေးမြောက်ငေး လုပ်နေသော မသုစန္ဒီကို မစန္ဒမာလာက ဆော်ဩလိုက် လေသည်။

''ဆရာလေး သု၊ မြန်မြန်လျှောက်ပါဘုရား၊ တခြားဆရာလေးတွေ သွားနှင့်ကုန်ပြီ''

အစ်မ မသီရိ မရှိသဖြင့် ဆန်ထုပ်လေးနေသော မသုစန္ဒီသည် မစန္ဒမာလာ ခြေလှမ်းကိုမီအောင် မနည်းပင်လိုက်နေရလေသည်။ ကမ်းနား ဈေးကား ကုန်တင်ကုန်ချခရီးသည် အဝင်အထွက်နှင့် အလွန်စည်ကားလှ သည်။ ရောင်းသူဝယ်သူ အသံတူနေသည်များကလည်း စီစီညံနေသည်။ မလှမ်းမကမ်းမှာ ကားဂိတ်ရှိ၍ ''မုဒုံကို ... မုဒုံကို'' ဟူသော ခရီးသည် ခေါ်သံများလည်း ဆူလှသည်။

ဆရာလေး မသုစန္ဒီ လမ်းဖြတ်ကူးမည်ကြံဆဲတွင် မြင်ကွင်းတစ်ခုကြောင့် ခြေလှမ်းတွေရပ်သွားတော့သည်။ စစ်ကားကြီးတစ်စင်း စစ်သားတွေ ပစ္စည်းအတင်အချ အလုပ်ရှုပ်နေကြသည်။ ပစ္စည်းတွေမှာ သေတ္တာလိုပစ္စည်းမျိုးတွေ များသည်။ စစ်သားမြင်လျှင် အဖေ့ကို သတိရနေကျ၊ ငေးနေကျ မသုစန္ဒီတစ်ယောက် ခြေလှမ်းတွေရပ်ပြီး ငေးနေမိသည်။ ထိုသို့ငေးနေရင်း ထိတ်ခနဲ ရင်တုန်သွားလေသည်။ အရပ်ရှည်ကိုင်းကိုင်း၊ အသားညိုညို စစ်သားကြီးတစ်ယောက် ... အဖေ ... အဖေ များလား။

စစ်သားကြီးက လက်မှာ နှစ်ရစ်နှင့်။ အဖေ့မှာလည်း ဒီလိုအရစ်နှစ်ရစ်ပါသော အင်္ကျီမျိုးရှိသည်။ အဖေစစ်သားလိုဝတ်ထားလျှင် တော်တော်ကြည့်ကောင်းသည်။ မသုစန္ဒီ ရှေ့ကိုတိုးသွားလိုက်သည်။ စစ်သားကြီးက အခြားရဲဘော်တွေကို ညွှန်ကြားနေသည်။ ထိုသို့ ညွှန်ကြားနေသဖြင့် အသံပါကြားနေရသည်။ ဟုတ်ပါပြီ၊ အဖေ ... အဖေ။

မသုစန္ဒီ လမ်းဖြတ်ကူးနေဆဲ စစ်သားကြီးသည် ကားခေါင်းမှာ ဝင်ထိုင်လိုက်လေသည်။ ပြီးလျှင် အလွန်မောပန်းနေသည်အလား ဦးထုပ်ကို ချွတ်ကာ ယပ်ခတ်နေတော့သည်။ ဦးထုပ်ချွတ်လိုက်သဖြင့် မျက်နှာပိုပေါ်လာကာ အဖေဆိုတာ သေချာသွားပြီ။

မသုစန္ဒီသည် ကားခေါင်းပြတင်းပေါက်မှာ ရပ်ကာ–

''ဒကာကြီး ... ဒကာကြီး''

စစ်သားကြီးသည် စိတ်ပင်ပန်းနေသည့်အထဲ သီလရှင်ကို မြင်သောအခါ စိတ်တိုသွားလေသည်။

''ကန်တော့ဆန်ပါ ဆရာလေး''

စစ်သားကြီးဆီမှ အသံထွက်လာရာ မသုစန္ဒီ စိတ်ပျက်သွားလေသည်။ အဖေ သူ့ကို မမှတ်မိပါလား။ သူ့ပုံစံကလည်း မှတ်မိစရာမရှိ။

''မဟုတ်ဘူး ... ဒကာကြီး ... ဒကာကြီး၊ ဟိုဒင်း ... ဆရာလေးက ...''

''ဟာ ... ကွာ ... အလုပ်ရှုပ်ရတဲ့အထဲ အလှူခံကလည်း တစ်မျောင့်၊ ကဲ ... ကဲ ... ရော့ ... ရော့၊ ကားဆရာရေ မောင်းလို့ရပြီ မောင်း ... မောင်း''

ကားသည် ရုတ်တရက် ဆောင့်ထွက်လေသည်။ စစ်သားကြီးအိတ်ထဲက နိုက်ပေးလိုက်သော နစ်ရာတန်ငွေ စက္ကူချပ်ကလေးကား လေဟာပြင်ထဲ တလူလူ လွင့်ဝဲခုန်ပေါက်နေသည်။ ဆရာလေး မသုစန္ဒီသည် လှိုက်ခနဲ တက်လာသော ဝမ်းနည်းစိတ်ကို မထိန်းနိုင်စွာ လမ်းလယ်ကောင်မှာပင် ဆန်ထုပ်ကိုပစ်ချကာ ဟီးခနဲ ငိုချလိုက်တော့သည်။

မစန္ဒမာလာကတော့ လေးလံသော ဆန်အိတ်ကို ရွက်လျက် မသုစန္ဒီ၏အဖြစ်ကို မသိဘဲ ရှေ့မှ ခြေလှမ်းစိုက်စိုက်နှင့် သွားနေလေတော့သည်။

❑

ဝန်ခံချက်။ ။ 'မပျော်ရွှင်ခြင်းသစ်သီး' ခေါင်းစီးကို စာရေးဆရာ မိုးသက်ဟန်၏ 'မပျော်ရွှင်ခြင်း နိုင်ငံ' ဝတ္ထုတိုမှ ရယူအသုံးပြုပါသည်။

ရွှေအမြုတေမဂ္ဂဇင်း
အမှတ် ၊ စက်တင်ဘာလ၊ ၂၀၁၂ ခုနှစ်။

## စွန်းထင်းစေအပ်သော

အတောင်သုံးဆယ် တွင်းနက်ကြီးထဲမှ ရေအပြည့်ပါသော ရေပုံး သည် အိပဲ့ ... အိပဲ့နှင့် အပေါ်တက်လာလေသည်။ ရော်ဘာရေပုံးကြီး၏ ရှန်းဆန့်အားပေါ်မှာတော့ လက်သေးသေးကလေးနစ်စုံ တစ်ပြန်တစ်လှည့် စီ နေရာယူနေကြသည်။ ကြိုးကိုဆွဲ၍ တစ်ယောက်က ထိုင်ချလိုက်စဉ် အခြားတစ်ဦးက မတ်တတ်ရပ်ကာ ဆွဲယူရသည်။ ထိုသူ အရှိန်နှင့်ထိုင်ချစဉ် အလျင်လူက ပြန်ထဆွဲရပြန်သည်။ သည်လိုနှင့် ရော်ဘာကြိုး၏ ရှန်းအား နှင့် လူ၏ဆွဲအား ပူးပေါင်းကာ ရေပုံးအပေါ် ရောက်လာခြင်း ဖြစ်သည်။

ဆရာလေး မထေရညာဏီသည် ရဲရဲတွတ်နီမြန်းနေသော သူ့ လက်ဖဝါးများကို ကြည့်ကာ စိတ်အပျက်ကြီး ပျက်သွားလေသည်။ သူ့ ဘဝမှာ သည်လို တွင်းနက်ကြီးထဲမှရေကို တစ်ခါမှ မငင်ဖူးခဲ့။ မြစ်နား ချောင်းနား နီးသဖြင့် ရေချိုးချင်လျှင် မြစ်ထဲဆင်းလိုက်ရုံပင်။ အိမ်မှာ အစ်ကိုဝမ်းကွဲတွေရှိသည့်အတွက် သောက်ရေ သုံးရေ ငင်ခြင်းဟာလည်း

သူ့အလုပ်မဟုတ်ခဲ့။ သူတို့ရွာမှ ရေတွင်းတွေကလည်း သည်လို အတောင်သုံးဆယ်နက်သည့် တွင်းတွေမဟုတ်။ လုပ်နေကျမဟုတ်သည့် အလုပ်မှာ အသားကျ ပျော်ဝင်သောကာလတစ်ခုကို ဖြတ်သန်းပြီးသော်လည်း သူ့မှာ ရေငင်ခြင်းအလုပ်၌ အသားမကျနိုင်။

''ဘယ်လိုလဲ မောနေပြီလား။ မထေရညာဏီက တယ်ပျော့သကိုး''

လူငယ်သလောက် စကားကြီးစကားကျယ် ပြောတတ်သော မသုဇာတာက မောဟန်မပေါက်သေးပါချေ။ ပြီးလျှင် လူကြီးလေးလို ရင်ရှားထားသော သူ့ခါးဝတ်ထဘီကို ပြင်ဝတ်လိုက်လေသည်။ ပြီးလျှင် ပတ်ဝန်းကျင် တောင်မြောက်လေးပါးကိုကြည့်၍ စကားကို တိုးတိုးပြောလိုက်လေသည်။

''ချိုးရေလှည့် ... ပြီးအောင်မြန်မြန်ခပ်ပြီး အောက်တွင်းမှာ ရေချိုးဆင်းရအောင် ပြောစရာရှိတယ် ဘုရာ့''

ဘွဲ့အမည် သုဇာတာ မည်သော်လည်း တိုက်အုပ်ဒေါ်ကြီးဘုရားက အစ မသူဇာ ... မသူဇာနှင့် ပါးစပ်ဖျားက မချတော့ ထိုဆရာလေးထံမှ သတင်းထူး သတင်းဦးများ ရလေ့ရှိသည်။ သူက ဆရာကြီးဘုရားနှင့် အဒေါ်ကြီးဘုရားတို့၏ လက်ကသုံးတောင်ဝေ့ ဖြစ်သည်။ နံနက်အရုဏ်ဆွမ်း စားပြီးသည်နှင့် ဆရာကြီး ဘုရားတို့နေထိုင်ရာ ခန်းဆောင်ဆီသို့ ရောက်သွားပြီး အိပ်ရာသိမ်းခြင်း၊ တံမြက်စည်းလှည်းခြင်း၊ ထွေးခံသွန်ခြင်းစသော ဝေယျာဝစ္စကို ပြုလုပ်ပေးရသူ ဖြစ်သည်။ စာသင်တိုက်နေ ဆရာလေးတို့၏ အင်္ကျီလက်များ တံတောင်ဆစ်နေရာတွင် စုပ်ပြဲနေလေ့ရှိသည်။ အခြားသူများ အင်္ကျီလက်စုပ်ပြဲနေခြင်းမှာ စာဝါတက်သည့်အခါ ကြမ်းပြင်မှာ ကျုံ့ကျုံ့ဝပ်လျက် တံတောင်နှင့်ထောက် စာအံလေ့ရှိသောကြောင့် ဖြစ်သည်။ မသူဇာ အင်္ကျီလက်စုပ်ပြဲနေသည်ကတော့ စာဝါတက်

ခြင်း အမှုချည်းကြောင့် ဟုတ်ဟန်မတူပါ။ တိုက်အုပ်အဒေါ်ကြီးဘုရားကို တံတောင်နှင့်ထောက်ကာ အကြောဖြေနှိပ်နယ်ပေးရခြင်းကြောင့် ဖြစ်ပေမည်။

ဆရာကြီးဘုရားချိုးရန် 'ချိုးရေလှည့်'တာဝန်ကို နှစ်ယောက်တစ်တွဲ ချလေ့ရှိရာ မထေရညာဏီနှင့် တွဲဖက်သည် မသူဇာ ဖြစ်သည်။ မထေရညာဏီက အသက်ဆယ့်လေးနှစ်ရှိပြီဖြစ်သော်လည်း ခန္ဓာကိုယ်မထွားကျိုင်းသဖြင့် မသူဇာနှင့် မတိမ်းမယိမ်းဖြစ်နေသည်။ အသက်အားဖြင့်တော့ မသူဇာက နှစ်နှစ်ခန့်ငယ်သေးသည်။ အရွယ်မရောက်သေး၊ အပျိုဖော်မဝင်သေး၊ ဖွံ့ထွားသင့်သည့်နေရာမှာ မဖွံ့ထွားသေး။ မထေရညာဏီသည် ပုပုလုံးလုံး ဆရာလေး မသူဇာကို မြင်တိုင်း ငယ်ငယ်က သင်ခဲ့ရသည့် 'မသူဇာ ပုတိုက်တိုက် အသား သူမကြိုက်' ဆိုသည့် ကဗျာစာသားလေးကို သတိရနေတတ်သည်။

သူတို့နှစ်ပါး အောက်ရေတွင်းဘက် ဆင်းလာတော့ နေခြည်ညှိုးလျသွားပြီ ဖြစ်သည်။ မထေရညာဏီတို့ အပျိုပေါက်ဆရာလေးတွေ အပေါ်ရေတွင်းမှာ ဘယ်တော့မှ ရေချိုးလေ့မရှိ။ အောက်တွင်းမှာသာ ချိုးလေ့ရှိကြသည်။ ဆရာတွေနှင့် ဝေးသဖြင့် စောင့်ကြည့်ဆူပူမည်သူ မရှိ၊ လက်ပံပင်ဆက်ရက်ကျ၍ရသည့် အခွင့်အရေးကြောင့်ပင်။ တစ်နေ့တာလုံး စာတက်စာအံနေရပြီး စကားပြောခွင့်မသာသဖြင့် ညနေရေချိုးချိန် အောက်တွင်းရောက်သည်နှင့် စကားတွေ သွန်လွှတ်ကြတော့၏။ ပထမတော့ တိုးတိုး ... တိုးတိုး၊ နောက်တော့ တိုးတိုးတွေ စုပေါင်းတော့ ကျယ်လာပြန်သည်။ အောက်ရေတွင်းသည် မြေအဆုံး အုတ်နံရံအနီးတွင် ရှိပြီး အုတ်နံရံ၏ ဟိုမှာဘက်မှာ မြေနီလမ်း၊ မြေနီလမ်း၏ ဟိုမှာဘက်မှာ စာသင်တိုက် ဘုန်းတော်ကြီးကျောင်းရှိသည်။ ရေတွင်းနေရာမှာ တစ်ဖက်မှ မမြင်ရအောင် သွပ်ပြားတွေနှင့် အမြင့်ကြီးကာရံထားရာ လူမမြင်ရ အသံသာ

ကြားရခြင်း ဖြစ်သည်။ ဆရာလေးတွေ စကားသံညံနေသဖြင့် ဟိုဘက်က ကိုယ်တော်တွေ စာအံမရ ဟူသော တိုင်စာ မကြာခဏ ရောက်တတ်သည်။ တိုင်စာရောက်လျှင် ဥပုသ်နေ့တရားပွဲ၌ ဆရာကြီးဘုရား၏ ဩဝါဒကို ခံယူပေတော့။ အောက်တွင်းမှာ ရေချိုးတဲ့ ဆရာလေးတွေ လိုက်နာရန် စည်းမျဉ်းဆိုပြီးလည်း ထွက်လာတတ်သည်။ အဆူခံရပြီးလည်း ခဏပင်။ တော်ကြာ ဒုံရင်းအတိုင်း တိုးတိုးကြပြန်သည်။

ယခုလည်း မသူဇာက ပြောစရာရှိတယ်တဲ့။ အောက်တွင်းရောက်တော့ ရှယ်တူဆရာလေးတွေ အဝတ်လျှော်သူ ရေခပ်သူတွေ များနေသဖြင့် နစ်ယောက်သား သပြေပင်ကြီးအောက်တွင် ထိုင်ဖြစ်ကြသည်။

''ပြောစရာရှိတာ ဘာလဲ ဘုရာ့''

စောင့်နေရတာ စိတ်မရှည်တော့သော မထေရဉာဏီ အမေးမှာတော့ မသူဇာက သူ့ဟန်အတိုင်း သူတစ်ပါးကြားသွားမည် စိုးသည့်ဟန်ဖြင့် အသံကို နှိမ့်ချကာ –

''ဒီညနေ ဘုရားဝတ်တက်ချိန် အပျိုပေါက် အုပ်စုတွေအားလုံး ဒေါ်ကြီးဘုရား ဇရပ်မှာ သန့်ရှင်းရေး သွားလုပ်ကြရမယ်တဲ့''

ဒေါ်ကြီးဘုရားဇရပ်ဆိုလို့ မထေရဉာဏီ စိတ်ဝင်စားသွားသည်။ မထေရဉာဏီမှမဟုတ် စာသင်သားတွေ အတော်များများ ဒေါ်ကြီးဘုရား ဇရပ်ကို စိတ်ဝင်စားကြ၏။ မဝင်စားခံနိုင်ရိုးလား။ အလှူရှင်၏ သဒ္ဓါတရား ထက်သန်မှုကြောင့် တိုက်ဇရပ်ကြီးသည် ဟီးဟီးထ ခန့်ထည်လှ၏။ စာသင်သားတွေနေသော ပင်မဇရပ်ကြီးမှာ ရေနံချေးသုပ် သစ်သားဇရပ်ကြီးဖြစ်ပြီး အခြားအရံဇရပ်ကလေးများမှာလည်း သာမန်သစ်သားဇရပ်များပင် ဖြစ်သည်။ ပုံစံတွေက ရိုးရိုးတုံးတုံး၊ ရှေးဆန်ဆန် အဆောက်အအုံတွေကြားမှာ ခေတ်မီအုပ်ဇရပ်ကြီး စတင်ပန္နက်ချစဉ်ကတည်းက စိတ်ဝင်စားဖွယ်ကောင်းလွန်းခဲ့၏။

တိုက်ဇရပ်ကြီးက ပြီးသော်လည်း မည်သူမျှ မနေသေးပါ။ လူမနေသေးသည့် ဇရပ်ကို ဟိုက မွမ်းမံ၊ ဒီကပြင်ဆင်နှင့် အတော်ကြာနေပြီဖြစ်သည်။ တစ်လမှာ နှစ်ကြိမ်ခန့်လည်း ထိုတိုက်ဇရပ်ကြမ်းပြင်များကို တိုက်ချွတ်ဆေးကြော သန့်စင်ရ၏။ ထိုသို့ သန့်စင်တိုင်းလည်း အပျိုပေါက် အုပ်စုသည် မပါမဖြစ် ပါကြရသည်။ တိုက်ဇရပ်ဆီ သန့်ရှင်းရေးသွားရမည့်ကိစ္စသည် မထေရညာဏီတို့အရွယ် ဆရာလေးတိုင်းကို ဆွဲဆောင်နေသော ကိစ္စ ဖြစ်၏။

ညနေဘုရားဝတ်တက်ချိန်သည် တစ်နာရီခွဲစာခန့် ရှည်ကြာလှသည်ဖြစ်ရာ ကလေးတွေအဖို့ ငြီးငွေ့စရာကောင်းလွန်းလှ၏။ ဝတ်ရွတ်စဉ်ကို စတင်ရွတ်စဉ်က သံပြိုင်ကျယ်လောင်လှသလောက် အချိန်ကြာလာသည်နှင့်အမျှ ထိုင်းမှိုင်းငိုက်မြည်းလာကြသည်။ ထိုငိုက်မြည်းသူတွေထဲမှာ မသုဇာသည် အဆိုးဆုံးဖြစ်၏။ သူတို့အရွယ် မကေသာရီ၊ မသီရိတို့သည်လည်း အနည်းနှင့်အများ ယိမ်းထိုးကြသည်ပင်။ ထိုသောအခါ ဒေါ်ကြီးဘုရားသည် သူ့အခန်းတွင်းမှ အသံပေးလေ့ရှိ၏။

''အနောက်ပိုင်းက ကလေးတွေ အသံမထွက်ပါလား။ ကေသာရီတို့၊သီရိတို့ငိုက်နေကြပြီထင်တယ်။ ကျယ်ကျယ်ရွတ်ဆိုစမ်း၊ သဒ္ဓါတရားကတယ်နည်းသကိုး။ ထိန မိဒ္ဓကလည်းများပဲ့''

ဒေါ်ကြီးဘုရား မြည်တွန်သံထဲတွင် မသုဇာနာမည် ဘယ်တော့မှမပါ။ ငိုက်သူချင်းအတူတူ မကေသာရီတို့၊ မသီရိတို့ နာမည်သာ ပါလာလေ့ရှိသည်က မထေရညာဏီအဖို့ ပြုံးချင်စရာကောင်းလွန်းလှ၏။ မသုဇာသည် ဒေါ်ကြီးဘုရား လူမှန်းသိသာလှ၏။ မည်သို့ပင်ဖြစ်စေ ဒေါ်ကြီးဘုရား ထိုသို့အသံပေးလိုက်ပါက အနောက်ပိုင်းအုပ်စုထံမှ ရောက်ရာမှ အမီလိုက်သည့်အသံတွေ ကျယ်ကျယ်လောင်လောင် ပြန်ပေါ်လာစမြဲ။ ယခုလို ဘုရားဝတ်တက်ချိန်လွှတ်ပြီး အလုပ်လုပ်ရမည် ဆိုသည့်အရွယ် ဆရာလေးတွေအားလုံး တက်ကြွစွာ ပါဝင်ဖို့ အသင့်ဖြစ်နေတတ်သည်။

သို့သော် ဤကိစ္စသည် လျှို့ဝှက်အပ်သော ကိစ္စမဟုတ်၊ တီးတိုး ပြောစရာမလိုသော ကိစ္စဖြစ်သည်။ မထေရညာဏီအဖို့ မသူဇာကို ဒါလေး များ ... ဟုတော့ မပြောဝံ့။ သည်လို ဘာမှမဟုတ်တာကို ရေးကြီးခွင်ကျယ် ဖြစ်နေတတ်သည်က မသူဇာစရိုက် ဖြစ်သည်။ တစ်ခါကလည်း တစ်ဖက် ဘုန်းတော်ကြီးကျောင်းသို့ နံနက်ဆွမ်းဟင်းဗန်းပို့တာဝန်တွင် ဆွမ်းဗန်း ခေါင်းပေါ်ရောက်ပြီးမှ ဒေါ်ကြီးဘုရားက ဆရာလေး မဝိလာသီကို နေခဲ့ရန် ပြောပြီး လူစားလဲလိုက်သည့်ကိစ္စသည် မသူဇာ့အတွက် ရေးကြီးခွင်ကျယ် ဖြစ်သွားတော့၏။ သူ့မှာ ထိုကိစ္စပြီးပဲ မပြီးနိုင်။

''သိပြီးပြီလား ဘုရား၊ ဒေါ်ကြီးဘုရားက ဆရာလေး မဝိလာသီကို ဆွမ်းဗန်းပို့မသွားစေတော့တာ ထူးဆန်းမနေဘူးလား။။ ဒေါ်ကြီးဘုရားက ဒီလိုပြောလိုက်တော့ မဝိလာသီက အသားကဖြူဖြူနဲ့ မျက်နှာကိုရဲသွားတာ ဘာဖြစ်လို့လဲ မသိဘူးနော်''

အကယ်စင်စစ် မဝိလာသီ၏ ခန္ဓာကိုယ် ဖွံ့ထားလာမှုအပေါ် ဆွမ်းဗန်းပို့မသွားသင့်တော့ဟု ဒေါ်ကြီးဘုရား ဆုံးဖြတ်လိုက်မှုသည် မသူဇာ သဘောမပေါက်နိုင်အောင် ငယ်ရွယ်လွန်းသေးသည့်အတွက် ဖြစ်သည်။ သူ့မှာ ထိုကိစ္စပြီးပဲ မပြီးနိုင်။ တစ်ခါတစ်ရံကျတော့ မသူဇာထံမှ ကြိုတင်ရရှိနေသော သတင်းတွေက အဖိုးတန်သတင်းတွေ ဖြစ်နေပြန် သည်။ နံနက်ဆွမ်းစားကြွဖို့ ရှိတယ်ဆိုသည့် သတင်းမျိုး။ ဆရာကြီးဘုရား အပြင်ကို ကိစ္စနှင့် ကြွမယ်၊ ဘယ်သူဘယ်ဝါ လိုက်ပါရမယ်ဆိုတာမျိုး သတင်းကြိုကြိုတင်တင်သိရလေ့ရှိသည်။ ထို့ကြောင့်ပင်လျှင်မထေရညာဏီ ထိုဆရာလေး မသူဇာစကားကို ဒါလေးများဟု ပျက်ရယ်မပြုဝံ့။

ထိုညနေ ဝတ်တက်ချိန်နီးတော့ မသူဇာ စကားမှန်ကန်ကြောင်း သိခွင့်ရခဲ့သည်။ အုပ်စုခေါင်းဆောင် မဇောတက အားလုံးတိုက်ဇရပ်ကို သွားကြမယ်တဲ့။ တံမြက်စည်းယူသူယူ ရေပုံးဆွဲသူဆွဲ အဝတ်စုတ်ရှာသူရှာ

နှင့် အလုပ်များကုန်တော့၏။ သွက်သွက်လုပ်မှ မသွက်လျှင် ဒေါ်ကြီးဘုရား အသံကျယ်ကြီး မကြာမီ ထွက်ပေါ်လာတော့မည်။

❑

'ချိုးရေလှည့်' တာဝန်ကြောင့် တစ်ညနေလုံး အပေါ်တွင်းမှာ ရေဆွဲခဲ့ရသဖြင့် လက်ဖဝါးတွေ ကျိန်စပ်နေသော မထေရညာဏီသည် တိုက်ဇရပ်သန့်ရှင်းရေးမှာ တာဝန်ခွဲတော့ ကြမ်းတိုက်အုပ်စုထဲ ပါသွားခဲ့၏။ အနည်းငယ်ထွားကျိုင်း သန်မာသော ဆရာလေးတွေ အောက်ရေတွင်းဘက် ခပ်သွက်သွက် ဆင်းသွားပြီး အုတ်ကန်ကြီးအတွင်း ရေသယ်ဖြည့်ကြသည်။ ကျန်ဆရာလေးတွေ မျက်နှာကြက်မှ ပိုး အိမ်ရှင်းသူရှင်း ကြမ်းပြင်မှာ အဝတ်ရေစိုနှင့် တိုက်သူတိုက်၊ ဒေါ်ကြီးဘုရား၏ အမိန့်ပေးသံသည် လှုပ်ရှားမှုကြားမှ မြိုင်မြိုင်ကြီး ပေါ်ထွက်နေသည်။

''ရေတွေ မလိုအပ်ဘဲ မဖိတ်စင်စေနဲ့။ ကြမ်းပြင်ပေါ် ရွှဲအိုင်မနေစေနဲ့။ ကြမ်းတိုက်သူတွေ လက်ထဲကို ခွန်အားထည့်ပြီး တိုက်ပါ။ အဝတ်ထဲ ရေကုန်သလောက်ရှိရင် အင်ဒုံထဲမှာ ပြန်စိမ်၊ ရေညစ်တွေသွန်ပစ် မသူဇာ ဘယ်ရောက်သွားပြီလဲ ငါ့ကွမ်းအစ် သွားယူစမ်း၊ ထွေးခံပါ တစ်ခါတည်း ယူခဲ့''

တကယ်ဆိုလျှင် တိုက်ဇရပ်က လူပင် မနေသေးသည့်အတွက် ဘာမှလည်း ညစ်ပေခြင်း မရှိသေးပါ။ ဒါကိုပင် မကြာခဏ သန့်ရှင်းရေး လုပ်နေသည်ကို ကြည့်ခြင်းဖြင့် တိုက်ဇရပ်အပေါ် ဒေါ်ကြီးဘုရား ဘယ်မျှ အာရုံကျသလဲ သိသာနိုင်သည်။ မထေရညာဏီတို့လည်း တိုက်ဇရပ်မှာ ဘယ်သူ့ကို ထားမည်လဲ။ အလွန်ပင် သိချင်ကြ၏။ အချို့ကလည်း ထိုကိစ္စကို ဗေဒင်ဟောကြ၏။

''စဉ်းစားစရာ မလိုပါဘူး ဘုရား။ ဒေါ်ကြီးဘုရားဇရပ်၊ ဒေါ်ကြီးဘုရား တူမတွေ ထားမှာပေါ့''

ဒေါ်ကြီးဘုရားတူမ ဆိုလိုက်လျှင် မထေရညာဏီ ကိုယ်ရုံကို ပြင်ရုံလိုက်မိသည်။ စိတ်လှုပ်ရှားလျှင် မထေရညာဏီ ပြုမူနေကျ အမူအကျင့်ဖြစ်သည်။ ဘာကြောင့်မှန်းမသိ ရွယ်တူဆရာလေးတွေထဲမှာ ဒေါ်ကြီးဘုရားတူမ မဝဏ္ဏသိဂီကို သူ နည်းနည်းရှိန်သည်။ အသားဖြူဖြူ၊ မျက်လုံးတောက်တောက် ညာဏ်ရည်ထက်မြက်ပုံရပြီး ပြုံးရယ်ခဲလျက် နှုတ်ခမ်းကိုတင်းတင်းစေ့ထားပုံက မာန်မာနကြီးသည့်ပုံပင်။ မဝဏ္ဏသိဂီက စကားလည်း နည်းသည်။ မျက်နှာချင်းဆိုင်တွေ့လျှင် ခေါ်ချင်မှ ခေါ်သည်။ ဒေါ်ကြီးဘုရား မြှောက်စားသဖြင့် တောက်ကြွားသူလည်း ဖြစ်သည်။

နေ့ဆွမ်းစားပြီးချိန် ဆရာကြီးဘုရားနှင့် ဒေါ်ကြီးဘုရားတို့ ဆွမ်းဝိုင်းမှ မဝဏ္ဏသိဂီနာမည်ခေါ်သံ ကြားရတတ်သည်။ ဆရာကြီးတို့ဆွမ်းဝိုင်းမှ အချိုပွဲကျလာခြင်းပင်။ ဒူးရင်းသီးလို၊ မင်းဂွတ်သီးလို အသီးမျိုးဖြစ်တတ်သလို ထိုးမုန့်လို၊ ဟာလဝါလို မုန့်အချိုများလည်း ဖြစ်တတ်၏။ သည်လိုလူကြီးဝိုင်းမှ အချိုပွဲကျလာသည့် အခွင့်အရေးသည် အထူးအခွင့်အရေးဖြစ်ပြီး တော်ရုံဆရာလေးများ စိတ်ကူးမယဉ်ဝံ့သော အခွင့်အရေးဖြစ်သည်။ ဒေါ်ကြီးဘုရားသည် မဝဏ္ဏသိဂီကို တော်တော်ချစ်သည်။ မဝဏ္ဏသိဂီကလည်း ဒေါ်ကြီးဘုရားချစ်လောက်အောင် တည်ငြိမ်ကျနွေရကာ စာတော်သည်။ သူစာအံနေသော အသံသည် မထေရညာဏီ နားထဲမှာ ညြည့ြရှရှနှင့် အလွန်နားထောင်ကောင်းသည်။

မဝဏ္ဏသိဂီမှာ အစ်မဝမ်းကွဲ မဟေမာ ရှိသော်လည်း ဒေါ်ကြီးဘုရားအာရုံက မဟေမာထံ မရောက်လှပါ။ ယခုလည်း တိုက်ဇရပ်သန့်ရှင်းရေးမှာ ထိုဆရာလေးတွေ မပါပါ။ စာမေးပွဲနီးပြီဆိုသည့် အကြောင်းပြချက်ဖြင့် ခွင့်ချက်ပေးထားတာ သူတစ်ပါး စကားတင်းဆိုစရာ ဖြစ်တော့၏။ ဟော ... ကြေးစည်သံပင် ကြားနေရပြီ။ တိုက်ဇရပ်သန့်ရှင်းရေးလည်း လက်စသတ်ပြီ။

မထေရညာဏီသည် ရေစင်စင်သုတ်ထားသော ကြမ်းတိုက်အဝတ်များကို ဇရပ်သစ်၏ မီးဖိုခန်းထဲရှိ ကြိုးတန်းမှာ လှမ်းလိုက်သည်။ ထိုသို့ လှမ်းရင်း ပြတင်းပေါက်မှ ကြည့်လိုက်ကာ အပြင်ဘက်မှ လမ်းနှင့် အဆောက်အအုံကို မြင်ရသဖြင့် ငေးကြည့်နေမိသည်။ ခါတိုင်းတော့ ဤမီးဖိုတံခါးကို မဖွင့်ဘဲ ဘေးလေှကားမှသာ အသုံးပြုတက်ဆင်းသဖြင့် ဤပြတင်းပေါက်မှ အပြင်မြင်ကွင်းသည် သူနှင့်စိမ်းလှ၏။ အောက်ရေတွင်းဘေးမှာ ဝါးနှစ်ပြန် သုံးပြန်စာကာထားသော အုကာအရံ၏ ဟိုမှာဘက် မြင်ကွင်းသည် တိုက်ဇရပ် မီးဖိုဆောင်ပြတင်းမှ မြင်ရသော မြင်ကွင်းနှင့် တူတူပင်ဖြစ်ကြောင်း သတိရပြီး ငေးနေမိခြင်း ဖြစ်သည်။

ထိုစဉ် တစ်ဖက်အဆောက်အအုံအတွင်းမှ လူရိပ်တစ်ခု ဖျတ်ခနဲ ပေါ်လာသည်။ ထိုသူသည် ယခင်က တိတ်ဆိတ်နေပြီး ယခုမှ လှုပ်ရှားနေသော တိုက်ဇရပ်ဘက်ဆီသို့ ခပ်စူးစူးကြည့်နေခြင်း ဖြစ်သည်။ လူစိမ်းတစ်ယောက်၏ အကြည့်စူးစူးသည် မထေရညာဏီကို တုန်လှုပ်သွားစေသည်။ အလျင်စလိုပင် ပြတင်းတံခါးကို ခပ်သွက်သွက် ပိတ်လိုက်မိသည်။ ဘုရား ... ဘုရား ...။

ထိုညက တိုက်ဇရပ်မှ ပြန်လာပြီး ဒေါ်ကြီးဘုရားဝေပေးသော ထန်းလျက်ကြော်ကိုပင် ဖြောင့်အောင် မစားနိုင်။ စာသင်တိုက်မှာ မွန်းလွဲစာ စားခွင့်မရှိသော်လည်း တိုက်ဇရပ်သန့်ရှင်းရေးနေ့ဆိုလျှင် ဒေါ်ကြီးဘုရား ကိုယ်တိုင် မီးဖိုမှာ မီးပြန်ပျိုးကာ ဒယ်အိုးထဲ ဆီထည့် ဆီသေလျှင် ကြက်သွန်နီဆီသပ်၊ ကြက်သွန်နီရဲလာလျှင် ထန်းလျက်ထည့်ပြီးမွှေ၊ ညောင်စေးကျပါက ဆန်မှုန့်ဖြူးထားသော စကောအတွင်းမှာ တစ်ပုံစီပုံလျက် အချိုးကျခွဲဝေစားသောက်စေသော ထိုအစာကို မထေရညာဏီ နစ်သက်လှ၏။ ထိုညမှာတော့ နှုတ်နေးနေသလို လက်လည်း နေးလှ၏။ သူ့မျက်စိထဲ တဒင်္ဂမြင်လိုက်ရသည့် ထိုလူရိပ်ကိုသာ မြင်နေတော့၏။

သူ မြင်တွေ့ခဲ့သည့် မြင်ကွင်းကို တစ်စုံတစ်ယောက်အား ပြောကြားလိုလှ၏။ ဆရာလေး မသူဇာကို ပြောမည်လား။ မဖြစ်ပါ။ မသူဇာက နှုတ်မလုံဘဲ တခြားဆရာလေးများထံ တီးတိုးစကားပျံ့သွားပါက ဘယ်လိုမှ မကောင်း။ သို့မဟုတ် ဟိုဘက်အဆောက်အအုံမှာ လူရိပ်မြင်တာပဲ ဆန်းလွန်းလို့ လူတွေနေတဲ့နေရာ ပြတင်းပေါက်မှာ လူလာမရပ်လို့ ဘယ်သူ ရပ်မှာတုန်းလို့ ပြန်မေးပါက မထေရညာဏီအဖို့ ဘာပြန်ဖြေရမှန်း သိမည် မဟုတ်ပေ။ အဖြေမရှိသော ထိုပဟေဠိသည့် အာရုံထဲ စွဲထင်နေတာ အတော်ကြာသည်။ တစ်ယောက်,ယောက်ကို ဖွင့်မပြောရသည့်အတွက် လည်း စိတ်ထဲ နိုးလိုးခုလု ရှိလှ၏။

သည်အတော်အတွင်းမှာပင် တိုက်ဇရပ်မှာ မည်သူတွေကို ထားမည်ဆိုသော သတင်းအတည်ပြုချက် ထွက်လာသည်။ ဆရာလေး အချို့ မှန်းထားသလိုပင်။ ဒေါ်ကြီးဘုရားတူမ မဟေမာနှင့် မဝဏ္ဏာသိဂီတို့ ဖြစ်ကြပြီး သူတို့အိုးစားခေါင်းဆောင် မရူပသိဂီလည်း ပါပေမည်။ မရူပသိဂီ က စာသင်တိုက်မှာ မထင်မပေါ် ခပ်မှိန်မှိန်နေသူ ဖြစ်သည်။ အသားညိုညို ပန်းနာရင်ကြပ်ရှိသဖြင့် ခပ်ပိန်ပိန် မထေရညာဏီမျက်စိထဲ ခပ်ကုန်းကုန်း သူ့ထံမှ မောသံချောင်းဆိုးသံမပြတ်၊ အကြီးတန်းကို ဖြေလိုက်နားလိုက်၊ အလုပ်ကြမ်းတာဝန်ခွဲဝေရာမှမပါ၊ ဂိလာနစာရင်းဝင်တစ်ပါး ဖြစ်သည်။

သတင်းထွက်ပြီးမကြာခင်ပင် ထိုဆရာလေးသုံးပါး တိုက်ဇရပ်ဆီ ပြောင်းရွှေ့သွားကြတော့၏။ သူတို့ရောက်ရှိသွားသည့်နေ့မှစ၍ တိုက်ဇရပ် သန့်ရှင်းရေးဆိုပြီးဝတ်တက်ချိန်မှာသွားမလုပ်ရတော့ပါ။ လူနေနေပြီဖြစ်၍ နေသူတွေ တာဝန် ဟု ယူသော်ရ၏။ ညစဉ် ဝတ်တက်ချိန်မှာ မဝဏ္ဏာသိဂီနှင့် မဟေမာတို့နှစ်ပါးသာ စာသင်တိုက်ကြီးပေါ် အများစုနှင့် စုပေါင်းဝတ်တက် လေ့ ရှိသော်လည်း သူတို့အိုးစားခေါင်းဆောင် မရူပသိဂီမှာ ဂိလာနအဖြစ် တိုက်ဇရပ်မှာ ကျန်ရစ်ခဲ့လေ့ ရှိသည်။

ထိုရက်များအတွင်း မထေရညာဏီသည် ဟိုဘက်ပြတင်းပေါက်မှာ လှမြင်သည့်ကိစ္စကို မဝဏ္ဏသိင်္ဂီထံ ပြောချင်စိတ် တဖွားဖွားပေါ်လာပြန်သည်။ ဘာကြောင့်မှန်းမသိ ထိုကိစ္စမဆောင်ရွက်ရမချင်း စိတ်ထဲမှာ နေသားမကျဖြစ်နေသည်က မထေရညာဏီအတွက် စနိုးစနောင့် ဖြစ်လွန်းလှ၏။ ပြောလျှင် ဘယ်ပုံစံနှင့်ပြော မည်နည်း။ အဲဒီမီးဖိုက ပြတင်းပေါက်မှာ မရပ်ပါနဲ့ဘုရား၊ ဟိုဘက်မှာ အန္တရာယ်ရှိတယ် ဘုရား ... ဟု သတိပေးရမည်လား။ သည်သို့ဆိုလျှင် မဝဏ္ဏသိင်္ဂီက ထိုစကားကို အလိုက်သင့်လက်ခံပါမည်လား။ အလကားအဓိပ္ပာယ်မရှိတာဟု ဆိုချင်ဆိုလိမ့်မည်။

မဝဏ္ဏသိင်္ဂီနှင့် စကားပြောဖို့ အခွင့်အရေးကလည်း တိုက်ဇရပ်ပြောင်းသွားပြီးကတည်းက ပိုမိုကျဲပါးသွားခဲ့သည်။ စာသင်တိုက်ကြီးပေါ်တွင် တစ်စုတဝေးတည်းနေစဉ်ကမူ တစ်ခါတစ်ရံ 'ပန်းခုံသီလှည့်' မှာ ဆုံနိုင်သေးသည်။ ဘုရားခန်းရှေ့တွင် ကလေးတစ်ရပ်စာ သစ်သားပန်းခုံနှစ်ခုရှိသည်။ သစ်သားခုံမှာ အပေါက်တွေ ဖောက်ထားခြင်း ဖြစ်သည်။ ပန်းခုံသီလှည့်တာဝန်သည် သစ်သားပြားတစ်ခုမှာ နှစ်ပါးစီ ဖြစ်သည်။ မိမိပန်းခုံတစ်ဖက်ပန်းခုံထက် အမြင်ပသာဒ လှပကောင်းမွန်ရေးအတွက် ပန်းခုံသီတာဝန်ကျ ဆရာလေးတို့သည် အစွမ်းကုန်ကြိုးပမ်းရသည် ဖြစ်၏။

ခြံဝင်းထဲရှိသမျှ စကြာပန်း၊ ခေါင်းရမ်းပန်း၊ ပုဏ္ဏရိပ်ပန်း၊ ဆိပ်ဖလူးပန်းတို့ကို နံနက်အရုဏ်အချိန်ကတည်းက ခူးဆွတ်ကာ လင်ပန်းနှင့်ထည့် အဝတ်ရေစို အုပ်ထားရ၏။ ညနေစာဝါသိမ်း ရေမိုးချိုးပြီးသည်နှင့် ပန်းခုံသီလှည့်တာဝန်ကျသူသည် ပန်းခုံရှေ့ထိုင်ပေရော့။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ပန်းနှင့်ပူဇော်ရာမှာ အမြင်ပသာဒ လှပဆန်းကြယ်စေဖို့တစ်ဖက်နှင့်တစ်ဖက်အပြိုင်ကြရတော့၏။ ပန်းတွေကိုအဖြူတစ်တန်း အနီတစ်တန်း၊ အဝါတစ်ကန့် အပြာတစ်ကန့် ဒီဇိုင်းပုံစံ မျိုးစုံဖော်လျက် စိတ်ကူးညာဏ်ထုတ်ကြရ၏။ ထိုရက်မျိုးဆို မဝဏ္ဏသိင်္ဂီသည် မထေရ

ညဏီကို စကားဖွယ်ရာမဆို အလုပ်ကိုသာ ကုန်းလုပ်လေ့ရှိ၏။ ဒီအတန်း ဒါလေးထည့်ရင်ကောင်းမလားဘုရားဆိုသော နီးနောတိုင်ပင်မှုမျိုးလည်း မရှိ၊ မသူဇာလို ကြားရသတင်း လက်တို့ပြောဖို့ဝေးလို့ နှစ်ယောက်သား အသံတိတ် ပန်းသီနေတတ်ကြသည်။

ယုတ်စွအဆုံး မဝဏ္ဏသိဂီဆီမှ စကားသံထွက်လာတတ်သည်က

''အမည်းရောင်ရဖို့ တရုတ်စကားပန်းရွက်ကို ရွေးရင် အရွက်ရင့်ကို ရွေး ဘုရား။ အရွက်တွေကို ညီညီထပ် ဆွားပါးထက်ထက်နဲ့ ပိုက်ဆံ တစ်မတ်ပိုင်းသာသာ ကလေးလှီးပြီး အလယ်က ပန်းသီတံနှင့် အပေါက် ဖောက်ပြီး အဝတ်ရေစိုသေချာအုပ်ထားဘုရား၊ အရွက်ရင့်မှ အဝေးက ကြည့်ရင် အရောင်စိုမှာ ...''

''မနက်ဖြန်တော့ တပည့်တော် မနက် ၆ နာရီ စာဝါရှိလို့ စကြာပန်းတွေကို မထေရပဲ လိုက်ခူးလိုက်ပါ ဘုရား''

သည်လိုစကားမျိုးလောက်တော့ ထွက်လာလေ့ရှိပြီး မထေရ ညဏီကလည်း တင်ပါ့ဘုရားအပြင် ပိုမပြောတတ်အောင် အာစေးမိနေ တတ်သည်။ မဝဏ္ဏသိဂီနှင့် ပတ်သက်လျှင် မထေရညဏီစိတ်ထဲ အမြဲပင် တင်းကျပ်လျက် ပေါ့ပေါ့ပါးပါး မရှိသည်က ဘာဖြစ်မှန်းမသိ။ ဘာကြောင့် မှန်းမသိ ယခုလို တစ်နေရာစီဝေးသွားပြီး တစ်ခါတစ်ရံ လေ့ကားအတက် အဆင်းလိုနေရာမျိုး၊ အောက်ရေတွင်းမှာ ရေလာငင်သည့်အခါမျိုးလောက် သာ ခရီးသွားဟန်လွှဲ တွေ့ရတတ်လေ့တော့ မေးထူးခေါ်ပြောပင် မရှိ လောက်အောင် စိမ်းသွားကြပြန်သည်။ သည်လိုအနေအထားမှာ ပြတင်း ပေါက်ကိစ္စမျိုး ဘယ်လိုပြောမည်နည်း သည်လိုနှင့် ရက်တွေ တဖြည်းဖြည်း ကြာညောင်းလာရာ ထိုပြတင်းပေါက်ကိစ္စလည်း မထေရညဏီအာရုံထဲမှာ ပါးလျလာသည်။ ယခင်ကလောက် ပြင်းပြင်းထန်ထန် မဟုတ်သော်လည်း ပန်းခုံသီလှည့်တာဝန်ကျရာ ရက်မျိုးတွင် စာသင်တိုက်ကြီးပေါ်မှ လှမ်းမြင်

နေရသော တိုက်ဇရပ်ကိုကြည့်ကာ မဝဏ္ဏသိင်္ဂီအတွက် ဘာမှန်းမသိသော စိုးရိမ်စိတ်တွေက တစ်ချီတစ်ချီ ဝင်လာမိသေး၏။

❑

ယခုတလော အောက်ရေတွင်း ရေချိုးရာမှာ စာဝါဖြုတ်ပြီး ကိုယ့်အခန်း ကိုယ်နားနေရာမှာ တီးတိုး တီးတိုး သတင်းစကားတစ်ရပ် ထွက်ပေါ်နေသော်လည်း ထိုသတင်းစကားသည် မသုဇာနှုတ်ဖျားမှ လုံးဝထွက်ပေါ်လာခြင်း မရှိသည်က အလွန်အံ့ဖွယ်ကောင်း၏နေသည်။ ထူးပြီဆို ပြောချင်ဆိုချင်ရှိလှသော မသုဇာ ပုတိုက်တိုက် အာစေးမိနေသည်မှာ ဒေါ်ကြီးဘုရားနှင့် တစ်စုံတစ်ရာ ပတ်သက်မှုရှိနေ၍ ဖြစ်မည်ဟု မထေရညာဏီ ယူဆပါသည်။

တိုက်ဇရပ်ပြောင်းပြီး ၆ လအကြာ မဝဏ္ဏသိင်္ဂီတို့ အိုးစားခေါင်းဆောင် မရူပသိင်္ဂီ မမျှော်လင့်ဘဲ သူ့သဘောနှင့်သူ ထွက်သွားသောကိစ္စသည် စာသင်တိုက်မှာ တစ်ကြိမ်တစ်ခါမျှ မဖြစ်ပေါ်ဖူးသောကိစ္စ ဖြစ်သည်။ ဂိလာနအဖြစ် နေသွားပြီး တကယ်လည်း အစဉ်အမြဲ ပန်းနာရင်ကျပ်ရောဂါဖိစီးလျက် ပိန်ချုံးနေသော ထိုမရူပသိင်္ဂီ စာသင်တိုက်မှ ထွက်ခွာသွားသောကိစ္စသည် စာသင်သားအားလုံး သို့လော သို့လော ဖြစ်စေသောကိစ္စဖြစ်သည်။ တစ်ခုသော မြို့ဖိတ်ဆန်ခံထွက်ရာမှအပြန် အခြားသူများရောက်ရှိလာသောလည်း မရူပသိင်္ဂီ စာသင်တိုက်သို့ ပြန်လာခြင်း မရှိပါ။ သူ့မှာ မိဘများမရှိတော့သဖြင့် မိဘရပ်ထံ ပြန်သွားခြင်းလည်း မဖြစ်နိုင်။ သည်သို့ဆိုလျှင် ဘယ်ကိုထွက်သွားလေသနည်း။

နစ်ရက်သုံးရက်ခန့်ကြာသောအခါ မရူပသိင်္ဂီတစ်ယောက် သူနှင့်ခင်မင်ရာ ခင်မင်ကြောင်း မပေမာ၏ရွာသို့ ရောက်သွားပြီး မပေမာ၏ မိဘများထံတွင် လူဝတ်လဲလိုက်ပြီဆိုသော စကားက တုန်လှုပ်ချောက်ချားဖွယ်ရာ ရောက်ရှိခဲ့တော့၏။ ဘယ်လိုကြောင့် ဘာအကြောင်းတွေကြောင့်

မရှုပသိဂီလို အရုပ်ဆိုးဆိုး မကျန်းမမာ ဆရာလေး လူ့ဝတ်လဲသွားရပါ သလဲ။

အဖြေမရှိသော တီးတိုးသတင်းသည် တီးတိုးနှင့်ပင် ရပ်တန့်သွားကာ မည်သူမျှ အသံမထွက်ဝံ့ပေ။ ဒေါ်ကြီးဘုရားဇရပ်မှ ထွက်သွားသူဖြစ်သဖြင့် ဒေါ်ကြီးဘုရားလည်း မျက်နှာမကောင်း တူမတွေကို အခန်းထဲသွင်းကာ ကြိတ်မေးနေသည်ဟုတော့ ကြားရသည်။ အခြားသူတွေဆိုလျှင် အသံကျယ်တတ်သော ဒေါ်ကြီးဘုရားသည် သူ့ဇရပ်ကိစ္စမှာတော့ အသံအတိတ်ကြီး တိတ်နေသည်မှာလည်း အလွန်ထူးဆန်းနေပြန်သည်။

တစ်ခုသော နံနက်ရှစ်နာရီခန့် စာဝါတက်ချိန် တိုက်ဇရပ်အနောက်ဘက်ဆီမှ သံရိုက်သံ တဒိုင်းဒိုင်းကြောင့် မထေရညာဏီ ခေါင်းထောင်သွားတော့၏။ ဒေါ်ကြီးဘုရားဇရပ် ဘာတွေများ မွမ်းမံပြင်ဆင်ဦးမည်လဲ။ သံရိုက်သံသည် တော်ရုံနှင့်မစဲ။ ထိုနံနက်ခင်းမှသည် ညနေပိုင်းဆီသို့ပင် ကူးစက်လာသည်။ ညနေစောင်းတော့မှ လက်သမားအဖွဲ့ လက်သမားသုံးပစ္စည်းထည့်သော အိတ်တွေ လွယ်လျက် ဝင်းအတွင်းမှ ထွက်သွားတော့၏။

စာဝါသိမ်းခေါင်းလောင်းသံကြားသည်နှင့် မထေရညာဏီသည် သိချင်စိတ်ကို မအောင့်အည်းနိုင်စွာ အောက်ရေတွင်းဘက် ထွက်လာမိသည်။ အောက်ရေတွင်းမှ လှမ်းကြည့်လျှင် ဒေါ်ကြီးဘုရား၏ တိုက်ဇရပ်နောက်ဖေးကို မြင်နေရသည် မဟုတ်ပါလား။ မြင်လိုက်ရသည့် မြင်ကွင်းက မထေရညာဏီကို အထူးပင် အံ့အားသင့်စေလေသည်။ တိုက်ဇရပ်မီးဖိုချောင်ပြတင်းနှင့် တည့်တည့်နေရာမှ သွပ်ပြားတွေ ဝါးနစ်ပြန်အမြင့် ကာရံလိုက်ပြီပါလား။ အရေးပေါ် အခြေအနေအရ ချက်ချင်း လက်သမားခေါ် ချက်ချင်းကာရံလိုက်သည့်အနေအထား။

မထေရညာဏီသည် သန့်ရှင်းရေးညက တိုက်ဇရပ်ပြတင်းပေါက်မှ မြင်လိုက်သော မျက်လုံးစူးစူးတစ်စုံကို ပြန်လည်မြင်ယောင်ရင်း စိတ်တွေ

ရှုပ်ထွေး နောက်ကျူလာလေသည်။ သူ့အတွေးတွေက ချိတ်မိမလိုလို ဖြစ်လိုက် ကွင်းဆက်ပြတ်သွားလိုက်။ နောက်ဆုံးမှာတော့ အတွေးစက်ဝန်းသည် တစ်နေရာမှာ ဆုံတွေ့ချိတ်ဆက်မိသွားလေသည်။ သူ စိတ်လှုပ်ရှားလျှင် လုပ်လေ့ရှိသည့်အတိုင်း သပ်သပ်ရပ်ရပ်ဖြစ်နေပြီသော ကိုယ်ရုံကို မကြာခဏ ပြန်ရုံလျက် လေးကန်သော ခြေလှမ်းများဖြင့် ဇရပ်ကြီးဘက်သို့ ပြန်လျှောက်လာလေသည်။ မထေရညာဏီသည် ယခုအချိန်မှာတော့ သူ တွေးတောဆက်စပ်မိသမျှကို မည်သူတစ်ဦးတစ်ယောက်ကိုမျှ ပြောရန် ဆန္ဒမရှိတော့ပါ။

တစ်ခါတစ်ရံ ဆိတ်ဆိတ်နေခြင်းသည် အလုံးစုံကို နားလည်သဘောပေါက်သွားပြီဖြစ်ကြောင်း မိမိကိုယ်တိုင်မှလွဲ၍ ...။

❑

မြဝတီမဂ္ဂဇင်း
အမှတ် ၁၅၁၊ စက်တင်ဘာလ၊ ၂၀၁၂ ခုနှစ်။

# ရိပ်ကြီးပျော်

''ဧည့်သည်တွေ ရောက်လာကြမယ်တဲ့ ဘုရား''

ဆရာလေး မဟောမာရဲ့ သတင်းပေးမှုကြောင့် ဆရာလေး မဇောတညာဏီဟာ စိတ်ထဲမှာ အလိုလိုပျော်သွားမိပါတော့သည်။ ဘာကြောင့်မှန်းမသိ ဧည့်သည် လာမယ်ဆို ဆရာလေး မဇောတ လှုပ်ရှားမှုတွေ အလိုလို သွက်လက်လာတော့တာပါ။

မကြာခင် မသီရိခေါင်းဆောင်တဲ့အဖွဲ့ဟာ တံမြက်စည်းတွေ၊ ရေပုံးတွေ၊ အဝတ်စုတ်တွေနဲ့ ဧည့်သည်များ နားနေဆောင်ဘက်ကို ထွက်သွားတာမြင်တော့ သူလည်း ခပ်သုတ်သုတ် လိုက်သွားမိပါတယ်။ ခြေလှမ်းတွေ သွက်လိုက်ပြီးမှ ဆရာကြီးဘုရားက ဒီလိုလမ်းလျှောက်ပုံမျိုးကို နှစ်သက်လေ့မရှိတာမို့ မနည်းဘဲ ဣန္ဒြေပြန်ဆောင်လိုက်ရပါတယ်။

ဝင်ပေါက်မုခ်ဦးအနီးမှာ ကပ်ပြီးဆောက်ထားတဲ့ ဧည့်သည်များ နားနေဆောင်ဟာ အလျားရှည်အဆောက်အအုံတစ်ခုပါ။ လေးဘက်

လေးတန် မှန်တံခါးတွေနဲ့ အလုံပိတ်ထားပြီး ဧည့်သည်တစ်ခါလာမှ တစ်ခါ ဖွင့်တဲ့နေရာပါ။ အခုလည်း ဧည့်သည်လာမှာမို့ မဇေတာတို့ အလုပ်ရပြန်ပြီ ပေါ့။

အထဲရောက်တော့ တံမြက်စည်းလှည်းသူလှည်း၊ ရေလောင်းသူ လောင်း ကွပ်ပျစ်ရှည်ကြီးကို အဝတ်ရေစိုနဲ့ တိုက်သူတိုက် တစ်ယောက် တစ်လက် ဆရာလေးတွေ လက်နဲ့ အချိန်တိုအတွင်း သန့်စင်ပြောင်လက် သွားတော့တာ။

"ဘယ်ကဧည့်သည်တွေ တည်းမှာလဲ ဘုရား"

ပလတ်စတစ်ဇလုံထဲက ရေညစ်တွေသွန်နေတဲ့ မဟောမာနား တိုးတိုးကလေး စပ်စုမိတော့ ရန်ကုန်ကတဲ့။ မဟောမာက စကားပြောရင် သူ့အသံကို နမြောသလို သံပြတ်နဲ့ ပြောလေ့ရှိတယ်။ ဘယ်သူလဲ ဘယ်န ယောက်လဲ ဘာလာလုပ်ကြမှာလဲ ဆိုတဲ့ စကားကိုတော့ ခေါင်းချည်ခါနေ တော့တာပါ။ သူသိတာလည်း ဒါအကုန်ပဲ ထင်ပါရဲ့။ အဖွဲ့ခေါင်းဆောင် မသိရိကိုတော့ မမေးရဲဘူး။ သူက တစ်ခါတလေ ဘာမဟုတ်တာကလေးနဲ့ စိတ်တိုတတ်သူဆိုတော့။ ဟူး ... ဟိုတစ်ခါဆောလို သင်တန်းလာတက်တဲ့ အစ်မတွေများလား။

အဲဒီတုန်းကများ မဇေတာတို့ ချောင်းကြည့်ရတာအမော။ ဧည့်သည်တွေ တကယ်လာပြီဆို ဆရာကြီးဘုရားက ငေးမောစပ်စုနေတာ ကြိုက်တာ မဟုတ်။ မဇေတာတို့လို အရွယ်ကလေးတွေ လူဝတ်ကြောင် တွေကို အားကျပြီး လူထွက်ချင် စိတ်ပေါက်သွားမှာ စိုးတာလည်း ပါတာပေါ့။ မဇေတာကတော့ အစ်မတွေလှလို့ ကြည့်ချင်တာပါ။ ဆံပင်အဖြောင့်နဲ့ အစ်မလည်း လှ၊ ဆံပင်အကောက်နဲ့ အစ်မ လည်း လှ၊ တချို့များ နီညို ရောင်လေးတောင် ဆိုးထားသေး။ မဇေတာသာ ဒီလို ဆံပင်နီညိုရောင် လေးနဲ့ဆို ဘယ်လိုနေမလဲ။ ယောင်ယမ်းပြီး သူ့ခေါင်းပြောင်ပြောင်ပေါ်

လက်နဲ့ပွတ်ရင်း မပျောက်နိုင်တဲ့ ဒက်ချေးနစ်ကွက်ကို သတိလက်လွတ် ကုတ်နေမိသေးတယ်။ မဇေတ ခေါင်းပေါ်က ဒက်ချေးနစ်ကွက်က ဆရာကြီးဘုရားရဲ့ ဆေးနဲ့လည်း မပျောက်ပါဘူး။

''ဆရာလေးတွေ အလုပ်ပြီးရင် ပစ္စည်းတွေအထဲမှာ မကျန်စေနဲ့ ဘုရား ပြီးရင် တံခါးပိတ်မယ်'

အဖွဲ့ခေါင်းဆောင် မသီရိနှီးဆော်မှ အတွေးလွန်နေတာ သတိရ တော့တယ်။ မဇေတရဲ့ သိချင်စိတ်ကို ကြာကြာလည်း သည်းမခံလိုက်ရ ပါဘူး။ နေ့ဆွမ်းစားပြီးချိန်လောက်ကျတော့ ကားတစ်စီး စာသင်တိုက်ရှေ့ ကို ဝူးခနဲ ဆိုက်ပါရောဲ။

''ဟော ... လာကြပြီ ... လာကြပြီ ...''

ဆရာကြီးဘုရားကိုယ်တိုင် တက်တက်ကြွကြွဆိုတော့ ဧည့်သည် တွေဟာ နယ်နယ်ရရ ဟုတ်ဟန်မတူဘူး။ ကားထဲ အမျိုးသမီးကြီး သုံးယောက်ဆင်းလာပြီး ပစ္စည်းတွေကို ဧည့်သည်များ နားနေဆောင်ထဲ သယ်သွားကြတယ်။ မဇေတတို့လည်းလှုပ်ရှားရပြန်ပြီပေါ့။ ဧည့်သည်တွေ ထမင်းကျွေးဖို့မဟေမာတို့ပြင်ဆင်နေချိန်မှာမဇေတနဲ့မခေမာတို့နှစ်ပါးက ဧည့်သည်တွေသောက်ဖို့ ရေနွေးဓာတ်ဘူးတို့၊ အကြမ်းပန်းကန်တို့၊ ဘီစကစ်မုန့်တို့ ဧည့်သည်များ နားနေဆောင်ကို ပို့ကြရတယ်။

အဆောင်ထဲမှာတော့ အမျိုးသမီးသုံးယောက်ဟာ ပါလာတဲ့ ပစ္စည်းတွေ နေရာချပြီး နားနေကြတယ်။ ဒီအချိန် ကားဆိုက်ချိန်ဆိုတော့ ရွှေလားရှိုးကားနဲ့ ပါလာတာလား၊ မူဆယ်တက်မယ့်ကားနဲ့ ပါလာတာလား တော့ မသိဘူး။ အမျိုးသမီးတွေက မဇေတ ထင်သလို အစ်မလုလု မဟုတ်ဘူး။ အမေအရွယ်၊ အဒေါ်အရွယ် အမျိုးသမီးတွေ။ ခဏကြာတော့ ဆရာကြီးဘုရားကိုယ်တိုင် ကြွလာပြီး ထမင်းစား ဖိတ်ပါတော့တယ်။

ဧည့်သည်တွေလာမယ်ဆိုတာသိလို့ စပါယ်ရှယ်ချက်ထားတဲ့ ဟင်းတွေ ပိုင်းအပြည့်ပါပဲ။ ကြက်သားဟင်း၊ ဝက်သားဟင်း၊ ချဉ်ရေဟင်း၊ အစိမ်းကြော်၊ ဆီးဖြူသီးသနပ်၊ ညောင်ချဉ်ဖူးသုပ်အစုံပါပဲ။ မဇေတတို့ နေ့စဉ်စားနေရတဲ့ ဟင်းတွေထက် ပိုကောင်း ပိုစုံတဲ့ဟင်းတွေပေါ့။

ထမင်းဝိုင်းမှာ ဟင်းလိုက်ရင်း၊ ထမင်းလိုက်ရင်း ကြားရတာက ဒီအမျိုးသမီးကြီးဟာ ဒီည စာပေဟောပြောပွဲ ဟောကြမှာတဲ့။ စာပေဟော ပြောပွဲဆိုတာ ဘယ်လိုပွဲမျိုးပါလိမ့်၊ မဇေတ သိချင်လိုက်တာ။ မြို့တော် ခန်းမဆောင်ကြီးထဲ ဟောမှာ။ ရပ်ကွက်ထဲမှာ စာတွေလည်း ကပ်ထား ပြီးပြီ လော်စပီကာနဲ့လည်း လိုက်အော်ပြီးပြီတဲ့။

မြို့ထဲနဲ့ စာသင်တိုက်က အတော်လှမ်းတာမို့ လော်စပီကာသံ မကြားမိပါဘူး။ ဆရာလေးတွေက အကြောင်းကိစ္စမရှိဘဲ မြို့ထဲမထွက်ရ တာမို့ မကြားတာလည်း ဖြစ်နိုင်တယ်။ ဘာပဲဖြစ်ဖြစ် စာပေဟောပြောပွဲ ဆိုတာ ဘာလဲ သိချင်တာ အမှန်ပဲ။

ညနေစောင်းရောက်တော့ စောစောက လာပို့တဲ့ ကားဖြူလေး လာကြိုတာနဲ့ ဆရာမတွေ ပါသွားကြရော။ ဆရာကြီးဘုရားက ဆရာမ ... ဆရာမ ခေါ်လို့ သံယောင်လိုက်ရတာပါ။ မဇေတသိတာ နေ့စဉ် စာသင် တိုက်ကို စာလာသင်တဲ့ အရပ်ထဲက ဆရာမတွေကိုပဲ သိတာ။

''ဒီတိုက်က ပရိယတ္တိစာပေကို မသင်နိုင်သေးဘူး။ ဓနု၊ ပလောင်၊ ရှမ်းတွေများတော့ ဘာသာစကား အခက်အခဲရှိတယ်။ ဒါကြောင့် အတန်း ပညာကို ဦးစားပေး သင်တယ်။ သင်တဲ့နေရာမှာတောင် ဆရာလေးတို့ အချင်းချင်း သင်လို့ မရဘူး။ ကိုယ့်အချင်းချင်းဆိုတော့ မြန်မာလို မေးလိုက် ရင် သူတို့ပလောင်လို ပြန်ဖြေရော။ ဒါကြောင့် မြို့ထဲက မြန်မာဆရာမ တွေကိုပဲ ခေါ်သင်ရတယ်။ ဒါမှ မြန်မာလို ပြန်ဖြေ မြန်မာလို ပြန်ပြောနဲ့ တိုးတက်လာတာ''

ဆရာကြီးဘုရားက ဆရာမတွေကို ရှင်းပြနေတာလေ။ ဟုတ်တယ် စာသင်တိုက်မှာက ခနေ၊ ပလောင်တွေ များတယ်။ မဇေတကတော့ ခနေလည်း မဟုတ်၊ ပလောင်လည်း မဟုတ် မြန်မာလို့ပြောရလည်း ခက်၊ ဒီစာသင်တိုက်မှာ မဇေတဇာတ်လမ်းက တီးတိုးပြောစရာဇာတ်လမ်း တစ်ပုဒ်ပေါ့။ အဲဒီတုန်းက ဒီနေရာမှာ စာသင်တိုက်ရယ်လို့ မပေါ်လာသေးတဲ့အချိန်၊ ဆရာကြီးဘုရားနဲ့ အရံဆရာလေး သုံးလေးပါး သစ်သားဇရပ်ကလေးနဲ့ နေတဲ့အချိန်။ လားရှိုး–မူဆယ်ဘက် ကုန်ရောင်းကုန်ဝယ်သွားတဲ့ အမျိုးသမီးတွေ ဝင်လာတည်းခိုလေ့ ရှိသတဲ့။

တစ်နေ့မှာ အဲဒီအဖွဲ့ထဲမှာ ကိုယ်ဝန်သည် အမျိုးသမီးတစ်ယောက် ပါလာပြီး ဒီမှာပဲ မီးဖွားပြီး ဆုံးသွားသတဲ့။ ကလေးကို ခေါ်သွားပြီး တာဝန်ယူမယ့်သူ မရှိတာမို့ ဆရာကြီးဘုရားကပဲ တာဝန်ယူမွေးရင်း လူဖြစ်လာရတဲ့ ကလေးက မဇေတပေါ့။ သီလရှင်တွေကြား ကြီးပြင်းပြီး အသက်ငါးနှစ်အရမှာ ဆရာလေး ပိစိကွေးလေး ဖြစ်လာရတာပါ။ ဒါကြောင့် မဇေတ အမေဆိုတာလည်း မသိဘူး၊ အဖေဆိုတာလည်း မသိဘူး။ ဆရာကြီးဘုရားသာ အဖေ၊ အမေပဲ။

စာသင်တိုက်မှာ ဆရာလေးအပါး ၁၀၀ ခန့် အရွယ်ရွယ်အစားစား ရှိတဲ့အနက် တချို့အသက်နှစ်ဆယ်အရွယ်။ တချို့ဆယ့်ငါးနှစ်အရွယ်တွေ ကျမှ လူဝတ်ကြောင်က ကူးလာသူတွေ များပါတယ်။ လူမှန်းသိကတည်းက ဆရာလေးဖြစ်ရတာ မဇေတတစ်ယောက်ပဲ ရှိမယ်ထင်တယ်။ ဒါကြောင့် လှလှပပ အစ်မအရွယ် လူဝတ်ကြောင်တွေကို မြင်ရင် မဇေတ စိတ်ဝင်စားတယ်။ သူတို့ဆံပင်၊ သူတို့ အဝတ်အစား၊ သူတို့ဖိနပ်အဆုံးပေါ့။ ဘာရယ် မဟုတ် သူတို့လို လှချင်စိတ်ကလေး ဝင်မိတာပါ။

အခုလို အဒေါ်အရွယ် အမေအရွယ်တွေ ရောက်လာရင်လည်း ငေးမောလို့ မဆုံးဘူး။ သေသွားတဲ့ သူ့အမေဟာ ဘယ်လိုရုပ်ရည်မျိုးပါ

လိမ့်လို့ တွေးကြည့်မိတာလည်း အခါခါပါ။ တစ်ခါတစ်ခါ တစ်ယောက်ယောက်ကို အမေလို့ ခေါ်ချင်စိတ် ဘယ်လိုပြင်းပြမှန်း မသိဘူး။

မဇော်တဟာ သူ့စိတ်ထဲက ခံစားချက်ကို ဘယ်သူ့ကိုမှ ဖွင့်ဟ မပြောဘူး။ သက်တူရွယ်တူ စာဝါတူတဲ့ မဟေမာတို့တောင် မပြောဘူး။ အဲဒီလိုမပြောတာဟာ အမေရှိလျက်နဲ့ အမေနဲ့ အတူမနေရရှာတဲ့ 'ရှီးရှီးလေး'ကို အားနာတဲ့စိတ်ကြောင့်ပါ။ ရှီးရှီးလေးဟာ ဒီစာသင်တိုက်မှာ သီလရှင်မဟုတ်တဲ့ တစ်ဦးတည်းသော လူဝတ်ကြောင်ကလေးပါ။ အားလုံးသော ဆရာလေးတွေရဲ့ အချစ်တော် ညီမလေးဆိုလည်း မမှားပါဘူး။

❑

နေခြည်ဖြာတဲ့ နံနက်ခင်းအလင်းအောက်မှာ အောင်မြင်သာယာစာသင်တိုက်ကြီးရဲ့ ခန့်ညား မှုဟာ စိမ်းစိုသစ်လွင်လို့ ဝင်ပေါက်မုခ်ဦးနံဘေး မြက်ခင်နန ကြားက ထိုးထွက်နေတဲ့ ပန်းချုံတွေရှေ့မှာတော့ ဆရာမတွေ အမှတ်တရ ဓာတ်ပုံရိုက်နေကြတယ်။ ရောက်လာတဲ့ ဧည့်သည်တိုင်း အောင်မြေသာယာအနေအထားကို သဘောကျကြတယ်။ ကုန်းမြင့်ပြေပြေပေါ်မှာ လေကောင်းလေသန့် ရတာရယ်၊ မြင်မြင်လေရာ စိမ်းလန်းစိုပြည်နေတာရယ်၊ အဝေးမြင်ကွင်း ချိုင့်ဝှမ်းမြို့ကွက်တွေကို မြင်နိုင်တာရယ်တွေက လာတဲ့လူတွေကို ဆွဲဆောင်အား ကောင်းနေတော့တာပေါ့။

ဘာမှမဟုတ်တာ ဒီနေ့ ဧည့်သည်တွေ ပြန်ကြတော့မှာပဲ။ ဒီနေ့ နံနက်စာ ထမင်းကျွေးတဲ့ အစီအစဉ်မှာ စာသင်တိုက်က ထမင်းပဲ စီစဉ်ရပြီး ဟင်းတွေကိုတော့ ပွဲရုံသူဌေးမကြီး ဒေါ်စမ်းစမ်းမြိုင်က တာဝန်ယူမှာတဲ့။ ဒေါ်စမ်းစမ်းမြိုင်က ဆရာကြီးဘုရားရဲ့ မိတ်ဆွေလည်းဟုတ်၊ ဒကာရင်းလည်းဟုတ်တဲ့သူပါ။ စာသင်တိုက်ရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးသူဆိုလည်း မမှားပါဘူး။

နံနက်စောစော ဧည့်သည်တွေ ဓာတ်ပုံရိုက်ပြီးတာနဲ့ ကားနဲ့ တစ်ခေါက် ထွက်သွားကြတယ်။ သီပေါဘက် သွားကြတယ်ဆိုပဲ။ အင်းလေ ဧည့်သည်တွေအနေနဲ့တော့ ဒီနားက ပတ်ဝန်းကျင်ကြည့်စရာရှုစရာ ပေါမှာပေါ့။ မနက်က ဧည့်သည်တစ်ယောက်က ကားနဲ့လာကြိုတဲ့ ဆရာမကို မေးနေသံကြားရတယ်။ ကျောက်မဲလို့ဘာလို့ခေါ်တာလဲတဲ့။ မဇေတလည်း မသိဘူး။ ဒါကြောင့် အဲဒီဆရာ ဘာပြောမလဲ နားစွင့်နေလိုက်တယ်။

"ဟိုတုန်းက မူဆယ်ဘက်ကို ကုန်သွယ်သွားတဲ့အခါ ဒီနေရာက နားနေရာ ကြားစခန်းတစ်ခုပေါ့။ အဲဒါကို ရည်ရွယ်ပြီး ခေါ်ဟန်တူပါရဲ့"

လားရှိုး–မူဆယ် ဆိုတာ မဇေတတို့နားနဲ့ မစိမ်းတဲ့မြို့တွေပေါ့။ အဲဒီ ကနေ တရုတ်ပြည်အထိ ခရီးပေါက်တယ်လို့ ပြောကြတယ်။ လားရှိုးတို့ မူဆယ်တို့ အသံကြားရင် မဇေတ မမြင်ဖူးလိုက်တဲ့ အမေ့ကို သတိရသွားပြန်ရော။ အမေဟာ ဒီလမ်းမှာ ခေါက်တုံ့ခေါက်ပြန်သွားရင်း၊ ဒါဆိုရင် မဇေတ အဖေကရော ဘယ်သူလဲ မတွေးတာ ကောင်းပါတယ်လေ၊ မဇေတအဖေဟာ ကုန်သည်တစ်ယောက်လည်း ဖြစ်နိုင်တယ်။ လက်ဖက်ခူးသမားတစ်ယောက်လည်း ဖြစ်နိုင်တယ်။ လောပန်းတစ်ယောက်ရော မဖြစ်နိုင်ဘူးလား။ ဩော် ... မတွေးပါဘူးဆိုနေ။

ဟော ပြောရင်းဆိုရင်း ဆရာမတွေ ပြန်လာကြပြီ။ တစ်ပြိုင်နက်တည်း ပွဲရုံပိုင်ရှင် သူဌေးမကြီး ဒေါ်စမ်းစမ်းမြိုင် ဆိုင်ကယ်လည်း ဝင်လာပြီ။ မဇေတတို့ အလုပ်များပြီးပေါ့။ ချက်ချင်း ဧည့်သည်တွေအတွက် ထမင်းပွဲ ပြင်ကြတယ်။ သီပေါမှာ အချိန်လင့်သွားလို့ ဆရာမတွေ ဆာနေကြပုံပဲ။

ဒေါ်စမ်းမြိုင်မြိုင်က ဆရာမတွေကို ရှမ်းစာတွေ ကျွေးချင်လို့ စီမံလာတယ် ထင်ပါရဲ့။ ရှမ်းငါးအုံးတို့၊ မုံညင်းစောတို့၊ ဝက်သားလုံးကြော်တို့နဲ့ ထမင်းပွဲမြိုင်မြိုင်မှာ ဧည့်သည်တွေ ခေါင်းစိုက်နေကြတယ်။ သဘောကောင်းသူကြီး ဒေါ်စမ်းစမ်းမြိုင်ကလည်း ဆရာကြီးဘုရားနဲ့အတူ ဧည့်ခံလို့ပေါ့။

''ဆရာမတို့ကို ကျွန်မတို့ ကယ်တင်လိုက်တဲ့ ကလေးလေး အကြောင်း ပြောပြရဦးမယ်။ ဟော ဟိုဓာတ်ပုံထဲက ကလေးပေါ့''

ဒေါ်စမ်းစမ်းမြိုင် ဒီလိုစကားစလိုက်ရင် ဆရာမတွေ မျက်လုံးက မှန်ဗီရိုမှာထားတဲ့ ကချင်ဝတ်စုံဝတ် ကလေးပုံလေးဆီ လှမ်းကြည့်ကြပါ ရော။ ဒီကလေးက ဘယ်သူ့ရှိမလဲ။ အားလုံးအချစ်တော် ရှီးရှီးလေးပေါ့။

''အဲဒီတုန်းက ကျွန်မ အလုပ်ခွင်မှာ တာဝန်နဲ့ပေါ့။ ဂိတ်တစ်ခုကို စစ်ဆေးတဲ့အချိန် ကားပေါ်မှာ ကုလားနှစ်ယောက်၊ တစ်ယောက်က ကလေးကိုချီထားတယ်။ အသားမည်းမည်းလက်မှာအသားဖြူဖြူကလေးက ထင်းနေတာပေါ့။ နောက်ပြီး ကလေးက ငိုလို့။ ကျန်းမာရေးကောင်းပုံလည်း မပေါ်ဘူး။ တစ်ကိုယ်လုံးယားနာတွေပြည့်လို့။ ဒါနဲ့သူတို့ကိုသေချာစစ်တော့ ပေါ်လာပါရော။ ကလေးကို ဝယ်လာတာတဲ့။ ကျွန်မတို့လည်း အစရပြီဆို တော့ လိုက်တော့တာပေါ့။ ခဲရာခဲဆစ်ပါပဲ။ ကလေးမိဘတွေရှိရာ ရွာ ရောက်သွားတော့ ကိုယ့်ကလေးရောင်းစားရပ့ါမလားဆိုပြီး အပြစ်တင်တာ ပေါ့။ ဒီတော့မှ အဖြစ်မှန် သိရတာလေ ... အဖြစ်မှန်က ...'

ဆရာမတွေအားလုံး ကလေးအကြောင်းကို စိတ်ဝင်စားနေကြ တယ်။ ပွဲရုံ သူဌေးမကြီးက အရင်က ဂိတ်တွေစစ်တဲ့ အစိုးရဌာနတစ်ခုမှာ လုပ်လာတာတဲ့။ ဒါကြောင့် ဒီအကြောင်းတွေ ပြောနိုင်တာပေါ့။

''ပြောပါဦး အဖြစ်မှန်က ဘာတဲ့လဲ''

ဆရာမတစ်ယောက်က ထောက်ပြီး မေးလိုက်တယ်။

''ကလေးအဖေက ဆုံးသွားပြီတဲ့။ မိန်းမမှာ ကလေးငါးယောက် တောင် စီးပွားရေးက မကောင်း၊ စားရေးသောက်ရေး မပြေလည်ရတဲ့အထဲ မိန်းမက ဖျားပါရော။ အဖျားကြီးပြီး သတိမလစ်တလစ်ဖြစ်နေတုန်း ကလေးအခိုးခံလိုက်ရတာ၊ သတိရလာတော့ အိမ်နီးချင်းတွေ ဝိုင်းပြောလို့ သိရပေမဲ့ ဘယ်ကိုလိုက်ရမှန်းလည်း မသိဘူး။ လိုက်ဖို့ ပိုက်ဆံလည်း

မရှိဘူး။ တိုင်းရင်းသားတွေက ရိုးတာလည်း ပါတာပေါ့။ ဒါနဲ့ ကျွန်မတို့အဖွဲ့ အကျိုးအကြောင်း ရှင်းပြပြီး ကလေးကို မွေးစားဖို့ တောင်းလိုက်တယ်။ အမေက ပေးချင်ပေမဲ့ သူ့အစ်ကို ဆယ့်နှစ်နှစ်သားအရွယ်က သူ့ညီမကို မပေးဘူးလုပ်နေလို့ မနည်းစည်းရုံးရတယ်။ ကလေးက ကျန်းမာရေး မကောင်းဘူး။ ဒီမှာ ဆက်ထားရင် သက်ဆိုးရှည်မှာမဟုတ်ဘူး ဘာညာပေါ့။ အမယ် သူ့အစ်ကိုက ကတိတစ်ခုတောင်းတယ်။ သူ့ညီမလေး သူ့ခါး လောက်အရွယ်ရောက်ရင် သူနဲ့ ပြန်လာပေးတွေ့ပါတဲ့''

''ပြောတတ်လိုက်တာနော် ဆယ့်နှစ်နှစ်သားလေးက''

ဧည့်သည်တွေဆီက ထွက်လာတဲ့အသံပါ။ အားလုံးက ကလေး ကိစ္စကို စိတ်ဝင်စားနေကြတယ်။ မဇေတတို့လည်း ဒီအကြောင်းကို ဖန် တစ်ရာ တေအောင် ကြားပြီးပေမဲ့ ဘယ်တော့ နားထောင် နားထောင် မရိုးဘူး။

''ကလေးမွေးစားတယ်ဆိုတာ မှုထဲဘောင်ထဲဝင်ဖို့က လိုသေး တယ်။ အဲဒီ ကလေးလေးကို လူမှုဝန်ထမ်းဌာနကို အဝင်ပြရတယ်။ အဲဒီမှာ တစ်ပတ် နှစ်ပတ် ထားပြီးမှ ဆေးရုံမှာ လိုအပ်တဲ့ကုသမှုတွေ လုပ်ပေးရ တယ်။ ပြီးတော့မှ ဒီကို ခေါ်လာတာလေ။ အခု အသက်လေးနှစ်ရှိပြီ။ အခုဆိုရင် သူက စာသင်တိုက် အချစ်တော်ဖြစ်သလို တစ်ရပ်ကွက်လုံးရဲ့ အချစ်တော်လည်းဖြစ်သေးတယ်။ တစ်ရပ်ကွက်လုံးမှာညာစားနေတာလေ။ အခု လောလောဆယ်တော့ မရှိဘူး။ မူကြိုသွားနေတယ်။

ဒေါ်စမ်းစမ်းမြိုင်ရဲ့ စကားဆုံးတော့ ဧည့်သည်တွေက မှန်ဗီရိုမှာ ကပ်ထားတဲ့ ဓာတ်ပုံကို လှမ်းကြည့်ကြပြန်တယ်။

''ကလေးနာမည်က ဘာတဲ့လဲ''

ဆရာမတစ်ယောက်က လှမ်းမေးတော့ ဒေါ်စမ်းစမ်းမြိုင်က ရယ်တယ်။

''နာမည်က ရောက်စတုန်းက ပိန်ပိန်လေး အရိုးတွေချည်းပဲမို့ အရိုးလေး အရိုးလေး ခေါ်ရင်းနဲ့ အခုတော့ ကလေးနာမည် ရိုးရိုးလေး ဖြစ်နေပြီ''

''တော်သေးတာပေါ့နော် ဂိတ်မှာ ဖမ်းမိသွားလို့။ နို့မဟုတ်ရင် ဒီကလေး တစ်ဖက်နိုင်ငံရောက်ပြီးသားပဲ။ ဒီလိုနဲ့ လွတ်သွားတဲ့ ကလေးတွေ ဘယ်နယောက် ရှိပြီလဲ။ ရောက်သွားတဲ့ကလေးတွေရဲ့ ကံကြမ္မာဟာ မတွေးဝံ့စရာ။ နယ်စပ်နဲ့နီးနေတဲ့ဒေသတွေကဒါကိုသတိထားနေသင့်သလို သက်ဆိုင်ရာကလည်း အလေးဂရုပြုပြီး မျက်လုံးဒေါက်ထောက်ကြည့်နေ ရမယ့်ကိစ္စပဲ မဟုတ်လား''

ဧည့်သည်တွေနဲ့ ဒကာမကြီး ဒေါ်စမ်းစမ်းမြိုင်တို့ စကားကောင်းနေစဉ်မှာပဲ မဇေတဟာ ဧည့်သည်တွေစားပြီးသား ပန်းကန်တွေ ဆေးကျော သိမ်းဆည်းဖို့ ရေစင်ဘက် ထွက်လာတော့တယ်။ သူ့အတွေးတွေကတော့ မသိမ်းဆည်းသေးဘူး။ ရိုးရိုးလေး စာသင်တိုက်ကို ရောက်တာ သုံးနှစ် လောက် ရှိတော့မယ်။ သူ့အမေလည်း တစ်ခါမှ မလာဘူး။ သူ့သမီးရှိတဲ့ နေရာကို မသိလို့များလား။ သူ့အစ်ကိုကရော ကြီးလာရင် သူ့ညီမလေးကို လာရှာမှာလား။ ရိုးရိုးလေးကြီးလာလို့ သူ့ဘဝအမှန်ကို သိသွားတဲ့အခါ အမေတွေ၊ အစ်ကိုတွေရှိရာကို ပြန်သွားမှာလား။ ဒါမှမဟုတ် မဇေတလိုပဲ ငယ်ငယ်ရွယ်ရွယ်နဲ့ သီလရှင်ဘဝကို ကူးပြောင်းမှာလား။

မဇေတဟာ ဆေးပြီးသား ပန်းကန်တွေကို စနစ်တကျ မှောက် စီရင်းဧည့်သည်တွေစားပြီးမုန့်ကျန်တချို့ကိုကြောင်အိမ်ထဲသေသေချာချာ ထည့်သိမ်းလိုက်ပါတယ်။ စာသင်တိုက်မှာ ဆရာလေးတွေ နေ့လွဲညစာ စားခွင့်မရှိပေမဲ့ မူကြိုကျောင်းဆင်းလာမယ့် ရိုးရိုးလေးမှာတော့ စားခွင့် ရှိပါတယ်။ စာသင်တိုက်မှာ တော့ ဆရာကြီးဘုရားပြီးရင် မဇေတသာလျှင် ရိုးရိုးလေးအပေါ် ဂရုအစိုက်ဆုံး လူလို့ ပြောရမယ် ထင်တယ်။

မဇောတကတော့ သူနဲ့ရှိုးရှိုးလေးဟာ ဘဝတူလူသားတွေလို အဖော်ညှိထားတာမို့ အခြားသူတွေထက် ပိုပြီး ရင်းနှီးနွေးထွေးဟန်တူပါရဲ့။ သူ့မှာ မိဘ မရှိတော့ဘူး။ ရှိုးရှိုးလေးမှာတော့ ရှိပေမဲ့ တစ်ကွဲစီ။ ဟောသည် အောင်မြေသာယာစာသင်တိုက်ကြီးကတော့ မိဘရှိသူ မရှိသူ မည်သူမဆို ဘုရားရဲ့သမီးတော်အဖြစ် ရောက်ရှိလာမယ်ဆိုရင် တစ်ပြေးညီကမ်းလင့်ကြိုဆိုနေတယ်ဆိုတာကတော့ ဘယ်တော့မှ မပျက်သုဉ်းနိုင်တဲ့ ထာဝရ ရှင်သန်နေတဲ့ တရားအဖြစ် ဆက်လက်တည်ရှိနေမှာပါ။

အရပ်ထဲက မိန်းကလေးတွေ လက်ဖက်တောင်တက်၊ လက်ဖက်ခူးသွားတာနဲ့စာရင်၊ တစ်ဖက်နိုင်ငံမှာ အိမ်ဖော်သွားလုပ်တာနဲ့စာရင်၊ ဒီနေရာဟာ လုံခြုံစိတ်ချရဆုံးနေရာဆိုတာ မဇောတအဖို့ အရွယ်အသိနဲ့ သိရှိနေပါပြီ။

❑

သရပါ ရသစာပေမဂ္ဂဇင်း
အတွဲ ၅၊ အမှတ် ၃၊ မတ်လ၊ ၂၀၁၃ ခုနှစ်။

# အသစ်တစ်ဖန် မွေးဖွားခဲ့ပြီ

ညနေ ၄ နာရီ စာဝါသိမ်း ခေါင်းလောင်းသံကြားသည်နှင့် ဆရာလေး မနန္ဒမာလာသည် သူ အံနေသည့် ပရိတ်ကြီး ၁၁ သုတ် စာအုပ်ကို ပိတ်လိုက်လေသည်။ စာအုပ်ကလေးကို အခန်းတွင်းရှိ စင်မှာ တရိုတသေထားပြီး ကိုယ်ရုံကို ပြင်ရုံလိုက်ကာ အခန်းထဲမှ ထွက်လိုက်သည်။ မနန္ဒမာလာအရွယ် ဆရာလေးတချို့ စတိုခန်းဆီ ပြေးသွားပြီး အုန်းခွံလုနေကြပြီ။

အုန်းခွံကလည်း မလုလို့မဖြစ်။ အသုံးပြုဖန်များသဖြင့် မျက်နှာပြင်တွေ ပွန်းရောနေပြီဖြစ်ရာ ပွတ်တိုက်အား မကောင်းတော့။ ဓိဓိတာဝန်ကျရာ နေရာ ပြောင်လက်တောက်ပနေစေဖို့ မျက်နှာပြင်ကြမ်းရှသော အုန်းခွံကောင်းကောင်းလိုသည် မဟုတ်ပါလား။ အုန်းခွံတွေ အလုအယက်သာ ယူနေကြသည်။ အကောင်းတွေ သိပ်မရှိသော အဟောင်းတွေသာ ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ မကြာမီ ရေလည်ခန်းမဆောင်ကြီးအတွင်း အုန်းခွံဆွဲသံတွေ စီစီညံနေပေရော့မည်။ မနန္ဒမာလာသည် သူ့တာဝန်ကျရာ မီးဖိုဆောင်ဘက်ထွက်လာတော့ မဟေမာတို့အဖွဲ့ တောင်လှုပ်ရှားနေကြပြီ။ မီးဖိုဆောင်မှာတော့ အုန်းခွံမလိုပါ။ ခါးဝတ်အဟောင်းအစုတ်များကို ရေဆွတ်၍ နာနာပွတ်ရုံနှင့် ကိစ္စပြီးသည်။ မီးဖိုဆောင်၊ အလယ်စကြံနှင့် အိမ်သာ တိုက်ချွတ်သူများက တစ်ဖွဲ့ဖြစ်သည်။ မနန္ဒမာလာသည် ကြမ်းပြင်ကို အဝတ်စုတ်နှင့် ဖိတိုက်ရင်း ဘယ်တော့များမှ ရေလည်ခန်းမထဲမှာ အုန်းခွံကိုင်နိုင်မည့်ကိစ္စကို စဉ်းစားနေမိသည်။

စာသင်တိုက်ကြီးမှာ စာသင်သား ၈၀ ကျော်ရှိရာ မနန္ဒမာလာတို့အရွယ် ဆရာလေးများ အပါး ၂၀ ခန့် ရှိသည်။ ၈ နှစ်၊ ၁၀ နှစ်မှ ၁၆ နှစ်ဝန်းကျင် အပျိုပေါက်အရွယ်များ ဖြစ်သည်။ သည်အရွယ်ဆရာလေးများ ညနေစာဝါသိမ်းပြီးသည်နှင့် စာသင်တိုက်တစ်တိုက်လုံး တာဝန်ခွဲဝေယူကာ ကြမ်းတိုက်ကြရသည်။ ထိုတာဝန်ခွဲဝေမှုသည် တိုက်အုပ်ဆရာကြီး ဒေါ်ကြီးဘုရားထံမှ လာခြင်းဖြစ်သည်။ မျက်နှာကြီးရာ ဟင်းဖတ်ပါသည်ဟု မနန္ဒမာလာ ထင်သည်။ ကြည့်လေ မဝဏ္ဏသိဂီနှင့် မဓမ္မနန္ဒီ ဘုရားခန်းလို့ အမိန့်ထွက်လာကတည်းက သိသာနေသည်။ မဝဏ္ဏသိဂီက ဒေါ်ကြီးဘုရားရဲ့ တူမဖြစ်ပြီး မဓမ္မနန္ဒီကတော့ မနှစ်ကမှ ရောက်လာသော ဆရာလေးဖြစ်သည်။ မဓမ္မနန္ဒီအမေက ကျောင်းအုပ်ဆရာမကြီးဖြစ်ပြီး ခုနစ်တန်းနှင့် သီလရှင် လာဝတ်သူအဖြစ် စာသင်တိုက်မှာ ထင်ပေါ်သူ ဖြစ်သည်။

ရေလည်ခန်းမကြီးမှာတော့ ဒေါ်ကြီးဘုရား၏ဇာတိ ဘီလူးကျွန်းကွမ်ရိုက်တို့၊ ဖန်ဖတို့ဘက်က လာသည့်သူတွေ ဖြစ်သည်။ သူ့နယ်က ဆိုတော့ ဒုတိယဦးစားပေး ရေလည်ခန်းမှာ နေရာယူပေရော့။ မီးဖိုဆောင်ကြီးထဲမှာတော့ မနန္ဒမာလာတို့လို၊ မဟေမာတို့လို မိဘနောက်ခံမရှိသူတွေ၊ အတန်းပညာဆိုလည်း နကန်းတစ်လုံး မသိ၊ စာသင်တိုက်ရောက်မှ

ကကြီးရေကာ စသင်ရသူတွေ၊ အကြံတုံး–ဉာဏ်တုံး စာမသွားသူတွေ၊ စကြီလမ်းနှင့် အိမ်သာမှာဆိုလျှင်တော့ မိမရှိ ဖမရှိ လေး–ငါး နှစ်အရွယ် ကတည်းက ရောက်လာသည့် ငယ်မွေးခြံပေါက်တွေ။

''တိုက်ကြစမ်း ... ပြောင်ပစေ့နော်။ လက်တွေကို အားထည့်ပြီး လုပ်ကြပါ။ ဘုရားခန်းသွားကြည့်စမ်း ကိုယ့်အရိပ် ကိုယ်ပြန်မြင်ရအောင် ပြောင်နေတာ ...''

ဟော ... လာပါပြီ။ ဒေါ်ကြီးဘုရားအသံ၊ လူမလာခင် ကြိမ်သံကို ဖြုန်းခနဲ အရင်ကြားရပါလိမ့်မည်။ သူ့ကိုယ်ဝဝကြီးက တလိမ့်လိမ့် တအိအိ နဲ့၊ ပြောပုံကလည်း ဘုရားခန်း သွားကြည့်စမ်းတဲ့။ သူ့တူမ မဝဏ္ဏသီဂီတို့ကို အမွှမ်းတင်နေတာ၊ ဘုရားခန်းပါဆိုမှ နဂိုပြောင်ပြီးသား နေရာကို၊ အုန်းခွံ တောင် သိပ်ဆွဲစရာ မလိုဘဲ ပြောင်ပြီးရင်း ပြောင်နေတဲ့နေရာ။ အဲဒီလူတွေ မီးဖိုခန်း ပို့လိုက်ကြည့်ပါလား ဘယ်လိုနေမယ် မသိ။ မီးဖိုခန်းဆိုတာက အဝင်–အထွက်၊ အတက်–အဆင်း များရာ နေရာ၊ ခြေရာဗွက်ရာတွေ တင်းကျမ်းပိတ်နေတဲ့နေရာ။ အားစိုက်ရတာချင်း ဘယ်တူပါ့မလဲ။

''အလုပ်လုပ်ရင် စေတနာထားရတယ်။ စေတနာပါမှ အလုပ် ကောင်းတယ်။ အလုပ်ကောင်းမှ အကျိုးပေးသန်မယ်။ အားစိုက်ခွန်စိုက် လုပ်ကြ''

မီးဖိုဆောင် အလယ်က ခပ်မြင့်မြင့် ထိုင်ခုံပေါ်မှာ ထိုင်ပြီး ဩဝါဒ ခြွေနေပါသေးသည်။ မျက်စိကလည်း ဘယ်သူတွေ ခိုကပ်နေမလဲ၊ ဘယ်သူ တွေ လက်ကြောမတင်း ဖြစ်နေမလဲ။ ဒီထိုင်ခုံပေါ်မှာ ဒေါ်ကြီးဘုရား တစ်နေ့ နှစ်ကြိမ်ထိုင်လေ့ ရှိသည်၊ နံနက် ၁၁ နာရီခွဲ နေ့ဆွမ်းစားပြီး အိုးခွက် ပန်းကန်တွေ ဆေးကြောသိမ်းဆည်းနေချိန် ခုံပေါ်မှာ ဖြိန့်ဖြိန့်ကြီး ထိုင်ပြီး

''အမှိုက် အမှိုက်တောင်းထဲကိုထည့်၊ ပြာက ပြာနေရာမှာသွန်၊ ဆေးကြောသူတွေ အိုးသံ၊ ခွက်သံ မညံစေနဲ့။ ရေတွေ အတွင်းဘက်ကို မစီးလာစေနဲ့၊ ဘာမဆို သပ်သပ်ရပ်ရပ် လုပ်ကြ''

အဲသည်လို ကြီးကြပ်နှိုးဆော်နေလေ့ ရှိသည်။ ဒေါ်ကြီးဘုရားမို့ ထိုင်ခုံမှာ ထိုင်နေပြီဆို ဆရာလေးတွေ အကွက်စေ့စေ့ မြန်မြန်ထက်ထက် လုပ်ကြရင်း မွန်းတည့် ၁၂ နာရီ သံချောင်းခေါက်လျှင် ဘယ်သူမှ မီးဖိုချောင် မှာနေခွင့်မရှိတော့ပါ။ အားလုံးအိပ်ခန်းထဲ ရောက်ကြရပြီးမပျော်လည်းအိပ်၊ ပျော်လည်းအိပ်ရသည်က မွန်းလွဲ ၁ နာရီ စာဝါဂလိုင် မခေါက်မချင်းပင်။

''မနန္ဒမာလာဘုရား ... တော်ကြာ ဒေါ်ကြီးဘုရား ဝင်သွားရင် တပည့်တော် အရင်ဆင်းနင့်မယ်။ ဒီနေ့ ပန်းခုံသီတာဝန်ကျတယ် ဘုရား''

မဟေမာက တိုးတိုးလေး ကပ်ပြောလိုက်သည်။ ပန်းခုံသီ တာဝန် ကျသူများ ပန်းမစုံသေးပါက ကြမ်းတိုက်ပြီးလျှင် ပန်းခူးထွက်ရဦးမည်။ တာဝန်မရှိသူတွေ ရေချိုးဆင်းနိုင်ပြီး ရေချိုးပြီးပါက တာဝန်ကျသူ ပန်းခုံသီ၊ တာဝန်မကျသူမနက်အရက်ဆွမ်းအတွက် ဆန်ပြာတာတို့၊ စပါးလုံးရွေးတာ တို့၊ ဟင်းရွက်ခြွေတာတို့ ပြင်ဆင်ကြရဦးမည်။

''သွားသာ သွား၊ တပည့်တော် အလုပ်တွေပြီးအောင် လုပ်လိုက် ပါမယ် ဘုရား''

မနန္ဒမာလာက မဟေမာကို ဖေးကူသည့်အနေဖြင့် ပြောလိုက် သည်။ ကိုယ် တာဝန်ကျသည့် ရက်ဆိုလျှင်လည်း သည်လိုပဲ အချိန်နည်း နည်းလုရသည်မှာ မဆန်းတော့။ ကြမ်းတိုက်ပြီးသား ရေစိုဝတ်တွေကို နောက်ဆုံးအဆင့် စင်စင်ညှစ်ပြီး တန်းမှာ ပြန့်ပြန့်ရန့်ရန့် လှမ်းပြီးလျှင်တော့ တစ်နေ့တာအတွက် မီးဖိုချောင် သန့်ရှင်းရေးတာဝန်ကျေပြီ ဖြစ်သည်။

စာသင်တိုက်မှာ ရေတွင်းနှစ်တွင်းရှိသည့်အနက် အောက်ရေတွင်း မှာသာ မနန္ဒမာလာ ရေချိုးလေ့ ရှိသည်။ လူကြီးတွေက အပေါ်တွင်းမှာ ချိုးလေ့ရှိပြီး အောက်တွင်းမှာတော့ ရွယ်တူတွေသာ များသည်။ မနန္ဒမာလာ အောက်တွင်း၌ရေချိုးချင်ရခြင်းမှာ လက်ပံပင်ဆက်ရက်ကျ၍ ရခြင်းကြောင့် ဖြစ်သည်။

မနန္ဒမာလာသည် ရေချိုးပြီးသည်နှင့် မီးဖိုထဲ ပြန်ဝင်ကာ မနက်အတွက် ပြင်ဆင်ရတော့သည်။ မနက်ကျရင် အိုးစားခေါင်းဆောင်အစ်မ အဆင်သင့် ချက်နိုင်အောင် ဟင်းရွက်ခြွေထားရမည်။ သည်တွင် ဘုရားခန်း၌ ဒေါ်ကြီးဘုရားတူမနှင့် တာဝန်အတူကျသူ ဆရာလေး မဓမ္မနန္ဒီနှင့် ဆုံကြရသည်။

မဓမ္မနန္ဒီသည် သီလရှင် တစ်ဝါရပြီဖြစ်သော်လည်း ယခုအထိ ဆန်မပြာတတ်သေးပါ။ သူ ဆန်ပြာနေပုံက လဏ်နှစ်ဖက်စလုံးနှင့် ကိုယ်ပါ ယိမ်းယိုင်လှုပ်ရှားနေသည်မှာ ရယ်ချင်စရာကောင်းလှ၏။

''ဒီလို မဟုတ်ဘူး ဘုရား၊ တပည့်တော် ပြာပြမယ်''

မနန္ဒမာလာက မနေနိုင်မထိုင်နိုင် ဆန်ကောကိုကိုင်ကာ ပြာပြသည်။

''လက်အချိန်အဆလည်း လိုတယ်ဘုရာ့၊ ဟော့ဒီလို လေး–ငါး ချက် ပြာလိုက်ရင် ဆန်ကွဲတွေက ရှေ့ကိုထွက်လာရော။ ဒီအခါမှာ ဟောဒီလို ခုတ်ချလိုက်ရင် ဆန်ကွဲချည်း ထွက်သွားတာ တွေ့လား ဘုရား''

''အေးနော်၊ မနန္ဒမာလာ ဆန်ပြာတာ တော်လိုက်တာ။ တပည့်တော်တော့ ဘယ်လောက်သင်သင် အချိုးကို မကျသေးဘူး''

မနန္ဒမာလာပြသလို လိုက်လုပ်နေသော ဆရာလေးကို ကြည့်၍ ''ဩော် ... သူ့ခမျာ လက်ကလေးက သေးသေးနုနုနယ်နယ်လေး ကျောင်းသူဘဝကလာတာ၊ ဘယ်မှာ ဆန်ပြာတတ်ပါ့မလဲ။ သူ့အိမ်မှာ ဆန်ပြာရမှာမှ မဟုတ်တာ။ ဒီဆရာလေးနယ် ကိုယ့်ဘာသာအတန်းပညာ ဆက်သင်နေပြီးရော။ ခုနစ်တန်းရောက်မှ သီလရှင် လာဝတ်ရတယ်လို့ ...'' ဟု စိတ်ထဲမှာ တွေးတောရေရွတ်နေမိသည်။

မနန္ဒမာလာသည် ချဉ်ပေါင်ရွက်ခြွေနေရင်း ဆန်ကိုကြိုးစားပြာတီးနေသော ဆရာလေးကို ကြည့်ကာ တစ်ခုသော မိုးကျစ ထိုဆရာလေး

လောင်းလျာ ကောင်မလေး စာသင်တိုက်သို့ ရောက်ရှိလာပုံကို ပြန်လည် မြင်ယောင်နေမိ၏။

❑

ထိုနေ့က ရေလည်ခန်းမှာ ဆရာကြီးဘုရားကိုယ်တိုင် ဆံချပေးနေသော ကောင်မလေးကို မနန္ဒမာလာတို့ အလွန်စိတ်ဝင်စားခဲ့ကြသည်။ တင်ပါးအထိ ရှည်လျားသော ကောင်မလေးဆံပင်တွေက နမြောစရာကောင်းလှ၏။ ကောင်မလေးဖခင်ဖြစ်သူက မျက်နှာမကောင်း။ မိခင်ကတော့ မျက်နှာထားချိုချို၊ မာန်တင်းတင်း ကျောင်းအုပ်ဆရာမကြီးပုံ ထွက်နေသည်။ သူတို့ကို ကြည့်ရသည်မှာ ချမ်းချမ်းသာသာ ပြည့်ပြည့်စုံစုံထဲက ထင်ရ၏။ ဘာဖြစ်လို့များ ကျောင်းနေရင်းတန်းလန်းနှင့် သီလရှင်လာဝတ်ရပါလိမ့်။

ဆံချပြီးတော့ သီလရှင် အဝတ်လဲကာ ဆရာကြီးဘုရားထံမှာ ရှစ်ပါးသီလ ခံယူသည်။ ထိုနေ့ မွန်းလွဲပိုင်း၌ ဆရာလေး အသစ်ကလေးကို ထားခဲ့ကာ မိခင်၊ ဖခင်တို့ ဇာတိမြို့ဆီ ပြန်သွားသော မြင်ကွင်းကို မနန္ဒမာလာ မျက်စိထဲကမထွက်။ ဆရာလေးအသစ်ကလေး အဖေ၊ အမေ လွမ်းစိတ်နဲ့ ဘယ်လောက်များ ခံစားနေရလေမလဲ။

ဒီလိုနှင့် တစ်လ၊ နှစ်လ၊ သုံးလ ထိုဆရာလေးနှင့် ရင်းနှီးမှုမရခဲ့။ မနန္ဒမာလာ ကိုယ့်ကိုယ်ကိုယ် သိမ်ငယ်တာလည်း ပါသည်။ သည်ရောက်မှ ကကြီး၊ ခခွေးသင် ပရိတ်ကြီး ၁၁ သုတ်က မတက်နိုင်အောင် ဉာဏ်ထိုင်းလှသူ အတန်းပညာ ခုနစ်တန်းနှင့် ရောက်လာသူကို မိတ်ဆွေမဖွဲ့ဝံ့ခဲ့။ ဆရာလေးအသစ်ကလေးကလည်း ဒေါ်ကြီးဘုရားတူမ မဝဏ္ဏသီရီနဲ့သာ အတွဲများသည်။ အင်းလေ ... ဂုဏ်ရည်တူရာ တွဲပေမပေါ့။

တစ်နေ့တော့ အောက်ရေတွင်းမှာ ရေချိုးသွားရင်း ဆပ်ပြာခွက် တစ်ခွက် ပိုင်ရှင်မပေါ်ဘဲ ဖြစ်နေသည်။ ဆပ်ပြာခွက်ရော၊ အတွင်းက

ဆပ်ပြာပါ အကောင်းစားတွေမို့ သည်ပစ္စည်းသည် ထိုဆရာလေး မဓမ္မနန္ဒီ ပစ္စည်းဖြစ်ကြောင်း သူ သိနေသည်။ ထို့ကြောင့် ရေတွင်းမှ ယူလာကာ ပိုင်ရှင်လက် ပြန်အပ်ခဲ့၏။

''ကျေးဇူးတင်လိုက်တာ ဘုရား၊ တပည့်တော် မေ့ခဲ့တာပါ''

အဲသည်ကာစ မေးထူးခေါ်ပြောရင်း ညနေဘက် ဟင်းရွက်သင်ရာ၊ ဆန်ပြာရာမှာ ဆုံဖြစ်သည်။ ဖွဲမီးဖိုထောင်းတော့လည်း ပုံစံမကျသဖြင့် မနန္ဒမာလာ ကူညီရသေး၏။

''မီးဖိုရဲ့အလယ်ကို ပုလင်းကို အရင်ထည့်၊ ဖွဲကိုဘေးပတ်လည် နှံ့အောင် ထည့်၊ ရေဖျန်း၊ ပေါသည်သစ်သားတုတ်နဲ့ သိပ်နေအောင် ထောင်းရတယ်ဘုရား။ ပြီးမှ ဖွဲထပ်ထည့်၊ ရေနည်းနည်းဖျန်း၊ ပြန်ထောင်း။ ဒီလိုနဲ့ ဖွဲက နေရာကျ အသားသေသွားရော။ ဖွဲအပေါ်ရောက်ရင် ပုလင်းကို ဖြည်းဖြည်းချင်း ထုတ်ရတယ် ဘုရား။ ဒါမှ ဖွဲတွေ သိပ်သိပ်ကလေးဖြစ်ပြီး မီးစွဲမှာ ဘုရား''

မနန္ဒမာလာ ပြသလောက် ကြိုးစားပမ်းစား လိုက်လုပ်နေသော လှုပ်ရှားဟန်လေးက သနားစဖွယ်ကောင်းပါဘိ။ သည်လိုနှင့် တဖြည်းဖြည်း ရင်းနှီးလာ၏။

''မဓမ္မနန္ဒီ စာသင်တိုက်မှာ နေရတာ ပျော်လားဟင်''

''ပျော်ပါတယ်၊ တပည့်တော်က အိမ်ကလွဲရင် ဘယ်နေရာမဆို ပျော်တာ ဘုရား''

''အလို ... ဘုရားရေ၊ ဘယ်လိုပါလိမ့်၊ အိမ်ကလွဲရင် ဘယ်နေရာ မဆို ပျော်တယ်ဆိုပါလား။ အိမ်မှာ ဘာလို့မပျော်တာလဲ'' မေးတော့ မဓမ္မနန္ဒီက သိမ်သိမ်မွေ့မွေ့ပြုံးသည်။

''တပည့်တော်ရဲ့အမေက ကျောင်းအုပ်ဆရာမကြီးဆိုတော့ မျက်နှာထား သိပ်တင်းတယ်။ စည်ကမ်းလည်း တင်းကျပ်တယ်။ တချို့

နေရာတွေမှာ တစ်ယူသန် စွဲကြီးတယ်ဆိုပါတော့။ တပည့်တော်ငယ်ငယ်က သချာမတော်ဘူး ဘုရား။ အမေက သချာမတော်တဲ့ သမီးကို သမီးလို့တောင် မခေါ်ဘူး ဘုရား''

မနန္ဒမာလာ အလွန်အံ့အားသင့်ရလေသည်။ အမေနှင့် သမီးကြား သည်လို ဆက်ဆံရေးမျိုး ရှိသေးလား နားမလည်နိုင်။

''အိမ်မှာ တပည့်တော်က အဖေ့သမီးဘုရား။ အဖေချစ်သမီး ဆိုပါတော့။ အဖေချစ်သလောက် အမေဆီက မျက်နှာသာမရခဲ့ဘူး။ အမေဟာ တစ်နေ့လုံးနေလို့မှ သမီးကို စကားတစ်ခွန်း၊ နှစ်ခွန်း ပြောချင်မှ ပြောတာဘုရ့။ တပည့်တော် သူ့ရှေ့မှာ အနေကျဉ်းကျပ်ပြီး မပျော်မရွှင် ဖြစ်ရာက သီလရှင်ဝတ်ချင်စိတ်တွေဝင်လာပြီး ဝတ်ဖြစ်သွားတာ ဘုရား''

''ဟင် ... ဒါဆို သီလရှင်ဝတ်တဲ့နေ့က အဖေတို့၊ အမေတို့ ပြန်သွားတာကို လွမ်းပြီး ကြည့်နေတာ မဟုတ်ဘူးလား''

''မဟုတ်ပါဘူး။ စိတ်ထဲက သွားကြတော့ ... သွားကြတော့။ နောက် ဘယ်တော့မှ မတွေ့ချင်တော့ဘူးလို့ ပြောနေတာပါ''

ဘုရား ... ဘုရား ထိုနေ့သည် မနန္ဒမာလာ ဘုရားအကြိမ်ကြိမ် တရသော နေ့ဖြစ်သည်။

''မိဘကို ဒီလိုသဘောထားတာ မကောင်းဘူးထင်တယ် ဆရာလေးရယ်''

''တင်ပ့ါ၊ မကောင်းမှန်းသိပါရဲ့ ဘုရ့။ သို့သော်လည်း သိတာက တခြား၊ မကျင့်ကြံနိုင်သေးတာက တခြား ဖြစ်နေတာပါ''

သည်လိုဆိုတော့ ထိုဆရာလေးမျက်နှာသည် တည်တည်ငြိမ်ငြိမ် ရင့်ရင့်ကျက်ကျက် ဖြစ်နေပြန်သည်။

''တပည့်တော်ဆိုရင် အဖေကို မမှတ်မိ၊ အမေဆိုတာလည်း တပည့်တော်ကို မွေးပြီးဆုံးသွားတာမို့ အမိမဲ့၊ အဖမဲ့ နေခဲ့ရတာ ဘုရား။

အဖေ၊ အမေနဲ့ သိပ်နေချင်ခဲ့တယ်။ အရှင်ဘုရားတို့လို မိစုံ၊ ဖစုံဆိုရင် ဘယ်လောက်ကောင်းလိုက်မလဲလို့ အမြဲစဉ်းစားခဲ့တယ်။ အသက်လေးနှစ် လောက်မှာ အဖေ ပိုးထိပြီးဆုံးတော့ အဖေ့ညီ ဦးလေးအိမ်မှာ အဒေါ်က မွေးတဲ့ ကလေးတွေကို ထိန်းပြီးနေခဲ့ရတာ။ အဒေါ်က မွေးကောင်းတိုင်း မွေးလိုက်တာမှ ကလေးခြောက်ယောက်ကြီးများတောင်။ ကျောင်းလည်း မနေရ၊ စာလည်းမသင်ရ။ အသက် ၁၂ နှစ်လောက်ရောက်တော့ မြို့က ထမင်းဆိုင်မှာ ပန်းကန်ဆေးဖို့ အပြီးပေးလိုက်တော့တာ။ ဒေါ်ရှုပနန္ဒီနဲ့ တွေ့ပေလို့''

''အခု ဆရာလေးရဲ့ အိုးစားအစ်မ ဒေါ်ရှုပနန္ဒီလား''

''ဟုတ်တယ် ဘုရား။ အစ်မက အကြီးတန်းအောင်ပြီးသား၊ စာချတန်း တက်နေတာဆိုတော့ ထမင်းဆိုင်ပိုင်ရှင် ဦးလေးကြီးလင်မယား က လစဉ်ထောက်ပံ့တယ်။ အဲဒီလစဉ်ကြေး တစ်လတစ်ခါ အလှူလာခံရင်း မျက်မှန်းတန်းမိရာက ထမင်းဆိုင်မှာ ပင်ပန်းနေတဲ့ တပည့်တော်ကို ကယ်တင်လိုက်တာ ဘုရား။ ဦးလေးကြီးတို့ဆီမှာ အလှူခံလိုက်တယ် ဆိုပါတော့ ဘုရား။ မိဘမရှိတဲ့ ဘဝဟာ သိပ်ဆိုးပါတယ်''

မနန္ဒမာလာ စကားကြောင့် မဓမ္မနန္ဒီဟာ တွေတွေငေးငေးလေး ဖြစ်လို့ အဖေ၊ အမေတွေကိုများ သတိရနေပြီလား။ အမေ့အပေါ် သဘော ထားတွေများ ပြောင်းလဲသွားလေမလား။

''တပည့်တော်က...ဉာဏ်မကောင်းဘူးဘုရား။ သင်ပုန်းကြီးကုန် အောင် အတော်သင်ယူရတာ။ အိုးစားအစ်မကိုလည်း အားနာလှတယ်။ စာမတော်တဲ့အတွက် အလုပ်ကိုတော့ ကြိုးစားလုပ်ပါတယ် ဘုရား။ အစ်မ အားကိုးရအောင် နေပါတယ်။ ဒီစာသင်တိုက်ကလွဲပြီး တပည့်တော်မှာ ခိုကိုးရာ မရှိပါ။ ဒေါ်ကြီးဘုရားကို ကြောက်ရတာကလွဲရင် ဒီမှာအားလုံး အဆင်ပြေပါတယ်''

''ဒေါ်ကြီးဘုရားကို ကြောက်တယ် ဟုတ်လား။ တပည့်တော်က အမေ့မျက်စိအောက်မှာ ကျဉ်းကျဉ်းကျပ်ကျပ် နေခဲ့ရလို့လား မသိဘူး။ ဒေါ်ကြီးဘုရား ချမှတ်တဲ့ စာသင်တိုက်စည်းကမ်းကို တင်းကျပ်တယ်လို့ကို မထင်ဘူး''

ထိုနေ့က ... ဘာရယ်မဟုတ်စကားတွေ တောင်ရောက်၊ မြောက်ရောက်နှင့် သူ့အကြောင်း၊ ကိုယ့်အကြောင်း ရင်ဖွင့်ခွင့်ရခဲ့သည်။ မဓမ္မနန္ဒီက နောက်မှ ရောက်သော်လည်း စာသွားသဖြင့် အဘိဓမ္မာဝင်ဖြေတော့မည်။ သည်မှာက အစိုးရစာမေးပွဲ မဟုတ်သော အသင်းအပင်းအဖွဲ့ စာမေးပွဲတွေ ရှိသည်။ သုသမ္မာစာရလို့၊ သဒ္ဓမ္မပါလလို စာမေးပွဲတွေ ဖြစ်သည်။ အစ်မ ဒေါ်ရူပနန္ဒီတို့ ပြောသံကြားသဖြင့် သိနေသော်လည်း ထိုစာမေးပွဲများသည် မနန္ဒမာလာနှင့် အဝေးကြီး ဝေးနေသေးသည်။

''စာကြိုးစားနော်၊ အတိတ်ဘဝက ပညာပါရမီ နည်းခဲ့လို့ ဉာဏ် မကောင်းတာ အားငယ်စရာ မလိုဘူး။ ဉာဏ်မကောင်းရင် ဝီရိယစိုက်ပေါ့။ သူများက တစ်လှမ်းနဲ့ ရောက်ရင် ကိုယ်က လေးလှမ်း၊ ငါးလှမ်းနဲ့ ရောက်ရမယ်လို့ စိတ်ကို ထားပါ။ ဘုရားသမီးတော်ဖြစ်မှတော့ ပရိယတ္တိသာသနာကို ပြုကိုပြုရမယ်လို့ နှလုံးသွင်းထားရင် အားထုတ်မှုလုံ့လရဲ့ အထောက်အပံ့ ဖြစ်လိမ့်မယ်''

စာဝါတက်ပြီးတိုင်း ဆုံးမဩဝါဒပေးလေ့ရှိသော အစ်မ ဒေါ်ရူပနန္ဒီ၏ စကားသံတွေကိုတော့ နားယဉ်အလွတ်ရနေပြီ ဖြစ်သည်။

❑

ထိုနေ့က မြင်ကွင်းသည် မနန္ဒမာလာအဖို့ တစ်သက်မမေ့နိုင်သော မြင်ကွင်း ဖြစ်သည်။ နံနက် ၉ နာရီခန့် နေ့ဆွမ်းပြင်ဖို့ အချိန်လည်း မကျသေး၊ စာအံရသည်မှာလည်း ငြီးငွေ့အာညောင်းနေချိန် စာသင်တိုက်ဝင်းအတွင်းဆိုက်ကားတစ်စီးဝင်လာသည်ကို မြင်လိုက်ရသည်။ ဆိုက်ကားပေါ်မှ ဆင်းလာသည်က ဆရာလေး မဓမ္မနန္ဒီ၏ဖခင် ဖြစ်သည်။

မဓမ္မနန္ဒီ၏ဖခင်သည် နှစ်လတစ်ကြိမ်၊ သုံးလတစ်ကြိမ် စာသင်တိုက်သို့ လာလေ့ရှိသည်။ လာလျှင် ဆရာကြီးဘုရား၊ ဒေါ်ကြီးဘုရားတို့အတွက် လှူဖွယ်ပစ္စည်းအပြင် သူ့သမီး သီလရှင်စားဖို့ ငါးပိကြော်၊ ငါးခြောက်ကြော်၊ ဂေါ်ဖီပန်းသနပ်လို စားသောက်ဖွယ်ရာများ သယ်လာလေ့ရှိသည်။ ယခုလည်း ဘာတွေသယ်လာသည် မသိ။

မဓမ္မနန္ဒီသည် သူ့အဖေမျက်နှာမြင်သဖြင့် အထူးပင် ရွှင်လန်းသွားလေသည်။ အဖေနှင့်အတူ ပါလာသည့် မြွေရေခွံအိတ်ကြီးတွေထဲမှ ပစ္စည်းတွေကို ကြည့်ကာ သဘောအကျကြီး ကျနေသည်။ အိတ်ထဲမှာ ဘာတွေပါလိမ့်။

"ဆရာလေးအဖေ ဒကာကြီး ဘာတွေသယ်လာတာလဲဟင်"

"အုန်းခွံတွေပါ ... မနန္ဒမာလာရဲ့"

"အုန်းခွံ ဟုတ်လား ဘုရား"

"ဟုတ်တယ်လေ၊ တပည့်တော်အဖေ့ကို စာရေးပြီး မှာလိုက်တာ။ စာထဲမှာ ဒကာကြီးဖေဖေ၊ ဆရာလေးတော့ ဒီမှာ နေ့တိုင်းအုန်းခွံလုရလို့ ဒုက္ခရောက်နေပြီ။ ဒီတစ်ခါလာရင် ကြမ်းတိုက်အုန်းခွံကောင်းကောင်း ရှာလာပေးပါလို့"

အံ့သြကုန်နိုင်ဖွယ်ရာပါလား။ သမီး၏ အလိုဆန္ဒကို ဖြည့်ဆည်းပေးလေ့ရှိသူ ဖခင်တစ်ယောက်၏ ချစ်ခြင်းမေတ္တာ။ မကြာခင် ရေလည်ခန်းတာဝန်ကျသည့် ဆရာလေးအုပ်စု အုန်းခွံအိတ်ကြီးတွေကို ပျော်ပျော်ကြီး သယ်နေကြသည့် မြင်ကွင်း။ မီးဖိုဆောင်မှ ရာထူးမတက်သေးသူ မနန္ဒမာလာပင်လျှင်အပျော်တွေကူးစက်ကာအုန်းခွံတွေကိုကိုင်ကြည့်မိသေး၏။ အုန်းခွံတွေက အတွင်းမှာ အဆံမရှိသော အ,နေသည့် အုန်းသီးများကို လွှဖြင့် တိတိရိရိဖြတ်ထားသဖြင့် မျက်နှာပြင်ကြမ်းရှကာ တိုက်သားကောင်းမှာ သေချာသည်။ မဓမ္မနန္ဒီ အုန်းခွံလုရသည့်ဒုက္ခမှ ကင်းဝေးသွားသည်မှာလည်း သေချာသည်။

ထူးဆန်းစွာပင် အဖေဖြစ်သူ အခေါက်ခေါက်လာလေ့ ရှိသော်လည်း အမေဖြစ်သူကတော့ တစ်ခေါက်မှ ပေါ်မလာပါ။ သမီးဆရာလေးအပေါ် တကယ်ပင် စိမ်းကားပြတ်တောက်နေလေသလား။

''တပည့်တော်တို့ အိမ်မှာက အဖေ မီးဖိုချောင်ဝင်တဲ့အိမ် ဘုရား။ မနက်ဆိုရင် အမေက အစောကြီးကျောင်းကို ထွက်သွား၊ အဖေက ထမင်းချက်ပြီးမှ ရုံးတက်ရတယ်။ တပည့်တော်က ငယ်ငယ်လေးကတည်းက အစားရွေးတာ ဘုရား။ စာသင်တိုက်နေတော့ ... စားရေး၊ သောက်ရေး ဒုက္ခဖြစ်ပြီဆိုပြီး အဖေ စားစရာ လာပို့နေတာပါ။ အမေက အဖေ ဒီလို အလိုလိုက်ပြီး ပို့ကျွေးနေတာကိုလည်း မကြိုက်ဘူးတဲ့။ ဒါပေမဲ့ အဖေကတော့ တပည့်တော်ကို ချစ်တော့ ...''

ဖခင်၏ချစ်ခြင်းကို ရရှိသော မဓမ္မနန္ဒီ၏အပြုံးကား အားကျစရာပါပေ။ မနန္ဒမာလာသည် မမှတ်မိတော့သော အဖေ့ရုပ်ရည်ကို စိတ်မှန်းနှင့် တွေးကြည့်လေသည်။ အဖေရှိလျှင်လည်း လယ်ထဲက မတက်ရသည်နှင့် သည်လို စားစရာ လာပို့ ကျွေးဖို့ မဖြစ်နိုင်ပါပေ။ ဦးလေးဆိုသည်ကလည်း အဒေါ်ဆန္ဒမပါဘဲ တုတ်တုတ်မျှ မလှုပ်ဝံ့သူ။ နဂိုစေတနာ နည်းသည့် အဒေါ်မှာ ခိုင်းဖို့လောက်သာ သိသူ။ သူ မွေးသမျှ ကလေးတွေ တစ်ယောက်ပြီး တစ်ယောက် ခါးထစ်ခွင် ထိန်းရသည့်အတွက် ဘယ်ဘက်ခြမ်း ခါးကိုင်းသလိုလို ဖြစ်သွားရသည့်ကိစ္စများကိုတော့ ပြန်ပြောင်းလို့မှ မတွေးချင်။

''တပည့်တော် အဘိဓမ္မာဖြေဖို့ အဖေက ရေးမြို့ကရက်တဲ့ ဂျပ်ခုတ်လွယ်အိတ် မှာပေးမယ်တဲ့''

မဓမ္မနန္ဒီအသံက အထူးပင် ရွှင်ပျနေလေသည်။ စာသင်တိုက်မှာ စာမေးပွဲ ဖြေတော့မည်ဆိုပါက ဂျပ်ခုတ်လွယ်အိတ်နှင့်မှဟု ခေတ်စားနေ

သည်။ ရေးမြို့မှ ရက်လုပ်သော ဂျပ်ခုတ်လွယ်အိတ်ကလည်း အလွန်လက်ရာမြောက်လှ၏။ ဈေးကတော့ မသေးလှ။ စာမေးပွဲဖြေမည်ဆိုလျှင် ပဒုမ္မာကိုယ်ရုံလည်း လိုဦးမည်။

သီလရှင်လောကတွင် အသုံးများသော ပဒုမ္မာမှာ အပါးစားနှင့် အထူစား နှစ်မျိုးရှိသည်။ ပဒုမ္မာအပါးစားက သူလိုကိုယ်လို ဆရာလေးတွေ ဝတ်ကြ၊ ရုံကြတာ များသည်။ ပဒုမ္မာအထူစားမှာ တကယ့်ပွဲကြီးလမ်းကြီး ဆုယူပွဲမျိုး၊စာသင်တိုက်မှာကထိန်ပွဲမျိုး၊ဆရာကြီးဘုရားမွေးနေ့ပွဲလိုမျိုးမှာ အရေးတယူ ဝတ်ဆင်ကြသည်။

မနန္ဒမာလာမှာ ပဒုမ္မာဆိုလို့ မူးလို့ပင် ရှူစရာမရှိ။ အပါးလည်း မရှိ၊ အထူလည်း မရှိ။ ပိတ်သားထူထူ ကိုယ်ရုံနှစ်စုံကိုပင် ထည်လဲဝတ်နေရသည်။ အိုးစားခေါင်းဆောင် အစ်မ ဒေါ်ရူပနန္ဒီကတော့ ပရိတ်ကြီး ၁၁ သုတ်ကို မွတ်မွတ်ကျေကျေရလျှင် ပဒုမ္မာအပါးတစ်စုံ ဆုချမည်ဟု ပြောထားသည်။ မနန္ဒမာလာ မှတ်ဉာဏ်ကလည်း မေတ္တသုတ်ရလျှင် မင်္ဂလသုတ်မေ့၊ မင်္ဂလာသုတ်ရလျှင် ခန္ဓသုတ်မေ့၊ ရှေ့ကကျက် နောက်က မေ့၊ နောက်ကကျက် ရှေ့ကမေ့။

သည်လိုနှင့် နွေဦးပေါက်တော့ အဘိဓမ္မာစာမေးပွဲဖြေဆိုချိန် ရောက်လာသည်။ စာမေးပွဲဝင်မည့် ဆရာလေးများ ပြင်ကြဆင်ကြသည်။ ဖြေဆိုမှာက မြို့မ အထက (၁) ကျောင်းကြီးမှာ ဖြစ်သည်။ ထိုနေ့ စာမေးပွဲ ဖြေဆိုမည့်နေ့က ဂျပ်ခုတ်လွယ်အိတ်ကလေးလွယ်ကာ စာဖြေဖို့ တက်တက်ကြွကြွလှမ်းကြွ ထွက်ခွာသွားသော ဆရာလေး မဓမ္မနန္ဒီကား ကျက်သရေ ရှိလှ၏။ လွယ်အိတ်အသားမှာ မဓမ္မနန္ဒီဟူသော စာတန်းထည့်ရက်ထားပုံက ထူးခြားလှ၏။ ဩော် ... ကုသိုလ်ကံ ကောင်းလှပါဘိ။

❑

စာသင်တိုက်ကြီး အနောက်ဘက် သစ်ပင်၊ ဝါးပင်များပေါ်မှ အော်မြည်လိုက်သော ဥဩသံနှင့်အတူ နွေသည် မလွဲမသွေရောက်ချလာလေသည်။ နွေရာသီ စာဝါနားပြီး အားလပ်ရက် တစ်လပေးလေရာ မိဘရှိသူတွေ မိဘအိမ်ပြန်၊ ဆွေမျိုးရှိသူတွေ ဆွေမျိုးအိမ်ပြန်ကြနှင့် စာသင်တိုက်မှာ လူတွေ သုံးပုံ နှစ်ပုံခန့် လျော့သွားသည်။ လူနည်းသွားသဖြင့် အသံဗလံများလည်း လျော့နည်းသွားကာ အောက်ရေတွင်းမှာ ရေချိုးရတာတောင် ခြောက်ကပ်ကပ် နိုင်လှသည်။

အစ်မ ဒေါ်ရူပနန္ဒီလည်း သူ့ဇာတိ မုဒုံမြို့သို့ ခဏပြန်သွားသည်။ မနစ်က မနန္ဒမာလာကို ငဲ့ပြီး မိဘအိမ်မပြန်ဖြစ်သဖြင့် ယခုတော့ ပြန်ဖြစ်အောင် တိုက်တွန်းပေးလိုက်သည်။ သီလရှင် ဝါသုံးဝါရပြီမို့ မနန္ဒမာလာ စာသင်တိုက်မှာ နေသားကျနေပါပြီ။ စာရေး၊ သောက်ရေးလည်း အစ်မ ဒေါ်ရူပနန္ဒီပြထားသည့် လမ်းကြောင်းအတိုင်း တောဖိတ်၊ မြို့ဖိတ်နေ့တွေမှာ အလှူခံ၍ ရသမျှဆန်တွေ အချို့ကို ဆွမ်းအတွက်ပြန်သယ်၊ အချို့ကို ဈေးမှာတင် ရောင်းချကာ ဆွမ်းဟင်းအတွက် ငါးပိ၊ ငါးခြောက်၊ အခြောက်အခြမ်း၊ ဟင်းသီး၊ ဟင်းရွက်များ ဝယ်ရ၏။ တစ်ခါဆန်ခံထွက်စဉ် တစ်ပတ်စာ ဝယ်ထားရခြင်း ဖြစ်၏။ ယခု အိုးစားတွေ လျော့သွားသဖြင့် မဟေမာတို့လို၊ မဝိလာသီတို့လို မိဘဆွေမျိုးမရှိဘဲ တစ်နွေလုံး စာသင်တိုက်မှာ ကျန်ရစ်နေခဲ့သည့် ဘဝတူ ဆရာလေးတွေနှင့် ပေါင်းစားရသည်မှာလည်း အတွေ့အကြုံတစ်မျိုးပါပဲ။

ညနေဘက် ဟင်းရွက်သင်ချိန်၊ ဆန်ရွေးချိန်ကျတော့ မဓမ္မနန္ဒီကို အထူးသတိရမိလေသည်။ ထူးထူးဆန်းဆန်း အမေက မှာသဖြင့် ဇာတိမြို့ကို စာဝါပိတ်ရက် ပြန်သွားသော ထိုဆရာလေးတစ်ယောက် အမေနဲ့ အဆင်ပြေနေပြီလား။ သီလရှင် ဝတ်သွားသော သမီးအပေါ် အမေသဘောထားတွေ ပြောင်းလဲသွားပြီလား။ မဓမ္မနန္ဒီ သူ့အမေနဲ့ အဆင်ပြေစေချင်

သည်။ သို့သော် လူဝတ်တော့ မလဲစေလိုပါ။ ယခုလည်း အဘိဓမ္မာ ဖြေထားပြီမို့ စာသင်တိုက်နေသရွေ့ ရှေ့အဖို့ တက်လမ်းချည်းပင်။

''မနန္ဒမာလာ ... ဆရာကြီးဘုရား ခေါ်နေပါတယ် ဘုရား''

မဟေမာ လာခေါ်သောအသံကြောင့် မနန္ဒမာလာ အနည်းငယ် လန့်သွားလေသည်။ ဆရာကြီးဘုရားက အကြောင်းကိစ္စကြီးငယ် မရှိဘဲ ဘယ်တော့မှ မခေါ်။ တော်ရုံကိစ္စ တိုက်အုပ်ဒေါ်ကြီးဘုရားနှင့်ပင် လွှဲထားလေ့ရှိသည် မဟုတ်ပါလား။ ကိုယ်ရုံကို သပ်သပ်ရပ်ရပ် ပြင်ရုံ၊ မျက်လွှာကို ချလျက် အခန်းထဲဝင်မိတော့ ...

''မနန္ဒမာလာ ရောက်ပြီလား''

''ရောက်ပါပြီ ဘုရား''

''ပိတ်စုံ ဘယ်နစုံ ရှိလဲ''

''ပိတ်ကိုယ်ရုံ နှစ်စုံပါ ဘုရား''

''ရော့၊ ဒီမှာ ပဒုမ္မာအပါးကိုယ်ရုံ ဒုလ္လဘတွေ စွန့်သွားတဲ့အထဲက အဝတ်နွမ်းပါးသူတွေကို မျှဝေပေးတာပါ။ မနက်ဖြန် ဆွမ်းကျွေးကို ဆရာကြီးဘုရားနှင့် အတူလိုက်ရမယ် ကြားလား''

''တင် ... တင်ပါ့ဘုရား''

မနန္ဒမာလာ စိတ်လှုပ်ရှားနေသဖြင့် အသံပင်ကောင်းစွာ မထွက်။ ဆရာကြီးဘုရား ဆက်ပြောသည်။

''မနန္ဒမာလာက ဉာဏ်သိပ်မကောင်းဘူး၊ စာသိပ်မသွားဘူးလို့ ကြားတယ်၊ ဟုတ်လား''

''မှန်ပါ့ဘုရား''

''ဉာဏ်မကောင်းရင် ဝီရိယစိုက်ကွယ့်၊ အားငယ်စရာ မလိုဘူး။ လူဆိုတာ ကိုယ့်အတိတ်ကံနဲ့ကိုယ် လာတာ။ အတိတ်ကံကို စီရင်လို့မရဘူး။ ပစ္စုပ္ပန်ကံကိုတော့ ပြုပြင်လို့ရတယ်။ ဒီတိုက်မှာရှိတဲ့ တပည့်တွေအားလုံး

ဉာဏ်ကောင်း၊ ဉာဏ်ထက်သူချည်း မဟုတ်ပါဘူး။ အားလုံးဉာဏ်ကောင်းပြီး စာတော်နေကြရင်ဆရာကြီးဘုရားမှာ ဝေယျာဝစ္စလုပ်မယ့်သူ ရှိပါ့ဦးမလား။ ဆရာဘုရားအနား ဝေယျာဝစ္စလုပ်တဲ့ ဆရာလေး မခေမာသီရိ ရွာပြန်တုန်း မနန္ဒမာလာက အစားဝင်ပေါ့။ မနက်အရုဏ် ဆွမ်းစားပြီး ဆရာကြီး ဘုရားအခန်းထဲ တစ်ခါလာ၊ ထွေးခံသွန်မလား၊ ကိုယ်ရုံဟောင်း၊ ခါးဝတ် ဟောင်းတွေ လျှော်ရမလား လာကြည့်၊ ရှိရင် စင်စင်ကလေးလျှော်၊ ကြမ်း ပြင်မှာ သဲတွေရှုပ်နေရင် တံမြက်စည်းလှဲ၊ ပစ္စည်းတွေ နေရာမကျရင် ပြန်စီ အခန်းကို ပြန်ရှင်း၊ ဆရာကြီးဘုရားခိုင်းတဲ့ လက်တိုလက်တောင်းကလေး တွေလုပ်၊ ထံနီးလုပ်ကျွေးဆိုတဲ့ တပည့်ဝတ်ကို ဖြည့်ကျင့်မယ်ဆိုရင် နောင် သံသရာမှာ ကောင်းကျိုး ဖြစ်ထွန်းလိမ့်မယ်။ ဒီတိုက်မှာနေသရွေ့ ဆရာကြီး ဘုရားဟာ ဆရာလေးတို့ရဲ့မိခင်ပဲ။ ဆရာနဲ့တပည့်ဆိုတာ အပြန်အလှန် ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီပြီး နေကြရတာ။ ကဲ ... ဆရာကြီးဘုရားရဲ့ ဝေယျာဝစ္စ လုပ်မှာ မဟုတ်လား''

''လုပ် ... လုပ်ပါ့မယ်ဘုရား''

''သာဓု ... သာဓု ... သာဓု၊ ကဲ ... သွားနားတော့''

ဆရာကြီးဘုရား အခန်းကထွက်လာတော့ မနန္ဒမာလာ မျက်လုံး ထဲမှာတော့ မျက်ရည်တွေဝဲလို့။ လူကြီးတစ်ယောက်ကို အရေးအရာ သွင်းခံလိုက်ရသည့်အတွက်လည်း ကတုန်ကယင်ကြီးဖြစ်လို့။ ပြုံးစားကြီး အမေတစ်ယောက် ရလိုက်သလို ခံစားမှုကလည်း ဝမ်းသာခြင်း၊ ပီတိတွေ ရှိန်ရှိန်တက်လို့။

ပဒုမ္မာ ကိုယ်ရုံအသစ်ကလေးကို ရင်မှာပွေ့ပြီး အမေ ... အမေ ... ခေါ်သံ ရင်ထဲမှာ ညျိုးညံ့မြည်ဟည်းနေသည်။ အမေရဲ့မေတ္တာကို တစ်ခါမှ မခံစားဖူးသည့် အတွက်လည်း ဆောက်တည်ရာမရ ဖြစ်နေ၏။

ဇာတိမြို့ပြန်သွားသော မခမ္မနန္ဒီကို အမြန်ဆုံးပြန်လာစေချင်လှ ပြီ။ အမေဆိုတာ တစ်ယောက်တည်းရှိတာ မဟုတ်၊ ဟောသည် စာသင် တိုက်ကြီးမှာ ... သူ–ငါ–သင် ဆရာလေးအားလုံးရဲ့အမေ ရှိနေတယ် ဆိုတာ သတင်းကောင်း ပါးချင်လိုက်တာ။

နောက်တစ်နေ့ ဆရာကြီးဘုရား ဆွမ်းစားကြွရာနောက်က ထီးကိုင်လိုက်နေသည့် မနန္ဒမာလာ ခြေလှမ်းများ သွက်လက်နေသလို မျက်နှာလည်း ကြည်လင်လန်း ဆန်းလို့နေသည်။

မနေ့ကနင့်မတူ၊ သည်ကနေ့သည် အသစ်တစ်ဖန် မွေးဖွားလာ သော မနန္ဒမာလာဖြစ်ကြောင်း သူ့ကိုယ်သူပင် သိချိမ့်မည်။

❑

ဝိတောက်နွယ်မဂ္ဂဇင်း
အမှတ် ၅၉၊ ဩဂုတ်လ၊ ၂၀၁၁ ခုနှစ်။

## ဝတ်ကြောင်ကို လွတ်အောင်ရုန်းချင်ရဲ့

ဒီနှစ်သင်္ကြန်မှာ မေမေကြီးက မီးငယ်ကို မမကေနဲ့အတူ တရားစခန်းကို အဖော်လိုက်သွားရမယ်တဲ့။ ဒီစကားကြားတော့ မီးငယ် နည်းနည်းစိတ်ညစ်သွားတယ်။ တကယ်ဆို သင်္ကြန်ပိတ်ရက် မီးငယ် ရွာပြန်ချင်တာပါ။ မီးငယ်တို့ရွာက ဟိုး ... သံလွင်မြစ်ကမ်းနံဘေးက ရွာကြီး၊ သင်္ကြန်ဆိုသိပ်ပျော်ဖို့ကောင်းတယ်။ လှည်းတွေနဲ့ ကျောက်ကလပ်ဘုရားကို သွားကြတာလည်း မရိုးနိုင်တဲ့ ပျော်စရာတစ်ခုပေါ့။

ရွာမှာ သင်္ကြန်ရက်ဆို သင်္ကြန်ထမင်းတွေလုပ်ကြ၊ မုန့်လုံးရေပေါ်လုံးကြ၊ ရွာဦးကျောင်းကို မုန့်ပို့သွားရင် ကောင်လေးတွေက ရေလောင်းကြ။ ဒီနှစ်သင်္ကြန် ရွာကိုပြန်ဖြစ်အောင် ပြန်မယ်ဆိုပြီး အားခဲထားတာ။ အခုမေမေကြီးက တစ်ချက်လွှတ် အမိန့်ထုတ်လိုက်ပါပကော။ မေမေကြီးဆိုတာက မီးငယ်တို့ရဲ့ ဆွေမကင်းမျိုးမကင်း ကျေးဇူးရှင်ကြီးပါ။ ရွာမှာ မပြေလည်သလောက် မေမေကြီးရဲ့အကူအညီ အထောက်အပံ့ကို ယူနေရတာ

ဆိုတော့ မီးငယ်ခြောက်တန်းလည်းအောင်ရော မေမေကြီးရှိရာ ရန်ကုန်အိမ်ကို လက်တိုလက်တောင်းလုပ်ဖို့ ရောက်လာရောဆိုပါတော့။

မီးငယ်က ခြေပေါ့လက်ပေါ့ရှိသလို မေမေကြီးကလည်း မမျှမတလုပ်သူ မဟုတ်ပါဘူး။ ဘဘနဲ့ မေမေကြီး နှစ်ယောက်တည်းရှိတဲ့အိမ်မှာ မီးငယ် အိမ်အလုပ်တွေ ပင်ပင်ပန်းပန်း မလုပ်ရပါဘူး။ မနက်ဈေးသွားရင် မေမေကြီးနောက်က ဈေးဆွဲခြင်းဆွဲပြီးကိုင်ရုံ၊ ပြန်လာရင် မီးဖိုချောင်မှာ မေမေကြီးနဲ့တူတူ ကူညီချက်ပြုတ်ရုံပါပဲ။

ဘဘက အစားအသောက် အဆာမကျယ်ဘူး။ ဆီးချိုရောဂါရှိလို့ သူနဲ့ သင့်တော်တာ ဂရုတစိုက် ချက်ပေးရုံပါပဲ။ မေမေကြီးနဲ့ မီးငယ်ကသာ ဖွယ်ဖွယ်ရာရာ ချက်စားတာပါ။

ဒီအိမ်မှာ အဝတ်ဆိုလည်း စက်ထဲထည့်လျှော်တော့ မပင်ပန်းဘူးပေါ့။ မီးပူတိုက်တာတော့ မီးငယ် နည်းနည်းစိတ်ညစ်တယ်။ ဒီလိုခေါက်၊ ဒီလိုပြန့်အောင် ဖိ၊ မေမေကြီးက ပြောလည်းပြော၊ လက်တွေ့လည်းပြန်ပြီး သင်ပေးရှာတယ်။

''မီးငယ် အလုပ်လုပ်ရင် စေတနာလေးနဲ့လုပ်၊ လက်ထဲမှာ အားထည့်လုပ်၊ တံမြက်စည်းလှည်းရင် ဟောဒီလို ခပ်ဖိဖိကလေးလှည်းမှ အမှိုက်တွေ စင်စင်ပါသွားမှာပေါ့။ မီးပူတိုက်ပြီးသား အင်္ကျီတွေ တစ်ခါတည်း သက်ဆိုင်ရာနေရာမှာ စနစ်တကျ ထား၊ ဘဘအင်္ကျီ ဘဘဗီရိုမှာ၊ မေမေကြီးအင်္ကျီ မေမေကြီးဗီရိုမှာ၊ မီးငယ်အင်္ကျီတွေ မေမေကြီးပေးထားတဲ့ သံသေတ္တာလေးထဲ တစ်ခါတည်းထည့်၊ အလုပ်ကို စနစ်ကလေးနဲ့လုပ်တော့ အကျင့်ပါပြီး အိမ်လုံတာပေါ့၊ ကိုယ်က သူများအိမ်နေရပေမဲ့ သူများအိမ်လို့ သဘောမထားဘဲ ကိုယ့်အိမ်လိုသဘောထားရင် တစ်နေ့ စေတနာအကျိုး ပေးလိမ့်မယ်''

မေမေကြီးက ဒီလိုတွေ အမြဲဆုံးမလေ့ရှိတယ်။ ဒါကြောင့် ဒီအိမ်မှာ နေရတာ မီးငယ် ပျော်ပါတယ်။ အဖေ၊ အမေတို့နဲ့ ရွာကို လွမ်းတာတစ်ခုပါပဲ။ အခုလည်း ရွာပြန်ချင်ပါတယ်ဆိုမှ ရွာမပြန်ရပြန်ဘူး။ ဒီနှစ်သင်္ကြန်မှာ မမကေနဲ့အတူ တရားစခန်းကို အဖော်လိုက်ရမယ်တဲ့။ မမကေကိုတော့ မီးငယ် နည်းနည်းဖြုံတယ်။

မမကေက မေမေကြီးရဲ့ တစ်ဦးတည်းသော သမီးပါ။ အိမ်ထောင်လည်း ကျ၊ အိမ်ခွဲပြီးလည်း နေပါတယ်။ မေမေကြီးက အိမ်ခွဲတဲ့ သမီးကို အိမ်ခွဲတယ် မထင်ရအောင် ဂရုစိုက်သူပါ။ အိမ်ကလည်း နစ်လမ်းကျော်မို့ မနီးမဝေးလေးပေါ့။ တော်ကြာနေ မမကေအိမ် မုန့်ဟင်းခါး ပို့ပါဦး၊ တော်ကြာနေ မမကေအိမ် ကတ်ကြေးကိုက်ပို့ပါဦး၊ တစ်နေ့တစ်ခေါက်လောက်တော့ မှန်မှန်နိုင်းတတ်တယ်။ မမကေကလည်း သူ့အဖေ၊ အမေအိမ်ကို ဘာတွေညာတွေ ပြန်ထည့်ပေးလိုက်နဲ့ မီးငယ်မှာ သွားပြီဆို အသွားလည်း အထုပ်နဲ့၊ အပြန်လည်း အထုပ်နဲ့။ ဟိုရောက်ရင် အေးအေးဆေးဆေး ထိုင်မယ်မှ မကြံသေး၊ မမကေက မီးငယ် ငါ့ကျောကုန်းမှာ ဆေးလိမ်းပေးစမ်းပါဆို လိမ်းရ၊ မီးငယ် ရေခဲသေတ္တာထဲ ပုလင်းတွေ ရေဖြည့်ဦးဆို ဖြည့်ရ၊ မီးငယ် ... မဆေးရသေးတဲ့ ပန်းကန်တွေ ဆေးသွားဦးဆို ဆေးရ၊ တရစပ် မနားတမ်းခိုင်းတော့တာ။

မေမေကြီးလက်ကျ မီးငယ်တောင် မမကေခိုင်းချက်မှာ လည်ထွက်နေတယ်။ မမကေက မိဘဆီမှာနေတုန်းကလည်း အလိုလိုက်ခံရ၊ ယောကျ်ားရတော့လည်း ယောကျ်ားရ ကံကောင်းဆိုတော့ အင်း ... ဘယ်လိုပြောရမလဲ၊ နည်းနည်းတော့ ဗိုလ်ကျသလိုပဲ။

ဒါပေမဲ့ မီးငယ်လေ မမကေကို စိတ်မကွက်ပါဘူး။ သနားတယ်။ ဘာလို့လဲသိလား။ မမကေ ကျန်းမာရေးမကောင်းရှာဘူး။ သားအိမ်မကောင်းလို့ ကလေးလည်းမရဘူး။ အစာအိမ်နာလည်း ရှိသတဲ့၊ အူက

လည်း မကောင်းဘူးတဲ့၊ ကုပ်ကျီးပေါင်းလည်း ရှိတယ်တဲ့၊ ဖနောင့်ကလည်း ထောက်လို့မကောင်း၊ လေးဖက်နာကလည်း ပြန်ထချင်နေသတဲ့၊ အမယ်လေး ... အစုံပါပဲ။

အိမ်ပေါ်များ တက်သွားလို့ကတော့ လိမ်းဆေး၊ စားဆေးနံ့တွေ တဟောင်ဟောင်နဲ့။ မြန်မာဆေး၊ အင်္ဂလိပ်ဆေးတွေဆိုတာ စင်ထိုးပြီး တောင် ထားရတာ။

''ငါ့သမီးလေး ကျန်းမာရေးမကောင်းရှာဘူး မီးငယ်ရေ ... မမကေကို စိတ်ရှည်သည်းခံနော်၊ ခများမှာ ဝေဒနာက တစ်ဖက်ကိုးကွယ့်၊ ကလေးကလည်း မရနိုင်တော့ စိတ်ခံစားမှုလေးကလည်း ရှိနေတယ်၊ လူကသာကြည့်ရင် လေးလုံးခြောက်ဖက်၊ စိတ်ကပျော့သကွယ့်၊ တော်ကြာ ငိုလိုက် ရယ်လိုက်နဲ့''

မေမေကြီးက သူ့သမီးဘက်က ဖေးဖေးမမ တွေးပေးရှာတယ်။ အဲဒီ မကျန်းမာတဲ့ မမကေက အခု ရိပ်သာဝင်ပြီး သီလရှင်ဝတ်မလို့တဲ့။ မမကေက သူသာ သီလရှင်ဝတ်မှာမဟုတ်၊ သူ့ယောက်ျားကိုလည်း ရဟန်းဝတ်ခိုင်းပြီး အဲဒီရိပ်သာမှာပဲ တရားစခန်း ဝင်ခိုင်းမှာတဲ့။

မမကေတို့များ ပိုင်လိုက်ပုံ။ သူ သီလရှင်ဝတ်တာတောင် ယောက်ျားကို ရဟန်းလိုက်ဝတ်ခိုင်းရတယ်လို့။ မီးငယ် ဒီလိုတွေးနေတုန်း မေမေကြီးက ''ကောင်းတယ် ... ကောင်းတယ်၊ နှစ်ယောက်စလုံး သာသနာပြုတော့ သံသရာအတွက် ပါရမီဖြည့်ဖက် ဖြစ်တာပေါ့'' တဲ့။

''မီးငယ် ... ဟိုရောက်ရင် မမကေရဲ့ ဝေယျာဝစ္စတွေ ပိုင်းလုပ်ပြီး သမီးလည်း တရားမှတ်လာနော်၊ အတွေ့အကြုံရတာပေါ့''

သွားခါနီး မီးငယ်ကို သည်လိုမှာသေးတာပါ။ ဒီလိုနဲ့ အကြိုနေ့ မတိုင်ခင် တစ်ရက် မီးငယ်တစ်ယောက် သုံးလေးရက်စာ အဝတ်ကလေး ထည့်ပြီး မမကေအိမ် ရောက်လာရတော့တာပေါ့။

❑

အိမ်ပေါ်တက်လိုက်တယ်ဆိုရင်ပဲ ပစ္စည်းထုပ်အပုံကြီးကို ကြည့်ပြီး မီးငယ် တော်တော်လန့်သွားတယ်။ တရားစခန်းသွားမယ့် အထုပ်တွေ ဆိုတာ လေးငါးရှစ်ထုပ်၊ သေတ္တာ၊ လက်ဆွဲအိတ်၊ ဆွဲခြင်း၊ ပုံစံအမျိုးမျိုး သော အထုပ်တွေ။ လူနှစ်ယောက်မှာ ဘာလို့ အထုပ်တွေများနေရတာလဲ။ မကြာခင် အဖြေက လာပါပြီ။

''ငါက ... ငါ့ခေါင်းအုံးမဟုတ်ရင် မအိပ်တတ်ဘူး၊ ဖက်လုံးမပါ လည်း မအိပ်တတ်ဘူး၊ ခြင်ကိုက်လည်း မခံနိုင်ဘူး။ ဟဲ ... မီးငယ် ဓာတ်ဘူး ပါပြီလား၊ ငါက ရေစိမ်းနဲ့ မတည့်ဘူး၊ ဓာတ်ဘူးတော့ပါမှ၊ ဆရာလေးဖြစ်ရင် ဘုဉ်းပေးဖို့ ငါ့ဘော်ဒါတွေ လာလှူသွားတဲ့ မုန့်ပုံးပါပြီလား၊ တစ်ရှူးထုပ်တွေ မကျန်ရစ်စေနဲ့''

အဲဒီညတစ်ညလုံး မီးငယ်တစ်ယောက် စုံစီနဖာတွေကြား ဗျာများ နေပါတော့တယ်။ ဟိုဟာထည့် ဒီဟာပြန်ထုတ်နဲ့ အပြောင်းအလဲတွေက များ၊ ပစ္စည်းပုံကြီး ကြည့်ပြီး တရားစခန်းသွားတာလည်း ဘုရားဖူးခရီးသွား သလိုပါလားလို့ မီးငယ် တွေးနေမိတယ်။

နောက်တစ်နေ့ မနက်စောစောကျတော့ အိမ်ရှေ့မှာ ကားတစ်စီး ဆိုက်တယ်။ ကားနောက်ခန်းထဲ ပစ္စည်းပုံကြီး ပြည့်သွားတာပဲ။ ကားပေါ်မှာ ဦးလေးကြီးတစ်ယောက် ပါလာသေးတယ်။ ဦးလေးကြီးက မမကေ ယောက်ျား ဦးကိုလတ်ရဲ့အဖေတဲ့။ ဦးလေးကြီးက ပြုံးပြုံး ပြုံးပြုံးနဲ့ မမကေကို အတော်ချစ်တဲ့ပုံ။ ဘာတွေလဲ၊ များလိုက်တဲ့ပစ္စည်းတွေဆိုပြီး မပြောရှာဘူး။ သူကိုယ်တိုင် လူငယ်လေးလို ပစ္စည်းတွေ သယ်နေတာမှ သွက်လို့။

အမယ် ... မမကေကလည်း ယောက္ခမကို အဖေ ... အဖေနဲ့ ချွဲနေတာ။ မီးငယ်မျက်စိထဲတော့ ချွဲ ချွဲပြီး နိုင်းနေတာလို့ပဲ မြင်တယ်။ ကောင်းပါတယ်လေ။ မမကေတို့ ကံကောင်းပုံက ယောက်ျားအပေါ်လည်း

ဩဇာပေးရ၊ ယောက္ခမကိုလည်း ပိုင်။ အမယ်လေး ... တရားရိပ်သာက လည်း ဝေးလိုက်တာ မရောက်နိုင်ဘူး၊ ထောက်ကြန့်၊ မှော်ဘီ။ ရိပ်သာ ဝင်းကြီးထဲရောက်တော့ မီးငယ် အံ့ဩသွားတယ်။ ဒီလောက် ကြီးမား ခံ့ထည်တဲ့ အဆောက်အအုံတွေ တစ်ခါမှ မမြင်ဖူးဘူးကိုး။

ဘုန်းကြီးကျောင်းရှေ့မှာကားရပ်တော့ဦးလေးကြီးကဦးဆောင်ပြီး ကျောင်းပေါ်တက်သွားတယ်။ ဒီဘုန်းကြီးကျောင်းက ဦးလေးကြီး တရား စခန်းဝင်နေကျ ကျောင်းတဲ့။ ဘုန်းကြီးတွေနဲ့ ရင်းနှီးပြီးသားတဲ့။ ကျောင်းပေါ် ရောက်၊ ဘုန်းကြီး ကန်တော့ပြီး တစ်နေရာမှာ စာရင်းသွင်းတော့ ပြဿနာ ပေါ်ပါလေရော။

လူစာရင်းလက်ခံတဲ့ ဌာနက ''အခု ဒီမှာ လူတွေသိပ်များနေပြီ၊ အများနဲ့ ရောပြီးနေရတဲ့ ခန်းမလိုနေရာပဲ ရတော့မယ်'' လို့ ဖြေတယ်။ ဒီလိုလည်းဆိုရော မမကေရယ်လေ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျပြီး ငိုပါလေရော။ မမကေ ငိုတော့ ဦးကိုလတ် ပျာပြီလေ။

''ကေ မနေနိုင်ဘူး။ လူတွေအများကြီးနဲ့ ကေ ဘယ်လိုရော အိပ်မလဲ၊ စဉ်းစားကြည့်ပါဦး''

''ဒါတရားစခန်းလေ ကေရဲ့၊ အိမ်မဟုတ်ဘူး၊ နေသင့်ရင် နေရမှာ ပေါ့''

''နေသင့်ရင်ဆိုတာ ဘာလဲ၊ ကေ့မှာ ရောဂါနဲ့ ဆေးလိမ်းရမှာတွေ ရှိတယ်၊ လူကြားထဲ ဘယ်လိုလုပ်ပြီး ...''

မမကေရဲ့ တအိအိငိုသံကြောင့် ဘုန်းကြီးနဲ့ စကားပြောနေတဲ့ ဦးလေးကြီး ပြေးလာပါရော ...။

''သမီး ... ဘာဖြစ်လဲ၊ ဘာဖြစ်လို့လဲ''

ဦးကိုလတ်က ဖြစ်စဉ်ကိုပြောပြတော့ ဦးလေးကြီးက –

''မငိုနဲ့ ... မငိုနဲ့၊ အဖေ လုပ်ပေးမယ်၊ ပြေလည်အောင် အဖေ လုပ်ပေးမယ်''

''အဖေနော် ... ဒါပဲ ... ပြောတော့ ရိပ်သာကို အဖေ ပိုင်တယ်ဆို၊ ပိုင်ရင် သမီးအတွက် နေစရာရှာပေး၊ လူတွေအများကြီးနဲ့ရောပြီး နေလို့ မဖြစ်ဘူး''

''စိတ်ချ ... စိတ်ချ''

မီးငယ်တော့ မမကေငိုနေတာကြည့်ပြီး ဦးလေးကြီး ဘယ်လို လုပ်မှာပါလိမ့်လို့ စဉ်းစားနေတယ်။ အရှယ်နဲ့မမျှတဲ့ သွက်လက်မှုတွေနဲ့ ဦးလေးကြီးတစ်ယောက် နေပူကျဲကျဲထဲ ထွက်သွားတော့တယ်။ ဒီအချိန်မှာ ဦးကိုလတ်ကတော့ မိန်းမကို ချော့နေလေရဲ့။ ''တိတ် ... ကေကေလေး ... တိတ်'' တဲ့။

ကျောင်းဝင်းကြီးက အကျယ်ကြီးရယ်။ အရိပ်ရသစ်ပင်တွေလည်း များလှတယ်။ အဆောက်အအုံအကြီးတွေရှိသလို ခြံဝင်းခတ်ထားတဲ့ လုံးချင်းဇရပ်ကလေးတွေလည်း ရှိလေရဲ့။ မကြာပါဘူး၊ ဦးလေးကြီး ပြန်ရောက်လာပြီး မျက်နှာကလည်း ပြုံးလို့၊ အဆင်ပြေပြီတဲ့။

ဦးလေးကြီး ဦးဆောင်ပြီး ဇရပ်တစ်ဆောင်ထဲ ဝင်သွားတယ်။ ဇရပ်က ခပ်အိုအို ခပ်ဟောင်းဟောင်းပါ။ ခေါင်းရင်းမှာ သီလရှင်အိုကြီး တစ်ပါး ထိုင်နေပြီး သိပ်မအိုသေးတဲ့ သီလရှင်ကတော့ တံမြက်စည်းလှည်း နေတယ်။

''အဘွားရှပ ... ဒါ ကျွန်တော့်ချွေးမ၊ အဘွားနဲ့ ထားမလို့''

''အေး ... ကောင်းတယ်၊ မှန်းစမ်း ... ချွေးမဆိုတာကို ကြည့်ရအောင်၊ အမယ် ... မိန်းမချောပါလားကွယ့်၊ နေကြ ... နေကြ... စိတ်ချမ်းသာသလို၊ ဒါနဲ့ ငါ နင့်အမေကို လွမ်းသေးရဲ့ကွယ်၊ မခေမာရှိတုန်းက ဆိုရင် ...''

အဘွားရှုပလို့ခေါ်တဲ့ သီလရှင်ကြီးက ဦးလေးကြီးအမေ သီလရှင်ကြီးနဲ့ မိတ်ဆွေတွေတဲ့။ ဦးလေးကြီးအမေကတော့ ဆုံးသွားပြီ။ အဘွားရှုပတောင် အသက် ၉၀ ရှိပြီတဲ့။ ဟင် … မတ်တတ်ရပ်လိုက်တော့ အဘွားက ခါးကုန်းနေပါလား။ ခါးကုန်းတာနဲ့ မလိုက်အောင် စကားကတော့ တော်တော်များတယ်။ ရှေးဟောင်းနှောင်းဖြစ်တွေ ပြောနေတာ မပြီးတော့ဘူး။ ဦးလေးကြီးနဲ့ လေပေးတွေ ဖြောင့်လို့။ ဒါကြောင့် ဦးလေးကြီးက ပိုင်တယ်လို့ ပြောတာကိုး။

''ဟဲ့ … သူက ကိုလတ်လား၊ ငယ်ငယ်က ရိပ်သာကိုပါလာရင် တော်တော်ဆော့တဲ့ကောင်လေး''

ဦးကိုလတ်ကို ဒီလိုနှုတ်ဆက်တော့ မီးငယ်တောင် ခွီးခနဲ ရယ်မိသေးတယ်။ ဒီလိုနဲ့ နေရေးကိစ္စပြီးသွားပါရော။ နေ့လယ် ၁၂ နာရီမှာ ဆရာလေးတွေ ဆံချမယ်တဲ့။ ဆံမချခင် မနက်စာစားကြဆိုလို့ စားသောက်ဆောင်ကို သွားပြီး ထမင်းစားကြသေးတယ်။ ပဲဟင်း၊ သရက်ချဉ်သုပ်၊ ငါးခြောက်ထောင်းကြော်နဲ့ မီးငယ်တော့ မြိန်မှမြိန်။ မမကေကို ကြည့်လိုက်တော့ ထမင်းကောင်းကောင်းစားလို့ ရပုံမပေါ်ဘူး။ အစားကြေးထူတဲ့ မမကေတော့ ရိပ်သာနဲ့ တွေ့ပြီပေါ့။

စားပြီးတာနဲ့ ခပ်သုတ်သုတ်ပဲ ဆရာလေးတွေ ဆံချတဲ့ ဓမ္မာရုံလို အဆောင်ကို ရောက်သွားကြတယ်။ သီလရှင်ဝတ်မယ့်သူတွေ တန်းစီပြီး ထိုင်၊ သီလရှင်ဝတ်စုံထုပ်တွေ ရှေ့မှာချလို့ ဦးဆောင်သူ သီလရှင်ကြီးက တရားဟောတယ်။ ပြီးရင် ရိပ်သာက ဆရာလေးတွေက မမကေတို့လို သီလရှင်ဝတ်မယ့်သူတွေကို ဆံချပေးတယ်။ ဆံချတော့ ပိတ်ဖြူကို ဟိုဘက်က ဦးလေးကြီးကိုင်၊ ဒီဘက်က ဦးကိုလတ်က ကိုင်ပြီး ဆံချတာပေါ့။ မီးငယ်က ဓာတ်ပုံဆရာလေ။ ဖုန်းတစ်လုံးနဲ့ ဓာတ်ပုံရိုက်ပေးရတာပေါ့။

အဲဒီမှာလေ မမကေရယ် ငိုသေးတာပေါ့။ သီလရှင်တွေက တရား အလင်္ကာတွေကို သံပြိုင်ရွတ်ဆိုနေကြ၊ ခေါင်းရိတ်ခံသူတွေက တရားနလုံး သွင်းပြီး အရိတ်ခံနေချိန် မမကေတစ်ယောက်တည်း ငိုနေတာ။ ပါးစပ်က လည်း ပြောသေးရဲ့၊ မေမေက လိုက်မလာဘူး၊ လိုက်မလာဘူးနဲ့။ ဩော် ... သူ့အမေကို သတိရသွားဟန်တူရဲ့။ အိမ်မှာက ဘဘက ဆီးချိုတက် နေတာလေ။ တစ်ယောက်တည်းပစ်ပြီး ဘယ်လိုလိုက်လာမှာလဲနော့။ ဒီမှာ ယောကျ်ားရော ယောက္ခမပါ ပါနေတာ မမကေနယ် ဘာအားငယ်စရာ လိုလို့လဲ။

ခေါင်းတုံးရိတ်ပြီးတော့ မမကေ မျက်နှာ ဝင်းသွားတာပဲ။ သီလရှင် ဝတ်စုံ လဲမယ်ဆိုတော့ မီးငယ်ပါရသေးတယ်။ အင်္ကျီကတစ်ထပ်၊ ကိုယ်ရုံက နှစ်ထပ်။ မမကေကို ကြည့်ရတာ ခေါင်းရှင်းသွားပေမဲ့ ကိုယ်ရုံအထပ်ထပ် ကြောင့် စိတ်ရှုပ်နေတဲ့ပုံပါပဲ။ မကြာဘူး၊ ဆရာတော်ကြီး ကြွလာပြီး သီလရှင်ဆရာလေးတွေကို သီလပေး၊ ဆရာလေးဘွဲ့နင်းအပ်တော့ တစ်ပါးစီရဲ့ အမည်ကို ဆရာတော်ကြီးကိုယ်တိုင် ခေါ်တော်မူပါတယ်။

''ဆရာလေး မကေတုဝတီ''

''အရှင်ဘုရား''

''ဆရာလေး မကေတုဝတီ''

''အရှင်ဘုရား''

''ဆရာလေး မကေတုဝတီ''

''အရှင်ဘုရား''

ဒီအချိန်မှာ မမကေ ... အဲလေ ... ဆရာလေး မကေတုဝတီရဲ့ မျက်နှာကလေးက ရှင်းသန့်ကြည်လင်လို့ စောစောက မျက်ရည်တွေလည်း မရှိတော့ပါဘူး။ ဆရာလေးရဲ့စိတ်တွေလည်း တည်ငြိမ်သွားပြီထင်ပါရဲ့။ အညိုရင့်ရင့်ကိုယ်ရုံအောက်က ဝင်းဖန့်ဖန့်အသားအရေဟာ ကျက်သရေ ရှိလှတယ်။

ညနေလေးနာရီမှာ ဦးကိုလတ်ကို ဆံချတော့ ဆရာလေးက အတော်ကလေး ဏှခြေရနေပါပြီ။ ခေါင်းပေါ်ကကျလာတဲ့ ဆံစတွေကို ဦးလေးကြီးကတစ်ဖက်၊ သူကတစ်ဖက်ပိတ်ဖြူနဲ့ခံနေပုံကတကယ့်သိက္ခာရ ဆရာလေးတစ်ပါးအတိုင်းပါပဲ။ ဒီအချိန်မှာ မီးငယ်တောင်မှ မေမေကြီးကို မြင်စေချင်တာပါ။

❑

နောက်နေ့ ... နောက်နေ့တွေမှာ ရိပ်သာထဲကို လူတွေဆိုတာ ဝင်လာမစဲ တသဲသဲပါပဲ။ တရားပေးတဲ့ ခန်းမကြီးထဲဆို ထိုင်စရာနေရာ တောင် မရှိတော့ဘူး။ တချို့မိသားစုအလိုက် အဖေရော အမေရော ကလေးတွေ ပါလာကြသလို တချို့တစ်ဦးချင်း၊ တချို့အစုလိုက်အဖွဲ့လိုက် တရားရိပ်ကို လာခိုကြတယ်။

မနစ်သင်္ကြန်တုန်းက မေမေကြီးနဲ့အတူ အိမ်မှာပဲမို့ တီဗွီရှေ့မှာ မထတမ်း ကြည့်ခဲ့ဖူးတဲ့ သင်္ကြန်မြင်ကွင်းတွေ မီးငယ်မျက်စိထဲ ဝင်လာ တယ်။ မဏ္ဍပ်တွေမှာ ပိုက်တွေနဲ့ ရေတွေပက်ကြ၊ စင်ပေါ်မှာဆိုကြ၊ ကကြ၊ ပျော်လိုက်ကြတဲ့လူတွေ။ ခိုက်ရန်ဖြစ်တဲ့သတင်း၊ လူသေတဲ့သတင်းတွေ လည်း ကြားရပါရဲ့။ သင်္ကြန်မှာ တရားရိပ်ခိုသူတွေလည်း ရှိတာပဲ။ ရိပ်သာ ကလည်း လာသလောက် လူလက်ခံပေး၊ ဆရာတော်ကြီးတွေက တရား ရေအေးတိုက်ကျွေး၊ ဝေယျာဝစ္စအဖွဲ့က မနားတမ်း ကုသိုလ်ယူ ချက်ပြုတ် လို့။

''ဒီဝင်းကြီးထဲမှာ မြေဝယ်ပြီး တစ်နိုင်တစ်ပိုင် ဆောက်ထားတဲ့ ဇရပ်တွေမှာ ဒီအချိန်ဆို မိသားစုလိုက် လာပြီးနေကြသူတွေ ရှိတယ်၊ သူတို့ မျိုးဆက် ဆုံးသွားရင်တော့ အဆောက်အအုံဟာ ရိပ်သာပိုင်ဖြစ်သွားမှာပေါ့။ ပိုက်ဆံရှိရင် အသက်ကြီးလာတဲ့အခါ ဒီလိုနေရအောင် ပြင်ဆင်ထားသင့် တယ်''

ဦးပဉ္စင်း ရေဝတ ဖြစ်သွားတဲ့ ဦးကိုလတ်က မနက်ဆွမ်းဘုဉ်းပြီး စကြံမှာ ဆုံတုန်း ဆရာလေး မကေတုဝတီကို လှမ်းပြောလိုက်တဲ့အသံ ကြားလိုက်ရတာပါ။ ရိပ်သာက စည်းကမ်းရှိတာမို့ စကားကြာကြာ ပြောခွင့် မရှိပါဘူး။ တစ်နေ့နှစ်ကြိမ်၊ တစ်ကြိမ်ကို နှစ်နာရီထိုင်ရတာ မီးငယ်အဖို့ တော့ တော်တော်အီပါတယ်။ ဆရာလေးကတော့ ဖွဲကောင်းရှာတယ်။ ဝေဒနာကို ကြိတ်မှိတ်ခံစားပြီး အချိန်ပြည့်ထိုင်ဖို့ ကြိုးစားပါတယ်။

''ဒကာမလေး မီးငယ်၊ မနိုင်ရင် တစ်နာရီနဲ့ ထွက်လို့ရတယ်၊ နိုင်သလောက် လုပ်ပေါ့''

ဒီလိုပြောတော့ မီးငယ်လေ တစ်နာရီနဲ့ ထဖြစ်တယ်။ ဇရပ်ကို ပြန်လာ အဘွားရှုပနဲ့ အဘွားလေးတို့ရဲ့ ဝေယျာဝစ္စတွေ ကူလုပ်ပေး၊ ရေငင်တာ၊ အဝတ်လျှော်တာ၊ ရေအိမ်သန့်ရှင်းတာ ဝိုင်းကူလုပ်ပေးတာပေါ့။ အဘွားရှုပက အသက် ၉၀ ဆိုတော့ စကားတွေ ပလစ်ပလစ် ပြောနေပြီ။

''ဟဲ့ကောင်မလေး ... နင့်နာမည် ဘယ်သူ ...''

''မီးငယ်လေ အဘွားရဲ့၊ ဆယ်ခါလောက်ရှိပြီ ဖြေနေတာ''

''ငါ မေ့သွားလို့ပါဟဲ့၊ နင်တို့က ဘယ်ကလာတာလဲ''

''ကြည့် ... အဘွား မေ့သွားပြန်ပြီ၊ ရန်ကုန်ထဲကလေ၊ အဘွား မိတ်ဆွေ ဦးလေးရဲ့ချွေးမနဲ့ ပါလာတာ''

''ဩော် ... ချွေးမ ... ချွေးမ ဆိုတာ ဘယ်သူ့ပြောတာတုံး''

ဒီလို မီးငယ်တို့နှစ်ယောက် မုန့်လုံးစက္ကူကပ်နေကြရင်း အဘွား လေးအငယ်က ရယ်တယ်။ အဘွားလေးကအဘွားရှုပနဲ့ဘာမှမတော်စပ်ဘဲ တစ်ချိန်က ကျေးဇူးရှိလို့ လာကူညီနေတာတဲ့။ အဘွားလေးက သွက်သွက် လက်လက် လုပ်နိုင်ကိုင်နိုင်တုန်းပါ။

တစ်ညနေမှာတော့ ဆရာလေး မကေတု အစာမရှိလို့ လေချဉ်တွေ တက်ပါရော။ သီလရှင်က ကိုးပါးသီလယူထားတာမို့ ဆရာလေး မကေတု

လူးလိမ့်နေတော့တာပေါ့။ အဘွားလေးက ကျောနဲ့ရင်ဘတ်ကို ဖိချနှိပ်နယ်ပေးလည်း မရဘူး။ နောက်ဆုံးတော့ ယောက်ျားလေးဆောင်မှာနေတဲ့ ဦးလေးကြီးကို ပြေးခေါ်ရတယ်။

ဦးလေးကြီးရောက်လာတော့ ဆရာလေးက အဖေ့မျက်နှာမြင်ပြီး ငိုပြန်တယ်။

''ဒီလိုလုပ်နေလို့မရဘူး ဆရာလေး၊ ခေါင်းမမာပါနဲ့ ဆေးအမှတ်နဲ့သုံးဆောင်လို့ရတယ်၊ အပြစ်မဖြစ်ပါဘူး၊ ကိုယ်က ဂိလာနပဲဟာ ခွင့်ပြုပါတယ်၊ ဆေးအမှတ်နဲ့ အာရုံပြုပါ''

အဘွားလေး ဖျော်လာတဲ့ ကွေကာအုတ်မတ်ခွက်နဲ့ တစ်ခွက်သောက်လိုက်မှ မရှုနိုင်မကယ်နိုင် လေချဉ်တက်နေတာ တဖြည်းဖြည်းကျသွားတော့တယ်။ မီးငယ်လည်း ဆရာလေး မကေတုကို သနားလိုက်တာလေ။

''အင်း ... ဖြစ်ပျက် ... ဖြစ်ပျက်၊ အားလုံးဟာ ဖြစ်ပြီးရင် ပျက်ရမယ်၊ အမှတ်ကို စိပ်စိပ်မှတ်''

ဒီလိုတော့ အဘွားရှုပတစ်ယောက် တရားဝင်ထောက်နေတာဟုတ်လို့။ အဲဒီညက ဆရာလေး မကေတု အိပ်ပျော်သွားမှ မီးငယ်လည်း စိတ်ချလက်ချ အိပ်ရာဝင်တော့တယ်။ အိပ်ရာမဝင်ခင် မနက်ပိုင်းခန်းမကြီးထဲမှာ လေ့ကျင့်ထားတဲ့အတိုင်း ဝင်သက်ထွက်သက်ကို ခပ်စိပ်စိပ်ကလေးမှတ်နေမိတယ်။

တစ်နေ့မှာတော့ မလှမ်းမကမ်းက သင်္ချိုင်းမှာ ရဟန်းတွေ ဓုတင်ဆောင်တဲ့နေရာတွေကို သွားကြည့်ညိုဖြစ်သေးတယ်။ ရိပ်သာဝင်တဲ့ အချို့ရဟန်းတွေဟာ ဒီသင်္ချိုင်းမှာ လာပြီး သင်္ခါရကို ရှုမှတ်ကြသတဲ့။ တစ်ပါးထိုင်စရာ နေရာကလေးမှာ မှက်၊ ခြင်အကိုက်ခံပြီး တကယ်ကျင့်ကြံအားထုတ်တဲ့ သူတော်စင်ရဟန်းတွေကို မီးငယ် ကြည်ညိုလို့မဆုံးဘူး။

မနက်စောစော ခုတင်ကပြန်ကြွလာတဲ့ သံဃာတွေကို ဆွမ်းလောင်းရတာလည်း နည်းတဲ့ကုသိုလ် မဟုတ်ဘူး။ ဒီလိုနဲ့ နှစ်ဆန်းတစ်ရက်နေ့ ရောက်လာပါရော။ သင်္ကြန်ရက်ကလည်း ကုန်တာမြန်လိုက်တာ။ တရားစခန်းသိမ်းပြီဆိုတော့မီးငယ်တို့လည်းပစ္စည်းသိမ်းပြီပေါ့။ ဆရာလေးမကေတုကို အဘွားလေးက ခေါင်းပြန်ရိတ်ပေးတာတို့၊ ငါးပါးသီလပြန်ခံပေးတာတို့ လုပ်ပေးတာပေါ့။ လူဝတ်လဲရတော့မှာကိုး။

အဘွားရှုပကတော့ ပြန်ကြ ... ပြန်ကြ ... ချည်တိုင်ကိုပြန်ကြ၊ နွားတွေ ... နွားတွေလို့ ရေရွတ်နေလေရဲ့။ ဟော ... ပြောရင်းဆိုရင်း ဦးပဥ္စင်းလည်း လူဝတ်လဲပြီးပြီ။ မှာထားတဲ့ကားလည်း ရောက်ပြီ။ ဦးလေးကြီးတောင် အထုပ်တွေ ကားပေါ်တင်နေပြီ။

အထုပ်တွေဆိုလို့ လာတုန်းက ပါလာတဲ့ ခြင်ထောင်၊ ခေါင်းအုံး၊ စောင်၊ မျက်နှာသုတ်ပဝါတွေ အားလုံး အဘွားရှုပနဲ့ အဘွားလေးကို လှူခဲ့ကြတယ်။

ပိုက်ဆံကို စာအိတ်ကလေးထဲ ထည့်ပြီး ကန်တော့ကြတော့ အဘွားရှုပက ဆုတွေအရှည်ကြီးပေးနေပြန်ရော။ အဘွားလေးကတော့ မမကေပြန်ဖြစ်သွားတဲ့ ဆရာလေး လူထွက်လေးကိုကြည့်ပြီး မျက်ရည်ဝဲနေတယ်။ ဖုန်းနံပါတ်တွေ အပြန်အလှန်ပေးနေကြတယ်။ အလို ... မမကေမျက်ဝန်းမှာလည်း မျက်ရည်တွေနဲ့ပါလား။ ဒီလေးငါးရက်ကလေးမှာ တွယ်သွားတဲ့ သံယောဇဉ်လို့ ပြောရမယ်ထင်တယ်။ သူများတွေကို လိုက်ကြည့်နေမိတဲ့ မီးငယ်ကိုယ်တိုင်ကရော ကားပေါ်တက်တဲ့ ခြေလှမ်းတွေ လေးကန်ဖင်နွဲ့လို့။

အေးချမ်းလှတဲ့ သူတော်စင်တို့နေရာကို မီးငယ်ဝေ့ဝဲကြည့်ပြီး နှုတ်ဆက်လိုက်မိတယ်။ အို ... ထူးဆန်းလှပါလား။ ဒီလေးငါးရက်အတွင်း မီးငယ်လေ အမေကိုလည်း သတိမရ၊ ရွာကိုလည်း သတိမရ။ ကိုယ့်ဖြစ်ပျက်ထဲမှာကိုယ် အာရုံတွေကျလို့။

ကားပေါ်တက်ခါနီးတော့ အဘွားလေး မှာလိုက်တဲ့ စကားတစ်ခွန်းက မီးငယ်အာရုံထဲမှာ စွဲစွဲမြဲမြဲ ချိတ်တွယ်လို့။

''ဖန်ရည်စွန်းတဲ့ အဝတ်ဆိုတာ ဘယ်လောက်မြတ်လဲ၊ သာသနာ့ဘောင်ဟာ ဘယ်လောက်အေးချမ်းလဲ မီးငယ် သိပြီဟုတ်လား၊ စဉ်းစားနော်၊ ရာသက်ပန် ဆရာလေးဝတ်မယ်ဆိုရင် မီးငယ်ကို အဘွားလေး မွေးစားပါ့မယ်၊ ရိပ်သာက မီးငယ်ကို အချိန်မရွေး ကြိုဆိုနေပါတယ်''

ကားထွက်တော့ ဇရပ်တံခါးဝမှာ ရပ်ကျန်ရစ်တဲ့ အဘွားလေးကို မီးငယ် လက်ပြပြီး နှုတ်ဆက်လိုက်ပါတယ်။ ရင်ထဲကနေ လူသူမကြားနိုင်တဲ့ တီးတိုးစကားကိုလည်း အဘွားလေးဆီ လှမ်းပြောလို့ပေါ့။

''ဝတ်ကြောင်ကို လွတ်အောင်ရုန်းဖို့ မီးငယ် ကြိုးစားပါ့မယ် အဘွားလေးရယ် ...''

❑

ငွေတာရီမဂ္ဂဇင်း
အမှတ် ၆၉၅၊ ဇွန်လ၊ ၂၀၁၈ ခုနှစ်။

## ကန္တာရနှင်းဆီတွေ ရဲရဲပွင့်

နလုံးသားထောင့်တစ်နေရာတွင် စူးနစ်စွာ စွဲထင်နေသည့် ဓာတ်ပုံတစ်ပုံကို မျက်စိထဲမှာ မြင်ယောင်မိတိုင်း ဘဝ၌ 'ကန့်ကြားထားရစ် ...' ခဲ့ရသော ကာလတစ်ခုကို တမ်းတမ်းတတ လွမ်းမောခြင်း ဖြစ်ရလေသည်။

'ကန့်ကြားထားရစ်' သော ထိုကာလသည် ကျွန်မဘဝ၏ ကြီးမားသော အချိုးအကွေ့တစ်ခုဟုဆိုက မမှားနိုင်ပါပေ။ ကလေးတစ်ယောက်၏ ငယ်ဘဝအိပ်မက်များ မလှပနိုင်သည့်အခါ ထိုကလေး၏ ထွက်ပေါက်သည် လောကစိမ်းတစ်ခု ဖြစ်သွားတတ်သည်။

နေ့စဉ်ကျင်လည်နေရသည့် ပတ်ဝန်းကျင်နှင့် မတူသော စိမ်းဆတ်ကွာလှမ်းသည့် လူမှုဝန်းကျင်အသစ်ထဲသို့ ထိုးကျသွားသဖြင့် အံ့အားသင့်ခြင်း၊ ထိတ်လန့်အားငယ်ခြင်း၊ ရင်တုန်လှိုက်မောခြင်း၊ တွန့်ဆုတ်တွေဝေခြင်းတို့က ကလေးကို ဆီးကြို ပွေ့ဖက်လိုက်ကြသည်။ ကလေးသည် လောကစိမ်း အတွေ့အကြုံအသစ်တွေကြား ယက်ကန် လုံးထွေးနေရင်း

နံရံထက်မှ ကျက်သရေရှိလှသော ဓာတ်ပုံတစ်ပုံနှင့် ပြုန်းခနဲ ရင်ဆိုင်လိုက်ရသည်။

ဓာတ်ပုံထဲမှ ပို့လွှတ်သော ချိုမြမြ အပြုံးထဲတွင် တက်ကြွသော အားမာန်၊ မဆုတ်မနစ်သော ဖွဲ့သတ္တိ၊ လေ့ခွက်ချည်းကျန် အလံမလှဲ စိတ်ဓာတ်တို့ ကူးလူးလက်ခံရရှိပြီး နေပျော်ရာဘဝကလေးတစ်ခုကို ဖန်တီးတည်ဆောက်မိသည်ဟု ဆိုပါလျှင် ထိုဓာတ်ပုံ၏ ကျေးဇူးတရားကို အစဉ်ဦးခိုက်သင့်ပြီ မဟုတ်ပါလား။

❑

အကယ်စင်စစ် သီလရှင်လောကသည် ကျွန်မနှင့် အလှမ်းကွာဝေးသော လောကတစ်ခု ဖြစ်သည်။ ဆွေမျိုးထဲမှာ သီလရှင်ဆရာကြီး ဆရာလေးများ မရှိ၊ မိဘတွေကလည်း သီလရှင်ကျောင်းဇရပ်များသို့ အဝင်အထွက် အသွားအလာ မရှိ၊ ဆရာကြီး ဆရာလေးများကလည်း အိမ်သို့ ဆွမ်းဆန်စိမ်းမျှပင် လာရောက် အလှူခံခြင်းမရှိ၊ သည်မျှလောက် ဝေးကွာနေသော အနေအထားတွင် ကျွန်မပါးစပ်မှ ‘သီလရှင်ဝတ်မယ်’ ဟု ကျူးရင့်လိုက်ခြင်းသည် အတိတ်ဘဝမှ ဖြည့်ဆည်းခဲ့သည့် ပါရမီနှင့် ဆိုင်မည်ထင်သည်။

စည်းကမ်းတင်းကြပ်သော ကျောင်းအုပ်ကြီး မေမေ၏ အကြည့်စူးစူးအောက်တွင် စိတ်ဓာတ်မလုံခြုံမှုများ၊ သချ်ာအခြေခံနည်းလှသော သမီးတစ်ယောက်အဖို့ သချ်ာကသာလျှင် ဘဝ၏အောင်မြင်မှု၊ ကျရှုံးမှုများကို စည်းခြားဘောင်သတ်နိုင်မည်ဟု အယူစွဲရှိသူ မေမေအပေါ် အစဉ်ထိတ်လန့် ကြောက်ရွံ့ခဲ့ရသည် နေ့ရက်များ။ မိဘနစ်ပါး၏ အိမ်ထောင်ရေးလွန်ဆွဲပွဲတွင် အစဉ်ညှိုးခြုံးအားငယ်ခဲ့ရသည့် မလွန့်လူးမရှင်သန်နိုင်သည့် မြေစာမြက်ပင်ကလေး ကျွန်မ၊ မွန်းကြပ်ပိတ်လှောင်မှုများမှ ထွက်ပေါက်ဆီ တိုးထွက်ရင်း ရောက်ရှိသွားသည်က မော်လမြိုင်မြို့မှ ခေမာရာမ သီလရှင်စာသင်တိုက်ဆီသို့ ဖြစ်သည်။

ပန်းရောင်နှင့် အဝါရောင်ကြား ပန်းဝါရောင်ဝတ်ရုံတို့ဖြင့် ပရိယတ္တိသာသနာ့အာဇာနည်တို့ ထွန်းကားရာ စာသင်တိုက်ကြီးမှာတော့ စာသင်သား၈၀ကျော်ရှိလေသည်။ ဦးစီးဦးဆောင်နာယကဆရာကြီးဒေါ်ပညာစာရီ၊ တိုက်အုပ်ဆရာကြီး ဒေါ်သုခကာရီတို့၏ မောင်းနှင်မှုဖြင့် သာသနာ့ရောင်ဝါထွန်းလင်းရာမြေမှာ အိမ်နှင့်မတူသော ချမ်းမြေ့ကြည်လင်ခြင်းတွေနှင့် ကျွန်မ ပျော်ရွှင်ခဲ့ရသည်ပင်။

ဆရာလေး မဓမ္မနန္ဒီစာသင်သား ကနဦး အတွေ့အကြုံမှာတော့ အရာအားလုံး အဆင်ပြေချောမွေ့ခြင်း မရှိခဲ့ပါပေ။ အများနှင့် စုပေါင်းနေထိုင်ခြင်း၊ စုပေါင်း စားသောက်ရခြင်း၊ အချိန်ကာလနှင့် ကန့်သတ်ထားသော စည်းမျဉ်းဥပဒေအောက်တွင် နေသားတကျဖြစ်ဖို့ ကြိုးပမ်းရသောဆယ်ကျော်သက်အရွယ် ကလေးတစ်ယောက်၏ စိတ်နှလုံးဏ္ဍြေ စောင့်ထိန်းရခြင်းများ၊ စာသင်တိုက်ရောက်ခါစ (မေမေ့ကြောက်လို့ ပြေးလာပါမှ) တိုက်အုပ် ဒေါ်သုခကာရီ၏ အသံစူးစူးကျယ်ကျယ်ကြီးအောက်တွင် အလွန်တရာသေးငယ်သော မြူမှုန်ကလေးအဖြစ် စိုးရွံ့အားငယ် မှိန်ဖျော့ခဲ့သည့်ရက်များသည် အလွန်တရာ ခါးသက်လွန်းလှ၏။

ထိုအချိန်တွင် မျက်လုံးစူးစူးနှင့် နှာတံချွန်ချွန်၊ ပိရိသေသပ်သောနှုတ်ခမ်း၊ နှာတံမှာ ထင်ရှားသော မှဲ့အမှတ်အသားပါရှိသူ နံရံပေါ်မှ ဓာတ်ပုံတစ်ပုံနှင့် ဖြုန်းခနဲ ရင်ဆိုင်လိုက်ရခြင်း ဖြစ်သည်။ စာသင်တိုက်ကြီးမှာ လူပုဂ္ဂိုလ်အနေဖြင့် အထင်အရှား မရှိတော့သော်လည်း ကောင်းသတင်းရနံ့သင်းပျံ့ကြိုင်လှောက်စွာ ကျန်ရစ်သော သာသနာ့အာဇာနည် ဆရာလေး မသုဓမ္မဝတီ သို့မဟုတ် ရွှေမြိုင်မှ ချစ်စနီးခေါ်ဝေါ်သူ မနီပေါလ် ...။

ကျွန်မ ဆရာလေး မဓမ္မနန္ဒီအဖြစ် ခေမာရာမတိုက်သို့ ရောက်ရှိသွားချိန် ကာလသည် မနီပေါလ်မှ နီပေါလ်ပြည်သို့ သာသနာပြုရန် ပြန်ကြွသွားသည့်နှစ်နှင့် မရှေးမနှောင်း ဖြစ်သည်။ ရွှေမြိုင်မြို့သူမြို့သားတို့၏

နလုံးအိမ်ဝယ် ထိုသာသနာ့အာဇာနည်၏ စွန့်လွှတ်စွန့်စားမှုများက အံ့သြဘနန်း ချိတ်တွယ်ရှင်သန်နေဆဲ ဖြစ်သည်။ ဦးဆောင် နာယက ဆရာကြီး ဒေါ်ပညာစာရီ၏ ဥပုသ်ညတရားပွဲများတွင် အကြင် မသုဓမ္မဝတီသို့ ရည်ညွှန်းဖွဲ့ဆို ချီးကျူးမှုများ ထုံသင်းပျံ့နှံ့နေသည်။ အသက် တစ်ဆယ့်သုံးနှစ်သာ ရှိသေးသည့် မိန်းမပျိုကလေး ဗုဒ္ဓကျမ်းစာတွေကို သင်ယူလိုသော ဆန္ဒတစ်ခုတည်းနှင့် သူမဇာတိ နီပေါလ်ပြည်မှ မြန်မာပြည်သို့ ကုန်းလမ်းဖြင့် စွန့်စားရောက်ရှိခဲ့လေသူ။ သူမ၏ ဖြတ်သန်းခဲ့ရာ ခရီးကန္တာသည် ကျွန်မအတွက် အားဆေးတစ်ခွက် ဖြစ်ခဲ့သည်။ ညှိုးခြုံးအားငယ်မှုများမှ ထူမတ်ပေးနိုင်ခဲ့သည်။ နံရံထက်မှ ဓာတ်ပုံတစ်ပုံဆီမှ ပို့လွှတ်သော အသက်ဓာတ်ဖြင့် ရှင်သန်ခဲ့သောနေ့ရက်များကို သတိရတိုင်း တစ်ပြည်သူသာသနာ့အာဇာနည် မသုဓမ္မဝတီကို အကြိမ်ကြိမ် ဦးညွှတ်ရင်းဖြင့် ...။

❑

''လူတွေဟာ ရုပ်တရား၊ နာမ်တရား ရှိတယ်ဆိုတာ လက်ခံကြတယ်။ ယုံကြည်နိုင်ကြတယ်။ ရုပ်တရားဆိုရင် မျက်စိနဲ့တောင် ထင်ထင်ရှားရှား မြင်နေရလို့ အထူးပြောစရာ မလိုတော့ဘူး။ နာမ်တရားဆိုရင်လည်း မျက်စိနဲ့ မမြင်ရပေမဲ့ လောဘဖြစ်နေပုံ၊ ဒေါသဖြစ်နေပုံကစပြီး နေ့စဉ်နေ့တိုင်း လူတွေရဲ့ အာသာဆန္ဒအမျိုး မျိုးတွေ ပြောင်းလဲဖြစ်ပေါ်နေတာကို အမြဲမြင်တွေ့နေရတော့ စိတ်ဆိုတဲ့ နာမ်တရားဟာ ထင်ရှားနေပြီ မဟုတ်လား ...''

နီပေါလ်ပြည် ကတ္တမန္ဒူမြို့မှ လေးမိုင်ခန့်ဝေးသော လလိတပူရမြို့ တစ်နေရာတွင် မြန်မာဘုန်းတော်ကြီး ဆရာတော် ဦးဓမ္မာဝုဓ တရားဟောနေခြင်းဖြစ်သည်။ တရားနာပရိသတ်ထဲတွင် ထိုနိဗ္ဗာန်ရောက်ကြောင်းတရားတော်ကို စူးစူးစိုက်စိုက် နာယူနေသူတစ်ဦး ပါဝင်နေသည်။ သူမသည် နီပေါလ်မလေး ဂဏေသ ကုမာရီ ဖြစ်သည်။ သူမ၏ မိဘများသည် မိရိုး

ဖလာ ဟိန္ဒူဆန်သော မြောက်ပိုင်းဗုဒ္ဓဘာသာ ခေါ် မဟာယာန ဗုဒ္ဓဘာသာမှ ထေရဝါဒဗုဒ္ဓဘာသာသို့ ကူးပြောင်းလာခဲ့သူများ ဖြစ်သည်။

''တရားနာပရိသတ်တို့ အခု ဘုန်းကြီးဟောတဲ့ တရားကို နာကြားပြီးကြပြီ။ အဲဒီတော့ ဘုန်းကြီးက တစ်ခုမေးလိုတယ်၊ လောကကြီးမှာ နီပေါလ်နိုင်ငံမှာပဲဆိုပါတော့ ဘယ်ဟာက အဆင်းရဲဆုံးတရားလဲ၊ ဘယ်ဟာက အချမ်းသာဆုံး တရားလဲ၊ ကဲ ... ဖြေကြစမ်းပါ''

ဘုန်းတော်ကြီးက တရားနာပရိသတ်ကို မေးခြင်းဖြစ်သည်။ ပရိသတ်ထဲမှာ အသံတစ်သံ၊ အံ့သြဖွယ်ရာ ပေါ်ထွက်လာသည်။

''တပည့်တော်မ လျှောက်ထားပါရစေ ဘုရား၊ တပည့်တော်မတို့ နိုင်ငံမှာ အဆင်းရဲဆုံးကတော့ တခြားမဟုတ်ပါဘူး၊ တပည့်တော်မအဖို့ ကိုယ် သင်ကြားချင်နေတဲ့ ဗုဒ္ဓကျမ်းစာတွေကို သင်ကြားခွင့်မရတာဟာ အဆင်းရဲဆုံးပါပဲ ဘုရား''

အသက် ၁၃ နှစ်အရွယ် ဂဏေသကုမာရီ၏ ဖြေကြားချက် ဖြစ်သည်။ ထိုစကားသည် သူမအတွက် ဘဝစာမျက်နှာသစ်ကို ဖွင့်လှစ်လိုက်ခြင်း ဖြစ်သည်။ ဘုန်းတော်ကြီးသည် ကလေးမလေးကို လွန်စွာ သနားသွားလေသည်။ သို့နှင့် မြန်မာပြည်သို့ ခေါ်ဆောင်ရေး အစီအစဉ် စတင်တော့သည်။

မြန်မာပြည်သွားရေးသည် ထင်သလောက် မလွယ်ပါပေ။ သည်အရွယ် လူမမယ်ကလေးကို မည်သည့်မိဘက လွှတ်ပါမည်နည်း။ ဖခင်ကြီး ဦးဟာရသမာနနှင့် အစ်ကိုကြီး ဒါနကာဂျီတို့က လုံးဝသဘောမတူပေ။ မိခင် ဒေါ်ဟေရာထကူနှင့် အစ်ကိုလေး မာဏကာဂျီတို့က သဘောတူသည်။ သို့နှင့် သူမနှင့်ထပ်တူ စိတ်ဓာတ် ထက်သန်သူ မနောဟာရဒေဝီနှင့် သုဘလက္ခမီ ညီအစ်မတို့နှင့် ပူးပေါင်းမိကြသည်။ သည်ဘက်က အစ်ကိုလေးနှင့် ဂဏေသ၊ ဟိုဘက်က လက္ခမီတို့ညီအစ်မ၊ ကလေးတွေကို ညီအစ်မတို့အမေ

ဒေါ်လက္ခမီမာယာ ဦးဆောင်မှုဖြင့် အိန္ဒိယပြည်သို့ အရင်ထွက်ခွာကြမည် ဖြစ်သည်။

နီပေါလ်မှ တရားပြဆရာတော် အရှင်ဓမ္မဝုဓသည် အိန္ဒိယပြည်မှာ ခေတ္တသတင်းသုံးနေရာကလေးတွေကိုဆရာတော်ထံအပ်နံပြီးဒေါ်လက္ခမီ မာယာ ပြန်လာမည်အစီအစဉ်ဖြင့် တိတ်တဆိတ် ကြံစည်ရိက္ခာစုနေကြ သည်။ ဖခင်နှင့် အစ်ကိုကြီး တားဆီးနေသည့်ကြားမှ တိတ်တဆိတ် ထွက်ခွာသော ခရီးအစသည် စိတ်လှုပ်ရှားဖွယ်ကောင်းလှပေစွ။

တကယ်တော့ သူတို့သည် အိမ်ပြေးမလေးများပင် ဖြစ်သည်။ ဖခင်ဖြစ်သူ အလုပ်ရှိရာသွားသည့် ညမိုးမလင်းခင်ပင် ခရီးစတင်ကြသည်။ ခရီးစဉ်မှာ လလိတပူရမှ ကတ္တမန္ဒူသို့ ကားဖြင့် ဦးတည်သည်။ ထိုညသည် မိုးသည်းညလည်း ဖြစ်သည်။ သူတို့စီးလာသောကား လလိတပူရနှင့် ကတ္တ မန္ဒူလမ်းမကြီးမှ ခွဲထွက်၍ တောင်ကြောအတိုင်း လာရာတွင် ပွက်နစ်နေ သဖြင့် ခရီးမတွင်လှ စန္ဒာဂီရိတောင်ခြေသို့အရောက် ကားပေါ်မှ ဆင်းကာ ခြေကျင်လျှောက်ရတော့၏။ ပစ္စည်းများကို အထမ်းသမား ခေါ်ပြီး ခရီးပြင်း နင်ပါသော်လည်းတောင်တက်တောင်ဆင်းနှင့်လမ်းပန်းမသာရသည်အထဲ ကလေးမများကို ကျွတ်ကောင်တွေက နှိပ်စက်သေး၏။

သူတို့ဦးတည်ရာသည် ဂိတ်ဝမှ အမြန်ထွက်ရေးပင်။ ပစ္စည်းတွေ လေးပင်နေသည်နှင့်အစ်ကိုလေးနှင့်အထမ်းသမားတို့နောက်မှာကျန်ခဲ့၏။ ဂဏေသမှာတော့ ခရီးပန်းလှသော်လည်း မြန်မာပြည်ဘက်သို့ နီးလာပြီ ဟူသောအသိဖြင့် အထူးပင် ရွှင်လန်းသွက်လက်နေသည်။

အိမ်မှာကား ပြဿနာတက်နေပြီ ဖြစ်သည်။ ဖခင်ကြီးအလုပ်မှ ပြန်လာသောအခါ ဂဏေသလည်းမရှိ၊ အစ်ကိုလေး မာဏကာဂျိလည်း မရှိ၊ လက္ခမီမာယာတို့သားအမိလည်း မရှိတော့မှန်းသိသောအခါ မိုးမီး လောင်တော့၏။ ဆွေနီးမျိုးစပ် အိမ်တွေ လိုက်ရှာသော်လည်း မတွေ့၊

နောက်ဆုံး ကတ္တမန္ဒူကာစတန်ရုံးကို အကြောင်းကြား၍ ဂိတ်မှ ဆီးဖမ်းရန် စီစဉ်တော့၏။

ထိုနေ့က ဂဏေသတို့ အမျိုးသမီးတွေအားလုံး ဂိတ်ဝမှ လက်မတင်ကလေး လွတ်မြောက်သွားကြပြီး အစ်ကိုလေးနှင့် အထမ်းသမားတို့ ကံဆိုးမိုးမှောင်ကျစွာ ပိတ်မိကျန်ရစ်ကြသည်။ ကတ္တမန္ဒူမှ ဖုန်းဖြင့် အကြောင်းကြား တားမြစ်ချက်ကြောင့် ဂိတ်ဝပိတ်သွားခြင်း ဖြစ်သည်။ ဂဏေသမှာ အစ်ကိုလေးအတွက် ဝမ်းနည်းဝိုဏ်ကြွေး မဆုံးတော့။ ကျန်ရစ်ခဲ့သော အဝတ်အစား၊ ရိက္ခာများအတွက်လည်း ဘာမှမတတ်နိုင်။ သည်လိုနှင့် မဝေးတော့သော အိန္ဒိယနယ်ခြား ဘင်ဖရီမြို့ဆီသို့ ခရီးဆက်ခဲ့ရတော့၏။

❑

အိန္ဒိယနိုင်ငံ ဘင်ဖရီမြို့မှ မီးရထားဖြင့် ဂေါရစ်ပူမြို့မှာဆင်း၍ ကုသိနာရုံသို့လာခဲ့ရသောခရီးမှာမခက်ခဲတော့ပါပေ။ စေတီတော်ကြီးအနီး မြန်မာဘုန်းတော်ကြီးကျောင်းတွင် မြန်မာပြည်သို့ ခေါ်ဆောင်မည့် ဆရာတော် ဦးဓမ္မာဝုဓကို အဆင်သင့် ဖူးတွေ့ရသောအခါ အမျိုးသမီးများမှာ ဒုက္ခတွေကို မေ့ကာ ရွှင်လန်း အေးကြည်သွားကြလေသည်။

မြန်မာပြည်သို့ ရောက်ရတော့မည်။ ဆရာတော်ကြီးတစ်ပါးက နီပေါလ်နဲ့ ဗမာဟာ အရင်းစစ်လိုက်တော့ တစ်မျိုးတစ်နွယ်တည်း ညီအစ်ကို မောင်နမတွေပေါ့ဟု မိန့်ကြားကာ ရှေးကသာကီဝင်မင်းများ ကပိလဝတ်မှ မြန်မာနိုင်ငံ တကောင်း စသော မြို့များသို့ ကုန်းကြောင်းဖြင့် တောကြီး တောင်ကြီးများကို ဖြတ်ကျော်သွားကြပုံ၊ ထို၌ မြို့ရွာတည်ထောင်ပုံများကို အကျယ်တဝင့် မိန့်ကြားချက်ကလည်း ဂဏေသတို့ကို မြန်မာနိုင်ငံဆိုသည်မှာ သူစိမ်းနိုင်ငံမဟုတ် ဆွေမျိုးတွေရဲ့ နေရာဒေသတစ်ခုပါလားဟူသော အချက်ကြောင့် သွားလိုစိတ် သဒ္ဒါတရားကို ပိုမိုထက်သန်စေလေသည်။

ညီအစ်မနှစ်ယောက်၏မိခင် ဒေါ်လက္ခဏာမိမာယာမှာ ဘုရားဖူးပြီးသည်နှင့် မိန်းကလေးတို့ကို ထားကာ စိတ်ချလက်ချ ပြန်သွားချေပြီ။ ဆရာတော်သည် တစ်ဖက်က ပတ်စပို့ရရေး လုံးပန်း၊ တစ်ဖက်မှ မော်လမြိုင်ရှိ သီလရှင်ကျောင်းတစ်ကျောင်းသို့ ဆက်သွယ်မေးမြန်းရာ ခေါ်လာနိုင်ကြောင်း စာပြန်သဖြင့် ဝမ်းသာမဆုံး ရှိရလေ၏။

ခက်နေသည်မှာ မိန်းကလေး သုံးယောက်အတွက် နိုင်ငံကူးလက်မှတ် ခက်ခဲနေခြင်းပင်။ ဝါလကင်းလွတ်ခဲ့ပြီဖြစ်သော်လည်း ထိုကိစ္စသည် ချောမော့ပြေပြစ်ခြင်းသို့ ရောက်မလာ။ ရောက်လာသည်မှာ ဂဏောသ မိခင်ကြီးထံမှ စာဖြစ်သည်။ သမီးများ ကုသိနာရုံတွင်ပင် ရှိနေသေးကြောင်း မြန်မာပြည်သွားလာရေး ကိစ္စမရေရာသေးကြောင်း ကြားသဖြင့် သားကြီးဒါနကာဂျိကို အခေါ်လွှတ်တော့မည်။ မသွားဖြစ်သေးလျှင် အမြန်ပင် သီလရှင်ဝတ်ကြစေချင်ကြောင်း ပါရှိသည်။ မိန်းကလေးတို့မှာ တစ်ပူပေါ်နှစ်ပူဆင့် ဗျာများသွားကြလေသည်။

သို့သော် ကြာကြာ စဉ်းစားမနေနိုင်ကြ၊ အချင်းချင်း ဆွေးနွေးတိုင်ပင်ပြီး အမြန်ဆုံး ဆုံးဖြတ်ကြရသည်။ မိန်းကလေးသုံးယောက်စလုံး သီလရှင်ဝတ်ကြမည်ဟူသော ဆန္ဒက ညီပါပေသည်။ ခက်နေသည်မှာ မြန်မာသီလရှင်တို့၏ ဝတ်စားဆင်ယင်မှုကို ဆရာတော်များ ပုံစံမပြတတ်ခြင်းပင်။ နီပေါလ်သီလရှင်များမှာ ခါးဝတ်နှင့် အပေါ်ရုံ အဝါရောင်များအပြင် အင်္ကျီလက်ရှည်ကော်လံတပ်၊ ကြယ်သီးတပ် ယောဂျားအင်္ကျီဆန်ဆန် အဝါရောင် ဖြစ်သည်။ ဘွတ်ဖိနပ်စီး၍ ဖဲထီးလည်း ဆောင်းကြသေး၏။ ကျင့်ဝတ်သီလမှာ ရှစ်ပါးသီလ သို့မဟုတ် ဆယ်ပါးသီလ စောင့်ထိန်းရမည်။ အရေးအကြီးဆုံးမှာ ဆံပင်ဖြတ်ရေးကိစ္စပင်။ သုံးဦးစလုံး အလှကျက်သရေ တိုးသည့်အရှယ် အမြတ်နိုးဆုံးဆံပင်များကို အားတင်းပြီး ပယ်ဖြတ်သုတ်သင်ကြရ၏။

မိန်းကလေးတို့သည် တစ်ယောက်ဆံပင် တစ်ယောက်ဖြတ်ပေးကာ ဦးခေါင်းကို ပြောင်အောင်တုံး၍ ဘုန်းတော်ကြီး ဦးဓမ္မာဝုဓထံတွင် ရှစ်ပါးသီလခံယူလျက် သီလရှင်ဘဝသို့ ကူးပြောင်းလိုက်ကြသည်။ နီပေါလ် သီလရှင်များထုံးစံ ဝတ်ဆင်ထားသော်လည်း ရှူးဖိနပ်နှင့် ဖဲထီးကိုမူ မဆောင်းကြချေ။ ဗုဒ္ဓစာပေများကို သင်ကြားရင်း နိုင်ငံကူးလက်မှတ်ကို စောင့်နေပါသော်လည်း မရနိုင်သဖြင့် ဘုန်းတော်ကြီးက ကာလကတ္တားမှ ကောင်စစ်ဝန်နှင့် တွေ့ဆုံကြိုးစားမည်၊ သွားရန် ပြင်ဆင်ထားကြဟု စီစဉ်နေဆဲ မနောဟရဒေဝီတို့၏မိခင်ကြီး ဒေါ်လက္ချမီမာယာနှင့် ဂဏေသ မိဘများ လွှတ်လိုက်သော ဆွေတော်မျိုးတော် ယောက်ျားဖော်တစ်ဦး ရောက်လာတော့၏။

ဒေါ်လက္ချမီ၏သမီးများကား ပြန်မလိုက်ဟု တင်းခံနေသဖြင့် မိခင်က အမျိုးမျိုးချော့လေသည်။ သမီးများမပါဘဲ ပြန်သွားလျှင် ဆွေမျိုးများထံ မျက်နှာပြရန် ခက်ပုံဖြင့် ဖျောင်းဖျသည်။ သမီးတို့ စိတ်ယိုင်သွားသော်လည်း ပါရမီရှင် ဂဏေသမှာ ဆုံးဖြတ်ချက်ကို ပိုင်ပိုင်ချထားပြီမို့ မည်သို့မျှ ဆွဲဆောင်စည်းရုံး၍ မရပါချေ။

''တပည့်တော်မ ဆင်းရဲမှာ မကြောက်ပါဘူး ဘုရား၊ ဗမာပြည်သာ ရောက်မယ်ဆိုရင် ဆင်းရဲခံနိုင်ပါတယ်။ မတွေ့မမြင်ရတဲ့ နိဗ္ဗာန်ချမ်းသာကြီးကိုတောင် မျှော်မှန်းပြီး ဆင်းရဲခံအားထုတ်နေသေးတာ ဗမာပြည်ရောက်ဖို့ ဘာအဆင်းရဲမခံနိုင်မှာလဲ ဘုရား။ ဒီအခြေအနေရောက်မှ တပည့်တော်မ နီပေါလ်ကို အရှုံးပေးပြီး ပြန်ကိုမပြန်ဘူး ဘုရား''

ဆရာတော်ကို လျှောက်ထားသော ဂဏေသ၏ ရဲရဲတောက် ဆုံးဖြတ်ချက် ဖြစ်၏။ သည်လိုနှင့် လာခေါ်သူတွေ လက်လျော့ကာ ပြန်ကြမည့်နေ့သို့ ရောက်လာသည်။ ဆရာတော်တိုက်တွန်းသဖြင့် ဂဏေသသည် မိဘများထံ သူမသဘောထားကို စာရေးလိုက်လေသည်။ ပြန်မည့်သူများ ရထားပေါ်တက်ခါနီးတွင် –

''ပြန်ကြပေတော့ သူငယ်ချင်းတို့ရေ၊ ဂဏေသရဲ့ အောင်ပွဲရမယ့်နေ့ကိုလည်း လလိတပူရက ကြိုနှင့်ပေတော့''

ဟူ၍ နှုတ်ဆက်ဖြစ်လေသည်။

ဆရာတော်နှင့် ဂဏေသသည် ကလကတ္တားသို့ ခရီးဆက်လက်ထွက်ခွာကြသည်။ တာရာဏသီသို့အရောက် ဗုဒ္ဓဂယာသို့သွားကာ ဗောဓိပင်နှင့် မဟာဗောဓိ စေတီသတ္တဌာနတို့ကို ဦးတိုက်ဖူးမြော်ပြီး –

''တပည့်တော်မသည် အဖဘုရားရှင်၏ သာသနာတော်သို့ စွမ်းအားရှိသမျှ ဝင်ရောက်၍ သာသနာ့ဝန်ကို ထမ်းဆောင်ကာ အဖဘုရားဟောကြားတော်မူသော ဗုဒ္ဓမုက္ခပါဠ် ပိဋကတ်တော်များကို သင်ယူပြီးနောက်အဖဘုရား၏ဖွားမြင်ရာဇာတိဌာန တပည့်တော်မတို့၏နီပေါလ်ပြည်ဒေသ၌ မြတ်ဗုဒ္ဓ၏ သာသနာရောင် ထွန်းပြောင်ထိန်လင်းအောင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးစားအားထုတ်နိုင်ရပါလို၏ အရှင်ဘုရား''

ဟူ၍ ဆုတောင်းအဓိဋ္ဌာန်ပြုလေသည်။

ရဲရင့်ဝံ့စားသော သဒ္ဓါတရားက ကြက်သီးထဖွယ်ကောင်းလွန်းလှ၏။

သို့သော် ... အချိန်မှာ ၁၉၅၁ ခုနှစ်ဖြစ်၍ မြန်မာနိုင်ငံရော အိန္ဒိယနိုင်ငံပါ လွတ်လပ်ရေးရပြီးစအချိန်အခါ ဖြစ်လေရာ အစစအရာရာ စီစဉ်မှုခက်ခဲလှသည်။ အသက် ၁၄ နှစ်အရွယ် ဂဏေသအတွက် နိုင်ငံကူးလက်မှတ်မရနိုင်၊ ပူးတွဲပြုလုပ်ပေးရမည့်မိဘလည်းမပါ၊ လိုက်လေဝေးလေဖြစ်နေသည်။ ဆရာတော်သည်ပင် လက်မှိုင်ချရမလို ဖြစ်လာသည်။

''ဘုန်းဘုန်းဘုရား၊ နိဗ္ဗာန်တောင်ရောက်အောင် ပို့နိုင်တယ်ဆို၊ လိုချင်ရင် နိဗ္ဗာန်ချမ်းသာတောင် ရနိုင်တယ်ဆို၊ ဘာမှမဝေးတော့တဲ့ ဗမာပြည်တောင်မှ မပို့နိုင်တော့ဘူးလား။ နိဗ္ဗာန်ဆိုတာလည်း ဝေးရော၊ ကြိုးစားလျက်နှင့် ဗမာပြည်တောင် မရောက်နိုင်ပါလား ဘုရား။ ဒီလိုဆိုရင် နိဗ္ဗာန်ဆိုတာလည်း အလကား ယုံတမ်းစကားပဲပေါ့''

အရွယ်နှင့် မလိုက်အောင် စကားတတ်သော ဂဏေသ၏ ပစ်လုံးခတ်လုံးများက ဆရာတော်အား ထိမှန်ပေ၏။ ထိုစိတ်ဓာတ်ပြင်းထန်သူကလေးကိုတော့ ရောက်အောင်ပို့မည် အဓိဋ္ဌာန်ဖြင့် အခွင့်ကောင်းကို စောင့်နေရတော့သည်။

ထိုအချိန်တွင်' သူတို့တည်းခိုရာ ဘင်္ဂါလီကျောင်းသို့ ဆစ်ခ် (ပန်ချာပီ) လူမျိုးနှစ်ယောက် အလည်ရောက်လာလေသည်။ ဂဏေသမှာ ကုသိနာရုံတွင် ဟိန္ဒူစတန် နီစကားသင်ခဲ့သဖြင့် အတန်အသင့် ပြောတတ်ဆိုတတ် ရှိနေသည်။ ထိုသူနှစ်ယောက်ပြောစကားထဲမှာ သူမ မျှော်လင့်ချက်ရောင်ခြည်ကို တွေ့လိုက်ရလေသည်။ ဘင်္ဂါလီနှစ်ယောက်မှာ နိုင်ငံကူးလက်မှတ် မရရှိနိုင်သူတွေထဲ ပါဝင်နေသည်။ အာသံသို့ ရထားဖြင့်သွား၍ အာသံမှ ကုန်းလမ်းခရီးဖြင့် ဗမာပြည်တွင်း ဝင်ရောက်ကြမည့်ကိစ္စကို ပြောဆိုတိုင်ပင်နေကြခြင်း ဖြစ်သည်။ ထိုအခွင့်အရေးကို လက်လွှတ်မခံ၊ ဂဏေသသည် ဆစ်ခ်လူမျိုးနှစ်ဦးနှင့် ချက်ချင်းပင် မိတ်ဆက်ကာ ဗမာပြည်သို့ လိုက်လိုကြောင်း ပြောလိုက်၏။ ဂဏေသစကားကို သူတို့ မယုံနိုင်ပါပေ။ သူတို့မှာ စီးပွားရေးကိစ္စဖြင့် မသွားမဖြစ် သွားရသည်။ ပျိုရွယ်နနယ်သည့် မိန်းကလေးတို့ စိတ်ကူး၍ပင် သင့်တော်သောလမ်း မဟုတ်သည့်အတွက် ငြင်းဆိုသည်။

ဂဏေသကား အလျော့မပေးပါပေ။ သူမ ဗမာပြည်သွားလိုရင်းရည်ရွယ်ချက်ကို ပြောပြတော့ ငြင်းဆိုရန် ခက်သွားသည်။ ဆက်ဆက်ခေါ်ပါရန် တောင်းပန်နေသည်နှင့် နောက်ဆုံးသွားခါနီး ခေါ်ပါမည်ဟု ကတိပေးလေသည်။ ထိုအကြောင်း ဘုန်းတော်ကြီးအား လျှောက်သော် ဆရာတော်မှာ အံ့အားသင့်သွားလေသည်။

''ဘယ်ဖြစ်မလဲ ဂဏေသရ၊ မဖြစ်ဘူး ... မဖြစ်ဘူး။ ကုန်းလမ်းက ဘယ်လောက်အန္တရာယ်များတယ်ဆိုတာ နင်သိလား။ ဒီလိုကုန်းလမ်းက

သွားတာတွေ သေကြေပျက်စီးတာ၊ ရောဂါဘယဖြစ်ပြီး မသေရုံတမယ် လူစဉ်မမီဖြစ်ရတာတွေ ကြောက်ခမန်းလိလိ''

ဘယ်လိုပင်တားဖြစ်သော်လည်း ဂဏေသ၏ စိတ်ဆောင်မှုကို မတွန်းလှန်နိုင်ပေ။ နောက်ဆုံး မျက်နှာစိမ်း ဆစ်ခ်တွေနှင့်တော့ မထည့်၊ ဆရာတော်ကိုယ်တိုင် ကုန်းလမ်းကပို့မည်ဟု ကတိပေးဆုံးဖြတ်ရတော့၏။

❑

အာသံသို့ ခပ်သွက်သွက် ခရီးနှင်ခဲ့သော ဆရာတပည့်နောက်သို့ ဘင်္ဂါလီဘုန်းကြီးထံမှ စာတစ်စောင် လိုက်လာလေသည်။ ဟိန္ဒူဘာသာဖြင့် ရေးထားသော စာက ဂဏေသကို ပြေးနှန်းမြှင့်စေရန် တွန်းအားပေးသော စာဖြစ်နေသည်။ အစ်ကို ဒါနကာဂျီ ကာလကတ္တားကို လိုက်လာပြီး အာသံမှ အမြန်ထွက်ခွာရန် တိုက်တွန်းထားသည်။ ဂဏေသဖခင်၏ သမီးအပေါ်ထား သော သံယောဇဉ်ကြီးမားမှုပင် ဆိုရတော့မည်။ ယခု အစ်ကိုကို ထပ်လွှတ် ပြန်ချေပြီ။

သို့နှင့် အာသံဂိတ်ကို ဖြတ်ကျော်ရတော့မည်။ နီပေါလ်ဂိတ်မှာလို ဖမ်းမိဦးမည်လား။ စိုးရိမ်ပူပန်နေ၏။ သူတို့လိုက်မည့်အဖွဲ့မှာ ဆင်သမား ရှမ်းကြီးတစ်ဦး အဖွဲ့ဖြစ်၏။ ဂိတ်မှဆင်သမားတွေ ငွေပေါမှန်းသိ၍ ငွေညှစ် နေသေး၏။ ဆင်များများ ရောင်းရလျှင် ဂိတ်မှာ ပိုက်ဆံများများပေးရသည်။ ကုန်းလမ်းခရီးကား စပေပြီ။ ရှမ်းအကြီးအကဲများ တက်လျှင်တက်၊ ဆင်း လျှင်ဆင်း တောနှင့် တောင်စွယ်တွင် ဘယ်ဝယ်မြောက်တောင် မသိလိုက်ရ တော့၏။

မြန်မာ့မြေကို ခြေချနေပြီဟူသော အသိဖြင့် ဂဏေသသည် အထူး ပင် ရွှင်လန်းတက်ကြွနေ၏။ တစ်နေလုံး မနားမနေ လျှောက်ကြရင်း ကြား စခန်းတစ်ခုတွင် နားနေအိပ်စက်ဖို့ ပြင်ကြသည်။ မီးပုံကြီးဖို၍ ဘုန်းတော် ကြီးနှင့် ဂဏေသကို ဆင်သမားများရံလျက် နေရာယူကြ၏။ လေမလုံ

သစ်ရွက်တဲမှာ ဆောင်းရာသီဒုက္ခကို ကောင်းကောင်းခံရတော့၏။ ထိုညက တောကောင်(ကျား) လာချောင်းရာ ရှမ်းတွေ အမောင်းကောင်း၍ တော် တော့၏။

ဒုတိယနေ့မှာ ခရီးပိုကြမ်းလာ၏။ မတ်စောက်သော တောင်ကမ်း ပါးယံကြီးများမှ သစ်ပင်များ အားပြုဆွဲကာ တက်ရသည်လည်း ရှိ၏။ တစ်တောဝင်၊ တစ်တောင်ထွက်နှင့် မောပန်းနွမ်းနယ်သည့်အထဲ သူ့ ကိုယ်လုံးမျှနီးပါး ကြီးသော မြွေကြီးရန်က သီဒုသီကလေး လွတ်ရသေး၏။ သူတို့ပထမဦးဆုံးရောက်သွားသော ရွာမှာ နာဂရွာဖြစ်သည်။ မြန်မာနယ်စပ် ကို ဝင်ပြီး ၆ ရက်မြောက်နေ့တွင်မှ မြစ်ကြီးနားဟူသော အသံကို စကြား ရသည်။ ဆင်သမားတွေက နိုင်ငံကူးလက်မှတ် မပါ၍ ဂဏေသတို့ကို မြစ်ကြီးနား မဝင်စေလိုပေ။ ဆရာတော်ကတော့ ခရီးပန်းနေပြီ မြစ်ကြီးနား မှာ တောင်တန်းသာသနာပြု ဘုန်းကြီးကျောင်းရှိသဖြင့် တည်းခိုစရာ မခက်ခဲသဖြင့် ၂ ရက်၊ ၃ ရက် နေဦးမည် ဆုံးဖြတ်၏။ ကားလမ်းမပေါ်သို့ ရောက်ပြီးမှ ကားကြုံဖြင့် မြစ်ကြီးနားသို့ လိုက်ခဲ့ကြ၏။

မြစ်ကြီးနားသို့ ချောချောမောမော ရောက်ပြီးမှ ပြဿနာက ပေါ်ရလေသည်။ ပန်းသတင်းလေညင်းဆောင်ဆိုတာလိုတစ်ဆင့်စကားနှင့် 'မြန်မာဘုန်းကြီးနောက် နီပေါလ်မ အပျိုကလေး လိုက်လာသတဲ့' ဆိုသော သတင်းပျံ့နှံ့သွားတော့၏။ အနီး အနား ဂေါ်ရခါးများကလည်း ဗမာဘုန်းကြီး ခိုးလာတယ် ထင်ကြ၏။ ဘယ်လိုမှ ရှင်းပြ၍မရ၊ ထိုကိစ္စ ချဲ့ကားပြန့်ပွား သွားပြီး ရဲစခန်းမှာ တိုင်ချက်သွားဖွင့်ကြတော့သည်။ အခြေအနေသည် အတော်ဆိုးရွားသွားချေပြီ။ ရဲမှူးအား ဂဏေသ၏မိခင် ဒေါ်ဟေရာထကူ၏ လက်မှတ်နှင့်စာများကိုပြသော်လည်းထိုသူတွေကနီပေါလ်စာမဖတ်တတ်၊ ဂဏေသကပင် စာကို ဂေါ်ရခါးလို ပြန်ပြ၍ နားလည်သွားကြသော်လည်း ဘုန်းကြီး၏ ပတ်စပို့သာ ပြနိုင်ပြီး ဂဏေသအထွက် နိုင်ငံကူးလက်မှတ် မရှိသဖြင့် ဗီဇာမရှိဘဲ ခိုးဝင်မှုဖြင့် ဖမ်းဆီးခံရလေသည်။

ဗုဒ္ဓသာသနာတော်ဝင် သမီးတော်စစ်ဖြစ်ရေး၊ ဗုဒ္ဓပိဋကတ်တော်များသင်ယူ၍အမိနိုင်ငံတော်မှာသာသနာပြုရေးဟူသောရည်ရွယ်ချက်ဖြင့် အသက်စွန့်ထွက်ခွာခဲ့သူ၊ လူသာမန်တို့ ဖြတ်သန်းသွားလာရန် စိတ်မကူးဝံ့သော တောတောင် ကန္တာရကြီးထဲ အငတ်ဆိုးဘေးဆိုးရင်ဆိုင်၍ လာခဲ့ရသူ၏ နိဂုံးမှာ အချုပ်တရားခံ ဘဝလေလား။ အမှုက နိုင်ငံကူးလက်မှတ်မဲ့ ဝင်ရောက်မှုအပြင် အရွယ်မရောက်သေးသော မိန်းကလေးကို ခေါ်ဆောင်လာမှုဖြင့် ဘုန်းတော်ကြီးအား တရားခံပြု စွဲဆိုမှုလည်း ပါသေး၏။

ဂဏေသသည် ပါဠိစာပေလေ့လာသင်ကြားဖူးသဖြင့် သူမ၏ ရည်ရွယ်ရင်း ကိစ္စများကို ပါဠိလိုရေး၍ စာတင်လေသည်။ တရားသူကြီးက မဖတ်တတ်ပါပေ။

''ကျွန်မ ကြားဖူးတာ ဗုဒ္ဓဘာသာတွေဟာ ပါဠိတတ်တယ်ဆိုလို့ ပါဠိလို ရေးလာတာပါ။ ဦးကြီးက ဗုဒ္ဓဘာသာ မဟုတ်ဘူး ထင်ပါရဲ့''

တရားသူကြီးကို ဂဏေသ ပြောသောစကား ဖြစ်သည်။

ဘုန်းတော်ကြီး ဦးဓမ္မာဝုဓနှင့် ဆိုင်ရာတို့ ကြိုးပမ်းမှုကြောင့် ဂဏေသ အမှုကို ရန်ကုန်သို့ ပြောင်းရွှေ့စစ်ဆေးရန် အမိန့်ကျလာသည်။ ရန်ကုန်ရောက်သော် ရန်ကုန်အချုပ်ခန်းဝင် ကြမ်းပိုးတွေ၊ ခြင်တွေ ဝိုင်းကျခြင်းကို ခံရပြန်သည်။ ထိုမှ သာသနာရေးအရာရှိနှင့် တွေ့ပြီး မော်လမြိုင် ခေမာရာမတိုက်နှင့် ဆက်သွယ်မိရတော့၏။ ဆရာလေး ဂဏေသ (ခေါ်) မသုဓမ္မဝတီ၏ ခရီးကန္တာကား အဆုံးသတ်သွားပြီဖြစ်သည်။

❑

မော်လမြိုင် ခေမာရာမ ဦးစီးဦးဆောင် ဆရာကြီး ဒေါ်ပညာစာရီသည် နီပေါလ် သီလရှင်ကလေးကို မိခင်တစ်ယောက်၏ ချစ်ခြင်းဖြင့် ကြိုဆိုလေသည်။ အပြောအဆို အနေအထိုင်မှအစ စာပေပရိယတ္တိတို့ကို နေ့မအား ညမအား သင်ပြတော်မူသည်။ ပေးသူနှင့် ယူသူ၊ ဖြန့်ဝေသူနှင့်

ခံယူသူ၊ ဉာဏ်ရည်ထက်မြက်သော မနီပေါလ်သည် ခေမာရာမ ရောက်ပြီး ဖြနစ်အတွင်းပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်းအောင်မြင်လေသည်။ ဒေသခံတို့သည် မနီပေါလ်ကို ဂုဏ်ယူလေးမြတ်သော ချစ်ခြင်းသဒ္ဓါဖြင့် ကြည်ညိုကြ၏။ လိုအပ်သည်တို့ကို ဖြည့်ဆည်းပေးကြ၏။ သည်လိုနှင့် မွေးရပ်ဌာနေသို့ တစ်ခေါက်ပြန်ရန် အခြေအနေဖန်လာတော့၏။

မိသားစုနှင့် အဆက်အသွယ်ရှိသော်လည်း တွေ့ခွင့်မကြုံသေး။ စာမေးပွဲအောင်ပြီး သမီးပြန်လာမည်ဟုသာ သိထား၏။ ဖခင်ဖြစ်သူမှာ သမီးဇောနှင့်သမီးပြန်လာလျှင်လလီတပူရတစ်မြို့လုံးလွှမ်းခြုံသွားအောင် တစ်ခဲနက်ကြိုဆိုမည်၊ နေထိုင်သာသနာပြုရန်လည်း ကျောင်းဆောက်ပေးမည် စီစဉ်နေ၏။ အမေနှင့် သမီး တွေ့ဆုံခန်းကား စိတ်လှုပ်ရှားဖွယ် ကောင်းလှပါဘိ။

''အမေရေ ... ဘုန်းကြီးတစ်ပါး အိမ်ရှေ့မှာ ရပ်နေတယ်''

သမီးချစ်ကို မှန်းဆလွမ်းနေဆဲ သားအငယ်အော်သံကြောင့် အိမ်ရှေ့သို့ ပျာယီပျာယာ ထွက်လာသော အမေမှာ နီပြေဖျော့တော့သော အရောင်ရှိသည့် ဝတ်စုံဖြင့် အသွင်ထူးသူတစ်ဦး တည်ကြည်ငြိမ်သက်စွာ ဣန္ဒြေသိက္ခာရှိရှိ ရပ်နေသည်ကို တွေ့လိုက်ရသည်။ အမေ့နှုတ်က ထွက်သွားသည်မှာ ကြွပါ ... ကြွပါ... ဘာကိစ္စရှိပါသလဲတဲ့။ အသွင်ထူးသူမှာ ဖြည်းညင်းစွာ ဣန္ဒြေရရ လှေကားဆီသို့ လျှောက်လာသည်။ အလို ... မိန်းကလေးပါလား၊ ဗမာသီလရှင် ထင်တယ်။ သမီးဆီက စာပေးလိုက်တဲ့ လူကြုံများလား ... အမေ အတွေးပွားနေ၏။

''အမေ ... ကျွန်မ ဂဏေသ ကုမာရီ ရယ်လေ''

''အလိုလေ ... လေ''

အမေသည် ရုတ်တရက် အော်လိုက်မိသည်။ ထိုအခါမှပင် ဖြောင့်စင်းသော နှာတံပေါ်ရှိ မှဲ့ရှင်ကလေးကို သတိပြုမိသွားကာ ငယ်ရုပ်ကို

ဖမ်းမိသွားလေသည်။ ဝမ်းသာခြင်း ပီတိအဟုန်ကား ရှန်းကြွပျံသန်းထွက်သွားသည်မှာ –

''သားတို့ရေ ... လာကြ ... လာကြ။ ဒါ နင်တို့အစ်မ ဂဏေသ ရယ်လေ။ ဟဲ့ ... ဟိုအိမ်က နင့်ဦးကြီး သွားခေါ်ချေစမ်းပါဦး။ မာဏကာဂျီ ဟိုဘက်ထွက်သွား ထင်ပါရဲ့၊ လိုက်ခေါ်ချေစမ်း ... သွား ... မြန်မြန် ... ဩော် ... သမီး ဟင် ... ဟုတ်ပေါင် ... ဂဏေသ ... အာ သီလရှင်လေး အိမ်ပေါ်ကြွပါ ... လာပါ'

ဂဏေသသည် မိခင်ကြီး အယောင်ယောင်အမှားမှား ဖြစ်နေပုံကို ပြုံးကြည့်ရင်းအိမ်ပေါ်တက်လာသည်။ ဒေါ်ဟေရာထက္ကူသည် သမီးချစ်အား ကုလားထိုင်တစ်လုံးတွင် ထိုင်စေသည်။ စကားမပြောနိုင်သေးဘဲ ရှိသေလေးမြတ်စွာ လက်အုပ်ချီ၍ ရှိခိုးလေသည်။ မိမိသမီးဖြစ်သော်လည်း မြင့်မြတ်သော ဘဝသို့ ရောက်ရှိနေပြီး ငြိမ်သက်သော ဣန္ဒြေသိက္ခာနှင့် ပညာဂုဏ်သိန်တို့ကြောင့် ရှိခိုးထိုက်သည်ဟုပင် ဒေါ်ဟေရထက္ကူ ယုံကြည်လေသည်။

ဖခင်၊ အစ်ကိုနှင့် ဆွေမျိုးများ ဆရာလေး မသုမဓမ္မဝတီနှင့် တွေ့ဆုံခန်းသည် ဝမ်းမြောက်ကြည်နူးဖွယ်ကောင်းခြင်း မင်္ဂလာနှင့် ပြည့်စုံနေတော့၏။ မွေးရပ် မြေတွင် နစ်လတာနေထိုင်၍ ဗုဒ္ဓဘာသာအခြေခံကျင့်စဉ်နှင့် ဝိပဿနာတရားများကို ဟောကြားခဲ့သည်။ ယခင်က တိတ်တဆိတ် ကြောက်ကြောက်ရွံ့ရွံ့ ထွက်ပြေးခဲ့ရသော်လည်း ယခု နီပေါလ်မှအပြန်တွင် သာသနာ့အာဇာနည်မယ်အဖြစ် ထည်ထည်ဝါဝါ ထွက်ခွာနိုင်ခဲ့သည်။

ဆရာလေးသည် မြန်မာပြည်ပြန်ရောက်ပြီး အသက် ၂၅ နှစ် အရွယ်တွင် 'သာသနဓဇဓမ္မာစရိယ' ဘွဲ့ကို ဆွတ်ခူးနိုင်ခဲ့သည်။ နီပေါလ်ပြည်သို့ အပြီးပြန်ကာ မြန်မာလူမျိုး သီလရှင် ဒေါ်ဂုဏဝတီနှင့် လက်တွဲလျက် 'ဓမ္မကိတ္တိ'ကျောင်းကို ထူထောင်၍ ထေရဝါဒသာသနာပြုလုပ်ငန်းကို ဆက်တိုက်လုပ်ဆောင်တော့သည်။

အသက်ဆယ့်သုံးနှစ်အရွယ် ဂဏောသကုမာရီ၏ စွန့်လွှတ်စွန့်စား သော စိတ်ဓာတ်၊ ရဲရင့်နိုင်ကျည်သော ဆုံးဖြတ်ချက်၊ အခက်အခဲကို ရင်ဆိုင်ဖြေရှင်းနိုင်သော အောင်စိတ်တို့သည် ခေမာရာမ သီလရှင်စာသင် တိုက် ခန်းမဆောင်နံရံပေါ်မှ ဓာတ်ပုံထဲတွင် ထာဝရ ရှင်သန်နေသည်။

ကျွန်မ သာသနာ့မြေမှာ သုံးနှစ်သာ ကြာခဲ့သော်လည်း နံရံပေါ်မှ ဓာတ်ပုံရှင်ကို ဘယ်တော့မှ မမေ့။ ဘဝမှာ အတွန်းအတိုက်၊ အနိမ့်အမြင့်၊ အတက်အဆင်းနှင့် ကြုံတိုင်း သူမ၏ မဆုတ်မနစ် ဇွဲစိတ်သန်မှုကို သတိ တရ ရှိရ၏။ လောကဓံ၏ အထိုးအနက် အကန်အကျောက်နှင့် ရင်ဆိုင်ရ တိုင်း သူမ၏ စိတ်ရှည်သည်းခံ အောင်ပန်းပန်ဆင်လိုမှု စိတ်ဓာတ်အင်အား ကို ထုံကူးယူရ၏။

'ပါရမီ' ဟူသည် ဖြည့်ဆည်းခြင်းဟု ဆိုပါမူ ကျွန်မသည် ဆရာလေး မသုခမ္မဝတီကဲ့သို့ ပါရမီမျိုး ရယူပိုင်ဆိုင်လိုလှ၏။ သည်သို့ဆိုလျှင် 'ဖြည့်ဆည်းခြင်း' အထုံကို ယခုကပင် စတင်သင့်ပြီ မဟုတ်ပါလား။

သံသရာ ခရီးသည် ရှည်လျားလှစွာ၏။

တစ်ခုသော သံသရာတစ်ကွေ့တွင် ကျွန်မသည် ...။

ဆန္ဒမွန်ဖြင့်

■

**မိချမ်းဝေ**

*Ref:* ဆရာ ရဝေထွန်း၏ 'သမီးချစ်' စာအုပ်

# မဓာဂဝတီပါ ဘုရား

။ သီလရှင် ဝတ္ထုတိုများ ။

မိချမ်းဝေ

designedbyzanyehtut



3000 Kyats
978-99971-47-91-2
9 789997 147912